The Commerce Journal

http://www.commercejournal.com.mm

စီးပွားရေးသတင်းဂျာနယ်

စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ

VOL . 15, NO . 48 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | December 14 , 2015




# ဆင်းရဲမှုလျှော့ချရေးနှင့် ကျေးလက်အသေးစားလုပ်ငန်းများ

မျိုးသူ ၁၈












အဝင်ပါးအဝယ်အေးသော်လည်း ဈေးမာတဲ့ ဆန်သစ်ဈေးကွက် ၄

ပြည်ကြက်သွန်နီဈေးကွက်မှာ စားသုံးသူတွေ အသက်ရှူချောင်လာ ၇

တစ်ဦးချင်းကုန်သွယ်မှုလုပ်ငန်းရှင် မှတ်ပုံတင်လက်မှတ်နဲ့ ကြက်သွန်နီတင်သွင်းခွင့် ခွင့်ပြု ၁၃





အကြောင်းကြောင့် အကျိုးဖြစ်ခြင်း ၁၂






# *Rf,0rfajrmufcif;

jrefrmEdkifiHom;rsm;bPfvDrdwuf (17)ckajrmufbPfcGJpaom
ykZGefawmifbPfcGJ 6-12-2015 trSwf(5)aeYG
atmifjrifpGmzGifhvSpfEkdifonftwGuf xlyif0rfajrmufu*Rf,lygaumif;EdkifS
qwufxrfy,kdwkdwufatmifjrifygapaMumif;
qkrGefumif;awmif;tyfygonf

၁) ဦးစိုးနိုင် (ခ) ဦးကိုကိုကြီး
Capital Diamond Star Group Co.,Ltd.

၂) ဒေါ်မိုးမိုး
JDS Co.,Ltd.

၃) ဒေါ်အေးစန္ဒာလွင်
Pac Link Trading Ltd.

၄) ဦးလှဦး
Director, Good Brother's Co.,Ltd.

၅) ဦးထွန်းလွင်
MD, Shwe Me Co.,Ltd.

၆) ဦးအုန်းဆိုင်
Director, New Golden Gate (1991) Co.,Ltd.

၇) ဦးအောင်အောင်
IT Consultant, Athar Oo Co.,Ltd.

၈) ဦးမောင်မောင်တင်
MD, Farmer Phoyarzar Group of Co.,Ltd.

၉) ဦးဇေယျသူရမွန်
CEO, Zeya and Associates Co.,Ltd.

၁၀) ဦးကျော်ကျော်ဦး
MD, Steel King Co.,Ltd.

# ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံ ဆန်စက်ပိုင်ရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်းနှင့် မြန်မာနိုင်ငံဆန်စပါးစိုက်ပျိုး ထုတ်လုပ်သူများအသင်းမှ တာဝန်ရှိသူများအား တွေ့ဆုံ



နေပြည်တော်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ၁၂ ရက် နံနက် ၁၀ နာရီက ကျင်းပပြုလုပ်သည့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံဆန်စက်ပိုင်ရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များ အသင်းနှင့် မြန်မာနိုင်ငံဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်းတို့မှ တာဝန်ရှိသူများအား တွေ့ဆုံဆွေးနွေးပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် တက်ရောက်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကား ပြောကြားရာတွင် မြန်မာနိုင်ငံအတွက် ဆန်စပါးသည် အဓိကစားသုံးသီးနှံဖြစ်သည့်အတွက် ဆန်စပါးအထွက်လျော့နည်းမှု၊ ဈေးနှုန်းကြီးမြင့်မှုပြဿနာများကို ရင်ဆိုင်ကျော်လွှားနိုင်ရန် အထူးအရေးကြီးပါကြောင်း၊ မြန်မာနိုင်ငံသည် ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုကို ရှေးနှစ်ပေါင်းများစွာကတည်းက ဆောင်ရွက်ခဲ့သော်လည်းစိုက်နည်းစနစ်၊ တစ်ဧကအထွက်နှုန်း၊ တိုးတက်အောင်ဆောင်ရွက်နိုင်မှု အားနည်းနေခြင်း၊တောင်သူလယ်သမားများ၏ တစ်ဧကထုတ်လုပ်မှု ကုန်ကျစရိတ်လျှော့ချနိုင်မှု အားနည်းနေခြင်းတို့ကြောင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာနမှ ဦးဆောင်ပြီး ဈေးကွက်ဝင်အရည်အသွေးကောင်းသည့် စပ်မျိုးစပါး Hybrid စပါးမျိုးများ ပြောင်းလဲစိုက်ပျိုးနိုင်ရေးအတွက် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်အောင် ကြိုးပမ်းလျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် လုပ်ငန်းစဉ်အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ဆန်စပါးကဏ္ဍတွင် ပါဝင်ဆောင်ရွက်နေကြသူများအားလုံးက ပူးပေါင်း ပါဝင်ဆောင်ရွက်ပေးရန်လိုအပ်ပါကြောင်း၊ နယ်စပ်ကုန်သွယ်မှုလမ်းကြောင်းမှ ဆန်နှင့် ဆန်ကွဲတင်ပို့ရာတွင် စပါးများကိုပါ ခိုးထုတ်တင်ပို့နေကြသည့် သတင်းများကြားသိနေရပါကြောင်း၊ အထူးသဖြင့် မူဆယ်နယ်စပ်လမ်းကြောင်းတွင် ယာဉ်အရေအတွက် များနေပြီး ကြပ်မတ်စိစစ်ရန်ခက်ခဲနေမှုများကို အခွင့်အရေးယူကာ စပါးများကို တင်ပို့နေခြင်းဖြစ်သည်ဟု ကြားသိနေရပါကြောင်း၊ ဤကဲ့သို့ တရားမဝင်ဆောင်ရွက်နေမှုများအား စစ်ဆေးဖော်ထုတ်ပြီး ထိရောက်စွာ အရေးယူဆောင်ရွက်သွားရမှာဖြစ်ကြောင်း၊ ဒါကို ဝိုင်းဝန်းသတင်းပေးထိန်းကျောင်းသွားဖို့ လိုအပ်ပါကြောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့် ဈေးကွက်ယှဉ်ပြိုင်နိုင်ရေးအတွက် မလိုလားအပ်သော ကြားခံကုန်ကျစရိတ်များလျှော့ချနိုင်ရေး ညှိနှိုင်းဖြေရှင်းပေးနိုင်ရန်၊ ဈေးကွက်ယှဉ်ပြိုင်ဝင်ရောက်နိုင်ရေးရရှိရန်၊ အရည်အသွေး၊ စံချိန်စံညွှန်းများမြင့်တင်ရန်၊ ဈေးနှုန်းပိုမိုရရှိနိုင်ရန်နှင့်တန်ဖိုးမြင့်ထုတ်ကုန် (Value Added) လုပ်ငန်းများကို တိုးတက်ဖြစ်ထွန်းစေရန်တို့အတွက် ပူးပေါင်းကူညီဆောင်ရွက်လျက်ရှိကြောင်း၊ မိမိဝန်ကြီးဌာန၏ ကုန်သွယ်ရေးမူဝါဒများ ရည်မှန်းချက်တာဝန်များနှင့်အညီ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအား စနစ်တကျ ချမှတ်ဆောင်ရွက် သွားမှာဖြစ်ပြီး ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ အိမ်နီးချင်းနိုင်ငံများ၊ အရှေ့တောင်အာရှအဖွဲ့ဝင်နိုင်ငံများ၊ ကုန်သွယ်မှုမိတ်ဖက်နိုင်ငံများနှင့် အပြန်အလှန် ကုန်သွယ်မှုပြုရာတွင် ကုန်သွယ်မှုတိုးချဲ့မြှင့် တင်နိုင်ရေးအတွက် လိုအပ်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများအား ပြန်လည်ပြင်ဆင်ရေးဆွဲ ပြဋ္ဌာန်းမှာဖြစ်ကြောင်း၊ ဝန်ကြီးဌာန အနေဖြင့် ဂျာမနီနိုင်ငံ၊ နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု အေဂျင်စီ (GIZ) ၏ ပံ့ပိုးမှုနှင့် နိုင်ငံတကာ ကုန်သွယ်မှုဗဟိုဌာန (ITC) ၏ နည်းပညာအကူအညီဖြင့် အမျိုးသားပို့ကုန် မဟာဗျူဟာကို ရေးဆွဲလျက်ရှိရာ ဆန်စပါးကဏ္ဍအတွက် လက်ရှိ ပို့ကုန်မဟာဗျူဟာဖွံ့ဖြိုးတိုးတက်လာစေရေး ရည်မှန်းချက်အနေဖြင့် "ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဝင်ငွေတိုးပွားလာစေရေးအတွက် အရည်အသွေးမြင့်မားပြီး သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်မည့် ရေရှည်ဖွံ့ဖြိုးတိုးတက်သည့် ဆန်စပါးထုတ်လုပ်ရေးနှင့်တင်ပို့ရေး"ကို ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကဏ္ဍအလိုက် ရည်မှန်းချက်များကို အကောင်အထည်ဖော်မှုလုပ်ငန်းစီမံချက် (Plan of Action, POA) အရ တွေ့ကြုံရမည့်အခက်အခဲများနှင့် အခွင့်အလမ်းများအပေါ် လုပ်ဆောင်ဖြေရှင်းရမည့် နည်းဗျူဟာ (၄)ရပ်အနေဖြင့် ဆန်စပါးအရည်အသွေးနှင့်ထုတ်လုပ်မှုကိုသိသာစွာမြှင့်တင်သွားရန်၊ အခြေခံအဆောက်အအုံများကို တိုးချဲ့ခြင်းမှတစ်ဆင့် ကုန်စရိတ် လျှော့ချပြီး အကျိုးသက်ရောက်မှုမြှင့်တင်ရန်၊ ပို့ကုန်ပစ္စည်းများနှင့် ဈေးကွက်များကို တိုးချဲ့သွားရန်၊ ကျန်းမာရေးနှင့် ညီညွတ်သော ညီတူညီမျှ အကျိုးအမြတ်ဖြစ်ထွန်းစေသော သဘာဝပတ်ဝန်းကျင်နှင့် ကိုက်ညီသည့် နည်းလမ်းဖြင့် ဆန်စပါးစိုက်ပျိုးထုတ်လုပ်သွားကြရန်နှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအစရှိသော ကိစ္စရပ်များအား အလေးထားရမှာဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့်၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်ကျော်၊ အထွေထွေအတွင်းရေးမှူး ဦးရဲမင်းအောင်နှင့် တာဝန်ရှိသူများ၊ ဆန်စပါးကုန်စည်ဒိုင်များမှ တာဝန်ရှိသူများက မြန်မာနိုင်ငံ၏ ဆန်စပါးကဏ္ဍများနှင့် ပတ်သက်၍ လက်တွေ့ တွေ့ကြုံနေရသော အခက်အခဲများ ဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်များနှင့် Supply Chain တစ်ခုလုံး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဝိုင်းဝန်းဆွေးနွေးကြပြီး ဆွေးနွေးတင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပေါင်းစပ်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

# ရန်ကုန်စတော့အိတ်ချိန်း (Yangon Stock Exchange) ဖွင့်လှစ်

မြန်မာနိုင်ငံတွင် ပထမဆုံး ရန်ကုန်စတော့အိတ်ချိန်းကို ဒီဇင်ဘာ ၉ ရက် နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် ဆူးလေဘုရားလမ်းပေါ် (ယခင်မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ မြဝတီဘဏ်)တွင် ဖွင့်လှစ်ခဲ့ပါတယ်။

အများပြည်သူများအနေနဲ့ အစုရှယ်ယာများလွတ်လပ်စွာ ရောင်းဝယ်ခွင့်ကိုတော့ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလလောက်မှ စတင်ခွင့်ပြုသွားမယ်လို့ သိရပါတယ်။

မြန်မာနိုင်ငံရဲ့ စီးပွားရေးသမိုင်းမှာ တစ်ကြိမ်တစ်ခါမျှ မပေါ်ပေါက်ခဲ့ဖူးသေးတဲ့ ရန်ကုန်စတော့အိတ်ချိန်း ကို မြန်မာ့စီးပွားရေးဘဏ်က အစုရှယ်ယာ ၅၁ ရာခိုင်နှုန်း၊ ဂျပန်နိုင်ငံ Daiwa Institute of Research နဲ့ Japan Exchange Group တို့က ၄၉ ရာခိုင်နှုန်းနဲ့ ပူးပေါင်းတည်ထောင်ထားတဲ့ ဖက်စပ်ကုမ္ပဏီဖြစ်ပါတယ်။

စတော့အိတ်ချိန်း လုပ်ငန်းများကို ဆောင်ရွက်ရာမှာ FMI ကုမ္ပဏီလီမိတက်၊ ပထမပုဂ္ဂလိကဘဏ် လီမိတက်၊ ဂရိုဟော်ခမ်းအများပိုင်ကုမ္ပဏီလီမိတက်၊ မြန်မာ့လယ်ယာစီးပွားရေးအများပိုင်ကော်ပိုရေးရှင်း (MAPCO)၊ မြန်မာနိုင်ငံသားများဘဏ် (MCB Bank)၊ မြန်မာသီလဝါအထူးစီးပွားရေးအများပိုင်လီမိတက်တို့နဲ့ စတင်လုပ်ဆောင်သွားမယ်လို့ သိရပါတယ်။

ငွေချေး သက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင် ဥက္ကဋ္ဌ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်သိမ်းက စတော့အိတ်ချိန်းဆိုတာ နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် မရှိမဖြစ်လိုအပ်ကြောင်း၊ မိမိတို့ ရှေးဦးစွာ စတော့ရှယ်ယာဖွင့်လှစ်ခဲ့ပြီးဖြစ်တဲ့ အိမ်နီးချင်းနိုင်ငံတွေက ကောင်းတဲ့အချက်တွေကို အတုယူ၊ လွဲမှားတဲ့အချက်တွေကိုပြုပြင်လုပ်ဆောင်သွားမည် ဖြစ်ကြောင်း၊ စတော့အိတ်ချိန်းကို နိုင်ငံတကာစီးပွားရေးလုပ်ငန်းတွေက တော်တော်လေး စိတ်ဝင်စားနေကြကြောင်း၊ မြန်မာနိုင်ငံမှာ ပထမဦးဆုံးဆိုပေမယ့် ကုမ္ပဏီခြောက်ခုနဲ့ စနိုင်ခဲ့ကြောင်း ဖွင့်ပွဲအခမ်းအနားအပြီး သတင်းစာရှင်းလင်းပွဲမှာ ပြောကြားခဲ့ပါတယ်။

ယခုလတ်တလော၌ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်အနေနဲ့ ငွေချေးသက်သေခံလက်မှတ် ကုမ္ပဏီ ၁၀ ခုအနက် ဆန်ခါတင်ကုမ္ပဏီတစ်ခုတည်းသာရွေးချယ်ထားပြီး ကျန်ကုမ္ပဏီများကိုလည်း ဆက်လက်ရွေးချယ်စိစစ်သွားမယ်လို့ သိရပါတယ်။

ရွေးချယ်ထားတဲ့ ကုမ္ပဏီ ၁၀ ခုကတော့ KBZ Starling Colemn Securities, KTZ Ruby Hill Securities,CB Securities, ATS Secrities , Aya Trust Securities ,Union Trust Securities,Expert Investment Securities , အောင်မြင့်မိုရ်မင်း Securities, Excel Capital Securities, Myanmar Exchange Center Securities ဖြစ်ပြီး KBZ Starling Colemn Securities တစ်ခုတည်းကိုသာ ဆန်ခါတင်ရွေးချယ်ထားတာ ဖြစ်ပါတယ်။

MIRT

Commerce
JOURNAL

**အတိုင်ပင်ခံစာတည်း**
ဒေါက်တာမောင်အောင်
အောင်စိုး(MPM)၊ သန်းအောင်ကျော်
ကျော်စိုးလင်း
မြတ်ထွန်းကျော်
ဝင်းမြင့်

**စာတည်းမှူးချုပ်**
ဉာဏ်တင်

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်မြင့်မြင့်ထွန်း

**စာတည်းအဖွဲ့**
မောင်ရွှေ၊ ကြည်ကြည်ချယ်ရီမောင်၊ နီလာသိန်း၊
ခင်မောင်မောင်အုန်း၊ ချိုသက်မူ၊ သန်းအေး

**လက်ထောက်စာတည်း**
ချောစုမာ၊ နင်းပန်းဖြူ
ယဉ်ယဉ်အေး၊ ခင်ခင်သော်

**သတင်းထောက်များ**
ခင်မြင့်မြင့်သန်း(မန္တလေး)၊
ထွန်းလိှုင်(မုံရွာ)၊ ရီလင်းထွင့်(မုံရွာ)၊ မင်းမင်းဦး(ပုသိမ်)
စိုးဦး(ကျုံပျော်)၊ မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊ ဆုမွန်ဆွေ(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(လှိုင်ကော်)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့်(ဖုန်း-၀၉-၇၃၀၅၃၅၃၁)
ထွန်းထွန်းဝင်း(ဖုန်း-၀၉-၄၂၃၇၃၇၅၆၃)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၇၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
တင်တင်အေး၊ ခင်မြတ်မွန်၊
အုန်းခင်

**ကွန်ပျူတာ**
မြင့်မြင့်ကြည်၊ အေးအေးနွဲ့၊ တင်နီလာကျော်
သီရိဝင်း၊ မြတ်ဆုလှိုင်၊ သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

**Rice Market News**
Vol: 15, No.48 Monday December 14 2015

# အဝင်ပါးအဝယ်အေးသော်လည်း ဈေးမာတဲ့ ဆန်သစ်ဈေးကွက်

ရန်ကုန်မြို့ ဆန်စပါးကုန်စည်ဒိုင် (ဝါးတန်း)ရဲ့ လက်ကား ဆန်ဈေးနှုန်းများမှာ ဒီဇင်ဘာလ ၁၁ ရက်နေ့ ဈေးနှုန်းများအရ ဖျာပုံပေါ်ဆန်း၊ ဆန်ဟောင်းဈေး ထိပ်စ တစ်အိတ် ၃၆၅၀၀ ကျပ်၊ လတ်စ တစ်အိတ် ၃၅၀၀၀ ကျပ်ဖြစ်လို့ ယခင်တစ်ပတ်ထက် တစ်အိတ် ၅၀၀ ကျပ် ခန့်ဈေးတက်လာပြီး မြောင်းမြ၊ ပုသိမ်၊ ပေါ်ဆန်း ဆန်ဟောင်းဈေး ထိပ်စ တစ်အိတ် ၄၀၀၀၀ ကျပ်၊ လတ်စ တစ်အိတ် ၃၈၅၀၀ ကျပ်ဖြစ်လို့ ယခင်တစ်ပတ်ထက် တစ်အိတ် ၁၀၀၀ ကျပ်မှ ၅၀၀ ကျပ်အတွင်း ဈေးအနည်းငယ်ပြန်ကျခဲ့တာတွေ့ရပါတယ်။ နယ်စုံပေါ်ဆန်း ဆန်ဟောင်းဈေးကတော့ ထိပ်စ တစ်အိတ် ၃၆၀၀၀ ကျပ်၊ လတ်စ တစ်အိတ် ၃၄၅၀၀ ကျပ်ဖြစ်လို့ ယခင်အပတ်အတိုင်း ဈေးဆက်ငြိမ်နေတာ တွေ့ရပါတယ်။ ဖျာပုံပေါ်ဆန်း ဆန်သစ်ဈေး ထိပ်စ တစ်အိတ် ၂၈၅၀၀ ကျပ်၊ လတ်စ တစ်အိတ် ၂၈၀၀၀ ကျပ်၊ မြောင်းမြ/ပုသိမ်ပေါ်ဆန်း ဆန်အသစ်ဈေးက ထိပ်စတစ်အိတ် ၃၀၀၀၀ ကျပ်၊ လတ်စ တစ်အိတ် ၂၈၅၀၀ ကျပ်ဖြစ်လို့ ယခင်တစ်ပတ်ထက် တစ်အိတ်ကို ၁၀၀၀ ကျပ်၊ ၅၀၀ ကျပ်ခန့် ဈေးတက်လာပါတယ်။ နယ်စုံပေါ်ဆန်းဆန်အသစ်ဈေး ထိပ်စ တစ်အိတ် ၂၈၀၀၀ ကျပ်၊ လတ်စ တစ်အိတ် ၂၇၀၀၀ ကျပ်ဖြစ်လို့ ယခင်တစ်ပတ်ထက် တစ်အိတ် ၅၀၀ ကျပ်ခန့် ဈေးတက်လာကြောင်း၊ ကုန်စည်ဒိုင် ဈေးနှုန်းများ အရ စိစစ်တွေ့ရှိရပါတယ်။ ကုန်စည်ဒိုင်သို့ ပေါ်ဆန်းဆန်သစ်များ အဝင်ပါးနေပြီး၊ ဝယ်လိုအားလည်း နည်းနေကြောင်း၊ လကုန်ခါနီးဖြစ်လို့ လက်လီဆိုင်သမားများလည်း အဝယ်ပါးနေကြောင်း ကုန်စည်ဒိုင်ဈေးကွက်မှ သိရပါတယ်။ ပေါ်ဆန်းဆန်ဟောင်းများကိုတော့ လိုအပ်ချက်ရှိသလောက်သာ အဝယ်ရှိပြီး ကုန်စည်ဒိုင်သို့ အဝင်လည်း သိပ်မရှိတော့ဘူးလို့ သိရပါတယ်။

ဆန်ကြမ်းဖြစ်တဲ့ ဧည့်မထ ဆန်သစ်ဈေး တစ်အိတ် ၂၀၅၀၀ ကျပ်မှ ၂၁၅၀၀ ကျပ်ဖြစ်လို့ ယခင်တစ်ပတ်ကအတိုင်း ဈေးဆက်ငြိမ်နေလျက်ရှိပါတယ်။ ကုန်စည်ဒိုင်သို့ ဆန်ကြမ်းဝင်ရောက်မှုနည်းကာ အရောင်းအဝယ်မှာ ပုံမှန်ရှိတယ်လို့ ဈေးကွက်မှ သိရပါတယ်။

ဒီတစ်ပတ်မူဆယ်ဆန်ဈေးကွက်ရဲ့ ဒီဇင်ဘာ ၁၁ ရက် ဈေးနှုန်းများအရ ဧည့်မထ ၅ မှတ် မှော်ဘီတစ်အိတ် ၁၃၇-၁၃၉ ယွမ်နဲ့ ၅ မှတ် မနောသုခတစ်အိတ် ၁၃၀-၁၃၁ ယွမ်၊ ဧည့်မထ ၁၀ မှတ် မှော်ဘီတစ်အိတ် ၁၃၄-၁၃၅ ယွမ်နဲ့ ၁၀ မှတ် မနောသုခ တစ်အိတ် ၁၂၈-၁၂၉ ယွမ်၊ ဧည့်မထ၁၅မှတ် မှော်ဘီတစ်အိတ် ၁၃၁-၁၃၃ ယွမ်နဲ့ ၁၅ မှတ် မနောသုခ တစ်အိတ် ၁၂၆-၁၂၇ ယွမ်၊ ဧည့်မထ ၂၅ မှတ် မနောသုခ တစ်အိတ် ၁၂၄-၁၂၅ ယွမ်၊ ၂၅ မှတ် ရတနာတိုး ၁၂၆-၁၂၈ ယွမ်၊ ဧည့်မထ ၃၅ မှတ် မနောသုခတစ်အိတ် ၁၂၁-၁၂၃ ယွမ်၊ ၃၅ မှတ် ရတနာတိုး ၁၂၂-၁၂၅ ယွမ်၊ ငစိန် ၅ မှတ် တစ်အိတ် ၁၃၂-၁၃၅ ယွမ်၊ ငစိန် ၁၅ မှတ် တစ်အိတ် ၁၂၉-၁၃၁ ယွမ်၊ ငစိန် ၂၅ မှတ် တစ်အိတ် ၁၂၇-၁၂၈ ယွမ် အသီးသီးဖြစ်ခဲ့ကြပြီး ယခင်တစ်ပတ်ထက် ဧည့်မထဆန်မှာ ၁ ယွမ်မှ ၃ ယွမ်ခန့် ဈေးကျလာပြီး ငစိန်ဆန်မှာတော့ ၁ ယွမ်ခန့် ဈေးတက်လာတာ တွေ့ရပါတယ်။ ဒီဇင်ဘာ ၁၁ ရက်နေ့ ငွေလဲနှုန်းမှာ တစ်ယွမ်ကို ၂၀၀ ဒသမ ၆၀ ကျပ်ဖြစ်လို့ ယခင်တစ်ပတ်ထက် သုည ဒသမ ၂၀ ကျပ်ခန့် ဈေးကျလာခဲ့ကြောင်း မူဆယ်ဆန်ဈေးကွက်မှ စုံစမ်းသိရှိရပါတယ်။ ဝယ်လက်ပုံမှန်ရှိပေမယ့် ပစ္စည်းအဝင်များပြီး ရောင်းလိုအားများနေလို့ ဈေးကျရခြင်းဖြစ်တယ်လို့ သိရပါတယ်။ ပြည်တွင်းနယ်စုံမှ မူဆယ်သို့ နေ့စဉ် ဆန်တန်ချိန်ပျမ်းမျှ ၄၀၀၀ ခန့် ဝင်ရောက်နေပြီး ယခုတစ်ပတ်အတွင်း မူဆယ်သို့ စုစုပေါင်းတန်ချိန် ၂၁၁၆၇ ခန့် ဝင်ရောက်ခဲ့တယ်လို့ မူဆယ်ဆန်ဈေးကွက်မှ သိရပါတယ်။

မြန်မာဆန်ပြည်ပတင်ပို့မှုမှာ ယခုဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ ဒီဇင်ဘာလ ၄ ရက်အထိ တန်ချိန် ၆၈၆၉၀၈ ကျော်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၂၅၂ သန်းကျော်ဖိုးရှိနေပြီး ယခင်ဘဏ္ဍာနှစ် ကာလတူထက် တန်ချိန် ၁၄၃၈၇၅ ကျော်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၅၉ သန်းကျော်ဖိုး လျော့နည်းလျက်ရှိပါတယ်။ ဆန်ကွဲပြည်ပတင်ပို့မှုမှာ တန်ချိန် ၂၆၂၅၁၈ ကျော်၊ တန်ဖိုးအားဖြင့် အမေရိကန် ဒေါ်လာ ၈၁ သန်းကျော်ဖိုးရှိနေပြီး ယခင်ဘဏ္ဍာနှစ် ကာလတူထက် တန်ချိန် ၈၅၉၄၆ ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၂၅ သန်းကျော်ဖိုး ရှိကြောင်းသိရပါတယ်။

**MIRT -YGN**

# ကုန်သွယ်ရေးစခန်းများနဲ့ ပင်လယ်ရေကြောင်းမှ ဆန်ပိုမိုတင်ပို့

နိုဝင်ဘာလ ၂၈ ရက်မှ ဒီဇင်ဘာလ ၄ ရက်အထိ ကာလအတွင်းမှ ကန်ဒေါ်လာ ၁၁ ဒသမ၆၂၆ သန်းဖိုးရှိ ဆန်ဖြူ၃၁၅၂၅ တန်ကိုမြန်မာ-တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှ တစ်ဆင့် တရုတ်နိုင်ငံကို တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက် တင်ပို့မှုများမှာ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ငစိန်ဆန် ၁၉၉၁၈ တန်နဲ့ ဧည့်မထဆန် ၈၆၉၉ တန်၊ ချင်းရွှေဟော်စခန်းမှ ငစိန်ဆန် ၂၅၈ တန်၊ လွယ်ဂျယ်စခန်းမှ ငစိန်ဆန် တန် ၂၆၅၀ တင်ပို့ခဲ့ပါတယ်။ နိုဝင်ဘာလ တစ်လလုံးမှာတော့ ကန်ဒေါ်လာ ၅၄ ဒသမ ၂၆၅ သန်းဖိုးရှိဆန်တန်ချိန် ၁၄၆၇၅၀ ကို တင်ပို့ထားနိုင်ခဲ့ပါတယ်။ ဆန်ကွဲကိုတော့ နိုဝင်ဘာလ တစ်လလုံးမှာ ၁၅၉၃၂ တန်တင်ပို့ခဲ့ပါတယ်။ အနီးစပ်ဆုံးလထက် ဆန် ၉၈၉၈၆ တန်နဲ့ ဆန်ကွဲ ၇၁၈၂ တန် ပိုမိုတင်ပို့နိုင်ပါတယ်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ နိုဝင်ဘာလ ၂၉ ရက်နေ့မှ ဒီဇင်ဘာလ ၅ ရက်ထိ ကာလအတွင်းမှာ ကန်ဒေါ်လာ သုည ဒသမ ၈၃၂ သန်းဖိုးရှိ ဆန်ဖြူနဲ့ ပေါင်းဆန် ၂၄၇၁ တန်တင်ပို့ခဲ့ပါတယ်။နိုင်ငံအလိုက် တင်ပို့မှုတွေကတော့ တရုတ်နိုင်ငံသို့ ဧည့်မထဆန် တန် ၁၀၀၀၊ စင်ကာပူနိုင်ငံသို့ ငစိန်ဆန် ၁၀၅၀ တန်နဲ့ ပေါင်းဆန် ၁၉၆ တန် တင်ပို့ခဲ့တာဖြစ်ပါတယ်။ ဆန်ကွဲတင်ပို့မှုမှာ စင်ကာပူနိုင်ငံသို့ တန် ၁၀၀ နီးပါးနဲ့ အီးယူနိုင်ငံများသို့ ၁၄၄၉ တန်တင်ပို့ခဲ့ပါတယ်။ ဆန်ကွဲတင်ပို့မှုမှ ရငွေမှာ ကန်ဒေါ်လာ သုည ဒသမ ၄၃၈ သန်းဖြစ်ပါတယ်။

နိုဝင်ဘာလ တစ်လလုံး အတွင်းမှာတော့ ကန်ဒေါ်လာ ၃ ဒသမ ၄၈၃ သန်းဖိုးရှိ ဆန်ဖြူနဲ့ ပေါင်းဆန် ၉၅၉၁ တန်တင်ပို့ခဲ့ပြီး ကန်ဒေါ်လာ သုည ဒသမ ၆၉၈ သန်းဖိုးရှိ ဆန်ကွဲ ၂၄၉၉ တန် တင်ပို့နိုင်ခဲ့ပါတယ်။ အနီးစပ်ဆုံးလထက် ဆန် ၄၇၈၅ တန် ပိုမိုတင်ပို့နိုင်ပြီး ဆန်ကွဲ ၁၇၄၈ တန်လျော့နည်း တင်ပို့ခဲ့ပါတယ်။

**ယဉ်ယဉ်အေး**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၁၀-၁၂-၂၀၁၅ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀% | ၃၇၉ | ၃၇၈ | ▽ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၆၈ | ၃၆၆ | ▽ | ၃၇၀ | ၃၇၀ | □ | ၃၄၅ | ၃၄၅ | □ | ၃၂၀ | ၃၃၀ | △ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၂၅% | ၃၆၀ | ၃၅၉ | ▽ | ၃၅၅ | ၃၅၅ | □ | ၃၂၀ | ၃၂၀ | □ | ၂၉၅ | ၃၀၀ | △ |
| ပေါင်းဆန် | ၃၄၅ | ၃၄၅ | □ | - | - | - | ၃၄၀ | ၃၄၀ | □ | ၄၀၅ | ၄၀၅ | □ |

*Source: oryza.com*

## အမေရိကနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၁၀-၁၂-၂၀၁၅ ဒေါ်လာ/တန်

| | ယူအက်စ် | | | ဥရုဂွေး | | | အာဂျင်တီးနား | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၄%-၇% | ၄၈၅ | ၄၈၅ | □ | ၅၁၅ | ၅၁၅ | □ | ၅၃၀ | ၅၃၀ | □ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | ၅၁၅ | ၅၁၅ | □ | - | - | - | - | - | - |

*Source: oryza.com*

## ပြည်တွင်းမြို့ကြီးများ၏ (၁၁-၁၂-၂၀၁၅) ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၄၉၀၀ | □ | ၂၄၀၀၀ | □ | ၇၇၂၈ | □ | ၃၅၀၀၀ | □ |
| ပုသိမ် | ၅၄၂၈ | □ | ၂၅၅၀၀ | □ | ၈၃၂၃ | □ | ၃၈၀၀၀ | □ |
| ပဲခူး | ၅၂၀၀ | □ | ၂၄၀၀၀ | □ | ၈၁၀၀ | □ | ၃၅၀၀၀ | □ |
| ရွှေဘို | ၅၈၀၀ | □ | ၂၃၅၀၀ | □ | ၁၃၅၀၀ | □ | ၄၅၀၀၀ | □ |
| စစ်တွေ | ၅၀၀၀ | □ | ၂၃၀၀၀ | □ | ၈၀၀၀ | ▽ | ၃၆၀၀၀ | ▽ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၆၀၀၀ | □ | ၂၆၀၀၀ | ▽ | - | - | ၄၆၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၅၃၀၀ | □ | ၂၄၀၀၀ | □ | - | - | ၃၄၅၀၀ | □ |
| မန္တလေး | ၅၇၀၀ | △ | ၂၆၅၀၀ | □ | - | - | ၃၅၀၀၀ | □ |
| မကွေး | ၈၅၀၀ | △ | ၂၈၀၀၀ | □ | - | - | ၄၃၀၀၀ | □ |
| မော်လမြိုင် | ၅၅၀၀ | □ | ၂၃၀၀၀ | □ | ၈၄၀၀ | □ | ၃၅၀၀၀ | □ |
| လှိုင်ကော် | ၇၆၆၀ | □ | ၃၄၀၀၀ | □ | - | - | ၅၂၅၀၀ | □ |
| မြိတ် | ၅၃၀၀ | □ | ၂၆၀၀၀ | □ | - | - | ၄၂၀၀၀ | □ |
| ဘားအံ | ၅၇၀၀ | □ | ၂၆၅၀၀ | △ | - | - | ၃၀၀၀၀ | □ |
| တောင်ကြီး | - | - | ၂၅၅၀၀ | □ | - | - | ၅၀၀၀၀ | □ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စအမျိုးအစားဖြစ်ပါသည်။ စပါးသစ်လတ်စ ဆန်သစ်ဈေးများ ဖြစ်ပါသည်။

## စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း ကသာခရိုင်တွင် မိုးစပါးများအထွက်လှိုင်

စစ်ကိုင်းတိုင်းဒေသကြီး ၂၀၁၅-၂၀၁၆ခုနှစ် မိုးစပါးလျာထားစိုက်ဧက ၁၈၇၅၀၀၀တွင် ရာသီပိုတ် ၁၇၈၆၂၂၇ ဧကစိုက်ပျိုးခဲ့ပြီး ကာလတူထက်စိုက်ဧက ၃၉၁၀၀ ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ နိုဝင်ဘာလ ၃၀ ရက်နေ့ထိ ဧက ၈၉၆၉၃ ရိတ်သိမ်းခဲ့ပြီး၊ ကသာခရိုင်၊ မုံရွာခရိုင်၊ ယင်းမာပင်ခရိုင်တို့တွင် စပါးများစတင်ရိတ်သိမ်းချွေလှေ့နေပြီး ဈေးကွက်သို့ စပါးသစ်များ စတင်ဝင်ရောက်နေပြီ ဖြစ်ပါတယ်။

စပါးသစ်ဈေးနှုန်းများမှာ ကသာမြို့နယ်တွင် ဆင်း-၃ စပါး တစ်တင်း ၆၅၀၀ ကျပ်၊ ဆင်း-၃ဆန်တစ်အိတ် ၂၂၇၀၀ ကျပ်၊ ကောလင်းမြို့နယ်၌ ဆင်း-၃ စပါးတစ်တင်း ၆၂၀၀ ကျပ်၊ ဆင်း-၃ဆန်တစ်အိတ် ၂၃၅၀၀ ကျပ်၊ မှော်ဘီစပါးတစ်တင်း ၆၈၀၀ ကျပ်၊ မှော်ဘီ ဆန်တစ်အိတ် ၂၃၅၀၀ ကျပ်၊ ကာလတူ ထက် စပါးတစ်တင်း ၁၀၀၀ ကျပ်မှ ၁၅၀၀ ကျပ်ထိ ဈေးမြင့်ခဲ့ ကြောင်းသိရပါတယ်။

**အောင်မင်း-တန့်ဆည်**

# ကြယ်ပဲ မျိုးနဲ့ ပျိုးပင် လိုသလောက်ရပါပြီ

ကြယ်ပဲကို ၂၀၁၂ ခုနှစ်က စတင်ပြီး ပြင်ဦးလွင်မြို့နယ်မှာ တောင်သူတွေစတင်စိုက်ပျိုးခဲ့ပါတယ်။ ကြယ်ပဲမျိုး တစ်ကီလို (အစေ့ ၈၀၀ )ကို ကျပ် သုံးသိန်းဖြင့် ဝယ်ယူရပြီး ကိုယ်တိုင်ပျိုးအိတ်ထောင် စိုက်ပျိုးတာဖြစ်လို့ နည်းစနစ်အားနည်းတာကြောင့် မျိုးစေ့ ၈၀၀ မှာ အပင် ၆၀၀ လောက်သာ ရှင်သန်ကြောင်း စတင်စိုက်ပျိုးချိန်မှ ရှစ်လကြာမြင့်ချိန်တွင် အသီးရရှိဆွတ်ခူးနိုင်ပြီး ဝင်ငွေရရှိသော နှစ်ရှည်သီးနှံပင်ဖြစ်ကြောင်း၊ ကော်ဖီသီးနှံကဲ့သို့ စိုက်ပျိုးသင့်သော သီးနှံပင်ဖြစ်ပါတယ်။ ကြယ်ပဲပင်မှာ နွယ်ပင်အမျိုးအစားဖြစ်တာကြောင့် စိုက်ပျိုးတဲ့အခါမှာ တိုင် သို့မဟုတ် စင် ကိုပြုလုပ်ပြီးမှ စိုက်ပျိုးရပါတယ်။ အေးမြတဲ့ ရာသီဥတုကိုကြိုက်နှစ်သက်တာကြောင့် အပူချိန် ၁၀ ဒီဂရီစင်တီဂရိတ်မှ ၃၆ ဒီဂရီစင်တီဂရိတ်အတွင်း ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၃၀၀ မှ ၆၀၀၀ အတွင်း စိုက်ပျိုးနိုင်ကြောင်း သိရပါတယ်။

တစ်ဧက စိုက်ပျိုးမှုကုန်ကျစရိတ်မှာ ဝါးတိုင်ဖြင့်စိုက်ပျိုးပါက ကျပ်၁၀သိန်းကုန်ကျမည်ဖြစ်ပြီး ကွန်ကရစ်တိုင်ဖြင့် စိုက်ပျိုးပါက ကျပ် ၄၇ သိန်းကုန်ကျမှာဖြစ်ပါတယ်။ နှစ်ရှည်သီးနှံမျိုးဖြစ်တာကြောင့် ဝါးတိုင်ဖြင့် စိုက်ပျိုးခြင်းထက် ကွန်ကရစ်တိုင်ဖြင့် စိုက်ပျိုးခြင်းက ရေရှည်အတွက် ပိုမိုသင့်တော်သော စိုက်ပျိုးနည်းဖြစ်ပါ တယ်။ ကိုယ်တိုင် မျိုးစေ့ဝယ်ပြီး စိုက်ပျိုးခြင်းထက် အသင့်စိုက်ပျိုးနိုင်တဲ့ ပျိုးပင် (အမြင့်တစ်ပေခွဲ) ကို စိုက်ပျိုးခြင်းက ကုန်ကျစရိတ်နဲ့ လေလွင့်ဆုံးရှုံးမှု သက်သာစေပါတယ်။

ပျိုးပင်ဝယ်ယူလိုပါက တစ်ပင်ကို ၃၅၀ ကျပ်ဖြင့် ပြင်ဦးလွင်မြို့ရှိ နှစ်ရှည်သီးနှံ (ကော်ဖီ၊ မက္ကာဒေးမီးယား၊ ကြယ်ပဲ)များကို ကိုယ်တိုင်စိုက်ပျိုးထုတ်လုပ် ရောင်းချ လျက်ရှိသော ဒေါ်မိမိမြင့်(၀၉-၂၀၄၆၀၈၀) ထံသို့ ဆက်သွယ် ဝယ်ယူရရှိနိုင်ပါကြောင်း ကြယ်ပဲစိုက်ပျိုးသူ တောင်သူများအတွက် သတင်းကောင်းပါးအပ်ပါတယ်။

**အောင်မင်းနိုင် - ပြင်ဦးလွင်**

# ဒီဇင်ဘာ ဒုတိယပတ် ပြည်ပဲမျိုးစုံဈေးကွက်မှာ မတ်ပဲသီးနှံ မျိုးပဲအဝယ်ဆက်ရှိပြီး ပဲကြီးနဲ့ ကုလားပဲပုံမှန်အရောင်းအဝယ်ဖြစ်



ပဲဓူးတိုင်းဒေသကြီး ပြည်ပဲမျိုးစုံဈေးကွက်မှာ အရောင်းအဝယ်ဖြစ်လျက်ရှိသော ပဲများမှာ မတ်ပဲ၊ ပဲတီစိမ်း၊ ကုလားပဲ၊ ပဲကြီး၊ ဘိုကိတ်၊ ပဲလွန်းဖြူ ပဲပုပ်၊ စားတော်ပဲ၊ ထောပတ်ပဲတို့ဖြစ်ပြီး၊ ပြည်ပဝယ်လက်ရှိတဲ့ ပဲထဲမှာတော့ ယခုလအတွင်း ပဲတီစိမ်းသီးနှံသာ အဝယ်လိုက်နေခဲ့ပြီး မတ်ပဲသီးနှံကတော့ မျိုးပဲလောက်သာ အဝယ်ရှိပြီး ရန်ကုန်ဝယ်လက်က ပစ္စည်းလက်ကျန်ရှိမှုအပေါ် ဝယ်ယူခဲ့ကြပါတယ်။ ပဲကြီးနဲ့ ကုလားပဲသီးနှံများမှာ ဒေသတွင်းသာ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။

မတ်ပဲဈေးမှာ ယခုနှစ်အတွင်း ပဲဈေးအမြင့်ဆုံးစံချိန်တင် မြင့်တက်ခဲ့ပေမယ့် ယခုလမှာတော့ ပဲဈေးပြန်လျော့သွားကာ တစ်တင်း ၆၈၀၀၀ ကျပ်ဖြင့် အရောင်းအဝယ် သိပ်မဖြစ်ပေမယ့် မျိုးပဲကတော့ အဝယ်ရှိနေသေးတဲ့အတွက် မျိုးပဲဈေး တစ်တင်း ၇၂၀၀၀ ကျပ်ရရှိခဲ့ပါတယ်။ ပဲတီစိမ်းသီးနှံကတော့ အရောင်းအဝယ် အသွက်ဆုံးဖြစ်နေခဲ့ပြီး ကုလားပဲသီးနှံမှာ နေ့စဉ်အိတ် ၂၀၀ မှ ၄၀၀ ကျော် ၅၀၀ အထိ ခွဲစက်သမားများလည်း ဝယ်ယူနေသလို မျိုးပဲလည်း ဝယ်ယူနေတဲ့အတွက် ရောင်းချခဲ့ကြရပြီး မျိုးပဲဈေးမှာ တစ်တင်း ၃၉၀၀၀ ကျပ်၊ လက်ကားဈေးမှာ တစ်တင်း ၃၅၀၀၀ ကျပ်ဖြင့် ယခင်တစ်ပတ်ကဈေးအတိုင်း ဈေးငြိမ်နေခဲ့ပါတယ်။ ကုလားပဲ သီးနှံဈေးမှာ ယခုနှစ်တွင် ဈေးကောင်းရနေသော်လည်း ယခင်နှစ်ကတော့ ဒီဇင်ဘာလအတွင်း တစ်တင်း ၁၃၀၀၀ ကျပ်ခန့်သာ ရရှိခဲ့လို့ ဈေးအေးခဲ့တဲ့နှစ်ဖြစ်ခဲ့ပါတယ်။

ပဲကြီးသီးနှံမှာ ယခင်လက မျိုးပဲများ ဝယ်ယူခဲ့ပေမယ့် ယခုလမှာတော့ မျိုးပဲအဝယ်မရှိတော့ဘဲ ပဲကြော်ဖိုလုပ်ငန်းသမားများသာ အဝယ်ရှိပြီး ရွှေကျွန်းထက်ကမ်းနားပဲက ပိုအရောင်းသွက်ကာ တစ်ရက်အိတ် ၂၅၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲဈေးမှာ ဈေးဆက်ငြိမ်နေပြီး (ရွှေကျွန်း) တစ်တင်း ၃၄၀၀၀ ကျပ်၊ (ကမ်းနား) တစ်တင်း ၃၂၀၀၀ ကျပ်ဖြင့် လက်ကျန်ပဲများနဲ့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်လက ဈေးနဲ့ယှဉ်ရင်တော့ ပဲကြီး (ရွှေကျွန်း) က ဈေးလျော့ခဲ့ကာ၊ (ကမ်းနား) ပဲကတော့ ယခင်လက ဈေးအတိုင်း ဈေးဆက်ငြိမ်နေလျက်ရှိခဲ့ပါတယ်။

ပဲပုပ်သီးနှံမှာလည်း လက်ကျန်ပဲများအား လက်လီသမားဝယ်ယူခဲ့လို့ အိတ်အနည်းငယ်ခန့် အရောင်းအဝယ်ဖြစ်ကာဈေးမှာ တစ်တင်း ၁၉၀၀၀ ကျပ်ဖြင့် ပဲပုပ်ဈေးကတော့ အပြောင်းအလဲမဖြစ်ဘဲ၊ ယခုနှစ်အတွင်း ပဲလက်ကျန်နည်း ချိန်မှစ၍ ပဲဈေးမှာလည်း ဈေးငြိမ်ခဲ့ တာကို တွေ့ရပါတယ်။ စားတော်ပဲသီးနှံမှာ လက်လီပဲဈေးကွက်အတွင်း ဈေးအမြင့်ဆုံးရတဲ့ ပဲဖြစ်ခဲ့ပြီး တစ်တင်း ၃၇၀၀၀ ကျပ်ဖြင့် အိတ်အနည်းငယ် အရောင်းအဝယ်ဖြစ်ခဲ့ကြပါတယ်။ ထောပတ်ပဲသီးနှံမှာလည်း ပဲသစ်မဝင်သေးဘဲ အဟောင်းလက်ကျန်များသာ တစ်တင်း ၁၃၅၀၀ ကျပ်ဖြင့် လက်လီဈေးကွက်မှာ ဈေးအနိမ့်ဆုံးရနေခဲ့ပြီး အရောင်းအဝယ်လည်း အေးခဲ့တယ်လို့ သိရပါတယ်။ ယခင်နှစ်က ထောပတ်ပဲသီး နှံမှာ ယခုကာလတွင် ပဲလက်ကျန်မရှိတော့ဘဲ ဖေဖော်ဝါရီလမှသာ ပဲသစ်များစဝင်ခဲ့ခြင်းဖြစ်ပြီး ယခင်နှစ်က အဖွင့်ဈေးမှာ တစ်တင်း ကျပ် ၂၀၀၀၀ ရရှိခဲ့လို့ ယခုနှစ်ဈေးကတော့ ဈေးလျော့နေတဲ့ပဲ ဖြစ်ခဲ့ပါတယ်။

**ခင်ဆွေဝင်း -ပြည်**

# ပြည်ပဲနီပြားအဟောင်းလက်ကျန် လက်လီအဝယ်ရှိ

ပြည်ပဲဈေးကွက်မှာ လက်လီအရောင်းအဝယ်ဖြစ်တဲ့ ပဲများထဲမှ ပဲသစ်အချို့ ဝင်ရောက်လာပြီဖြစ်သော်လည်း ပဲနီပြားသီးနှံမှာ ပဲဟောင်းလက်ကျန်များဖြင့် အရောင်းအဝယ်ဖြစ်ခဲ့တာကိုတွေ့ရပါတယ်။ လက်လီသမားများ အဝယ်ရှိပြီး ပဲဈေးမှာ တစ်တင်း ၂၉၅၀၀ ကျပ်ဖြင့် ယခင်လထက်လည်း ဈေးပိုရနေသလို ယခင်နှစ်က ကာလတူအချိန် ဈေးထက်လည်း ဈေးပိုရခဲ့ပါတယ်။ ဘိုကိတ်၊ ပဲလွန်းဖြူသီးနှံများမှာ ယခင်နှစ်က ကာလတူအချိန် ပဲနီပြားသီးနှံထက် ဈေးလျော့ခဲ့ပြီး ပဲနီပြားသီးနှံက ၎င်းပဲများထက် ဈေးပိုရခဲ့ကာ ကျပ်နှစ်သောင်းကျော်ရရှိခဲ့ပေမယ့် ယခုနှစ်မှာတော့ ပဲသစ်ပေါ်လာရင် ၎င်းပဲများထက် ဈေးပိုရလာဦးမလား ဆိုတာစောင့်ကြည့်ရမှာဖြစ်ပါတယ်။

ခင်ဆွေဝင်း - ပြည်

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၁၁-၁၂-၂၀၁၅ ကျပ်/ပိဿာ

| | ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၄/၁၂ | ၁၁/၁၂ | ပြောင်းလဲမှု | ၄/၁၂ | ၁၁/၁၂ | ပြောင်းလဲမှု | ၄/၁၂ | ၁၁/၁၂ | ပြောင်းလဲမှု | ၄/၁၂ | ၁၁/၁၂ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၃၇၅၆ | ၃၇၅၆ | ■ | ၃၅၀၀ | ၃၄၀၀ | ▼ | ၃၅၀၀ | ၃၂၅၀ | ▼ | ၃၃၅၀ | ၃၃၅၀ | ■ |
| ၂ | ပဲစင်းငုံ | - | ၂၆၃၇ | - | - | - | - | ၂၆၀၀ | ၂၅၅၀ | ▼ | ၂၀၇၅ | ၂၆၀၀ | ▼ |
| ၃ | ပဲတီစိမ်း | ၂၀၈၀ | ၂၀၈၀ | ■ | ၂၀၉၈ | ၁၉၂၉ | ▼ | ၂၀၀၀ | ၁၇၃၇ | ▼ | ၂၀၀၀ | ၂၀၃၀ | ▲ |
| ၄ | ကုလားပဲရိုးရိုး | ၂၂၇၀ | ၂၁၅၀ | ▼ | - | - | - | - | - | - | ၁၀၁၅ | ၁၇၉၀ | ▼ |
| ၅ | ပဲလွန်းဖြူ | ၁၃၀၀ | ၁၃၃၀ | ▲ | - | - | - | ၁၇၃၇ | - | - | ၉၇၅ | ၉၇၅ | ■ |
| ၆ | ထောပတ်ပဲ | ၇၀၀ | ၇၀၀ | ■ | ၀၀၉ | - | - | - | - | - | ၆၆၀ | ၆၃၀ | ▼ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၁၁-၁၂-၂၀၁၅ ဒေါ်လာ/တန်

| | ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ မွမ်ဘိုင်း | | | အိန္ဒိယ ဒေလီ | | |
|---|---|---|---|---|---|---|---|---|---|---|
| | | ၃/၁၂ | ၁၀/၁၂ | ပြောင်းလဲမှု | ၃/၁၂ | ၁၀/၁၂ | ပြောင်းလဲမှု | ၃/၁၂ | ၁၀/၁၂ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၁၇၅၀ | ၁၇၃၀ | ▼ | ၁၆၉၃ | ၁၆၁၇ | ▼ | ၁၆၀၃ | ၁၅၇၂ | ▼ |
| ၂ | ပဲစင်းငုံ | ၁၄၀၀ | ၁၃၀၀ | ▼ | ၁၇၀၀ | ၁၄၉၇ | ▼ | ၁၆၉၃ | ၁၅၅၇ | ▼ |
| ၃ | ပဲတီရွှေဝါ | ၁၀၅၀ | ၁၀၅၀ | ■ | ၁၁၂၄ | ၁၀၉၃ | ▼ | ၁၁၆၉ | ၁၁၀၀ | ▼ |
| ၄ | ကုလားပဲဖြူလုံးကြီး | ၇၀၀ | ၇၀၀ | ■ | ၇၅၇ | ၇၂၂ | ▼ | ၇၉၄ | ၇၆၄ | ▼ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။
ဒေလီဈေးကွက်မှ ဈေးနှုန်းများမှာ အိန္ဒိယပြည်တွင်းပဲတီစိမ်းနှင့် မြန်မာမတ်ပဲ SQ ပေါက်ဈေးများဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု ယခင်တစ်ပတ် (၂၈-၁၁-၁၅)ထိ | ပြည်ပတင်ပို့မှု ယခုတစ်ပတ် (၅-၁၂-၁၅)ထိ | ပြည်ပတင်ပို့မှု (၁-၄-၁၅) မှ (၅-၁၂-၁၅) ထိ |
|---|---|---|---|
| မတ်ပဲ | ၃၆၁ | ၁၁၅၈ | ၃၈၈၀၄၃ |
| ပဲတီစိမ်း | ၃၄၈၂ | ၄၀၃၃ | ၁၂၄၁၂၈ |
| ပဲစင်းငုံ | - | ၁၁ | ၁၁၅၆၉၅ |
| ကုလားပဲ | ၁၂ | ၃၄ | ၂၃၂၉၃ |
| ပဲလွန်းဖြူ | ၂၃၉ | ၇၀ | ၁၃၂၇၂ |
| မြေထောက်ပဲ | - | ၃၇၄ | ၁၂၆၆၇ |

# မုံရွာကုန်စည်ဒိုင်သို့ ပဲတီစိမ်းသစ်များ ဝင်ရောက်

စစ်ကိုင်းတိုင်းဒေသကြီးရဲ့ ၂၀၁၅-၂၀၁၆ခုနှစ် ဆောင်းသီးနှံ ပဲတီစိမ်းလျာထားစိုက်ဧက ကိုးသောင်းကျော် မှာ ဧက တစ်သိန်းကျော်စိုက်ပျိုးခဲ့လို့ ၁၁၃ ရာခိုင်နှုန်းစိုက်နိုင်ပါတယ်။ မိုးကြိုနဲ့မိုး ပဲတီစိမ်း လျာထားဧက လေးသိန်း ငါးသောင်းမှာ ဧကလေးသိန်းခြောက်သောင်းခန့် စိုက်နိုင်ခဲ့လို ၁၀၁ရာခိုင်နှုန်း စိုက်နိုင်ခဲ့ပါတယ်။

မိုးပဲတီစိမ်းများ နောက်ကျစိုက်ပျိုးခဲ့သော ချောင်းဦးမြို့နယ်ရှိ နတ်ရေကန်ကျေးရွာ၊ မင်းရွာ၊ တောချောင်းဦးကျေးရွာများမှ ပဲတီစိမ်းသစ်များ ထွက်ပေါ်ကာ မုံရွာကုန်စည်ဒိုင်သို့ ဒီဇင်ဘာလဆန်းမှ စတင်ဝင်ရောက်လျက်ရှိရာ နေ့စဉ်ပဲတီစိမ်းကြီး၊ သေး တင်းပေါင်း ၄၀၀ ခန့် ဝင်ရောက်လျက်ရှိကြောင်း ကုန်စည်ဒိုင်သတင်းရပ်ကွက်မှသိရပါတယ်။

အိန္ဒိယပို့ကုန်ဝယ်လက်ရှိ၍ ရန်ကုန်ဝယ်လက်မှ ပဲတီစိမ်းသေးများ အဝယ်လိုက်လျက်ရှိပြီး ဝယ်လက်ရှိသလောက် မုံရွာကုန်စည်ဒိုင်မှ မရောင်းနိုင်သေးကြောင်း သိရပါတယ်။ ၂၀၁၅ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့အတွင်း တစ်တင်း ပေါက်ဈေး နိမ့်/မြင့်မှာ ပဲတီစိမ်းကြီး ၃၂၀၀၀ ကျပ်၊ ၃၉၀၀၀ ကျပ်၊ ပဲတီစိမ်းသေး ၃၉၅၀၀ ကျပ်၊ ၄၀၇၀၀ ကျပ်၊ ယခင်နှစ် ကာလတူပေါက်ဈေးမှာ ပဲတီစိမ်းကြီး ၃၁၅၀၀ ကျပ်၊ ၃၃၀၀၀ ကျပ်၊ ပဲတီစိမ်းသေး ၃၃၇၀၀ ကျပ်၊ ၃၄၉၀၀ ကျပ် ဈေးပေါက်ခဲ့ပါတယ်။

**သန်းသန်းတင်-မုံရွာ**

Vol: 15, No.48 Monday December 14 2015

# မုံရွာကုန်စည်ဒိုင် ဒီဇင်ဘာဒုတိယပတ် ပဲဈေးကွက် စိမ်းသေး စိမ်းကြီး အဝင်သွက်လာ

မုံရွာကုန်စည်ဒိုင် ဒီဇင်ဘာလ ဒုတိယပတ် ပဲဈေးကွက်မှာ ပဲသစ်မျိုးစုံ စတင်ဝင်ရောက်ခဲ့ကာ အခြားပဲများထက် ပဲတီစိမ်းက ပိုမိုဝင်ရောက်ခဲ့သလို ဝင်သမျှရောင်းရတယ်လို့ ဒိုင်ရပ်ကွက်က သိရပါတယ်။ ကနီ၊ ချောင်းဦး၊ ရေဦးနဲ့ တန့်ဆည်ဘက်က ပိုမိုဝင်ရောက်ခဲ့ပြီး ယခုတစ်ပတ်ပေါက်ဈေးအနေနဲ့ စိမ်းကြီး တစ်တင်း ၃၈၅၀၀ ကျပ်၊ စိမ်းသေးတစ်တင်း ၃၉၀၀၀ ကျပ်ဖြစ်ပေါ်ခဲ့ကာ တစ်ရက် နှစ်မျိုးပေါင်း ပဲတီစိမ်း အိတ် ၆၀၀ ခန့် အရောင်းအဝယ်ဖြစ်နိုင်တယ်လို့ ပွဲရုံရပ်ကွက်က ဆိုပါတယ်။

ပြည်ပဝယ်လိုအားကောင်းတဲ့ ပဲစင်းငုံနဲ့ မတ်ပဲအသစ်တွေ ယခုရက်ပိုင်းမှာ အဝင်လှိုင်ခြင်းမရှိသေးဘဲ တစ်ရက် အိတ် ၃၀ မှ ၅၀ ကြားစီသာဝင်ရောက်မှုရှိပြီး၊ ပဲစင်းငုံက တစ်တင်း ၅၁၀၀၀ ကျပ်နဲ့ မတ်ပဲ တစ်တင်း ၆၅၀၀၀ ကျပ်အသီးသီးပေါက်ဈေးဖြစ်ပေါ်ခဲ့တာ တွေ့ရပါတယ်။

ယခုတစ်ပတ်မှာ ကနီ ကျွန်းတောတွေစိုက်ခဲ့ကြတဲ့ ပဲလွန်းဖြူနဲ့ ပဲလွန်းပြာ တို့ ကုန်စည်ဒိုင်မှာ အနည်းငယ် အဝင်လှိုင်ခဲ့ပြီး ပဲလွန်းဖြူ တစ်တင်း ၃၀၀၀၀ ကျပ်နဲ့ လွန်းပြာ တစ်တင်း ၂၆၀၀၀ ကျပ်အသီးသီးပေါက်ဈေးဖွင့်ခဲ့ကာ ယခင်ပတ်ကထက် ကျဈေးဖြစ်ခဲ့ပေမယ့် လွန်းဖြူဟာ တစ်ရက် အိတ် ၃၀၀ မှ ၄၀၀ အကြား၊ လွန်းပြာဟာ တစ်ရက်အိတ် ၁၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ ပွဲရုံရပ်ကွက်က ဆိုပါတယ်။

ဒေသအတွင်း စိုက်ပျိုးရက်စောခဲ့ကြတဲ့ စွန်တာနီနဲ့ ပဲနီလုံးကြားတွေ ဒိုင်မှာ အဝင်ရှိလာပြီး ဈေးအေး သွားခဲ့ရာ စွန်တာနီ တစ်တင်း ၁၅၂၀၀ ကျပ်နဲ့ ပဲနီလုံးကြား တစ်တင်း ၁၅၈၀၀ ကျပ်ဝန်းကျင်နဲ့ အရောင်းအဝယ် အနည်းငယ်ဖြစ်ခဲ့တယ်လို့ ဆိုပါတယ်။ ကုလားပဲဈေးကွက်ကတော့ အမြင့်ဈေးမှာ ဆက်လက်တန့်နေပြီး ယခုတစ်ပတ်မှာ V2 တစ်တင်း ၃၆၂၀၀ ကျပ်နဲ့ ၉၂၉ တစ်တင်း ၃၆၅၀၀ ကျပ်ဖြစ်ပေါ်လျက်ရှိကာ ဒေသတွင်း လုပ်ငန်းသုံးသမားများ မဝယ်မဖြစ်ဝယ်နေခဲ့ကြလို့ တစ်ရက် ကုလားပဲမျိုးစုံ အိတ် ၁၀၀ မှ ၁၅၀ ကြား ပုံမှန် အရောင်းအဝယ်ရှိနေတယ်လို့ ကုန်စည်ဒိုင်ရပ်ကွက်က လေ့လာသိရှိရပါတယ်။

**ထွန်းလှိုင်-မုံရွာ**

# မုံရွာကုန်စည်ဒိုင်မှ မျိုးမြေပဲများဖြန့်ဖြူး

စစ်ကိုင်းတိုင်းဒေသကြီး ၂၀၁၅-၂၀၁၆ခုနှစ် ဆောင်းသီးနှံမြေပဲလျာထား စိုက်ဧက လေးသိန်းလေးသောင်းမှာ ဧက သုံးသိန်းခြောက်သောင်းကျော်စိုက်ပြီး၍ ၈၂ ရာခိုင်နှုန်း စိုက်နိုင်ခဲ့ပါတယ်။ မုံရွာကုန်စည်ဒိုင်မှ SP မျိုးမြေပဲဆံ တစ်တင်း ၄၀၅၀၀ ကျပ်ဖြင့် ဟုမ္မလင်းမြို့နယ်နဲ့ ရွှေဘိုမြို့နယ်များမှ ဒီဇင်ဘာလ ဒုတိယပတ်အတွင်း တင်း ၄၀၀ ကျော် လာရောက်ဝယ်ယူလျက်ရှိကြောင်း ကုန်စည်ဒိုင်သတင်းရပ်ကွက်က သိရပါတယ်။ မုံရွာကုန်စည်ဒိုင်မှာ ဒီဇင်ဘာလအတွင်း မြေပဲလုံးဆံများ ရက်ခြားသာအရောင်းအဝယ်ဖြစ်ပြီး၊ အရောင်းအဝယ် ဖြစ်တဲ့နေ့မှာ တင်း ၅၀၀ ကျော် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ မုံရွာကုန်စည်ဒိုင်၌ ၂၀၁၅ခုနှစ် ဒီဇင်ဘာလ ၁၀ရက်အတွင်း ပေါက်ဈေးနှုန်းများမှာ မြေပဲလုံးဆံတစ်တင်း ၃၉၀၀၀ ကျပ်၊ တစ်ပိဿာဈေးနှုန်းများမှာ မြေပဲဆန်နီ ၂၈၀၀ ကျပ်၊ မြေပဲဆန်ဖြူ ၂၃၀၀ ကျပ်၊ ၂၄၀၀ ကျပ်၊ မြေပဲဆီ ၄၂၀၀ ကျပ်၊ ၄၃၀၀ ကျပ်၊ ပဲဖတ် ၁၁၁၅ ကျပ် ဈေးအသီးသီးနဲ့ ရောင်းဝယ်ကြပါတယ်။

**သန်းသန်းတင်-မုံရွာ**



# ပြည်ဘိုကိတ် ရန်ကုန်ဝယ်လက် အဝယ်ရှိ

ယခုတစ်ပတ် ပြည်ပဲဈေးကွက်ကို ဘိုကိတ်ပဲသစ်များ အဝင်ဆက်ရှိခဲ့ပြီး ပန်းတောင်းမြို့နယ်နဲ့ အောင်လံ၊ ရွှေတောင်မြို့နယ်များမှ တစ်ရက်အိတ် ၂၀ မှ ၃၀ ကျော်ဝင်ရောက်ခဲ့တာကို တွေ့ရပါတယ်။ ပဲဈေးမှာ တစ်တင်း ၃၀၀၀ ကျပ်ဖြင့် ဈေးငြိမ်လျက်ရှိကာ ရန်ကုန်ဝယ်လက်လည်း ဝယ်ယူခဲ့သလို ဇီးကုန်း၊ ကြို့ပင်ကောက်မြို့နယ်များမှလည်း ဝယ်ယူခဲ့ကြပါတယ်။ ယခင်နှစ်က တစ်တင်း ၁၄၀၀၀ ကျပ်သာ ရရှိခဲ့လို့ ယခုနှစ်ဈေးကတော့ ယခင်နှစ်ဈေးရဲ့ နှစ်ဆခန့်ပိုရခဲ့ကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

# ပြည်ပဲလွန်းဖြူသစ်များ အဝင်ရှိခဲ့သော်လည်း အဝယ်ပါးနေခဲ့

ပြည်ပဲဈေးကွက်မှာ ပဲလွန်းဖြူသစ်များလည်း လဆန်းရက်မှစ၍ အဝင်ရှိလာပြီး ယခုတစ်ပတ်မှာလည်း တစ်ရက်အိတ် ၂၀ ကျော်ထိ ပဲအဝင်များလာခဲ့ပါတယ်။ သို့သော်လည်း အဝယ်သိပ်မရှိသေးတဲ့အတွက် ပဲဈေးမှာလည်း အဖွင့်ဈေးထက် ဈေးလျော့ခဲ့ကာ တစ်တင်း ၂၈၀၀၀ ကျပ်သာ ရရှိခဲ့ပါတယ်။ ယခုနှစ်အတွင်း ပဲသစ်များအဖြစ် ဝင်ရောက်လာတဲ့ ပဲလွန်းဖြူ ဘိုကိတ်ပဲ သီးနှံများဟာ ဒေသတွင်း အရောင်းအဝယ်ဖြစ်မှုများတဲ့ ပဲများဖြစ်ပေမယ့် ပဲဈေးအနေဖြင့် ပဲသစ်ပေါ်ချိန်မှစ၍ ဈေးကောင်းရနေတဲ့ သီးနှံများဖြစ်ခဲ့ကြတာကို တွေ့ရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

# ပြည်ပဲတီစိမ်းသစ်များ ဆက်တိုက်ဝင်ရောက်လာသလို အရောင်းအဝယ်လည်းသွက်

ဒီဇင်ဘာ ဒုတိယပတ် ပြည်ပဲဈေးကွက်ကို ဆောင်းပဲသစ်များဝင်ရောက်လျက်ရှိရာ ပဲတီစိမ်းသီးနှံမှာလည်း ပဲအဝင်များလာပြီး ပေါင်းတလည်၊ ပေါက်ခေါင်း၊ ပန်းတောင်း စသဖြင့် ပြည်အနီးတဝိုက် နယ်စုံမှ အိတ် ၇၀၀ ကျော် ၈၀၀ အထိ ဝင်ရောက်ခဲ့ပါတယ်။ မန္တလေးလိုင်းသမားများကလည်း အဝင်ရှိ သလောက် ဝယ်ယူနေကြတာကြောင့် အိတ် ၈၀၀ ကျော်အထိ အရောင်းအဝယ်ဖြစ်ခဲ့ပါတယ်။ ပဲဈေးကတော့ တစ်တင်း ၄၀၅၀၀ ကျပ်ဖြင့် လဆန်းရက်က ဈေးအတိုင်း ဈေးငြိမ်နေခဲ့ပါတယ်။ ပဲတီစိမ်းသစ်ဈေးမှာ ပဲပေါ်ချိန် နိုဝင်ဘာလကုန်ပတ်မှစ၍ ယခုချိန်ထိ သိသိသာသာ ဈေးပိုလာခြင်း၊ ဈေးလျော့သွားခြင်းမရှိဘဲ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

**ခင်ဆွေဝင်း -ပြည်**

# ဒီဇင်ဘာလ ဒုတိယပတ် မန်းကုန်စည်ဒိုင်မှာ အရောင်းအဝယ်ဖြစ်တဲ့ ပဲ၊ ပြောင်း၊ နှမ်းနဲ့ မြေပဲတို့ရဲ့ ဈေးနှုန်း

မန္တလေးကုန်စည်ဒိုင် (ပွဲစား၊ ကုန်သည်၊ စက်ပိုင်များ မဟာကထိန်တော်အသင်း) ရဲ့ ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ဒုတိယပတ်မှာ အရောင်းအဝယ်ဖြစ်တဲ့ ပဲ၊ ပြောင်း၊ နှမ်းများရဲ့တစ်ပိဿာကျပ်ဈေးမှာ -

| သီးနှံအမည် | ၁၀. ၁၂. ၂၀၁၅ | |
|---|---|---|
| | နိမ့် | မြင့် |
| ပဲတီစိမ်း | ၁၆၈၉ | ၂၁၆၉ |
| ပဲလွန်းဖြူ | ၁၅၃၃ | ၁၅၈၃ |
| ပဲကြီး | ၁၆၂၉ | ၁၆၆၅ |
| ပဲနီပြား | ၁၃၂၁ | ၁၃၅၇ |
| ပဲပုပ် (ရှမ်း) | ၉၇၇ | ၁၀၈၉ |
| ပဲပုပ် (ဗမာ) | ၉၃၀ | ၉၃၉ |
| ပဲယင်း | ၈၁၇ | ၈၃၃ |
| ထောပတ်ပဲ (သေး) | ၅၈၇ | ၆၄၀ |
| မတ်ပဲ | - | ၃၄၀၀ |
| ပြောင်းဖူးစေ့ (ရှမ်း) | ၄၁၇ | ၄၂၂ |
| ပြောင်းဖူးစေ့ (ဗမာ) | - | ၄၁၁ |
| ပြောင်းဖူးစေ့ (CP) | ၄၂၆ | ၄၃၀ |
| အထွက်တိုးပြောင်း | - | ၄၉၁ |
| ဆန်ပြောင်း | - | ၅၄၀ |
| နှမ်းဖြူ | ၁၉၅၆ | ၂၁၅၆ |
| နှမ်းညို | ၁၆၆၇ | ၁၇၇၈ |
| နှမ်းနက် | ၂၈၈၉ | ၄၀၀၀ |
| နှမ်းနက် (စမုံ) | ၄၂၂၂ | ၄၅၅၆ |
| ပန်းနှမ်း | - | ၁၆၆၇ |
| မြေပဲဆန် (SI) | ၂၆၅၀ | ၂၇၂၅ |

တရုတ်ဝယ်လက်က ပုံမှန်ဝယ်ယူနေတဲ့ ပဲတီစိမ်းကြီး ယခင်တစ်ပတ်ဈေးထက် ဈေးမြင့်ပြီး တစ်ပိဿာ ၂၁၆၉ ကျပ် (တစ်တန် ၁၃၂၈၂၇၄ ကျပ်) နဲ့ နေ့စဉ်သုံးတင်းအိတ် ၆၀၀ ခန့်၊ ပဲလွန်းဖြူတစ်ပိဿာ ၁၅၈၃ ကျပ် (တစ်တန် ၉၆၉၄၁၃ ကျပ်)၊ ပဲကြီးတစ်ပိဿာ ၁၆၆၅ ကျပ် (တစ်တန် ၁၀၁၉၆၂၉ ကျပ်) နဲ့ နေ့စဉ်သုံးတင်းအိတ် ၁၅၀ ခန့်၊ ပဲနီပြားတစ်ပိဿာ ၁၃၅၇ ကျပ် (တစ်တန် ၈၃၁၀၁၃ ကျပ်) နဲ့ နေ့စဉ် သုံးတင်းအိတ် ၁၀၀ ခန့်၊ ပဲပုပ် (ရှမ်း) တစ်ပိဿာ ၁၀၈၉ ကျပ် (တစ်တန် ၆၆၆၈၉၃ ကျပ်)၊ ပဲပုပ် (ဗမာ) တစ်ပိဿာ ၉၃၉ ကျပ် (တစ်တန် ၅၇၅၀၃၄ ကျပ်) နဲ့ ပဲပုပ်နှစ်မျိုးပေါင်းနေ့စဉ် သုံးတင်းအိတ် ၃၀၀ ခန့်၊ ပဲယင်းတစ်ပိဿာ ၈၃၃ ကျပ် (တစ်တန် ၅၁၀၁၂၁ ကျပ်) နဲ့ နေ့စဉ် သုံးတင်းအိတ် ၁၀၀ ခန့်၊ ထောပတ်ပဲ (သေး) တစ်ပိဿာ ၆၄၀ ကျပ် (တစ်တန် ၃၉၁၉၃၀ ကျပ်) နဲ့ နေ့စဉ် သုံးတင်းအိတ် ၃၅၀ ခန့်၊ မတ်ပဲတစ်ပိဿာ ၃၄၀၀ ကျပ် (တစ်တန် ၂၀၈၂၁၂၆ ကျပ်) နဲ့ နေ့စဉ်သုံးတင်းအိတ် ၇၀၀ ခန့် အရောင်းအဝယ်ဖြစ်ကြောင်းသိရပါတယ်။

ယခုအခါ ဒေသတွင်းလျှောင်လက်နဲ့ အစာစပ်လုပ်ငန်းများဖြင့် သာအရောင်းအဝယ်ဖြစ်တဲ့ ပြောင်းဖူးစေ့ (ရှမ်း) တစ်ပိဿာ ၄၂၂ ကျပ် (တစ်တန် ၂၅၈၄၂၉ ကျပ်)၊ ပြောင်းဖူးစေ့ (CP) တစ်ပိဿာ ၄၃၀ ကျပ် (တစ်တန် ၂၆၃၃၂၈ ကျပ်)၊ ပြောင်းဖူးစေ့ (ဗမာ) တစ်ပိဿာ ၄၁၁ ကျပ် (တစ်တန် ၂၅၁၆၉၂ ကျပ်)၊ ထွက်တိုးပြောင်းတစ်ပိဿာ ၄၉၁ ကျပ် (တစ်တန် ၃၀၀၆၈၃ ကျပ်)၊ ဆန်ပြောင်းတစ်ပိဿာ ၅၄၀ ကျပ် (တစ်တန် ၃၃၀၆၉၁ကျပ်) နဲ့ နေ့စဉ်သုံးတင်းအိတ် ၆၀၀ ကျော် အရောင်းအဝယ်ဖြစ်ကြောင်းသိရပါတယ်။

နှမ်းရောင်စုံများရဲ့ ယခုတစ်ပတ်ဈေးနှုန်းများမှာ နှမ်းဖြူတစ်ပိဿာ ၂၁၅၆ ကျပ် (တစ်တန် ၁၃၂၀၃၁၃ ကျပ်) အရောင်းအဝယ်ဖြစ်လို့ ယခင်တစ်ပတ်ဈေးအောက်တစ်ပိဿာ ၁၃၃ ကျပ် (တစ်တန် ၈၁၄၄၈ ကျပ်) ဈေးအေးသွားပါတယ်။ နှမ်းညိုတစ်ပိဿာ ၁၇၇၈ ကျပ် (တစ်တန် ၁၀၈၈၈၂၉ ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်တစ်ပတ်ဈေးအောက် တစ်ပိဿာ ၁၁၁ ကျပ် (တစ်တန် ၆၇၉၇၅ ကျပ်) ဈေးအေးပြီး၊ နှမ်းနက်တစ်ပိဿာ ၄၀၀၀ ကျပ် (တစ်တန် ၂၄၄၉၅၆၀ ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်တစ်ပတ်ဈေးနှုန်းထက် တစ်ပိဿာ ၂၂၂ ကျပ် (တစ်တန် ၁၃၅၉၅၁ ကျပ်) ဈေးမာသလို နှမ်းနက် (စမုံ) တစ်ပိဿာ ၄၅၅၆ ကျပ် (တစ်တန် ၂၇၉၀၀၄၉ ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်လ ဈေးနှုန်းအောက်တစ်ပိဿာ ၂၆၆ ကျပ် (တစ်တန် ၁၆၂၈၉၆ ကျပ်) ဈေးအေးသွားပါတယ်။ ထို့အတူ ပန်းနှမ်းမှာလည်း ယခုတစ်ပတ်မှာ တစ်ပိဿာ ၁၆၆၇ ကျပ် (တစ်တန် ၁၀၂၀၈၅၄ ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်တစ်ပတ်ဈေးအောက်တစ်ပိဿာ ၁၁၁ ကျပ် (တစ်တန် ၆၇၉၇၅ ကျပ်) ဈေးအေးနဲ့ နေ့စဉ်သုံးတင်းအိတ် ၁၅၀၀ ခန့် (နှမ်းရောင်စုံ) အရောင်းအဝယ်ဖြစ်ကြောင်းသိရပါတယ်။

ယခုတစ်ပတ်မှာ နယ်စုံက သီးနှံသစ်တွေ ဝင်လာပေမယ့် အသစ်နဲ့ အဟောင်းဈေး ကွာဟမှုသိပ်မရှိသေးသလို နယ်အဝင်နည်းပေမယ့် အရောင်းအဝယ်ကတော့ ပုံမှန်ရှိနေကြောင်းသိရပါတယ်။ **စိုးအောင်-မန္တလေး**

## ကြက်သွန်

### ပြည်ပမှ ကြက်သွန်နီ ဆက်လက်တင်သွင်း

မိုးတွင်းကာလက ရေကြီးရေလျှံမှုတွေ ဖြစ်ခဲ့တာကြောင့် ကြက်သွန်စိုက်ကွင်းတွေ ပျက်စီးခဲ့ပြီး ဈေးတွေလည်း အဆမတန်မြင့်တက်သွားခဲ့ပါတယ်။"ဈေးက မနှစ်ကနဲ့ဆို သုံးဆလောက်ထိတက်သွားတာ၊ ကြက်သွန်စလျောင်တော့ ဈေးကတစ်ပိဿာကို ၂၀၀ ကျပ်ပဲရှိတာ။ ဒီနှစ်ကတော့ ဈေးကလည်း အရမ်းတက်တယ်။ဈေးအတက်အကျ မှန်းမရတော့ လျောင်တောင်မလျောင်ရဲဘူး"လို့ ကြက်သွန်ပွဲရုံပိုင်ရှင်တစ်ဦးက ပြောပါတယ်။

ယခုလို ကြက်သွန်နီဈေးတွေတက်နေတာကို လျော့ကျစေရန်အတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက တရုတ်နိုင်ငံနဲ့ အိန္ဒိယနိုင်ငံတို့မှ ကြက်သွန်နီတွေ တင်သွင်းခွင့်ပြုခဲ့ပါတယ်။

ဒီဇင်ဘာလပထမပတ်မှာ တရုတ်နိုင်ငံမှ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်သို့ ကန်ဒေါ်လာ၃၆၃၀၀ တန်ဖိုးရှိ ကြက်သွန်နီ ၆၆ တန်၊အိန္ဒိယနိုင်ငံမှ ကန်ဒေါ်လာ ၄၃၉၇၄ တန်ဖိုးရှိ ကြက်သွန်နီ ၇၇ တန် တင်သွင်းလာခဲ့တယ်လို့ သိရပါတယ်။

**မော်မော်အောင်**

### ပြည်ကြက်သွန်နီဈေးကွက်မှာ စားသုံးသူတွေ အသက်ရှူချောင်လာ

ဒီဇင်ဘာ ဒုတိယပတ်ရဲ့ ပြည်ပွဲရုံကြက်သွန်နီဈေးကွက်တွင် ဈေးနှုန်းသိသိသာသာ ကျဆင်းလာတာ တွေ့ရပါတယ်။ စားသုံးသူများမှာလည်း မီးဖိုချောင်စရိတ်မှာ ဟင်းစားမဝယ်ရသေးဘဲ မသုံးမဖြစ် ကြက်သွန်နီဈေးတက်ပြီး ဦးစားပေးဝယ်နေရခြင်းကို စိတ်မချမ်းမြေ့စွာနှင့် ဈေးကွက်တွင် ငြီးတွားသံတွေ အစုံအလင်ကြားခဲ့ရပါတယ်။ ယခုလမှာ ကြက်သွန်နီဈေးကျဆင်းလာပေမယ့် ပြည်ဒေသအနေနဲ့တော့ ဒီဇင်ဘာလရဲ့ ပုံမှန်ကြက်သွန်နီ ဈေးမဟုတ်သေးဘူးလို့ သိရပါတယ်။ ယခင်နှစ်ကြက်သွန်နီဈေး ယခုအချိန်ဆိုရင် တစ်ပိဿာ ၆၀၀ ကျပ်၊ ၇၀၀ ကျပ်ထက် မပိုဘူးလို့ ဆိုပါတယ်။

ယခုပြည်ပွဲရုံ ကြက်သွန်နီ တစ်ပိဿာ(ကြီး) ၁၇၀၀ ကျပ်၊(လတ်)၁၅၀၀ ကျပ်နဲ့ (သေး) ၁၄၀၀ ကျပ်တို့ဖြစ်ပြီး ဒေသတွင်း ရောင်းဈေးကတော့ (ကြီး) ၂၄၀၀ ကျပ်၊ (လတ်) ၂၂၀၀ ကျပ်နဲ့ (သေး) ၂၀၀၀ ကျပ်တို့ဖြင့် ဈေးကျအရောင်းအဝယ်ပြုလုပ်လျက်ရှိပါတယ်။ ကြက်သွန်နီအသစ်ဝင်ရောက်မှုသည် ပခုက္ကူ၊ ရေနံချောင်းအစများ ဝင်ရောက်မှုဖြစ်ပြီး တစ်ရက်ကို အိတ် ၈၀၀ မှ အိတ် ၁၀၀၀ အထိ အဝင်ရှိနေပါတယ်။ ဈေးအနည်းငယ်ကျလာခြင်းကြောင့် အရောင်းအဝယ်လည်း အနည်းငယ်တက်လာပြီး ပွဲရုံများမှာ တစ်ရက်အိတ် ၂၈၀ ခန့် အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**နီနီဝင်း-ပြည်**

### စစ်ကိုင်းတိုင်းဒေသကြီး ကြက်သွန်နီဈေး အကျဘက်သို့ ဦးတည်

စစ်ကိုင်းတိုင်းဒေသကြီးတွင် မိုးကြက်သွန်နီစိုက်ဧက ၂၂၀၀ ကျော်စိုက်ပျိုးခဲ့ပြီး ကြက်သွန်နီအသစ်ဈေးမှာ ဒီဇင်ဘာလ ဒုတိယပတ်အတွင်း လက်ကား တစ်ပိဿာ ကျပ် ၆၀၀ မှ ၈၀၀ ကျပ်အထိ ကျဆင်းခဲ့ကြောင်း ကြက်သွန်ပွဲရုံများမှ သိရှိရပါတယ်။ ဒီဇင်ဘာလပထမပတ်အထိ ကြက်သွန်နီအဟောင်းဈေး တစ်ပိဿာ ၃၀၀၀ ကျပ်၊ ၃၅၀၀ ကျပ်ဖြစ်ခဲ့ပြီး ဒုတိယပတ်တွင် ကြက်သွန်နီအသစ်များ ဈေးကွက်သို့ ဝင်ရောက်လာ၍ ဈေးအကျဘက်သို့ ဦးတည်နေကြောင်း သိရပါတယ်။ ဒေသတွင်းမိုးစိုက်ကြက်သွန်နီများ အထွက်မလှိုင်သေးသော်လည်း မန္တလေး (မြစ်သား)၊ ပခုက္ကူ ရေစကြို မိုးစိုက်များ၊ စစ်ကိုင်းတိုင်းဒေသကြီး မိုးစိုက်ထက် ကာလတစ်လခွဲခန့် စောပေါ်တဲ့ ကြက်သွန်နီများ အဝင်လှိုင်လာသဖြင့် ဈေးကျဆင်းခဲ့ကြောင်း သိရပါတယ်။

**အောင်မင်း-တန့်ဆည်**

## မန်ကျည်း

### မန်ကျည်း ပြန်လည်တင်ပို့

နိုဝင်ဘာ ၂၉ ရက်မှ ဒီဇင်ဘာ ၅ ရက်တာ သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ မန်ကျည်း ၁၄၇ တန်တင်ပို့ခဲ့ပါတယ်။ နိုဝင်ဘာလအတွင်း တင်ပို့မှုပျောက်ခဲ့တဲ့ မန်ကျည်းက ဒီတစ်ပတ်ပြန်လည် တင်ပို့နိုင်ခဲ့ခြင်းဖြစ်ပါတယ်။ ဒီတစ်ပတ် မန်ကျည်း တင်ပို့မှုမှ ကန်ဒေါ်လာ ၂၆၉၈၅ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း (DOT)**



## ချင်း

### ဒီဇင်ဘာ ပထမ ပတ်တွင် ချင်း တန် ၂၀ ကျော်တင်ပို့

နိုဝင်ဘာ ၂၈ ရက်မှ ဒီဇင်ဘာ ၅ ရက်အတွင်း ချင်း ၁၄၇ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ စင်ကာပူနိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ ယခင်သီတင်းပတ်တင်ပို့မှုပျောက်ခဲ့တဲ့ ချင်းက ဒီတစ်ပတ်မှ ပြန်လည်တင် ပို့နိုင်ခဲ့ခြင်းဖြစ်ပါတယ်။ ချင်းတင်ပို့ မှုမှ ကန်ဒေါ်လာ ၃၁၈၅ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။ နိုဝင်ဘာလအတွင်း ချင်းတစ်ကြိမ်သာ တင်ပို့နိုင်ခဲ့ပြီး ကန်ဒေါ်လာ ၉၄၀၄ ကျော် ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း (DOT)**



### အောင်ပန်းချင်းဈေးကွက်မှာ နယ်စုံမှ ချင်းအဝင်များ

အောင်ပန်းဈေးကွက်မှာ ချင်းတွေ အဝင်လှိုင်နေပေမယ့် ဟိုပုံးဈေးကွက်မှာ ချင်းက အခုချိန်ထိ မဝင်လာသေးပါဘူး။ တစ်လပိုင်းအကုန် နှစ်လပိုင်းမှသာ ဈေးကွက်ကို စပြီးဝင်လာနိုင်တယ်လို့လည်း သိရပါတယ်။ ချင်းသက်တမ်းက နုနေသေးတာကြောင့် တောင်သူတွေက မြေကြီးထဲမှာပဲ ရင့်အောင်ထားပြီး ရင့်မှသာ ဖော်ကြတယ်လို့ သိရပါတယ်။ အောင်ပန်းချင်းတွေကတော့ နုပေမယ့်လည်း အပင်သေ၊ အပင်ဝါရင်တော့ ဖော်လေ့ရှိကြပါတယ်။ ချင်းနုတွေကိုလည်း ခါးလီချင်းအဖြစ် အသုံးပြုလို့ရတာကြောင့် ဖော်ပြီးရင်လည်း ဈေးကွက်မှာ အမြန်တင်ပြီး ရောင်းကြတယ်လို့ သိရပါတယ်။ အခုတစ်ပတ်လည်း အောင်ပန်းဈေးကွက်မှာ နယ်အစုံက ချင်းတွေ အဝင်များနေပါတယ်။ ပြည်ပဝယ်လက် မရှိတာကြောင့် ဈေးကလည်း ငြိမ်နေပါတယ်။ နိုဝင်ဘာလ တစ်လလုံးမှာလည်း ပြည်တွင်းဈေးပတ်သမားတွေနဲ့ ခါးလီချင်း သမားတွေသာ အဝယ်ရှိခဲ့ပြီး၊ အဓိကဝယ်လက်တွေကတော့ ရန်ကုန်၊ မုံရွာ၊ နေပြည်တော်၊ စစ်တွေ၊ ပြည် စတဲ့ မြို့တွေကဖြစ်တယ်လို့ သိရပါတယ်။ ပြည်တွင်းဖြန့်အားက နိုဝင်ဘာတစ်လတည်းမှာပင် ပိဿာချိန် သုံးသိန်းခန့် အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ အဝင်များလာတော့ ဈေးကလည်း ကျလာပြီး တစ်ပိဿာ ပေါက်ဈေးက ၄၅၀ ကျပ်မှ ၅၀၀ ကျပ်ဈေးသာရှိပါတယ်။

ချင်းခြောက်ကတော့ အဝင် လုံးဝမရှိတော့ပါဘူး၊ လက်ကျန်ချင်းတွေသာ အရောင်းအဝယ်လုပ်နေရပြီး တစ်ပိဿာကို ၂၀၀၀ ကျပ်မှ ၃၀၀၀ ကျပ် ဈေးရှိပါတယ်။ အရောင်းအဝယ်ကလည်း သိပ်မဖြစ်ဘူးလို့ အောင်ပန်းဈေးကွက်က သိရပါတယ်။

**ဇေခိုင်-တောင်ကြီး**

### ပြည်ချင်းဈေးကွက် ပုံမှန်ရောင်းဝယ်မှုဖြစ်

ယခုတစ်ပတ် ပြည်ချင်းဈေးမှာ အပြောင်းအလဲမရှိဘဲ တစ်ပိဿာကို ချင်း (ရှယ်) ၁၀၀၀ ကျပ်၊ (ဂွန်) ၈၀၀ ကျပ်တို့နဲ့ ရောင်းဝယ်လျက်ရှိနေပါတယ်။ ပြည်ဈေးကွက်သို့ အောင်ပန်းချင်းများ ပိဿာ ၃၀ ဝင်အိတ် ၂၀၀ ခန့် ပုံမှန်အဝင်ရှိနေပြီး၊ တစ်နေ့ကို ပိဿာချိန် ၃၀၀ ခန့် ပုံမှန်အရောင်းအဝယ်ဖြစ်နေပါတယ်။ ပြည်ဈေးကွက်မှတစ်ဆင့် ရခိုင်ပြည်နယ်နဲ့ ဧရာဝတီတိုင်းဒေသကြီးသို့ စားသုံးမှုအဖြစ် တစ်ရက် ပိဿာချိန် ၂၀၀ ခန့် တင်ပို့မှုရှိတယ်လို့ သိရပါတယ်။

**ဝင်းဝင်းခိုင်-ပြည်**

## သီဟိုဠ်

### မူဆယ်နဲ့ မြဝတီကုန်သွယ်ရေးဇုန်တို့မှ သီဟိုဠ်စေ့ ၂၂ တန်ကျော်တင်ပို့

မူဆယ်နဲ့ မြဝတီကုန်သွယ်ရေးဇုန်တို့မှ နိုဝင်ဘာလ ၂၈ ရက်မှ ဒီဇင်ဘာလ ၄ ရက်အတွင်း ကန်ဒေါ်လာ သုည ဒသမ ၁၄၅ သန်းတန်ဖိုးရှိ သီဟိုဠ်စေ့ ၂၂ တန်ကျော် တင်ပို့နိုင်ခဲ့တဲ့အတွက် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ခြောက်တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ သုည ဒသမ ၀၉၂ သန်းတန်ဖိုးရှိ သီဟိုဠ်စေ့ ၁၅ တန်ကျော် တင်ပို့နိုင်တဲ့အတွက် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက တစ်တန် နီးပါးလျော့နည်း တင်ပို့ခဲ့ပါတယ်။

မြန်မာ-ထိုင်းနယ်စပ်ရှိမြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ သုည ဒသမ ၀၅၃ သန်းတန်ဖိုးရှိ သီဟိုဠ်စေ့ ခုနစ်တန်တင်ပို့နိုင်တဲ့အတွက် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ခုနစ်တန် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ကော့သောင်း ကုန်သွယ်ရေးစခန်းက ယခုသီတင်းပတ်မှာ တင်ပို့နိုင်ခြင်းမရှိခဲ့သလို ယခင်သီတင်းပတ်ကလည်း တင်ပို့နိုင်ခဲ့ခြင်းမရှိဘူးလို့ သိရပါတယ်။

**ခင်မြနွယ်**

## နနွင်း

### နနွင်း တန် ၃၀၀ တင်ပို့

နိုဝင်ဘာ ၂၉ ရက်မှ ဒီဇင်ဘာလ ၅ ရက်သီတင်းပတ်အတွင်း နနွင်း ၃၁၅ ဒသမ၁၃၇တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ကန်ဒေါ်လာ ၁၂၂၉၈၀ တန်ဖိုးရှိ နနွင်း ၁၇၂ တန်ကို ဘင်္ဂလားဒေ့ရှ်၊ ကန်ဒေါ်လာ ၃၉၇၆၀ တန်ဖိုးရှိ နနွင်း ၅၆ တန်ကို အိန္ဒိယ၊ကန်ဒေါ်လာ ၂၇၃၉၅တန်ဖိုးရှိနနွင်း ၃၉ ဒသမ ၁၃၇ တန်ကို မလေးရှားနဲ့ ကန်ဒေါ်လာ ၃၄၀၈၀ တန်ဖိုးရှိ နနွင်း ၄၈ တန်ကို စင်ကာပူနိုင်ငံသို့ တင်ပို့ခဲ့တယ်လို့သိရပါတယ်။ယခင်သီတင်းပတ် နနွင်းတင်ပို့မှုမှာ ၁၂၅ တန်သာ ရှိခဲ့တာကြောင့် ဒီတစ်ပတ်တင်ပို့မှုနဲ့ယှဉ်ရင် တန်ချိန် ၁၉၀ ကျော်ပိုမိုတင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း(DOT)**

### အရည်အသွေးကောင်းပြီး ဈေးချိုတဲ့ ဟိုပုံးနနွင်း အဝယ်သွက်

ဒီတစ်ပတ်မှာ ရှမ်းနနွင်းလည်း အရောင်းအဝယ် ဖြစ်နေပါတယ်။ အောင်ပန်းနနွင်း ထိပ်စတွေဖြစ်တဲ့ တောင်ပို့လ၊ ပင်းတယ နနွင်းတွေက ဒေသတွင်းမှာတင်ပြန်ပြီး အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရပါတယ်။ ရှမ်းပြည်နယ်တောင်ပိုင်းမှ ထွက်တဲ့ နနွင်းတွေမှာ ဆင်တောင်နနွင်းက အရည်အသွေးကောင်းသလို ဈေးကလည်းကြီးတော့ ဝယ်လက်တွေသိပ်ပြီး မဝယ်ချင်ကြပါဘူး။ ဒါကြောင့် အရည်အသွေးလည်းကောင်း ဈေးလည်းချိုတဲ့ ဟိုပုံးနနွင်းကို ပိုပြီးဝယ်ယူကြတယ်လို့ ဈေးကွက်မှသိရပါတယ်။ မူဆယ်ဝယ်လက်တွေက အဓိကဝယ်ယူပေမယ့်ဒီတစ်လမှာ ရန်ကုန်ဝယ်လက်တွေပါ ဝယ်ယူလာပါတယ်။ နယ်စပ်သာမက ပင်လယ်ရေကြောင်းကပါ သွားနေပေမယ့် အလုံးအရင်းလိုက်တော့မဟုတ်သေးဘဲ တစ်ခါသွားရင် ပိဿာချိန် သောင်းဂဏန်းခန့်သာရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်တော့ ဟိုပုံးနနွင်းကို မူဆယ်ဝယ်လက်တွေအစား ရန်ကုန်ဝယ်လက်တွေက တစ်ပိဿာ ၁၇၀၀ ကျပ်ဈေးနဲ့ တစ်ပတ်အတွင်း ပိဿာချိန် နှစ်သောင်းခွဲခန့် ဝယ်ယူသွားတယ်လို့ သိရပါတယ်။ အောင်ပန်းဈေးကွက်က ချင်းတွေကိုတော့ ဒေသတွင်းနဲ့ အမှုန့်ကြိတ်ဖို့အတွက် ဝယ်ယူမှုရှိခဲ့တာကြောင့် နိုဝင်ဘာလ တစ်လလုံးမှာ ပိဿာချိန် ခြောက်သောင်းခွဲခန့်တော့ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့သိရပါတယ်။ တစ်ပိဿာပေါက်ဈေးကတော့ အနိမ့်ဆုံး ၁၀၀၀ ကျပ်မှ အမြင့်ဆုံး ၁၆၀၀ ကျပ် ဈေးရှိတယ်လို့ အောင်ပန်းဈေးကွက်က သိရပါတယ်။

**ဇေခိုင်-တောင်ကြီး**

# မြန်မာနိုင်ငံမှာ Alan Green Span ရှိသလား



ဒီနေ့မနက် လမ်းလျှောက်တော့ တပည့်ဟောင်းတစ်ယောက်က ဗဟိုဘဏ်က တာဝန်ရှိသူတွေပြောတာဆိုတာကို စောင့်ကြည့်ပြီး စီးပွားရေးအခြေအနေနဲ့ ငွေလဲနှုန်းတွေကို ကြိုတင်တွက်ဆနေကြောင်းပြောပြတာ နားထောင်ရင်းအပြန်မှာတွေးစရာတွေပေါ်လာခဲ့ပါတယ်။

အမေရိကန်နိုင်ငံမှာ ဗဟိုဘဏ်ဥက္ကဋ္ဌ တာဝန်ထမ်းဆောင်သွားခဲ့တဲ့အလန်ဂရင်းစပန်ရဲ့ နှုတ်စကားကိုအလေးထားခဲ့ကြပြီး စီးပွားရေး အပြောင်းအလဲတွေဖြစ်စေခဲ့ပါတယ်။ မြန်မာနိုင်ငံမှာ အဲဒီလို အလေးထားရမယ့်သူနဲ့ပြောစကား တွေရှိနေပြီလား။ ဖွံ့ဖြိုးပြီး အမေရိကန်လိုနိုင်ငံမျိုးတွေမှာ ငွေကြေးမူဝါဒဆိုင်ရာ နည်းလမ်းတွေကို အသုံးပြုတာဟာနိုင်ငံနဲ့လုပ်ငန်း တွေရဲ့ စီးပွားရေးအပေါ် အကျိုးသက်ရောက်မှုကြီးမားပါတယ်။ အတိုးနှုန်းကိုနည်းနည်းလေး ပြောင်းလိုက်တာနဲ့ သိသာထင်ရှားတဲ့ အကျိုးသက်ရောက်မှုတွေရပါတယ်။ ဒါကြောင့်လည်း ဗဟိုဘဏ်ဥက္ကဋ္ဌရဲ့နှုတ်စကားကိုအလေးထားနေကြတာပါ။

မြန်မာနိုင်ငံလိုဖွံ့ဖြိုးဆဲနိုင်ငံတွေမှာတော့ ငွေကြေးမူဝါဒထက် ဘဏ္ဍာရေးမူဝါဒဆိုင်ရာ နည်းလမ်းတွေက ပိုမိုထိရောက်မှုရှိတာတွေ့ရပြီးတခြားအကြောင်းတရားတွေကိုလည်း ထည့်သွင်းစဉ်းစားဖို့လိုအပ်ပါတယ်။

ဒါပေမယ့် အကောင်အထည်ဖော်ရမယ့် အဆင့်တွေကလည်း ဈေးကွက်တွေဖော်ထုတ်ရမှာဖြစ်တဲ့အတွက် ရှုပ်ထွေးနက်နဲတတ်ပြီး အချိန်ယူရပါလိမ့်မယ်။ ငွေကြေးမူဝါဒဆိုင်ရာနည်းလမ်းတွေ ထိရောက်မှုမရှိသေးတဲ့ အဓိကအချက်ကတော့ အခြားဗဟိုဘဏ်တွေ ကျင့်သုံးနေတဲ့ ပိုမိုထိရောက်တဲ့ငွေကြေးမူဝါဒနည်းလမ်းတွေဖြစ်တဲ့Open Market Operations တို့ Interest rate/inflation targeting တို့ကို မြန်မာနိုင်ငံမှာ မကျင့်သုံးနိုင်သေးလို့၊ ကျင့်သုံးဖို့ အဆင့်တွေကျန်နေသေးလို့ဖြစ်ပါတယ်။

ဥပမာ- Open Market Operations နည်းလမ်းကိုသုံးနိုင်ဖို့ ပြည့်စုံတဲ့ Secondary bonds market ရှိဖို့လိုပါမယ်။ Interest rate/inflation targeting နည်းလမ်းကိုသုံးနိုင်ဖို့ ဈေးကွက်က သတ်မှတ်တဲ့ အတိုးနှုန်းရှိဖို့လိုပါမယ်။ အဲဒီအဆင့်တွေရောက်ဖို့ ကြားအဆင့်တွေကျန်ပါသေးတယ်။ အဲဒီအဆင့်တွေ ကျော်ဖြတ်ပြီးရင်တော့ ထိရောက်တဲ့ ငွေကြေးမူဝါဒကို အကောင်အထည်ဖော်နိုင်ပါလိမ့်မယ်။

ဒါပေမယ့် ထိရောက်တဲ့ ငွေကြေးမူဝါဒ နည်းလမ်းတွေကို မသုံးနိုင်ခင်မှာ ထိရောက်တဲ့ဘဏ္ဍာရေးမူဝါဒတွေကို ပိုမိုအသုံးပြုသင့်ပါတယ်။ အဓိကဆောင်ရွက်ရမှာက နိုင်ငံအသုံးစရိတ်တွေ လျှော့ချနိုင်ဖို့နဲ့ ဘတ်ဂျက်လိုငွေကို ဗဟိုဘဏ်ကဖြည့်ဆည်းတာကို ရပ်ဖို့လိုပါတယ်။

နောက်ထပ်စဉ်းစားစရာတစ်ခုက မြန်မာနိုင်ငံအကြောင်းပြောတဲ့အခါမှာ အမြဲတမ်းပါလေ့ရှိတဲ့ ဥပဒေများစည်းမျဉ်းစည်းကမ်းများလုပ်ထုံးလုပ်နည်းများဆိုင်ရာ အားနည်းချက်ပါ။ လိုအပ်တဲ့ ဥပဒေတွေ စည်းမျဉ်းစည်းကမ်းတွေ မပြည့်စုံသေးတာရှိပေမယ့် ထိထိရောက်ရောက်ကျင့်သုံးခြင်း အကောင်အထည်ဖော်ခြင်းမလုပ်နိုင်သေးတာတွေအများကြီးပါ။ ဒီကိစ္စနဲ့တစ်ပါတည်းတွဲစဉ်းစားကြတာကလုပ်နိုင်ကိုင်နိုင် လူ့စွမ်းအားအရင်းအမြစ်ဘယ်လောက်တောင့်တင်းသလဲစိန်ခေါ်မှုအသစ်တွေအတွက် အဆင်သင့်ဖြစ်တဲ့သူတွေရှိသလား၊ လူမှန်နေရာမှန်ရောက်နေကြပြီလားဆိုတဲ့ကိစ္စပါ။

နောက်တစ်ခါ စာနယ်ဇင်းတွေဘက်ကိုလှည့်လိုက်ရင် စီးပွားရေးနဲ့ငွေရေးကြေးရေးဘာသာရပ်ဆိုင်ရာ အခြေခံကောင်းကောင်းရှိတဲ့သီးခြားလေ့လာရေးသားတဲ့ စာနယ်ဇင်းသမားဘယ်နှစ်ယောက်ရှိသလဲ။ တာဝန်ရှိသူတွေ ပြောဆိုကြတာအစီရင်ခံစာတွေကို မျှမျှတတမှန်မှန်ကန်ကန် ပြန်လည်သုံးသပ်တင်ပြနိုင်သူတွေ ဘယ်နှယောက်ရှိနေပြီလဲ။ကိုယ်ကျိုးစီးပွားကိုကိုယ်စားမပြု ကျင့်ဝတ်မှန်မှန်နဲ့ ဘယ်သူတွေက တင်ပြနေကြသလဲ။ အဲဒီလို တင်ပြတာတွေကို ရောလက်ခံရယူဖို့အဆင်သင့်ဖြစ်နေကြပြီလား။

**ခင်မောင်ညို (ဘောဂဗေဒ)**

## အိန္ဒိယနိုင်ငံသို့ စားအုန်းဆီတင်သွင်းမှုအပေါ် သွင်းကုန်ခွန် ၅ ရာခိုင်နှုန်း တိုးမြှင့်စည်းကြပ်ရန် စိုက်ပျိုးရေးဝန်ကြီးဌာနက အဆိုပြု

ဆီထွက်သီးနှံ စိုက်တောင်သူလယ်သမားများရဲ့ အကျိုးကို ကာကွယ်ရန်အလို့ငှာ အိန္ဒိယစိုက်ပျိုးရေး ဝန်ကြီးဌာနက စားအုန်းဆီ တင်သွင်းမှုအပေါ် သွင်းကုန်ခွန် ၅ ရာခိုင်နှုန်း တိုးမြှင့်စည်းကြပ်ပေးရန် ဘဏ္ဍာရေးဝန်ကြီးဌာနကို တောင်းဆို လိုက်ပါတယ်။ စက်တင်ဘာလအတွင်းက အစိုးရအနေနဲ့ စားအုန်းဆီကြမ်းတင်သွင်းမှုအပေါ် ၇ ဒသမ ၅ ရာခိုင်နှုန်းမှ ၁၂ ဒသမ ၅ ရာခိုင်နှုန်းသို့လည်းကောင်း၊ ဆီချောတင်သွင်းမှုအပေါ် ၁၅ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းသို့လည်းကောင်း တိုးမြှင့်စည်းကြပ်ထားပြီးဖြစ်ပါတယ်။

စားအုန်းဆီတင်သွင်းမှုပမာဏမြင့်မားတာနဲ့အမျှ ဆီအုန်းစိုက်တောင်သူများကို ထိခိုက်စေမှုများပြား စေလျက်ရှိတဲ့ အတွက် ယခုကဲ့သို့ သွင်းကုန်စည်းကြပ်မှုကို ၅ ရာခိုင်နှုန်းထပ်မံတိုးမြှင့်၍ ဆီကြမ်းတင်သွင်းမှုအပေါ် ၁၇ ဒသမ ၅ ရာခိုင်နှုန်းနဲ့ဆီချောတင်သွင်းမှုအပေါ် ၂၅ ရာခိုင်နှုန်း အသီးသီး တိုးမြှင့် စည်းကြပ်ပေးရန် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ စိုက်ပျိုးရေးဝန်ကြီးဌာနက တောင်းဆိုခဲ့ကြောင်း စိုက်ပျိုးရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားပါတယ်။

ဆီထွက်သီးနှံစိုက်ပျိုးမြေဟာ ယခင်နှစ်ကာလတူက ဟက်တာ ၆၅ သိန်းကျော်ရှိခဲ့ရာမှ ယခုအခါ ဟက်တာ ၅၇ သိန်းကျော်သာ ကျန်ရှိတယ်လို့ စိုက်ပျိုးရေးဝန်ကြီးဌာနရဲ့ ကိန်းဂဏန်းစာရင်းဇယားများအရသိရှိရပါတယ်။

ဆီကြိတ်ခွဲထုတ်လုပ်သူများအသင်း (Solvent Extractors' Association -SEA) ကတော့ ဆီကြမ်းတင်သွင်းမှုအပေါ် ၂၅ ရာခိုင်နှုန်းနဲ့ ဆီချောတင်သွင်းမှုအပေါ် ၄၅ ရာခိုင်နှုန်း စည်းကြပ်ပေးမှသာ ဆီကြိတ်ခွဲသူများရော ဆီထွက်သီးနှံစိုက်ပျိုးသူများရဲ့ အကျိုးကိုပါ ကာကွယ်ရာရောက်ပြီး ဆီထွက်သီးနှံစိုက်ပျိုးမှုအပေါ် စိတ်ဝင်စားမှု ရှိစေနိုင်မယ်လို့ ဆိုပါတယ်။

၂၀၁၄- ၂၀၁၅ ဘဏ္ဍာနှစ် အောက်တိုဘာလထိ စားအုန်းဆီတင်သွင်းမှုမှာ ယမန်နှစ် ကာလတူထက် ၂၄ ရာခိုင်နှုန်းမြင့်တက်လျက် ရှိကြောင်းနဲ့ ကမ္ဘာ့ စားအုန်းဆီဈေးကွက်မှာ ဆီဈေးကွက်ကျဆင်းမှုကလည်း တင်သွင်းမှုကို မြင့်တက်စေလျက်ရှိပါတယ်။

ပြည်တွင်းလိုအပ်ချက်ရဲ့ ၆၀ ရာခိုင်နှုန်းတန်ချိန်အားဖြင့် ၁၈ မှ ၁၉ သန်းခန့်ထိကို ပြည်ပမှ စားဆီတင်သွင်းနေရပြီး မလေးရှားနဲ့ အင်ဒိုနီးရှားနိုင်ငံတို့မှ အများဆုံးတင်သွင်းရတာဖြစ်ပါတယ်။

**CMK**

## ထိုင်းနိုင်ငံနဲ့ တရုတ်နိုင်ငံတို့ ရထားလမ်းဖောက်လုပ်ရန် သဘောတူလက်မှတ်ရေးထိုး

ထိုင်းနိုင်ငံနဲ့ တရုတ်နိုင်ငံတို့ ထိုင်း-လာအိုနယ်စပ်တွင် ၉၀၀ ကီလိုမီတာ (၅၆၀ မိုင်) အရှည်ရှိတဲ့ ရထားလမ်းတစ်ခုဖောက်လုပ်ရန်အတွက်နားလည်မှုစာချွန်လွှာ (Memorandum of Understanding -M.O.U) ကို လက်မှတ်ရေးထိုးရန် သဘောတူညီလိုက်ပြီ လို့သိရပါတယ်။ ထိုင်းနဲ့ တရုတ် ရထားလမ်းဖောက်လုပ်ရေး စီမံကိန်းအား ပူးတွဲအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်နဲ့ နှစ်နိုင်ငံ ဖက်စပ်ကုမ္ပဏီထူထောင်သွားရန် စီမံနေပါတယ်။ ရထားလမ်းဖောက်လုပ်ရေးအတွက် ဘတ်ဂျက်မည်၍မည်မျှ လိုအပ်မည်ကို သဘောတူညီထားမှု မရှိသေးသော်လည်း ထိုင်းနိုင်ငံအနေနဲ့ကတော့ ဘတ် ၃၆၉ ဘီလီယံ (ဒေါ်လာ ၁၀ ဒသမ ၃၁ ဘီလီယံ)ထည့်ဝင်ဖို့ ခန့်မှန်းထားပြီး တရုတ်နိုင်ငံကတော့ ဘတ် ၄၆၈ ဘီလီယံထည့်ဝင်သွားမယ်လို့ ရည်မှန်းထားပါတယ်။ တရုတ်နိုင်ငံအနေနဲ့ ၂ ဒသမ ၅ အတိုးနှုန်းနဲ့ ငွေချေးပေးမယ်လို့ ကမ်းလှမ်းထားသော်လည်း ထိုင်းနိုင်ငံက အတိုးနှုန်း ၂ ရာခိုင်နှုန်းနဲ့သာ ချေးငှားလိုတယ်လို့ သိရပါတယ်။ တရုတ်နိုင်ငံဟာဒေသတွင်းနိုင်ငံများနဲ့ ကူမင်းတို့အား ဆက်သွယ်မယ့် အခြေခံအဆောက်အဦများ တည်ဆောက်ရေး၊ ရထားလမ်းဖောက်လုပ်ရန်အတွက် စိတ်အားထက်သန်လျက်ရှိနေပါတယ်။

**CMK**

## ဒေသထွက် ငါးခြောက်များ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့တင်ပို့

မြန်မာ-ဘင်္ဂလားဒေ့ရှ် နယ်စပ်ရှိ မောင်တောစခန်းမှ တစ်ဖက်ဘင်္ဂလားဒေ့ရှ် နိုင်ငံသို့ နိုဝင်ဘာလ ၂၈ ရက်မှ ဒီဇင်ဘာလ ၄ ရက်တာ သီတင်းပတ်အတွင်း ဒေါ်လာ ၈၂၅၉၀ တန်ဖိုးရှိငါးစုံလေးခြောက် ကီလို ၉၁၅၀၀၊ ငါးကုန်းညိုခြောက် ၃၀၀၀၀ ကီလို၊ ငါးနီတူခြောက် ၁၅၀၀၀ ကီလိုတင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်က တင်ပို့မှုမရှိတဲ့ ငါးခြောက်များ ယခုသီတင်းပတ်မှာတင်ပို့နိုင်တယ်လို့သိရပါတယ်။

ပွင့်လင်းရာသီရောက်ရှိလာသဖြင့် ရခိုင်ပြည်နယ်အတွင်းရှိ ဒေသအသီးသီးမှ ထွက်ရှိတဲ့ ငါးခြောက်များကို ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့တာဖြစ်တယ်လို့ မောင်တောစခန်းမှသိရှိရပါတယ်။

**မြင့်မြင့်မာ**

## ဓာတ်ဆီ/ဒီဇယ်

### ဓာတ်ဆီ၊ ဒီဇယ် ၃၉၈ တန် ကျော်ဝင်

နိုဝင်ဘာ ၂၉ ရက်မှ ဒီဇင်ဘာ၅ ရက်အတွင်း ကန်ဒေါ်လာ ၁၅၅၂၃၅၂၅ ကျော်တန်ဖိုးရှိ ဒီဇယ် ၂၄၆ဒသမ ၈၉၄ တန်နဲ့ ကန်ဒေါ်လာ ၁၆၀၇၃၆၁၁ တန်ဖိုးရှိ ဓာတ်ဆီ ၂၆၂ ဒသမ ၆၉၄ တန်ကို ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ယခင်သီတင်းပတ် ဒီဇယ် အဝင်မှာ ၉၉ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ယှဉ်ရင် ၁၄၇ ဒသမ ၅၃၉ တန်ကျော် အဝင်ပိုခဲ့ပြီးယခင်တစ်ပတ် ဓာတ်ဆီအဝင်မှာ ၂၉၉ တန်ရှိခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ယှဉ်ရင် ၃၆တန်ကျော် အဝင်လျော့ခဲ့တယ်လို့သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ဒီဇယ်အဝင်ပိုခဲ့ပြီး ဓာတ်ဆီအဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

ပြည်တွင်းပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာ ဒီဇင်ဘာ ပထမပတ်အတွင်း တောင်ကြီး၊ မော်လမြိုင်နဲ့ ရန်ကုန်မှာ ဓာတ်ဆီ၊ ဒီဇယ်ဈေးများက ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပြင်ပမှာ လက်လီရောင်းချနေတဲ့ ဒီဇယ်၊ ဓာတ်ဆီပီပါဈေးများမှာလည်း ယခင်တစ်ပတ်ဈေးနှင့် နှိုင်းယှဉ်ကြည့်ရင် ရန်ကုန်မှာ ဓာတ်ဆီဈေးအနည်းငယ်ကျပြီး၊ ဒီဇယ်ဈေးငြိမ်ခဲ့တယ်လို့ သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာ ရောင်းချနေတဲ့ အဆင့်မြင့် ဒီဇယ်၊ ရိုးရိုးဒီဇယ်၊ အောက်တိန်း(92)နဲ့ အောက်တိန်း (95) မှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာ ရိုးရိုးဒီဇယ် ၆၃၀ ကျပ်၊အောက်တိန်း (92) ၆၅၀ ကျပ်၊ အောက်တိန်း (95) ၇၅၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၆၆၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ ဒီဇင်ဘာလ ၇ ရက် ဓာတ်ဆီဝယ်ဈေး ၁၅၃၀၀၀ ကျပ်၊ ရောင်းဈေး ၁၅၅၀၀၀ ကျပ်နဲ့အရောင်းအဝယ်ဖြစ်ခဲ့ပြီး ၈ ရက်မှာ ဝယ်ဈေး၊ ရောင်းဈေး ၂၀၀၀ ကျပ်ဈေးကျကာ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ယှဉ်ရင် ဒီတစ်ပတ်မှာ ဈေးအနည်း ငယ်ကျလာပါတယ်။ ဒီဇယ်ဈေးမှာ ဒီဇင်ဘာလ ၇ ရက်မှာ ဝယ်ဈေး ၁၂၅၀၀၀ ကျပ်၊ ရောင်းဈေး ၁၂၆၀၀၀ ကျပ်နဲ့အရောင်းအဝယ်ဖြစ်ခဲ့ရာဒီဇင်ဘာ ၈ ရက်တွင် ဝယ်ဈေး၊ ရောင်းဈေး ၁၀၀၀ ကျပ် ဈေးကျပြီး အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။တစ်ဂါလန် ဝယ်ဈေး၊ရောင်းဈေးများမှာ ဓာတ်ဆီဈေးက တစ်ဂါလန် ၃၅၀၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၃၂၀၀ ကျပ် နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဓာတ်ဆီ၊ ဒီဇယ်အရောင်းအဝယ်သမား တစ်ဦးထံမှ စုံစမ်း သိရှိခဲ့ပါတယ်။

**မန္တလေးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန် အရောင်းအဝယ်ရှိနေတယ်။ ပုဂ္ဂလိကဆိုင်များတွင်ရောင်းချနေတဲ့ဈေးမှာ ရိုးရိုးဒီဇယ်၊ အောက်တိန်း၊ အဆင့်မြင့်ဒီဇယ်နဲ့ ဓာတ်ဆီမှာ ဈေးငြိမ်နေတယ်လို့သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာ ဓာတ်ဆီ တစ်လီတာ ၇၁၀ ကျပ်၊ အောက်တိန်း ၆၅၀ ကျပ်၊ ဒီဇယ် ၆၂၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၆၇၀ ကျပ်နဲ့ ရောင်းချနေပါတယ်။ ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ ဒီဇင်ဘာ ၇ ရက်မှာ ဒီဇယ်ဝယ်ဈေး ၁၂၇၀၀၀ ကျပ်၊ ရောင်းဈေး ၁၂၉၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ရာ ဒီဇင်ဘာ ၈ရက်မှစပြီး ဝယ်ဈေး၊ ရောင်းဈေး ၁၀၀၀ ကျပ် ဈေးပြန်မြင့်ခဲ့တယ်လို့ သိရ ပါတယ်။ဓာတ်ဆီဈေးမှာ ဒီဇင်ဘာ ၇ ရက်မှာ ဝယ်ဈေး ၁၄၁၀၀၀ ကျပ်၊ ရောင်းဈေး ၁၄၄၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ ဒီဇင်ဘာ ၈ ရက်တွင် ဝယ်ဈေး၁၀၀၀ ကျပ်၊ ရောင်းဈေး ၂၀၀၀ ကျပ်ဈေးကျပြီး အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်တစ်ပတ်ဈေးနဲ့ယှဉ်ရင် ဒီဇယ်ရော ဓာတ်ဆီပါ ဈေးငြိမ်နေခဲ့တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များတွင် တစ်ဂါလန်ဈေးမှာ ဒီဇယ် ၃၁၀၀ ကျပ်၊ ဓာတ်ဆီ ၃၃၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ဒီတစ်ပတ်စက်သုံးဆီဈေးများမှာ ဓာတ်ဆီ၊ ဒီဇယ်ဈေးနည်းနည်းကျခဲ့တယ်လို့သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ဈေးမှာ ဓာတ်ဆီ တစ်ဂါလန် ၂၈၀၀ ကျပ်၊ ဒီဇယ် ၃၂၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရှိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာဓာတ်ဆီ ၂၉၀၀ ကျပ်၊ဒီဇယ် ၃၂၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ ဓာတ်ဆီ၊ ဒီဇယ်၊ အောက်တိန်းဈေးမှာ ငြိမ်နေတယ်လို့သိရပါတယ်။ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ဈေးများက ဓာတ်ဆီတစ်ဂါလန် ၃၁၅၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၃၀၆၀ ကျပ်၊ အောက်တိန်း ၃၃၃၀ ကျပ်နဲ့ရောင်းချတယ်လို့ သိရပါတယ်။ပြင်ပ လက်လီဆိုင်များမှာ ဓာတ်ဆီ တစ်ဂါလန် ၃၃၀၀ကျပ်၊ ဒီဇယ်တစ်ဂါလန် ၃၂၀၀ ကျပ်၊ အောက်တိန်း ၃၄၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်နေတယ်လို့သိရှိရပါတယ်။

**MIRT-DOT**

### Energy NYMEX 11-12-2015

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 36.61 | -0.15 | -0.41 |
| Brent Crude Futr (USD/bbl) | 39.58 | -0.15 | -0.38 |
| Gasoline Rbob Fut (Cent/gal) | 127.65 | -0.37 | -0.29 |
| Natural Gas Futr (USD/MMBtu) | 1.99 | -0.02 | -1.04 |
| Heating Oil Futr (Cent/gal) | 121.25 | -1.26 | -1.03 |

## ငွေလဲနှုန်းများ ပြန်လည်မြင့်တက်လာ

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းက ကျဆင်းခဲ့သည့်ငွေလဲနှုန်းများသည် ယခုတစ်ပတ်တွင် ပြန်လည်မြင့်တက်လာခဲ့ကြောင်း သိရသည်။ ဒီဇင်ဘာလ ၉ ရက်က ရန်ကုန် စတော့အိတ်ချိန်းကို ဖွင့်လှစ်လိုက်သဖြင့် ငွေလဲနှုန်းများ မြင့်တက်သွားရသည်ဟု ပြောနေကြသော်လည်း ကမ္ဘာတစ်ဝန်းလုံးတွင် ငွေလဲနှုန်းများ ပြန်လည်မြင့်တက်လာမှုကြောင့် ပြည်တွင်းငွေလဲနှုန်းများ ပြန်လည်မြင့်တက်လာရခြင်းဖြစ်ကြောင်း သွင်းကုန်လုပ်ငန်းရှင်တစ်ဦးက ပြောကြားခဲ့သည်။

"ဒီတစ်ပတ်ငွေလဲနှုန်းက တက်သွားပြန်ပြီ။ ငွေလဲနှုန်း တက်သွားတာက တော်တော်လေးမြန်တော့ ဒီအချက်က စိုးရိမ်စရာပါ။ ငွေကို ကစားနေကြတာလား၊ ဒါဆိုရင် မြန်မာနိုင်ငံရဲ့စီးပွားရေးအတွက် အလားအလာမကောင်းဘူးလို့ ဆိုရမယ်။ ဘာဖြစ်လို့လည်းဆိုတော့ တစ်ရက်၊ နှစ်ရက်အတွင်းမှာ ငါးကျပ်နီးပါးလောက် တက်သွားတဲ့အတွက် ဆုံးရှုံးမှုတွေ အများကြီးဖြစ်ရပါတယ်။ ရန်ကုန်စတော့အိတ်ချိန်းဖွင့်တာနဲ့က ဘာမှမဆိုင်ဘူးလို့ပြောရမှာပါ။ သူက အခုအချိန်မှာ လုပ်ငန်းစမှာမှ မဟုတ်တာ။ သူက နောက်နှစ်ဖေဖော်ဝါရီလလောက်မှ လုပ်ငန်းစမှာပါ။ သူ့ကြောင့်တော့မဟုတ်ပါဘူး။ ဈေးကွက်ထဲမှာ ဈေးကစားနေတဲ့သူရှိနေတာ သေချာပါတယ်။ ဈေးကျနေရာကနေ ဈေးပြန်ဖွင့်တော့ ငါးကျပ်နီးပါးလောက် တက်သွားတယ်။ ပြောရမယ်ဆိုရင် တစ်ပတ်ထဲမှာကို ၁၀ ကျပ်လောက် တက်သွားတာပါ။ ဗဟိုဘဏ်ကလည်း သူ့ရဲ့ရည်ညွှန်းငွေ လဲနှုန်းကို ၁၂၉၉ ကျပ်အထိ ဆွဲတင်လာတော့ အပြင်ဈေးကွက်မှာလည်း ဈေးတက်လာရတာပါ"ဟု ငွေလဲဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

ငွေလဲစင်တာများတွင် ဒီဇင်ဘာ ၇ ရက်က ရောင်းဈေး ၁၂၉၄ကျပ်၊ ဝယ်ဈေး ၁၂၉၀ ကျပ်ဖြင့် ရောင်းဝယ်ခဲ့ပြီး ဒီဇင်ဘာ ၉ ရက်တွင် ရောင်းဈေး ၁၂၉၈ကျပ်၊ ဝယ်ဈေး ၁၂၉၄ကျပ် ဖြင့်လည်းကောင်း၊ ဒီဇင်ဘာ ၁၁ ရက်တွင် ရောင်းဈေး ၁၂၉၉ ကျပ်၊ ဝယ်ဈေး ၁၂၉၅ကျပ်ဖြင့် ရောင်းဝယ်လျက်ရှိသည်။ ဗဟိုဘဏ်မှသတ်မှတ်ထားသည့် ရည်ညွှန်းငွေလဲနှုန်းသည် ဒီဇင်ဘာ ၇ ရက်က ၁၂၉၅ကျပ်၊ ဒီဇင်ဘာလ ၁၀ ရက်တွင် ၁၂၉၉ ကျပ်ရှိခဲ့သည်။ **မယ်သီတာ**

## မြန်မာ့ရွှေဈေး အကျဈေးဖြင့် ဈေးငြိမ်ကာ အရောင်းအဝယ်ဖြစ်နေ

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းက ကျဆင်းခဲ့သည့် မြန်မာ့ရွှေဈေးသည် ယခုတစ်ပတ်တွင် အကျဈေးအတိုင်း ဈေးငြိမ်ကာ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။



မြန်မာ့ရွှေဈေးသည် ဆက်လက်ကျဆင်းမည်ဟု ခန့်မှန်းထားသော်လည်း ပြည်တွင်းငွေလဲနှုန်းများ ပြန်လည်မြင့်တက်လာမှုကြောင့် ဈေးတန့်လျက်ရှိနေရခြင်းဖြစ်ကြောင်း သိရသည်။

"အတက်အကျကတော့ နည်းနည်းပဲရှိတယ် ထောင်ဂဏန်းလောက်ပါပဲ။ အမှန်တကယ်ဆို ဈေးကဆက်ကျရမှာ။ ဘာဖြစ်လို့လည်းဆိုတော့ ကမ္ဘာ့ရွှေဈေးက ကျလာတယ်။ ဒါပေမဲ့ ပြည်တွင်းငွေလဲနှုန်းက ပြန်တက်လာတဲ့အတွက် မြန်မာ့ရွှေဈေးကအကျဘက်ကို ရောက်မသွားဘဲ ဈေးတန့်နေတာပါ"ဟု ရွှေကုန်သည်တစ်ဦးက ပြောကြားခဲ့သည်။

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းက ကမ္ဘာ့ရွှေဈေးကျဆင်းမှုကြောင့် မြန်မာ့ရွှေဈေး လိုက်ပါကျဆင်းခဲ့သဖြင့် ဈေးကွက်အတွင်း အရောင်းအဝယ် နည်းပါးခဲ့ကြောင်း၊ သို့သော် ယခုတစ်ပတ်တွင်မူ အရောင်းအဝယ်များပြန်လည်ကောင်းမွန်လာကြောင်း၊ ဈေးကျဆင်းလာသည့်အတွက် အထည်ပိုင်းတွင် အဝယ်ပြန်လိုက်လာခဲ့ကြောင်း ရွှေကုန်သည် ဦးစိုးမြင့်က ပြောကြားခဲ့သည်။

မြန်မာ့ရွှေဈေးသည် ဒီဇင်ဘာလ ၇ ရက်နေ့က ကျပ် ၇၄၅၀၀၀ ရှိခဲ့သော်လည်း ဒီဇင်ဘာလ ၉ရက်နေ့တွင် ကျပ် ၇၄၆၀၀၀ သို့ အနည်းငယ်သာမြင့်တက်ခဲ့သည်။ ဒီဇင်ဘာလ ၁၀ရက်နေ့တွင် ကျပ် ၇၄၇၀၀၀ ရှိခဲ့ရာမှ ဒီဇင်ဘာလ ၁၁ ရက်နေ့တွင် ကျပ် ၇၄၄၀၀၀ သို့ အနည်းငယ် ကျဆင်းခဲ့သည်။

ကမ္ဘာ့ရွှေဈေးသည် ဒီဇင်ဘာလ ၆ ရက်နေ့က ၁၀၈၂ ဒေါ်လာရှိခဲ့ပြီးဒီဇင်ဘာလ ၈ ရက်နေ့တွင် ၁၀၇၀ ဒေါ်လာသို့ ကျဆင်းခဲ့သည်။ ဒီဇင်ဘာလ ၁၁ ရက်နေ့တွင် ၁၀၆၇ ဒေါ်လာသို့ ဆက်လက်ကျဆင်းခဲ့သည်။ **မယ်သီတာ**

### Currency Exchange Rate

December 11, 2015

Base Currency is United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.38 |
| BDT | Bangladesh Taka | 78.93 |
| CAD | Canada Dollars | 1.36 |
| CNY | China Yuan Renminbi | 6.45 |
| EUR | Euro | 0.91 |
| H KD | Hong Kong Dollars | 7.75 |
| I NR | India Rupees | 66.79 |
| I DR | Indonesia Rupiahs | 13962.35 |
| JPY | Japan Yen | 121.93 |
| MYR | Malaysia | 4.29 |
| PKR | Pakistan Rupees | 104.13 |
| PHP | Philippines Pesos | 47.32 |
| RUB | Russia Rubles | 69.15 |
| SGD | Singapore Dollars | 1.41 |
| KRW | South Korea Won | 1178.51 |
| LKR | Sri Lanka Rupe | 143.35 |
| THB | Thailand Baht | 36.04 |
| GBP | United Kingdom Pounds | 0.66 |
| VND | VietnamDon | 22727.27 |

*Source : xe.com*

### World Gold Price

December, 2015 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 7 | 1083 | 1083 | 1083 |
| 8 | 1071 | 1072 | 1071 |
| 9 | 1074 | 1075 | 1075 |
| 10 | 1071 | 1072 | 1072 |
| 11 | 1068 | 1069 | 1069 |

### Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 7-12- 2015 | 746.50 | 746.50 |
| 8-12- 2015 | 745.50 | 745.30 |
| 9-12- 2015 | 747.50 | 747.70 |
| 10-12- 2015 | 747.00 | 746.70 |
| 12-12- 2015 | 744.00 | 743.50 |

### နယ်စပ်ငွေလဲလှယ်နှုန်း

ဒီဇင်ဘာ ၂၀၁၅ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 7 | 6 .41 | 35.85 | 78.95 | 66.64 |
| 8 | 6. 42 | 35.91 | 77.99 | 66.74 |
| 9 | 6 43 | 35.92 | 78.91 | 66.76 |
| 10 | 6 .44 | 36.03 | 78.84 | 66.81 |
| 11 | 6.45 | 36.04 | 78.93 | 66.79 |

### World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 7- December | 14.59 | 1567.10 | 1520.96 | 4718.11 | 883.00 |
| 8- December | 14.24 | 1527.01 | 1497.22 | 4639.94 | 856.00 |
| 9- December | 14.15 | 1544.48 | 1503.94 | 4678.69 | 850.00 |
| 10- December | 14.16 | 1529.47 | 1496.99 | 4678.69 | 857.00 |
| 11- December | 14.10 | 1565.31 | 1524.99 | 4762.24 | 855.00 |

Source:kitco.com

## ဘိလပ်မြေ

### ယခင်တစ်ပတ်ထက် တန်ချိန် နှစ်သောင်းခွဲကျော် အဝင်ပို



နိုဝင်ဘာ ၂၉ ရက်မှ ဒီဇင်ဘာ ၅ ရက် သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ ကန်ဒေါ်လာ ၃၅၇၅၇၂၅ ကျော်တန်ဖိုးရှိ ဘိလပ်မြေ ၄၂၅၃၀ ဒသမ ၃၀ တန်ကို တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ထိုင်းနိုင်ငံမှ ၄၀၀၅၄ ဒသမ ၈၀ တန်၊ အိန္ဒိယနိုင်ငံမှ တန်ချိန် ၉၈၀နဲ့ တရုတ်နိုင်ငံမှ ၁၄၉၅ ဒသမ ၅၀တန် ဝင်လာခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာ ဆင်တံဆိပ် အများဆုံး ဝင်လာခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် ဘိလပ်မြေအဝင်မှာ တန်ချိန် ၁၇၁၀၀ ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၂၅၄၁၀ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

### ဘိလပ်မြေဈေးကွက် ဈေးငြိမ်ပြီးပုံမှန်အရောင်းအဝယ်ဖြစ်

နိုဝင်ဘာ ၂၉ ရက်မှ ဒီဇင်ဘာ ၅ ရက် သီတင်းပတ်မှာ ပြည်တွင်းကို ရေလမ်းမှ ဘိလပ်မြေအဝင်မှာ ၄၂၅၃၀ တန် ကျော်ရှိခဲ့တယ်လို့ သိရပါတယ်။ယခင် သီတင်းပတ်ဘိလပ်မြေအဝင်မှာ ၁၇၁၁၇ တန်ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ဘိလပ်မြေ တန်ချိန် ၂၅၄၁၀ ကျော်အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ ၁၉၈၉၃ တန် ကျော် ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ ၂၀၀၃၉ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၆၃၃ တန်ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းမှ အဝင်ပိုခဲ့ပြီး နယ်စပ်လမ်းမှ အဝင်လျော့ခဲ့ပါတယ်။

**တောင်ကြီးဘိလပ်မြေဈေးကွက်မှာ** အရောင်းအဝယ်ကောင်းတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အေသုံးလုံး၊ ကျားခေါင်းနဲ့ ဆင်တံဆိပ်ဘိလပ်မြေများ ပစ္စည်းပြတ်နေဆဲဖြစ်တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ရောင်းအားတက်ပေမယ့် ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်တဲ့ ဈေးက ဆင်(ထိုင်း) ၇၁၀၀ကျပ်၊အပါချီ ၅၀၀၀ ကျပ်၊ အေသုံးလုံး ၅၀၀၀ ကျပ်၊ ကမ္ဘောဇ ၄၆၀၀ ကျပ်၊ နဂါး၅၀၀၀ ကျပ်၊ စိန် ၇၅၀၀ ကျပ် နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရ ပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဘိလပ်မြေက ဒီတစ်ပတ် အရောင်းပုံမှန်ရှိတယ်လို့ သိရပါတယ်။ နယ်ဘက်ကအဝယ်ဆင်းသလို မြို့ပေါ်ကလည်း အသုံးရှိနေတာကြောင့် အရောင်းအဝယ်ကကောင်းပေမယ့် ဒီတစ်ပတ်မှာ စိန်ကဈေးငြိမ်နေသလို ဆင်က ၁၀၀ ကျပ် ဈေးကျပြီး ကြံ့(မြိုင်ကလေး)က၅၀ ကျပ်ဈေးမြင့်လာတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေ တဲ့ ဈေးမှာ ဆင်(ထိုင်း) ၅၅၀၀ ကျပ်၊ စိန်(ထိုင်း) ၅၄၅၀ ကျပ်၊ ကြံ့(မြိုင်ကလေး) ၄၉၅၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး ဆိုင်မှ သိရှိရပါတယ်။

**မန္တလေးဈေးကွက်မှာ** ဘိလပ်မြေက ပွင့်လင်းရာသီကြောင့် အရောင်းအဝယ်လိုက်တယ်။ အရောင်းရှိတာနဲ့အမျှ အဝင်လည်း ကောင်းတယ်လို့ သိရပါတယ်။ အရောင်းအဝယ်ကောင်းပေမယ့်ဈေးက ငြိမ်နေတယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ အေသုံးလုံး ၅၅၀၀ ကျပ်၊ မြန်မာဆင် ၄၇၀၀ ကျပ်၊ ဆင်မင်း(ကျောက်ဆည်) ၄၇၀၀ ကျပ်၊ ကျားခေါင်း၄၆၀၀ ကျပ်၊ မြင်းခေါင်း ၄၆၀၀ ကျပ်၊စိန် ၆၈၀၀ ကျပ်၊ ဆင် ၆၉၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဘိလပ်မြေအရောင်းဆိုင်မှ စုံစမ်းသိရှိခဲ့ပါတယ်။

## ဓာတ်မြေဩဇာ

### မြေဆီတန်ချိန် ရှစ်ထောင်နီးပါးဝင်

နိုဝင်ဘာ ၂၉ ရက်မှ ဒီဇင်ဘာ ၅ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၁၂၂၅၀၈၀ တန်ဖိုးရှိတဲ့ မြေဩဇာ ၇၈၅၁ ဒသမ ၂၉၂ တန်ကို ပင်လယ်ရေကြောင်းကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ ဗီယက်နမ်နိုင်ငံမှ ကန်ဒေါ်လာ ၂၈၃၅၀ တန်ဖိုးရှိ မြေဆီတန်ချိန် ၂၁၀၊ ထိုင်းနိုင်ငံမှ ကန်ဒေါ်လာ ၁၇၉၀ တန်ဖိုးရှိ မြေဆီ ၁၂ ဒသမ ၂၃၂တန်၊ ဂျာမနီနိုင်ငံမှ ကန်ဒေါ်လာ ၄၉၈၇၅ တန်ဖိုးရှိ မြေဆီ ၁၀၅တန်နဲ့ တရုတ်နိုင်ငံမှ ကန်ဒေါ်လာ ၁၁၄၅၀၆၅ တန်ဖိုးရှိ မြေဩဇာ ၇၅၂၄ ဒသမ ၀၆ တန် တင်သွင်းခဲ့တယ်လို့သိရပါတယ်။ ဒီတစ်ပတ်မှာ ယူရီးယား၊ အော်ဂဲနစ်၊ အမိုးနီးယားဆာလဖိတ်၊နိုက်တြိုဂျင်၊ Hyder speed နဲ့ Follar စတဲ့ အမျိုးအစားများ ဝင်လာခဲ့တယ်လို့သိရပါတယ်။ ယခင်သီတင်းပတ် မြေဩဇာအဝင်မှာ တန်ချိန် ၃၃၀၀ ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ယှဉ်ရင် တန်ချိန် ၄၅၀၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

### မြေဩဇာဈေးကွက် ဈေးကျပြီးအရောင်းအေး

နိုဝင်ဘာ ၂၈ ရက်မှ ဒီဇင်ဘာ ၅ ရက် သီတင်းပတ်အတွင်း ပြည်တွင်းကို ရေလမ်းမှမြေဩဇာ ၇၈၅၁ တန်ကျော် အဝင်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် ၃၃၁၃ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၄၅၀၀ ကျော်အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ယခုတစ်ပတ် မြေဩဇာ အဝင်မှာ ၁၇၆၇၈ တန်ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ ၁၈၃၁၁ တန်ကျော် ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ၆၃၃ တန်ကျော် အဝင်လျော့ခဲ့တယ်လို့သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းမှ အဝင်ပိုခဲ့ပြီး နယ်စပ်လမ်းမှအဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဒီတစ်ပတ် မြေဩဇာက ရောင်းအားကျသလို ဈေးလည်းငြိမ်နေပြီး ဆောင်းသီးနှံအတွက် အဝယ်လည်း နည်းနေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ပုလဲ အသေး ၄၆% (ရွှေတုံး၊ ရွှေပျား၊ ရွှေတောင်) (တရုတ်) ၂၁၅၀၀ ကျပ်၊ ကွန်ပေါင်း (အစိမ်း) ၁၅ပတ်လည် (ထိုင်း) ၃၇၇၀၀ ကျပ်၊ ကွန်ပေါင်း (ပန်းရောင်) ၁၅ ပတ်လည် (ထိုင်း) ၃၀၅၀၀ ကျပ်၊ ကွန်ပေါင်း ၁၆း၁၆း၈ (မြင်းပျံ -ထိုင်း) ၂၈၅၀၀ ကျပ်၊ တီစူပါ ၄၆%(သံကွင်း-တရုတ်) ၂၂၅၀၀ ကျပ်၊ တီစူပါ ၁၆% (မြားကမ္ဘာ-တရုတ်) ၁၃၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းရရှိခဲ့ပါတယ်။

**မကွေးဈေးကွက်မှာ** ရာသီသီးနှံ စိုက်ပျိုးမှုနည်းနေတာကြောင့် အရောင်းအဝယ်ပါးတယ်။ ဒီတစ်ပတ် အရောင်းအဝယ်အေးသလို မြေဩဇာဈေးတွေလည်း အနည်းငယ် ကျလာတယ်လို့ သိရပါတယ်။ ဈေးကျတာလည်း အများကြီးမဟုတ်ဘဲ ၂၀၀ ကျပ်မှ ၅၀၀ ကျပ်အတွင်း ဈေးကျခဲ့တယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ မြားကမ္ဘာ-တရုတ် ၁၂း၁၃(အပြာ) (အစိမ်း) ၁၆၀၀၀ ကျပ်၊ ဆင် ၁၀း၁၀း၅ ၁၅၅၀၀ ကျပ်၊ အာမို ၁၀း၁၀း၅ ၁၆၂၀၀ကျပ်၊အာမို ၁၅း၁၅း၁၅ ၃၈၀၀၀ ကျပ်၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်) ၂၁၀၀၀ ကျပ်၊ယူရီးယား-ပုလဲ (ရွှေတောင်-တရုတ်) ၂၀၅၀၀ ကျပ်၊ အောင်ကမ္ဘာ ၁၀း၁၀း၅ ၁၇၂၀၀ ကျပ်၊ တီစူပါ ၂၂၀၀၀ ကျပ်၊ တောင်သူမ ၁၅၅၀၀ ကျပ်ဈေးရှိတယ်လို့ မြေဩဇာအရောင်းဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** မြေဩဇာက အရောင်းပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒေသအလိုက် ရာသီသီးနှံစိုက်ပျိုးနေတာကြောင့် အရောင်းအဝယ်ဖြစ်ပေမယ့် ဈေးပြောင်းလဲမှုတွေ သိပ်မရှိဘူးလို့ ဆိုပါတယ်။ ဒီရက်ပိုင်း အတက်အကျ ၂၀၀ ကျပ်မှ ၅၀၀ ကျပ်အတွင်းသာ ရှိခဲ့တယ်လို့ စိုက်ပျိုးရေးအရောင်းဆိုင်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ယူရီးယား (နေရှက်လှေ-တရုတ်) ၂၄၅၀၀ ကျပ်၊ ယူရီးယား(ရွှေတောင်-တရုတ်) ၂၄၃၀၀ ကျပ်၊ တီစူပါ (သံကွင်း-တရုတ်) ၂၄၀၀၀ ကျပ်၊ ပိုတက်(အိန္ဒိယ) ၂၄၅၀၀၊ ကွန်ပေါင်း၁၅ ပတ်လည် ၃၄၅၀၀ ကျပ်၊ ကွန်ပေါင်း ၂၅း၇း၇ ၃၂၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရပါတယ်။

## နို့ဆီ/နို့မှုန့်

### နို့ဆီအဝင်ပိုသလို နို့မှုန့်လည်း အဝင်ပို

နိုဝင်ဘာ၂၉ ရက်မှ ဒီဇင်ဘာ ၅ ရက်သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ ကန်ဒေါ်လာ ၃၁၀၀၂ တန်ဖိုးရှိ နို့ဆီ ၂၄၈ ဒသမ ၄၀ တန်ကို တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ် နို့ဆီအဝင်မှာ တန်ချိန် ၂၀ ကျော် သာအဝင်ရှိခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ယှဉ်ရင် တန်ချိန် ၂၂၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ နို့မှုန့်က ဒီတစ်ပတ်မှာ မလေးရှားမှ ၁၀၀ ဒသမ ၇၆၈ တန်၊ စင်ကာပူနိုင်ငံမှ ၁၄ ဒသမ ၁၁၁ တန်နဲ့ နယူးဇီလန်မှ ၉၁၂ ဒသမ ၉၈၁ တန် တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် နို့မှုန့်အဝင်မှာ တန်ချိန် ၆၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ယှဉ်ရင် တန်ချိန် ၉၆၉၀ ကျော်အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** မြေဩဇာက အရောင်းအဝယ်က အေးနေသလို ဒီအချိန် ကြက်သွန်ဖြူစပြီး စိုက်ချိန်မို့ မြေဆီအသုံးနည်းတယ်။ နောက်လလောက်ဆိုရင် ကြက်သွန်စိုက်ခင်းအတွက် သုံးလာရင်တော့ အရောင်းအဝယ် ပြန်ကောင်းနိုင်တယ်လို့ စိုက်ပျိုးရေး အရောင်းဆိုင်မှ တာဝန်ရှိသူတစ်ဦးက ခန့်မှန်းပြောဆိုပါတယ်။ အရောင်းအဝယ်အေးသလို ဈေးလည်းကျလာတယ်လို့သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား-ပုလဲ (ကမ္ဘာလုံး-တရုတ်)၂၁၀၀၀ ကျပ်၊ ယူရီးယား-ပုလဲ (ရွှေတောင်-တရုတ်) ၂၁၀၀၀ ကျပ်၊ ယူရီးယား-ပုလဲ (ပန်းဖူး-တရုတ်) ၂၁၀၀၀ကျပ်၊ တီစူပါ ၁၂% (တရုတ်) ၁၂၀၀၀ ကျပ်၊ တီစူပါ ၁၆% (တရုတ်) ၁၃၀၀၀ ကျပ်၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ၃၆၀၀၀ ကျပ်၊ တီစူပါ ၁၀း၁၀း၅ (တရုတ်)၁၆၀၀၀ကျပ် ၊ ဓာတ်ဆား (တရုတ်)၁၆၅၀၀ ကျပ်၊ ပိုတက်(တရုတ်) ၂၆၅၀၀ကျပ်၊ ယူရီးယား (ယူအေအီး) ၂၁၄၀၀ ကျပ်၊ မြားကမ္ဘာ ၁၆၀၀၀ ကျပ်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်း သိရပါတယ်။

**သီတာဝင်း (DOT) စုစည်းသည်**

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုအပတ် တင်သွင်းမှုတန်ချိန် ၂၈/၁၁ မှ ၄/၁၂ | ယခင်အပတ် တင်သွင်းမှုတန်ချိန် ၂၁/၁၁ မှ ၂၇/၁၁ | နှိုင်းယှဉ်ချက် (ပို/လို) +/- |
|---|---|---|---|---|
| ၁။ | မူဆယ် | ၁၁၅၅·၇၅ | ၈၄၉·၀၀ | (+) ၃၀၆·၇၅ |
| ၂။ | လွယ်ဂျယ် | ၆၆၀·၀၀ | ၇၄၈·၀၀ | (-) ၈၈·၀၀ |
| ၃။ | ချင်းရွှေဟော် | ၅၂·၀၀ | ၁၇·၀၀ | (+) ၃၅·၀၀ |
| ၄။ | ကန်ပိုက်တီး | ၂၂၈၈·၈၀ | ၂၉၉၁·၀၀ | (-) ၇၀၂·၂၀ |
| ၅။ | တာချီလိတ် | - | ၃၀၀၀·၀၀ | (-) ၃၀၀၀·၀၀ |
| ၆။ | မြဝတီ | ၈၉၇·၄၀ | ၅၉၄·၄၀ | (+) ၃၀၃·၀၀ |
| ၇။ | ကော့သောင်း | ၁၁၇၉၀·၀၀ | ၁၀၅၉၀·၀၀ | (+) ၁၂၀၀·၀၀ |
| ၈။ | မြိတ် | ၃၀၅၀·၀၀ | ၁၂၅၀·၀၀ | (+) ၁၈၀၀·၀၀ |
| ၉။ | မော်တော | - | - | - |
| | စုစုပေါင်း | ၁၉၈၉၃·၉၅ | ၂၀၀၃၉·၄၀ | (-) ၁၄၅·၄၅ |

မြင့်မြင့်မာ MIRT

### ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေဩဇာတင်သွင်းမှုအခြေအနေ

| စဉ် | စခန်းအမည် | ယခုအပတ် တင်သွင်းမှုတန်ချိန် ၂၈/၁၁ မှ ၄/၁၂ | ယခင်အပတ် တင်သွင်းမှုတန်ချိန် ၂၁/၁၁ မှ ၂၇/၁၁ | နှိုင်းယှဉ်ချက် (ပို/လို) +/- |
|---|---|---|---|---|
| ၁။ | မူဆယ် | ၁၅၂၉၁·၀၅၅ | ၁၄၀၅၄·၄၆၅ | (+) ၁၂၃၆·၅၉၀ |
| ၂။ | လွယ်ဂျယ် | ၃၇·၀၀၀ | ၃၁·၀၀၀ | (+) ၆·၀၀၀ |
| ၃။ | ချင်းရွှေဟော် | ၁၁၂၁·၅၀၀ | ၁၃၉·၅၀၀ | (+) ၉၈၂·၀၀၀ |
| ၄။ | တာချီလိတ် | - | - | - |
| ၅။ | မြဝတီ | ၇၁၄·၅၀၀ | ၄၄၆·၅၀၀ | (+) ၂၆၈·၀၀၀ |
| ၆။ | ကော့သောင်း | ၂၁၄·၀၀၀ | ၃၄၄၀·၅၀၀ | (-) ၃၂၂၆·၅၀၀ |
| ၇။ | မြိတ် | - | ၂၀၀·၀၀၀ | (-) ၂၀၀·၀၀၀ |
| ၈။ | ရိုဒ် | ၃၀၀·၀၀၀ | - | (+) ၃၀၀·၀၀၀ |
| | စုစုပေါင်း | ၁၇၆၇၈·၀၅၅ | ၁၈၃၁၁·၉၆၅ | (-) ၆၃၃·၉၁၀ |

တင်တင်ထွန်း MIRT

## နှမ်း

### ပြည်နှမ်းနီစျေးကွက် ဆီစက်သမားများ အဝယ်လိုက်၍ စျေးမြင့်

ပြည်စျေးကွက်တွင် ဆောင်းမြေပဲအသစ်များ စတင်ဝင်ရောက်နေချိန်တွင် ဆောင်းနှမ်းများဝင်ရောက်မှုမရှိသေး၍ နှမ်းနီစျေးနှင့် ဆီစျေးအနည်းငယ်ပြန်တက်လာပါတယ်။ စျေးကွက်တွင် နှမ်းလက်ကျန် နည်းနေပြီး ဆီစက်သမားများက ဒေသတွင်းစားသုံးရန် မဖြစ်မနေဝယ်ယူနေရတာကြောင့် နှမ်းနီစျေးအနည်းငယ် တက်သလို လှော်နှမ်းများဖြင့် အရောင်းအဝယ်လုပ်နေရသဖြင့် တစ်နေ့ကို နှမ်းအိတ်အနည်းငယ်သာ အရောင်းအဝယ်ဖြစ်လျက်ရှိပါတယ်။ နှမ်းစျေးမှာ နှမ်းနီတစ်တင်းကို ၃၂၀၀၀ ကျပ်ဖြင့် ဆီစက်သမားများကြောင့် စျေးအနည်းငယ်မြင့်သော်လည်း ဝယ်လက်ကြိုက်တဲ့ နှမ်းနက် (ရိုးရိုး) မှာ တစ်တင်း ၄၃၀၀၀ ကျပ်နဲ့ စမုံနက်နှမ်း တစ်တင်း ၆၃၀၀၀ ကျပ်ဖြင့် စျေးငြိမ်နေပါတယ်။ နှမ်းဆီစျေးမှာ တစ်ပိဿာကို ၄၇၀၀ ကျပ်ဖြင့် စျေးအနည်းငယ် မြင့်တက်လာ တွေ့ရပါတယ်။

**ဝေဝေမင်း-ပြည်**

### ထိုင်းနယ်စပ်မှ နှမ်းတင်ပို့

ဒီဇင်ဘာ ပထမပတ်တွင် မြန်မာ-ထိုင်းနယ်စပ်ရှိမြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၄၂၀၀၀ တန်ဖိုးရှိ နှမ်းနက် ၂၈ တန်တင်ပို့ခဲ့ပါတယ်။ပုံမှန်တင်ပို့နေကျဖြစ်တဲ့ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းကတော့ နှမ်းနက် ၁၅၁၅ တန်နဲ့ နှမ်းဖြူ ၂၄၂ တန်ကို ကန်ဒေါ်လာ ၂ ဒသမ ၁၃၃ သန်းဖိုးတင်ပို့ခဲ့ပါတယ်။

ယခင်ရက်သတ္တပတ်က ချင်းရွှေဟော်မှ နှမ်းရောင်စုံ ၂၁၁၀ တန်တင်ပို့ခဲ့ပြီး မူဆယ်မှ နှမ်းဖြူ (အခွံချွတ်)တန် ၂၀ တင်ပို့ခဲ့တယ်။ မူဆယ်ကတော့ ယခုတစ်ပတ်မှာ နှမ်းအပို့မရှိခဲ့ပါဘူး။ နိုဝင်ဘာလကုန်နဲ့ ဒီဇင်ဘာလဆန်းပိုင်းတွင် ကျောက်ဆည်မြို့နဲ့ ပုသိမ်ကြီးမြို့နယ်မှ ထွက်ရှိလာတဲ့ နှမ်းညိုနဲ့ နှမ်းကြားများကို တရုတ်နိုင်ငံမှ အဝယ်နှေးကွေးနေတဲ့အပြင် ပြည်တွင်းဆီစက်များမှလည်း နှမ်းဆီရောင်းအားကျဆင်းနေသဖြင့် နှမ်းစျေးကွက်မှာ အေးစက်နေတယ်လို့ သတင်းရရှိပါတယ်။ ယခုတစ်ပတ်ရဲ့ မူဆယ်ကုန်စည်ဒိုင်မှာ နှမ်းဖြူ တစ်တန်ကို ၁၅၉၆၆၈၇ ကျပ်နဲ့ နှမ်းနက် ၁၉၉၈၂၉၃ ကျပ်ရှိတယ်လို့ သိရပါတယ်။

**မော်မော်အောင်**

### မုံရွာကုန်စည်ဒိုင်သို့ စစ်ကိုင်းနှမ်းဝင်ရောက်သမျှ အားလုံးအဝယ်လိုက်

စစ်ကိုင်းတိုင်းဒေသကြီးမှာ နှမ်းသီးနှံကို နွေ၊ မိုး၊ ဆောင်းသုံးရာသီလုံး စိုက်ပျိုးခဲ့ရာ ၂၀၁၅-၂၀၁၆ ခုနှစ် နွေနှမ်းဧက ၅ သောင်း၊ မိုးနှမ်းဧက ၄ သိန်း ၈ သောင်း၊ ဆောင်းနှမ်းဧက ၅ သိန်း ၃ သောင်း စုစုပေါင်းဧက ၁၀သိန်းကျော် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ယခုအချိန်မှာ ချောင်းဦးမြို့နယ် တောချောင်းဦးကျေးရွာ၊ နတ်ရေကန်ကျေးရွာ၊ ငွေးပင်တောကျေးရွာ၊ ကင်းကျေးရွာ၊ ငလုံးတင်ကျေးရွာ၊ မင်းတည်ကျေးရွာ၊ မင်းခေါင် ကျေးရွာများမှ နှမ်းသစ်များ ထွက်ပေါ်ပြီး မုံရွာကုန်စည်ဒိုင်သို့ ဒီဇင်ဘာ ဒုတိယပတ်အတွင်း နေ့စဉ် နှမ်းဖြူ တင်း၅၀၀ကျော် ဝင်ရောက်လျက်ရှိကြောင်း ကုန်စည်ဒိုင်သတင်းရပ်ကွက်မှ သိရပါတယ်။

တရုတ်ပို့ကုန် ဝယ်လက်ရှိလို့ မုံရွာကုန်စည်ဒိုင်၌ အရောင်းအဝယ်အကောင်းဆုံးသီးနှံမှာ နှမ်းဖြစ်ပြီး ဝင်ရောက်သမျှအားလုံး အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။ မုံရွာကုန်စည်ဒိုင်၌ ဒီဇင်ဘာလ ၁၀ ရက်အတွင်း တစ်တင်းပေါက်စျေး နိမ့်/မြင့်မှာ နှမ်းဖြူ ၃၁၀၀၀ ကျပ်၊ ၃၃၅၀၀ ကျပ်၊ နှမ်းညို ၂၅၀၀၀ ကျပ်၊ ၂၆၇၀၀ ကျပ်၊ နှမ်းဆီတစ်ပိဿာ ၃၇၀၀ ကျပ်၊ နှမ်းဖတ် တစ်ပိဿာ ၉၅၀ ကျပ်၊ ယခင်နှစ်ကာလတူပေါက်စျေးမှာ နှမ်းဖြူ ၄၁၀၀၀ ကျပ်၊ ၄၄၀၀၀ ကျပ်၊ နှမ်းညို ၃၃၀၀၀ ကျပ်၊ ၃၅၅၀၀ ကျပ်၊ နှမ်းဆီ တစ်ပိဿာ ၄၃၀၀ ကျပ်၊ နှမ်းဖတ်တစ်ပိဿာ ၂၀၀၀ ကျပ် စျေးပေါက်ခဲ့ပါတယ်။

**သန်းသန်းတင်-မုံရွာ**

### ပြည်တွင်းဆီစျေးနှုန်းများ (၁၁-၁၂-၂၀၁၅) ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၄၅၀၀ | ၄၂၀၀ | ▽ | ၃၈၀၀ | ၃၈၀၀ | □ | ၁၆၀၀ | ၁၆၀၀ | □ |
| ရန်ကုန် | ၅၂၀၀ | ၅၂၀၀ | □ | ၄၂၀၀ | ၄၂၀၀ | □ | ၁၃၀၀ | ၁၃၄၀ | △ |
| မန္တလေး | ၄၀၀၀ | ၃၈၀၀ | ▽ | ၃၆၀၀ | ၃၆၀၀ | □ | ၁၄၃၀ | ၁၄၅၀ | △ |
| ပဲခူး | ၂၈၀၀ | ၂၈၀၀ | □ | ၅၀၀၀ | ၅၀၀၀ | □ | ၁၄၂၀ | ၁၄၂၀ | □ |
| မကွေး | ၄၅၀၀ | ၄၅၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၁၆၀၀ | ၁၆၀၀ | □ |
| မုံရွာ | ၄၃၀၀ | ၄၂၀၀ | ▽ | ၃၇၀၀ | ၃၇၀၀ | □ | ၁၄၆၀ | ၁၄၈၀ | △ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |

*Source: mirt*



### မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) စျေးနှုန်း

၁၁-၁၂-၂၀၁၅ **US$/Ton**

| အမျိုးအစား | ဒီဇင်ဘာပထမပတ် | ဒီဇင်ဘာဒုတိယပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| **RBD P.Oil** | ၅၂၅.၅၀ | ၅၁၁.၀၀ | ▽ |
| **RBD P.Olein** | ၅၂၈.၀၀ | ၅၃၄.၀၀ | △ |
| **RBD P.Strarin** | ၄၇၃.၀၀ | ၄၈၀.၀၀ | △ |

*Source: econ.mpob*

### စားအုန်းဆီ

## ဝယ်လိုအားကျဆင်းမှုကြောင့် မလေးရှားစားအုန်းဆီစျေး သီတင်းတစ်ပတ်အတွင်း အနိမ့်ဆုံးစျေးသို့ ကျဆင်း

ပို့ကုန်နှေးကွေးကျဆင်းမှုနဲ့ သိုလှောင်လက်ကျန်မြင့်မားမှုကြောင့် စျေးကွက်ထဲမှာ အကျပ်အတည်းများ ဖြစ်ပေါ်ပြီး ဝယ်လိုအားကျဆင်းခဲ့တဲ့အတွက် မလေးရှားစားအုန်းဆီကြိုရောင်းကြိုဝယ်စျေး ဟာ ဒီဇင်ဘာ ၁၀ ရက်က သုံးရက်မြောက်အဖြစ် ဆက်တိုက် ကျဆင်းပြီး သီတင်းတစ်ပတ်အတွင်း အနိမ့်ဆုံးစျေးအဖြစ် ရောက်ရှိခဲ့ကြောင်း theedgemarkets ဝက်ဘ်ဆိုက်သတင်းမှာ ဖော်ပြပါတယ်။

ကုန်စည်စစ်တမ်းကောက်ယူရေးအဖွဲ့ Intertek Testing Services ရဲ့ အဆိုအရ ဒီဇင်ဘာ ၁ ရက်မှ ၁၀ ရက်ထိ စားအုန်းဆီထုတ်ကုန်တင်ပို့မှုက တန်ချိန် ၂၈၀၄၄၅ ရှိခဲ့ရာ ယခင်လကာလတူက တင်ပို့ခဲ့တဲ့ ၄၃၄၈၆၂ တန်နဲ့နှိုင်းယှဉ်ရင် ၃၅ ဒသမ ၅ ရာခိုင်နှုန်း ကျဆင်းခဲ့ပါတယ်။

ဘာဆာ မလေးရှားကုန်စည်ဒိုင် (Bursa Malaysia Derivative Exchange ) ရဲ့နံနက်စျေးကွဲချိန်မှာ ဖေဖော်ဝါရီအတွက် စာချုပ်ချုပ်ဆိုရောင်းချတဲ့ စျေးနှုန်းက ၂၆ ရင်းဂစ် (ရာခိုင်နှုန်းအားဖြင့် ၁ ဒသမ ၁ ရာခိုင်နှုန်း) ကျဆင်းပြီး စားအုန်းဆီတစ်တန်ကို ၂၃၅၈ ရင်းဂစ် (အမေရိကန်ဒေါ်လာ ၅၅၃ ဒသမ ၅၂ ) နှုန်းရှိခဲ့ပါတယ်။ ရောင်းချရတဲ့ ပမာဏက ၂၅ တန်ရှိအတွဲ ၁၂၀၆၆ တွဲရှိခဲ့ပါတယ်။

"ပြည်ပတင်ပို့မှု အဆမတန်ကျဆင်းနေတာကို တွေ့ရပါတယ်။ ဒါကြောင့်လည်း စျေးနှုန်းတွေ ကျလာတာ ဖြစ်ပါတယ်"လို့ ကွာလာလမ်ပူမှ ကုန်သည်တစ်ဦးက ပြောပါတယ်။

ယှဉ်ပြိုင်မှုတွေ မြင့်တက်လာတာကြောင့် ပို့ကုန်လုပ်ငန်းတွေ ထိခိုက်ခဲ့ရတဲ့အတွက် နိုဝင်ဘာလအကုန်မှာ မလေးရှားစားအုန်းဆီ သိုလှောင်လက်ကျန်က ၂ ဒသမ ၆ ရာခိုင်နှုန်း မြင့်တက်ပြီး၊ မကြုံဖူးလောက်အောင် များပြားခဲ့ကြောင်း၊ မလေးရှား စားအုန်းဆီဘုတ်အဖွဲ့ (Malaysia Palm Oil Board) က နေ့လယ်စျေးပိတ်ချိန်မှာ ပြောပါတယ်။ ကမ္ဘာပေါ်မှာ စားအုန်းဆီ ဒုတိယအများဆုံးထုတ်လုပ်တဲ့ မလေးရှားနိုင်ငံရဲ့ နိုဝင်ဘာစားအုန်းဆီ လက်ကျန်က ၂ ဒသမ ၉၁ သန်းအထိ ရောက်ရှိပြီး ပြည်ပတင်ပို့မှုက ၁၂ ဒသမ ၄ ရာခိုင်နှုန်းကျဆင်းကာ တန် ၁ ဒသမ ၅ သန်းထိ ရှိခဲ့ပါတယ်။

မလေးရှား စားအုန်းဆီဘုတ်အဖွဲ့ရဲ့ စာရင်းများအရ နိုဝင်ဘာစားအုန်းဆီထုတ်လုပ်မှုက ၁၈ ဒသမ ၈၇ ရာခိုင်နှုန်း ကျဆင်းပြီး တန် ၁ ဒသမ ၆၅ သန်းထိ ရောက်ရှိခဲ့ပါတယ်။ အယ်န်နီညိုရာသီဥတုကြောင့် အသီးထွက်နှုန်း ကျဆင်းတဲ့အတွက် မလေးရှားနဲ့ အင်ဒိုနီးရှားနိုင်ငံတွေမှာ စားအုန်းဆီအထွက်နှုန်း ကျဆင်းနိုင်ပါတယ်။

တခြားဟင်းရွက်ဆီစျေးကွက်တွေကိုကြည့်ပါက အမေရိကန်ပြည်ထောင်စု ပဲပုပ်ဆီရဲ့ ဇန်နဝါရီအတွက် ကြိုရောင်းစျေးက သုည ဒသမ ၄ ရာခိုင်နှုန်းကျဆင်းပါတယ်။ တရုတ်နိုင်ငံ ဒါလီယံစျေးကွက် (Dalian Commodity Exchange ) မှာ မေလအတွက် စားအုန်းဆီကြိုရောင်းစျေးက သုည ဒသမ ၆ ရာခိုင်နှုန်းကျဆင်းပါတယ်။

ရက်သတ္တပတ် ၁၀ ပတ်ဆက်တိုက် မြင့်တက်ခဲ့တဲ့ အမေရိကန်ရေနံစိမ်း သိုလှောင်လက်ကျန်က ဒီဇင်ဘာ ၁၀ ရက်မှာ ကျဆင်းလာတဲ့အတွက် ရေနံ စိမ်းစျေးပြန်လည်မြင့်တက်ခဲ့ပါတယ်။ ပြန်ပြည့်မြဲစွမ်းအင်ကို ထုတ်လုပ်ရာမှာ ဟင်းရွက်ဆီကို တိုးမြှင့်သုံးစွဲလာတဲ့အတွက် တစ်ခါတစ်ရံမှာ စားအုန်းဆီစျေးက ရေနံစိမ်းစျေးကို မှီပြီး ပြောင်းလဲတတ်တာကို တွေ့ရပါတယ်။

**ဉာဏ်တင်**

### ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းစျေးတွက်ချက်ပုံ (၁၁- ၁၂ -၂၀၁၅ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8°CMax |
|---|---|---|
| CIF စျေး | (CIFx USD)/ 612 | ၁၂၆၂.၉၂ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (1500 x 0.25% x USD)/612 | ၇.၉၆ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၆.၉၀ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားစျေး | ၆.၇၀ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.2 x 5%) 612 | ၇၂.၅၉ |
| ဆိပ်ကမ်းခွန် | (50000/ 1000) 612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အခွန်လျှာထား | (CIF x 35/-)/ 612 | ၃၇.၁၇ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆.၃၇ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းစျေး | ၁၄၀၆.၄၁ |

မှတ်ချက်။

၁။ အထက်ပါတွက်ချက်မှုမှာ ၁၁-၁၂-၂၀၁၅ နေ့ (CIFစျေး Cloud Point 8 °C Max ၅၉၅ ဒေါ်လာ၊ FOB ၅၇၀ ဒေါ်လာနှင့် USD စျေး ၁၂၉၉ ကျပ်) ဖြင့်တွက်ချက်ထားခြင်း ဖြစ်ပါသည်။

၂။ ၁၁-၁၂-၂၀၁၅ နေ့ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် စျေးဖြစ်ပါသည်။

၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့်စျေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။

၄။ ငွေလဲနှုန်းတစ်ဒေါ်လာကို ဒေါ်လာစျေး ၁၂၉၉ ကျပ်ဖြင့် တွက်ချက်ထားပါသည်။

၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုညရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။

၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်း ကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

၇။ နိုင်ငံခြားစားအုန်းဆီ FOB နှင့် CIF စျေးနှုန်းများ အပါအဝင် ဖော်ပြပါစျေးနှုန်းများသည် အချိန်နှင့်အမျှ အတက်အကျ အပြောင်းအလဲ ရှိနိုင်ပါသည်။

# အကြောင်းကြောင့်အကျိုးဖြစ်ခြင်း

|မောင်မောင်အေး-လွိုင်ကော်|



အမျိုးသားပို့ကုန်မဟာဗျူဟာ (NES) ရဲ့ ပို့ကုန်မြှင့်တင်ရေး အစီအစဉ်မှာ ဝန်ဆောင်မှု ပို့ကုန်မြှင့်တင်ခြင်းနဲ့ ပတ်သက်ပြီး ကယားပြည်နယ်မှာ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး စီမံချက်ရေးဆွဲ ဆောင်ရွက်လျက်ရှိရာ နိုင်ငံတကာကုန်သွယ်မှုဗဟိုဌာန (ITC) က နည်းပညာများ အဆက်မပြတ်လာရောက်ပို့ချလျက်ရှိပါတယ်။

အရင်က လူသူသိပ်မသိခဲ့တဲ့ ကယားပြည်နယ်ရဲ့ သဘာဝ အလှအပများ၊ တိုင်းရင်းသားတို့ရဲ့ ယဉ်ကျေးမှု ဓလေ့ထုံးစံများကိုလည်း ကမ္ဘာ့လှည့်ခရီးသွားဧည့်သည်များသိရှိအောင် ထုတ်ဖော်ပြသရမှာဖြစ်ပါတယ်။ ဒီလိုလုပ်ဆောင် ရာမှာ မီဒီယာများစွာရှိတဲ့အနက် ဓာတ်ပုံပညာနဲ့လည်း ဝိုင်းဝန်းပံ့ပိုးနိုင်ပါတယ်။

ယမန်နှစ် ကယားပြည်နယ်၊ လွိုင်ကော်ကိုရောက်ခဲ့တဲ့ ပြည်ပကပညာရှင်တွေ အကြံပေးပုဂ္ဂိုလ်တွေကို ပြောပြခဲ့တယ်။ အရင်နှစ်အစည်းအဝေးတွေမှာလည်း အကြံပြုပေးခဲ့တယ်။ ကယားပြည်နယ်က ထုတ်ဝေတဲ့ ပြက္ခဒိန် အထိမ်းအမှတ်စာအုပ်စာစောင်များမှာပါရှိတဲ့ ဓါတ်ပုံတော်တော်များများဟာ ရှမ်းပြည်တောင်ပိုင်းမြို့တစ်မြို့က အမည်ရဓါတ်ပုံပညာရှင်တစ်ဦးရဲ့ပုံတွေ လက်ရာတွေဖြစ်နေတာ တွေ့ရတော့ ကယားမှာလည်း ဒီလိုဓါတ်ပုံပညာရှင် တွေ ရှာဖွေပုန်းသီးမီးခဲပြာဖုံးတွေကို ITC စီမံချက်အရ ဖော်ထုတ်အသုံးပြုသင့်ကြောင်း ထပ်ခါထပ်ခါအကြံပြုခဲ့ပါတယ်။ ပြည်ပ ပညာရှင်တွေကလည်း အလွန်ကောင်းတဲ့ အိုင်ဒီယာပါပဲလို့ အသိအမှတ်ပြုပေးပြီး ဆောင်ရွက်ခွင့်ပြုခဲ့ပါတယ်။

ဒီလိုနဲ့ ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလဆန်းမှာ ITC မှ ဓါတ်ပုံပြိုင်ပွဲလုပ်မယ့်အကြောင်း၊ ဓါတ်ပုံများ ပေးပို့ကြဖို့ နှိုးဆော်လိုက်တာ ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်နေ့နောက်ဆုံးရက်မှာ ပေးပို့ယှဉ်ပြိုင်သူ ဓါတ်ပုံပညာရှင် ၁၀ ဦးထံမှာ ဓါတ်ပုံပေါင်း ၈၄ ပုံ လက်ခံရရှိခဲ့ပါတယ်။ အဲဒီတွေထဲကမှ ဓါတ်ပုံစိစစ်ရွေးချယ်ရေးအဖွဲ့က ကိုးပုံ ရွေးချယ်ခဲ့ပါတယ်။

ဒီဇင်ဘာလ ၇ ရက်နေ့ ကယားပြည်နယ်၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ ကုန်သွယ်မှုသင်တန်းခန်းမမှာ ခရီးသွားဖွံ့ဖြိုးရေး လုပ်ငန်းစီမံချက် ပြည်နယ်ကြီးကြပ်မှုကော်မတီ အစည်းအဝေး ကျင်းပပြုလုပ်ခဲ့ပါတယ်။ ကယားပြည်နယ် အစိုးရအဖွဲ့ ဟိုတယ်/ခရီးဌာန ဝန်ကြီး ဦးသန်းကျော်စိုး တက်ရောက်အမှာစကားပြောကြားခဲ့ပါတယ်။ ITC မှ Associate Programme Advisor Giulia Macola နဲ့ ပြည်နယ်ကြီးကြပ်ကော်မတီဝင်တွေ တက်ရောက်ခဲ့ပါတယ်။

ITC အကြံပေးအရာရှိက အားလုံးပါဝင်တဲ့ ကယားပြည်နယ် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးစီမံချက် အကြောင်း၊ လက်ရှိဆောင်ရွက်ပြီးစီးမှု၊ လွိုင်ကော်ရက်ကန်းကျောင်းမှာ ဆက်လက်ပြုလုပ်မည့်အစီအစဉ်၊ လွိုင်ကော် ယဉ်ကျေးမှုပြတိုက်မှာ တိုးချဲ့ဖွဲ့စည်းမယ့် ပြခန်း၊ ဓာတ်ပုံပြခန်းများ၊ကန္ဒရဝတီကုန်သွယ်မှုဗဟိုဌာနမှာ ခင်းကျင်းပြသမှု အစီအစဉ်များကို အကြံပေးခဲ့ပြီး ဆက်စပ်ခရီးသွားလုပ်မှုအဖွဲ့အစည်းများက စိတ်ပါဝင်စားစွာ ဆွေးနွေးတင်ပြခဲ့ကြပါတယ်။

ဖော်ပြပါ ကယားပြည်နယ်မှာရှိတဲ့ ကဏ္ဍအစုံက လူငယ်ပညာရှင်များကိုဖော်ထုတ်ပေးခြင်းအတွက် ဓါတ်ပုံ ဆုရပညာရှင်များဖြစ်ကြတဲ့ ဦးဝင်းခိုင်၊ ဦးအောင်စည်၊ ဦးချစ်နှောင်းနဲ့ ဦးငြိမ်းထွန်းတို့ကို ကယားပြည်နယ် ဟိုတယ် ခရီးပြည်နယ်ဦးစီးမှူး ဦးမြင့်ဟန် (ဒုတိယညွှန်ကြားရေးမှူး) က ITC ကိုယ်စား အမှတ်တရလက်ဆောင်များ ချီးမြှင့်ပေးအပ်ခဲ့ပါတယ်။ ဒါဟာ ကယားပြည်နယ်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးစီမံချက်လုပ်ဆောင်ရင်း ပြည်နယ်အတွင်းက ဓါတ်ပုံပညာရှင်တွေရဲ့ အစိုးရကဏ္ဍကိုဖွင့်လှစ်လိုက်နိုင်တာကြောင့် အကြောင်းကြောင့် အကျိုးဖြစ်ခြင်းလို့လည်း အဓိပ္ပါယ် ဖွင့်ဆိုနိုင်ပါတယ်။

နောက်တစ်နေ့ ဒီဇင်ဘာ ၉ ရက် နေ့လယ် ၁ နာရီမှာ ကယားပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးမင်းယုရှိန်ရဲ့ရုံးခန်းမှာ Giulia Macola နဲ့ လွိုင်ကော် ITC ရုံးက ဒေါ် အဲလစ်၊ ယဉ်ကျေးမှုပြတိုက်မှူး ဦးနေကျင်တို့နဲ့ အတူတွေ့ဆုံပြီး၊ ကယားပြည်နယ်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးရေးဆိုင်ရာလုပ်ငန်းကိစ္စများကို အသေးစိတ်ဆွေးနွေးခဲ့ကြပါတယ်။

ကယားပြည်နယ်၊ အစိုးရအဖွဲ့အတွင်းရေးမှူးကလည်း စိတ်ပါဝင်စားစွာ ဆွေးနွေးခဲ့ပြီး ပြည်နယ်မိခင်နဲ့ကလေး စောင့်ရှောက်ရေးအဖွဲ့အနေဖြင့် ပန်ပက်ကျေးရွာမှာရှိတဲ့ ကျေးရွာသူကျေးရွာသားများကို အရင်းမပျက် ချေးငွေများထုတ်ချေးရန် အစီအစဉ်များရှိပြီး၊ ကြေးကွင်းပတ်ခြင်း ရိုးရာဓလေ့များ၊ ရိုးရာလက်ရက်ကန်း၊ ဂျပ်ခုတ်ရက်လုပ်ခြင်း လုပ်ငန်းများ ပြန်လည်ထူထောင်မြှင့်တင်ပေးရန် အစီအမံများရှိကြောင်း၊ ITC မှလိုအပ်တဲ့အကူအညီများကိုလည်း ပြည်နယ်ဝန်ကြီးချုပ်ထံ တင်ပြပြီး လိုအပ်သလိုကူညီဆောင်ရွက်သွားမှာဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပါတယ်။

အကြံပေးအရာရှိကလည်း ကယားပြည်နယ်ကို ခရီးသွားဈေးကွက်မြှင့်တင်ပေးသည့်အနေဖြင့် ရန်ကုန်ရှိ ခရီးသွားလုပ်ငန်းရှင်များကို တံခွန်တိုင်ပွဲကျင်းပပြုလုပ်လေ့ရှိတဲ့ တန်ခူးလ (ဧပြီလ) မှာ ခေါ်ယူပြသဖို့ အစီအမံများ ရှိကြောင်း ပြန်လည်ရှင်းလင်းပြောပြခဲ့ပါတယ်။

အမျိုးသားပို့ကုန် မဟာဗျူဟာရဲ့ အစီအမံနဲ့ကယားပြည်နယ် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးစီမံချက်ဟာ ကာလတစ်နှစ်ကျော်လာပြီဖြစ်တာနဲ့အညီ ထိုက်သင့်တဲ့တိုးတက်မှုများ မြင်တွေ့နေရပါကြောင်း အသိအမှတ်ပြုတင်ပြ လိုက်ရပါတယ်။

■

# အထက(၁) ညောင်ဦးမြို့၌ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောဆွေးနွေးပွဲကျင်းပ

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံးအနေဖြင့် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများ ခိုင်မာတိုးတက်စေရေးနှင့် စားသုံးသူ အကာအကွယ်ပေးရေးဥပဒေကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးတို့အတွက် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြောဆွေးနွေးပွဲ အခမ်းအနားကို ဒီဇင်ဘာလ ၄ ရက် နေ့မှာ ညောင်ဦးမြို့ အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပပြုလုပ်ခဲ့ပါတယ်။

ဟောပြောဆွေးနွေးပွဲအခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့မှ အဖွဲ့ဝင်များ၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန(မန္တလေးတိုင်းဒေသကြီး)၊ ညောင်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ညောင်ဦးခရိုင်စည်ပင်သာယာရေးအဖွဲ့၊ ညောင်ဦးခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနများအပါအဝင် အခြားဌာနဆိုင်ရာအကြီးအကဲများ၊ အသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ညောင်ဦးခရိုင်အတွင်းရှိ အခြေခံပညာအထက်တန်း/အလယ်တန်းကျောင်း များမှ ကျောင်းအုပ်ဆရာ/ဆရာမများ ကျောင်းသားမိဘများ၊ ကျောင်းသူ/သားများ၊ စုစုပေါင်းအင်အား ၂၅၀ ဦးခန့် တက်ရောက်ခဲ့ကြပါတယ်။

ဟောပြောပွဲအခမ်းအနားကိုအစီအစဉ်ကိုးခုဖြင့် ကျင်းပခဲ့ကြပြီး ပထမဦးစွာ ညောင်ဦးခရိုင် အုပ်ချုပ်ရေးမှူး ဦးတင်ထူးမောင်နှင့် ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ဒုတိယတိုင်းဒေသကြီးဦးစီးမှူးဦးဆွေတင့်ကြူးတို့က အဖွင့်အမှာစကားပြောကြားခဲ့ပါတယ်။

အခမ်းအနားမှာ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ဒုတိယတိုင်းဒေသကြီးဦးစီးမှူးဦးဆွေတင့်ကြူးက "စားသုံးသူအကာ အကွယ်ပေးရေး အကြောင်း သိကောင်းစရာများ" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့အဖွဲ့ဝင် ပါမောက္ခ ဒေါက်တာအောင်မြင့်က " နေ့စဉ်စားသုံးနေရသော အစားအသောက်များ၏ အန္တရာယ်" ခေါင်းစဉ်ဖြင့် လည်းကောင်း၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၊မန္တလေးတိုင်းဒေသကြီး ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဒေါက်တာကျော်ကျော်က"အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ" ခေါင်းစဉ်ဖြင့် အသီးသီး ဟောပြောဆွေးနွေးခဲ့ကြပါတယ်။

အခမ်းအနားသို့ တက်ရောက်လာကြသူများက စားသုံးသူအကာအကွယ်ပေးရေးနှင့်စပ်လျဉ်း၍ သိရှိလိုသည်များ မေးမြန်းခဲ့ကြရာ တာဝန်ရှိသူများမှ ပြန်လည်ဖြေကြားခဲ့ပြီး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ပါတယ်။ ၎င်းနောက်အခမ်းအနားစီစဉ်သူများနှင့် တက်ရောက်လာသူများအား ညောင်ဦး မြို့နယ်ပညာရေးမှူး ဦးစန်းယုက ကျေးဇူးတင် စကားပြန်လည်ပြောကြားကာ ဟောပြောဆွေးနွေးပွဲအခမ်းအနားကို နေ့လည် ၁၂နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါတယ်။ အခမ်းအနားအပြီးမှာ တက်ရောက်လာတဲ့သူများက လုံခြုံစိတ်ချရမှုရှိတဲ့ ကုန်ပစ္စည်းများနှင့်လုံခြုံစိတ်ချရမှုမရှိတဲ့ ကုန်ပစ္စည်းများကို နှိုင်းယှဉ် ခင်းကျင်းပြသထားမှုအား လှည့်လည်ကြည့်ရှုပြီး သိရှိလို၍ မေးမြန်းမှုများကို တာဝန်ရှိဝန်ထမ်းများမှ ပြန်လည်ရှင်းလင်းဖြေကြားခဲ့တယ်လို့ သတင်းရရှိပါတယ်။

**မျိုးထွန်း စားသုံးသူ (မန္တလေး)**

# အိန္ဒိယနိုင်ငံ၊ မဏိပူရပြည်နယ် Sangai Festival 2015 ပြပွဲသို့ စစ်ကိုင်းတိုင်းဒေသကြီး ကိုယ်စားလှယ်အဖွဲ့ တက်ရောက်လေ့လာ

အိန္ဒိယနိုင်ငံ၊ မဏိပူရပြည်နယ် အင်ဖာမြို့၌ နှစ်စဉ် နိုဝင်ဘာလ ၂၁ ရက်နေ့မှ စ၍ ၁၀ ရက်ကြာ ကျင်းပလေ့ရှိသော ဆန်းဂိုင်းပွဲတော်သို့ မဏိပူရအစိုးရရဲ့ ဖိတ်ကြားချက်အရ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဦးစီး၍ လွှတ်တော်ကိုယ်စားလှယ်တစ်ဦး၊ တမူးနယ်စပ်ကုန်သည်ကြီးများအသင်း ဥက္ကဋ္ဌနဲ့တကွ စစ်ကိုင်းတိုင်း ဒေသကြီး ကုန်သည်များနှင့် စက်မှုလုပ်ငန်းရှင်များအသင်း၊ မုံရွာကုန်စည်ဒိုင်၊ ရက်ကန်းလုပ်ငန်းရှင်များအသင်း၊ ကျောက်စိမ်းအချောထည်လုပ်ငန်းရှင်များအသင်း၊ ဂစ်တာထုတ်လုပ်သူများအသင်း၊ သနပ်ခါး စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းမှ ကိုယ်စားလှယ်များ၊ ယဉ်ကျေးမှုအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြောင်း သိရပါတယ်။

ဒီပွဲတော်ကို မဏိပူရပြည်နယ်ရဲ့ ခရီးသွားလုပ်ငန်းဌာနက ကြီးမှူးကျင်းပတာဖြစ်ပြီး ပွဲတော်ရဲ့ အဓိကရည်မှန်းချက်ကတော့ ကမ္ဘာ့ခရီးသွားကဏ္ဍမှာ နေရာတစ်နေရာရရှိကာ World Tourism Map မှာ မဏိပူရဒေသကို ပါဝင်စေရေးပင်ဖြစ်ကြောင်း သိရပါတယ်။ ယခင်က မဏိပူရပွဲတော်ဟုခေါ်ရာမှ ၂၀၁၀ ခုနှစ်မှစ၍ ၎င်းပြည်နယ်အတွင်းမှာတွေ့ရတဲ့ ကျော်ကြားသော ရှားပါးသမင်မျိုးစိတ် ဆန်းဂိုင်းရဲ့ အမည်နဲ့ ပြောင်းလဲကျင်းပခဲ့ကြောင်း သိရပါတယ်။

ဆန်းဂိုင်းပွဲတော်ကို တရုတ်၊ မြန်မာ၊ ထိုင်းနဲ့ အခြားနိုင်ငံခြားသား ၅၀၀ ကျော်တက်ရောက်ကြကာ ပြည်တွင်းခရီးသွားများစွာလည်း လာရောက်ကြကြောင်း သိရပါတယ်။ အိန္ဒိယနိုင်ငံ အရှေ့မြောက်ဘက် ပြည်နယ်တွေက ယဉ်ကျေးမှု အကအဖွဲ့တွေလည်း လာရောက်ဖျော်ဖြေကြကာ မဏိပူရပြည်နယ်ရဲ့ ဒေသအလှအပ၊ ယဉ်ကျေးမှုအမွေအနှစ်၊ ရိုးရာဓလေ့၊ အားကစားပြိုင်ပွဲများကို လေ့လာတွေ့ရှိရပြီး ခရီးသွားလုပ်ငန်းကဏ္ဍကို မြှင့်တင်နိုင်အောင် ဆောင်ရွက်ခြင်းဖြစ်တာ တွေ့ရပါတယ်။

ဆန်းဂင်းပွဲတော်မှာ ခင်းကျင်းပြသထားမှုများအနေနဲ့ စိုက်ပျိုးရေးဆေးနဲ့ပစ္စည်းကိရိယာများ၊ စိုက်ပျိုးရေးထွက်ကုန်များ၊ ပျိုးပင်များ၊ ပရိဘောဂ၊ ကား၊ အီလက်ထရောနစ်၊ အဝတ်အထည်၊ လက်ဝတ်ရတနာ၊ ကျန်းမာရေး လေ့ကျင့်ပစ္စည်းများ၊ ဆေးဝါး၊ လူသုံးကုန်ပစ္စည်းအမျိုးမျိုး၊ တိုင်းရင်းသား လူမျိုးစုအသီးသီးရဲ့ ရိုးရာအိမ်များ၊ ဒေသထွက် အစားအသောက်များ ပြသရောင်းချခဲ့ကြကြောင်း သိရပါတယ်။ ပြခန်းများ အရောင်းဆိုင်ခန်းများအပြင် ရုပ်ရှင်ပွဲနဲ့ ပြဇာတ်ပွဲတွေကလည်း ပွဲတော်ရဲ့ အစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်ပါတယ်။

ပြပွဲသို့တက်ရောက်လာတဲ့ နိုင်ငံတကာမှ ကိုယ်စားလှယ်များ လုပ်ငန်းရှင်များ အချင်းချင်း ဈေးကွက်အခွင့်အလမ်းများ ချိတ်ဆက်ရရှိရေးအတွက် စီးပွားရေးဆွေးနွေးပွဲများ ကျင်းပခဲ့ကြောင်း သိရပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးမှ ယခင်နှစ်များက ငွေထည်၊ ကြေးထည်၊ ယွန်းထည် ပြခန်းများပါဝင်ပြသခဲ့သော်လည်း ယခုနှစ်တွင် ပြခန်းပြသမှုမရှိဘဲ လေ့လာရေးအဖြစ် သွားရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ မြန်မာ့ယဉ်ကျေးမှုအကများဖြစ်သော တစ်ပင်တိုင်အက၊ ဦးရွှေရိုး + ဒေါ်မိုး အက၊ လက်ခတ်သံယိမ်းအကများကို အင်္ဂလိပ်ဘာသာ၊ ၎င်းဒေသသုံးဘာသာများဖြင့် ရှင်းလင်းချက်များနဲ့တကွ ကပြဖျော်ဖြေရာ တက်ရောက်လာသူများမှ ကြိုက်နှစ်သက်ကြကြောင်း သိရပါတယ်။

အိန္ဒိယနိုင်ငံနဲ့ မြန်မာနိုင်ငံ နှစ်နိုင်ငံဆက်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်နဲ့ ယဉ်ကျေးမှုများ နှီးနှောဖလှယ်နိုင်တဲ့ အကျိုးကျေးဇူးများကို ရရှိတဲ့အတွက် အဆိုပါပွဲတော်ကိုနှစ်စဉ် ဖိတ်ကြားလျက်ရှိရာ နောက်နှစ်များတွင် ပြခန်းပါဝင်ပြသခြင်းနဲ့ ယခုပြပွဲမှ ရရှိတဲ့ အတွေ့အကြုံ၊ ဗဟုသုတများကို ပြည်တွင်း/ ပြည်ပ ပြပွဲများ၊ ဆွေးနွေးပွဲများတွင် အသုံးချသွားမည်ဖြစ်ကြောင်း တက်ရောက်လာသူများက ပြောကြားခဲ့ပါတယ်။

**ရီလင်းထွန်း - မုံရွာ**



# စားသုံးရန်မသင့်တဲ့ စားသောက်ကုန်များစာရင်း ကျန်းမာရေးဝန်ကြီးဌာနမှထုတ်ပြန်

ဈေးကွက်များ၊ ကျောင်းမုန့်ဈေးတန်းများမှ ဝယ်ယူစစ်ဆေးရာတွင် စားသောက်ကုန်များဖြစ်တဲ့ငရုတ်ဆီ၊ ငရုတ်သီးမှုန့်၊ မျှင်ငါးပိ၊ မက်မန်းသီးရောင်စုံတုတ်ထိုးချိုချဉ်၊ တုတ်ထိုးချိုချဉ်စုပ်ပြားများတွင် အဏုဇီဝသတ်မှတ်ချက်နဲ့ ကိုက်ညီမှုမရှိခြင်း၊ ခွင့်မပြုဆိုးဆေးများဖြစ်တဲ့ Orange II , Rhodamine B , Sudan III တို့ပါဝင်နေတဲ့အတွက် အချို့စားသောက်ကုန်များကို စားသုံးရန်မသင့်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဒီဇင်ဘာလ ဒုတိယပတ်တွင် အသိပေးကြေညာချက်ထုတ်ပြန်လိုက် ပါတယ်။

ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေး စစ်မှန်ကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းတဲ့ အစားအသောက်များကို အများပြည်သူတို့ စားသုံးနိုင်ရန်အတွက် စဉ်ဆက်မပြတ်စိစစ်မှုများ ဆောင်ရွက်လျက်ရှိနေတာဖြစ်ပါတယ်။

ယခုထုတ်ပြန်တဲ့ စားသောက်ကုန်နဲ့ ကုန်အမှတ်တံဆိပ်များမှာ ဖိုက်စတား၊ ဟိန်းကြွယ်၊ ထူးရှယ် (ရေနဂါး) အမှတ်တံဆိပ်ငရုတ်ဆီများ၊ မော်လီစိန်အမှတ်တံဆိပ် ငရုတ်သီးမှုန့်၊ ပြည့်စုံ အမှတ်တံဆိပ် မျှင်ငါးပိ၊ ချစ်ကလေးအမှတ်တံဆိပ် မက်မန်းသီး (အသေး)၊ Social အမှတ်တံဆိပ် ရောင်စုံ ထုတ်ထိုးချိုချဉ်နဲ့ အမှတ်တံဆိပ်မပါရှိတဲ့ တုတ်ထိုးချိုချဉ်/စုပ်ပြား (လိမ္မော်ရောင်) တို့ဖြစ်ကြပါတယ်။ အစားအသောက် ထုတ်လုပ် ဖြန့်ဖြူးရောင်းချသူများသည် သတ်မှတ်ချက်နဲ့ ကိုက်ညီအောင် ဆောင်ရွက်ကြရန်နဲ့ လိုက်နာဆောင်ရွက်ခြင်း မရှိပါက အမျိုးသားအစားအသောက် ဥပဒေ ပုဒ်မ ၂၈ (က) အရ တရားစွဲဆို အရေးယူမည်ဖြစ်ကြောင်းလည်း ကျန်းမာရေး ဝန်ကြီးဌာနမှ သတိပေးထားပါတယ်။

**မယ်စားသုံး**

# မုံရွာခရိုင်လေးမြို့နယ်အတွင်း ပဲမျိုးစုံနှင့်ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်သူများ အစုအဖွဲ့ကွင်းဆင်းဖွဲ့စည်း

အမျိုးသားပို့ကုန်မဟာဗျူဟာ အကောင်အထည်ဖော်ရာတွင် အထောက်အပံ့ဖြစ်စေမယ့် သီးနှံအုပ်စုအလိုက် အစုအဖွဲ့များ ကြိုတင်ဖွဲ့စည်းရန် စစ်ကိုင်းတိုင်းဒေသကြီး ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူး၊ ညွှန်ကြားရေးမှူး၊ ဦးအောင်မောင်းရဲ့ ကြီးကြပ်မှုအရ မုံရွာခရိုင်အတွင်းရှိ မုံရွာ၊ ချောင်းဦး၊ ဘုတလင်နဲ့ အရာတော်မြို့နယ်တာဝန်ခံတို့ဟာ မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများသို့ ပဲမျိုးစုံအစုအဖွဲ့နဲ့ ဆီထွက်သီးနှံအစုအဖွဲ့တို့ကို ကွင်းဆင်းသွားရောက်ဖွဲ့စည်းခဲ့ကြတယ်လို့ သိရပါတယ်။ အထူးသဖြင့် မြို့နယ်အတွင်းရှိ ပဲမျိုးစုံနဲ့ဆီထွက်သီးနှံ အဓိကစိုက်ပျိုးရာ ကျေးရွာအုပ်စုများသို့ ဦးစားပေးကွင်းဆင်းဖွဲ့စည်း ခဲ့ကြရာ မုံရွာမြို့နယ်တွင် ကျေးရွာအုပ်စု ၅ စုမှာ ပဲမျိုးစုံအစုအဖွဲ့ ၅ ဖွဲ့နဲ့ ဆီထွက်သီးနှံအစုအဖွဲ့ ၅ ဖွဲ့ကိုလည်းကောင်း၊ ချောင်း ဦးမြို့နယ်တွင် ကျေးရွာအုပ်စု ၆ စုမှာ ပဲမျိုးစုံအစုအဖွဲ့ ၆ ဖွဲ့နဲ့ ဆီထွက်သီးနှံအစုအဖွဲ့ ၆ ဖွဲ့ကိုလည်းကောင်း၊ ဘုတလင်မြို့နယ်တွင် ကျေးရွာအုပ်စု ၆ စုမှာ ပဲမျိုးစုံအစုအဖွဲ့ ၆ ဖွဲ့နဲ့ ဆီထွက်သီးနှံအစုအဖွဲ့ ၆ ဖွဲ့ကိုလည်းကောင်း၊ အရာတော်မြို့နယ်တွင် ကျေးရွာအုပ်စု ၂ စုမှာ ပဲမျိုးစုံအစုအဖွဲ့ ၂ ဖွဲ့နဲ့ ဆီထွက်သီးနှံအစုအဖွဲ့ ၂ ဖွဲ့ကိုလည်း ဖွဲ့စည်းပေးခဲ့ကြရာ စုစုပေါင်း ပဲမျိုးစုံအစုအဖွဲ့ ၁၉ ဖွဲ့နဲ့ ဆီထွက်သီးနှံအစုအဖွဲ့ ၁၉ ဖွဲ့၊ ပေါင်း ၃၈ ဖွဲ့ ဖွဲ့စည်းပြီးကြောင်းသိရပါတယ်။

မုံရွာခရိုင်ရှိ မြို့နယ်တာဝန်ခံများအနေနဲ့ ဒီဇင်ဘာလကုန် သီတင်းပတ်အတွင်း မြို့နယ်အဆင့် သီးနှံအလိုက် အစုအဖွဲ့များ ဖွဲ့စည်းနိုင်ရေး၊ သက်ဆိုင်ရာမြို့နယ်၊ ရပ်ကျေးမှ အုပ်ချုပ်ရေးဌာနများရဲ့ အကူအညီရယူပြီး ဆက်လက် ဆောင်ရွက်လျက်ရှိတယ်လို့ သိရပါတယ်။

**ထွန်းလှိုင်-မုံရွာ**

# မော်လမြိုင်မြို့ရှိ သီရိမြိုင်၊ သီရိမင်္ဂလာရပ်ကွက်ဈေးများတွင် တားမြစ်ကုန်စည်များ ရောင်းချခြင်း ရှိ/မရှိ ကွင်းဆင်းစစ်ဆေး

မွန်ပြည်နယ်အတွင်းရှိ စားသုံးသူများ ဘေးဥပဒ်အန္တရာယ် ကင်းဝေးစေရန် အရည်အသွေးမြင့်မားပြီး အာမခံချက်ရှိတဲ့ ကုန်စည်များကို ဖော်ဆောင်ဖြည့်ဆည်းပေးရန် မွန်ပြည်နယ်ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးအောင်ကျော်မိုး၊ ဒုတိယဦးစီးမှူး ဦးနေဇင်သက်၊ ဒုတိယဦးစီးမှူး ဦးဝင်းမြတ်၊ ဒုတိယဦးစီးမှူး ဦးသူရဇော်တို့သည် ပြည်နယ်အစားအသောက် နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ပြည်နယ်အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီတို့နှင့် ပူးပေါင်း၍ ဒီဇင်ဘာ ၄ ရက်တွင် မော်လမြိုင်မြို့ သီရိမြိုင်ဈေးနှင့် သီရိမင်္ဂလာဈေးတို့တွင် စားသုံးရန်/သုံးစွဲရန်မသင့် တားမြစ်ထားသောကုန်စည်များ ရောင်းချနေခြင်း ရှိ/မရှိအား စစ်ဆေးခဲ့ကြောင်း သိရှိရပါတယ်။

ထိုသို့ ကွင်းဆင်းစစ်ဆေးခဲ့ရာတွင် စားသုံးရန်/သုံးစွဲရန်မသင့် တားမြစ်ထားတဲ့ အစားအသောက်တွင် ×××ခေါက်ဆွဲခြောက် ၂၆ ဘူး၊ xxငရုပ်ဆီ ရှစ်ဘူး၊ xxxx ချယ်ရီသီး လေးဘူး၊ အလှကုန်၌ Dr Japan တစ်ဘူး၊ Polla Platimum နှစ်ဘူး၊ Polla Gold တစ်ဘူး နှင့် ဆေးဝါးတွင် ရက်လွန်ဆေးမျိုးစုံ ၂၀ ဘူး၊ ဆေးပြား၁၅၈ လုံး၊ ထိုးဆေး ၂၃ ပုလင်းတို့အား စစ်ဆေးတွေ့ရှိသဖြင့် ပြည်နယ်အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေး ကော်မတီတို့က သိမ်းဆည်းခဲ့ပြီး ဈေးဆိုင်ပိုင်ရှင်များအား တားမြစ်ကုန်စည်များကို ထပ်မံမရောင်းချရန် တားမြစ်ခြင်းနှင့် တားမြစ်ကုန်စည်များ၏ ဘေးဥပဒ်အန္တရာယ်များအကြောင်းကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရှိရပါတယ်။

**Cho Win (MON CONSUMER)**



# တစ်ဦးချင်းကုန်သွယ်မှုလုပ်ငန်းရှင်မှတ်ပုံတင်လက်မှတ်နဲ့ ကြက်သွန်နီတင်သွင်းခွင့် ခွင့်ပြု

ပြည်တွင်း၌ ကြက်သွန်နီ ဈေးနှုန်းမြင့်တက်လျက်ရှိသဖြင့် ကြက်သွန်နီကို ပြည်ပမှတင်သွင်းနိုင်ရန် မြန်မာနိုင်ငံ ကြက်သွန်နီ၊ ကြက်သွန်ဖြူနဲ့ စားဖိုဆောင်သီးနှံ စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းရဲ့ ထောက်ခံချက်ဖြင့် သွင်းကုန်လိုင်စင်များ ထုတ်ပေးလျက်ရှိပေမယ့် ကုမ္ပဏီများအနေနဲ့ ပြည်ပမှ အပြည့်အဝ တင်သွင်းမှုမရှိသေးပါဘူး။ ပြည်တွင်းကြက်သွန်နီဈေးနှုန်း ကျဆင်း စေရန်နဲ့ ကြက်သွန်နီကို လွယ်ကူလျင်မြန်စွာ တင်သွင်းနိုင်ရန် တစ်ဦးချင်းကုန်သွယ်မှုလုပ်ငန်းရှင်လက်မှတ် (ITC)နဲ့ ကုန်သွယ်ရေးစခန်းများမှလည်း တင်သွင်းခွင့်ကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဒီဇင်ဘာလ ၄ ရက်နေ့က ခွင့်ပြုပေးထားပြီ ဖြစ်ပါတယ်။ အောက်တိုဘာလကစပြီး ယခင်ရာဂဏန်းသာရှိတဲ့ ကြက်သွန်နီဈေးဟာ ကျပ်ငါးထောင်နီးပါးအထိ မြင့်တက်လာခဲ့ပြီး ဒီဇင်ဘာလ ပထမပတ်မှာ လက်လီဈေး ၄၀၀၀ ကျပ်(အလုံးကြီး)ထိရှိလာခဲ့ပါတယ်။ ဆိပ်ဖြူကြက်သွန်နီ ၁ ပိဿာ ၃၀၀၀ မှ ၃၇၀၀ ကျပ်၊ အိန္ဒိယ ကြက်သွန်နီ ၂၆၀၀ မှ ၂၈၀၀နဲ့ တရုတ်ကြက်သွန်နီ ၂၈၀၀ မှ ၃၀၀၀ ကျပ်ထိ လက်ကားဈေး ပေါက်နေတယ်လို့ သိရပါတယ်။ လိုင်စင်ဈေးများကတော့ တရုတ်ကြက်သွန်နီတစ်တန်လျှင် ဒေါ်လာ ၅၅၀နဲ့ အိန္ဒိယကြက်သွန်နီတစ်တန်လျှင် ဒေါ်လာ ၄၇၀ နှုန်းအသီးသီးဖြစ်ပါတယ်။

**MIRT**

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၁၄–၁၂–၂၀၁၅)

ခင်မောင်မောင်အုန်း



## ဘုရင့်နောင်ဈေးကွက်တွင် မတ်ပဲနှင့် ပဲစင်းငုံနီ ပစ္စည်းလက်ကျန်နည်းသလို အရောင်းအဝယ်လည်း အေးနေ

ဘုရင့်နောင်ဈေးကွက်မှာ ဒီတစ်ပတ် ပဲဟောင်းဖြစ်တဲ့ မတ်ပဲနှင့် ပဲစင်းငုံနီအနေဖြင့် ကုန်သည်လက်ဝယ်မှာ ပစ္စည်းလက်ကျန်နည်းနေသလို အိန္ဒိယဘက်ကလည်း ဝယ်လိုအားပါးနေကြောင်း သိရပါတယ်။ ပဲလက်ကျန်ကလည်း နည်းလာပြီး ပဲသစ်ကလည်း ဇန်နဝါရီနဲ့ ဖေဖော်ဝါရီလမှာ ဝင်ရောက်နိုင်ဖွယ်ရှိကြောင်း လတ်တလော ဒီဇင်ဘာလ နောက်ဆုံးပတ်မှာ ပဲစင်းငုံနီ (သစ်) တွေ ဝင်ရောက်လာမှာဖြစ်ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။ ဒီနှစ်မှာ မတ်ပဲဈေးကောင်းနဲ့ ကြုံကြိုက်လို့ တောင်သူရောကုန်သည်ပါ ထိုက်သင့်တဲ့ အကျိုးအမြတ်များရှိခဲ့ကြောင်း သိရပါတယ်။

×××××××××××××××××

## ဟသ်ာတဈေးကွက်မှာ မတ်ပဲနှင့် ပြောင်း အရောင်းအဝယ်အေး

ဟသ်ာတဈေးကွက်မှာ ဒီတစ်ပတ် မတ်ပဲအနေဖြင့် ကုန်သည်လက်ဝယ်မှာ ပစ္စည်းလက်ကျန်ပြတ်သလောက်ဖြစ်နေပြီး ပဲအရောင်းအဝယ်လည်းမဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပြောင်းအနေဖြင့် ယခင်သီတင်းပတ်တွေက တစ်ပိသာကို ၄၁၅ ကျပ်ဈေးဖြင့် ရန်ကုန်ဝယ်လိုအားရှိခဲ့ပေမယ့် ဒီတစ်ပတ်မှာတော့ ပြောင်းကို ရန်ကုန်ဝယ်လိုအားပြန်အေးသွားကြောင်း သိရပါတယ်။

×××××××××××××××××

## ပခုက္ကူဈေးကွက်မှာ ပဲတီစိမ်းသေးနဲ့ ကုလားပဲဖြူလုံးကြီး အရောင်းအဝယ်ဖြစ်

ပခုက္ကူဈေးကွက်မှာ ဒီတစ်ပတ် ပဲတီစိမ်းသေးကို ရန်ကုန်-မန္တလေးဝယ်လက်က တစ်ပိသာကို ၂၁၀၅ ကျပ် (တစ်တန်ကို ၁၂၈၉၀၈၀ ကျပ်) ဈေးဖြင့် တစ်ရက်ကို အိတ် ၁၀၀ ခန့် ပုံမှန်အဝယ်ရှိခဲ့ကြောင်း သိရပါတယ်။ ကုလားပဲဖြူလုံးကြီးကို ပဲခွဲစက်နဲ့ လုပ်ငန်းသုံးသမားများက ဝယ်လိုအား ပုံမှန်ရှိခဲ့ကြောင်း အရောင်းအဝယ်အနေဖြင့် တစ်ပိသာ ၁၈၉၅ ကျပ် (တစ်တန်ကို ၁၁၆၀၄၇၉ ကျပ်) ဈေးဖြင့် တစ်ရက်ကို အိတ် ၁၅၀ ခန့် ဖြစ်ခဲ့ကြောင်း သိရပါတယ်။

×××××××××××××××××

## မုံရွာဈေးကွက်မှာ ပဲစင်းငုံနီ (သစ်) တွေ ဈေးကွက်ထဲ စတင်ဝင်ရောက်လာ

မုံရွာဈေးကွက်မှာ ဒီတစ်ပတ် သက်နုပဲစင်းငုံနီ (သစ်) တွေ ဈေးကွက်ထဲစတင်ဝင်ရောက်လာပြီး တစ်ပိသာကို ၂၅၅၀ ကျပ် (တစ်တန်ကို ၁၅၆၁၅၉၀ ကျပ်) ဈေးဖြင့် ဈေးဖွင့်အရောင်းရှိခဲ့သလို ရန်ကုန်ဝယ်လက်ကလည်း ပဲရဲ့အရည်အသွေးအပေါ် မူတည်ပြီး ဝယ်လိုအားပုံမှန်ရှိခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းသေးကိုတော့ Export ဝယ်လက်တွေက တစ်ပိသာကို ၂၀၇၉ ကျပ် (တစ်တန်ကို ၁၂၇၃၁၅၈ ကျပ်) ဈေးဖြင့် တစ်ရက်ကို အိတ် ၃၀၀ ခန့် အဝယ်ရှိခဲ့ကြောင်း သိရပါတယ်။

×××××××××××××××××

## မကွေးဈေးကွက်မှာ ပဲစင်းငုံနီ (သစ်) ဝင်ရောက်လာ

မကွေးဈေးကွက်မှာ ဒီတစ်ပတ် ပဲစင်းငုံနီ (သစ်) ဈေးကွက်သို့ စတင်ဝင်ရောက်လာပြီး တစ်ပိသာကို ၂၆၂၀ ကျပ် (တစ်တန်ကို ၁၆၀၄၄၆၀ ကျပ်) ဈေးဖြင့် ဈေးဖွင့်အရောင်းရှိခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီ (သစ်) က အခုမှ အဝင်ပါးပါးပဲရှိသေးတယ်။ နောက်ပိုင်းကြရင် အဝင်လှိုင်လာမှာဖြစ်တယ်လို့ သိရပါတယ်။ ပဲတီစိမ်းကြီးကိုတော့ မန္တလေးဝယ်လက်က တစ်ပိသာကို ၂၀၂၆ ကျပ် (တစ်တန်ကို ၁၂၄၀၇၀၀ ကျပ်) ဈေးဖြင့် ဈေးပေးအဝယ်ရှိခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

×××××××××××××××××

## အောင်လံဈေးကွက်မှာ ပဲစင်းငုံနီ(သစ်) စတင် ဝင်ရောက်လာ

အောင်လံဈေးကွက်မှာ ဒီတစ်ပတ် နယ်တချို့မှ ပဲစင်းငုံနီ(သစ်) တွေဈေးကွက်ထဲ စတင်ဝင်ရောက်လာပြီး တစ်ပိသာကို ၂၆၂၅ ကျပ် (တစ်တန်ကို ၁၆၀၇၅၂၃ ကျပ်) ဈေးဖြင့် ဈေးဖွင့်အရောင်းရှိခဲ့သလို ရန်ကုန်ဝယ်လက်ကလည်း ဈေးပေးအဝယ်ရှိခဲ့တယ်လို့ သိရပါတယ်။ ဒ့ါအပြင် ပဲတီစိမ်းကြီးကိုလည်း တရုတ်အတွက် အဓိကဝယ်ယူနေတဲ့ မန္တလေးဝယ်လက်က တစ်ပိသာကို ၂၀၇၅ ကျပ် (တစ်တန်ကို ၁၂၇၀၇၀၉ ကျပ်) ဈေးဖြင့် တစ်ရက်ကို အိတ် ၁၂၀၀ ခန့် ပုံမှန်အဝယ်ရှိခဲ့ကြောင်း သိရပါ တယ်။

×××××××××××××××××

## ရေစကြိုဈေးကွက်မှာ ကုလားပဲ ပုံမှန်အရောင်းအဝယ်ဖြစ်

ရေစကြိုဈေးကွက်မှာ ဒီတစ်ပတ် ကုလားပဲ(ထိုင်ဝမ်)ကို မြို့ခံပဲခွဲစက်များက ဝယ်လိုအား ပုံမှန်ရှိပေမယ့် ကုန်သည်လက်ဝယ်မှာပစ္စည်းလက်ကျန်နည်းနေကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိသာ ၁၈၈၀ ကျပ် တစ်တန်ကို ၁၁၅၁၂၉၀ ကျပ်ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

×××××××××××××××××

## မန္တလေးဈေးကွက်မှာ မိုးပဲတီစိမ်း (သစ်) ဝင်ရောက်လာ

မန္တလေးဈေးကွက်မှာ ဒီတစ်ပတ်နယ်တချို့မှ မိုးပဲတီစိမ်း (သစ်) တွေ စတင်ဝင်ရောက်လာသလို တရုတ်ဝယ်လက်ကလည်း အရည်အသွေးကောင်းတဲ့ ပဲတီစိမ်းကြီး (ထိပ်စ) ပဲတွေကို တစ်ပိသာ ၂၁၃၃ ကျပ် (တစ်တန်ကို ၁၃၀၆၂၂၇ ကျပ်) ဈေးဖြင့် ဈေးမြင့်အဝယ်ရှိခဲ့ကြောင်း သိရပါတယ်။ ကုလားပဲဖြူလုံးကြီးနှင့် ကုလားပဲ (ထိုင်ဝမ်) ကို မြို့ခံပဲခွဲစက်တွေနှင့် ကြာဆံစက်များက ဝယ်လိုအားပုံမှန်ရှိပေမယ့် ရောင်းသူကုန်သည်လက်ဝယ်မှာတော့ ပစ္စည်းလက်ကျန်နည်းနေကြောင်း သိရပါတယ်။

×××××××××××××××××

## တောင်ကြီးဈေးကွက်မှာ ပြောင်းအဝင်လှိုင်လို့ ဈေးကျ

တောင်ကြီးဈေးကွက်မှာ ဒီတစ်ပတ်နယ်စုံမှ ပြောင်းအဝင်လှိုင်လာတာကြောင့် ပြောင်းဈေးအနည်းငယ်ကျလာပေမယ့် ရန်ကုန်-မန္တလေး ဝယ်လက်နှင့် မူဆယ်ဘက်မှ ဝယ်လိုအားပုံမှန်ရှိခဲ့ကြောင်း၊အရောင်းအဝယ်အနေဖြင့် တစ်ပိသာကို ၄၀၀ ကျပ်ဈေးဖြင့် တစ်ပတ်အတွင်း ပိသာချိန် လေးသိန်းခန့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

×××××××××××××××××

## လားရှိုးဈေးကွက်မှာ ပြောင်းအဝင်လှိုင် တရုတ်အဝယ်သွက်

လားရှိုးဈေးကွက်မှာဒီတစ်ပတ် နယ်စုံမှ ပြောင်းဝင်ရောက်မှုများလာသလို တရုတ်ဘက်ကလည်း ဝယ်လိုအားသွက်တာကြောင့် ဈေးကွက်မှာ နေ့စဉ်လိုလို ပြောင်းအရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပြောင်းဈေးက ယခင်သီတင်းပတ်တွေက တစ်ပိသာကို ၄၃၀ ကျပ်အထိ ဈေးကောင်းရခဲ့ပေမယ့် ဒီတစ်ပတ်မှာတော့ ပြောင်းဝင်ရောက်မှု များတာကြောင့် ဈေးအနည်းငယ်ကျလာပြီး တစ်ပိသာကို ၄၂၀ ကျပ်ဈေးဖြင့် တစ်ပတ်အတွင်း ပိသာချိန် ၁၄ သိန်းခန့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

×××××××××××××××××

## မူဆယ်ဈေးကွက်မှာ ပြောင်းအဝင်ပုံမှန်ရှိသလို တရုတ်ဘက်ကလည်း ဝယ်လိုအားပုံမှန်ရှိ

မူဆယ်ဈေးကွက်မှာ ဒီတစ်ပတ် နယ်စုံမှ ပြောင်းဝင်ရောက်မှုက တစ်ပတ်အတွင်း တန်ချိန် ၃၆၀၀၀ ကျော်ဝင်ရောက်ခဲ့သလို တရုတ်ဘက်ကလည်း ဝယ်လိုအား ပုံမှန်ရှိပေမယ့် ပြောင်းအဝင်များတာကြောင့် ထိုက်သင့်တဲ့ဈေးမရသေးဘူးလို့ သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် ၅၀ ကီလို တစ်အိတ်ကို အနိမ့်ဆုံး၇၅ ယွမ်မှ အမြင့်ဆုံး ၈၀ ယွမ်အတွင်း အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

×××××××××××××××××

## ပြည်ဈေးကွက်မှာ မတ်ပဲနှင့် ကုလားပဲ အရောင်းအဝယ် ပါးပါးဖြစ်

ပြည်ဈေးကွက်မှာ ဒီတစ်ပတ် မတ်ပဲအနေဖြင့် ကုန်သည်လက်ဝယ်မှာပစ္စည်းလက်ကျန်နည်းနေပေမယ့် မျိုးအတွက် ပြန်လည်ဝယ်ယူသူများက တစ်ပိသာကို ၃၆၀၀ ကျပ် (တစ်တန်ကို ၂၂၀၄၆၀၀ ကျပ်) ဈေးဖြင့် နေ့စဉ်အိတ် ၃၀ ခန့် အရောင်းအဝယ်ခပ်ပါးပါးဖြစ်ခဲ့ကြောင်း သိရပါတယ်။ ကုလားပဲ (ထိုင်ဝမ်) ကိုတော့ ပဲခွဲစက်များက တစ်ပိသာကို ၁၇၅၀ ကျပ် (တစ်တန်ကို ၁၀၇၁၆၈၀ ကျပ်) ဈေးဖြင့် နေ့စဉ်အိတ် ၃၀၀ ခန့် အဝယ်ရှိခဲ့ကြောင်း သိရပါတယ်။



# မုံရွာမြို့ အောင်ချမ်းသာရပ်ကွက်ရှိ အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်း၌ စားသုံးသူအကာအကွယ်ပေးရေး ပညာပေးဟောပြောပွဲ ကျင်းပ



စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနသည် "စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မြို့နယ်များရှိ စာသင်ကျောင်း၊ ရပ်ကွက်၊ ကျေးရွာ၊ စည်ပင်သာယာဈေးများ အားလုံးကို စားသုံးသူအကာအကွယ်ပေးရေး ပညာပေးဟောပြောပွဲများကို သုံးနှစ်အတွင်း ဟောပြောပြီး ဖြစ်ရမည်"ဟု ရည်မှန်းချက် ထားရှိသည့်အတိုင်း စားသုံးသူအကာအကွယ်ပေးရေး ပညာပေး ဟောပြောပွဲများကို အင်တိုက် အားတိုက် ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာလ ၁၁ ရက်တွင် မုံရွာမြို့၊ အောင်ချမ်းသာ ရပ်ကွက်ရှိ အမှတ်(၅) အခြေခံပညာ အထက်တန်းကျောင်း၌ အစား အသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (FDA)၊ ကျောင်းကျန်းမာရေးအဖွဲ့များနှင့် ပူးပေါင်း၍ ပြုလုပ်ဆောင်ရွက်ခဲ့ပါသည်။

ဟောပြောပွဲတွင် ကျောင်းသား/ကျောင်းသူများ၊ ဆရာ/ဆရာမများ၊ ဈေးသည်များ စုစုပေါင်း ၂၇၈ဦး တက်ရောက်ခဲ့ပါသည်။ အဆိုပါဟောပြောပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်သူဇာချိုက အဖွင့် အမှာစကား ပြောကြားခဲ့ပြီး ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဒုတိယတိုင်းဦးစီးမှူး ဦးခမ်လျန်စွမ်းက စားသုံးသူအကာအကွယ်ပေးရေးနှင့် သက်ဆိုင်သော သိမှတ်စရာများကို ဟောပြောဆွေးနွေးခြင်း၊ ဒေါက်တာလဝန်းရွှေ (FDA)က သဘာဝဆိုးဆေးမဟုတ်သည့် အန္တရာယ်ရှိဓါတုဆိုးဆေး များကို စားသောက်ကုန်ပစ္စည်းများတွင် အသုံးပြုနေကြောင်းနှင့် ဓာတုဆိုးဆေး၏ ဆိုးကျိုးများအကြောင်းကို ဟောပြောခြင်း၊ ဒေါ်သူဇာကျော်က မုန့်မျိုးစုံနှင့် အချိုရည်များအကြောင်း ဟောပြောခြင်း၊ဒေါ်ခင်ချိုမြင့်က ဟင်းချက်ဆီများ အကြောင်း ဟောပြောရာတွင် စားသုံးရန်မသင့်သည့် ပြည့်ဝဆီနှင့် စားသုံးသင့်သော မပြည့်ဝဆီများအကြောင်း သိကောင်းစရာခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးခဲ့ကြပါသည်။

ယင်းနောက် သက်ဆိုင်ရာပူးပေါင်းအဖွဲ့အစည်းများသည် ကျောင်းမုန့်ဈေးတန်းများအား စားသုံးသူရေးရာ ရှုထောင့်အရ စစ်ဆေးခြင်းများပြုလုပ်ခဲ့ကြောင်း သိရှိရပါသည်။

**ခိုင်မို့မို့ (မြင်းမူ)**



# မွန်ပြည်နယ်အတွင်းရှိ စားသုံးသူများအား ဘေးဥပဒ်အန္တရာယ်ဖြစ်စေနိုင်တဲ့အတွက် တားမြစ်သိမ်းဆည်းထားတဲ့ ကုန်စည်များအား မီးရှို့ဖျက်ဆီး

မွန်ပြည်နယ်အတွင်းရှိ စားသုံးသူများ ဘေးဥပဒ်အန္တရာယ်ဖြစ်စေနိုင်သော စားသုံးရန်/ သုံးစွဲရန် မသင့် တားမြစ်ကုန်စည်များအား ဈေးကွက်အတွင်း ကွင်းဆင်းစစ်ဆေးစဉ် သိမ်းဆည်းရမိခဲ့သော (၂၇၂၀၀၀ိ/-) (ကျပ်နှစ်ဆယ့်ခုနှစ်သိန်းနှစ်သောင်းတစ်ထောင်) ခန့်မှန်းတန်ဖိုးရှိ တားမြစ်ကုန်စည်များကို ဒီဇင်ဘာလ ၈ ရက်တွင် ကျိုက်မရောမြို့နယ် ပိန္နဲကုန်းတွင် မီးရှို့ဖျက်ဆီးခြင်းကို ဆောင်ရွက်ခဲ့ကြောင်း သိရှိရပါတယ်။

အဆိုပါ မီးရှို့ဖျက်ဆီးခြင်းအခမ်းအနားတွင် မွန်ပြည်နယ်အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးဦးစီးဌာနမှ တာဝန်ခံအရာရှိ ဒေါက်တာစိုးနိုင်နဲ့ ဝန်ထမ်းများ၊ ပြည်နယ် အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီဝင်များ၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ပြည်နယ် ဦးစီးမှူးဦးစိုးသန်းအေးနဲ့ဝန်ထမ်းများနှင့် သတင်းမီဒီယာများ တက်ရောက်ခဲ့ပြီး ပြည်နယ် အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးဦးစီးဌာနမှ တာဝန်ခံအရာရှိ ဒေါက်တာစိုးနိုင်က တားမြစ်ကုန်စည်များနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး သတင်းမီဒီယာများ၏ သိရှိလိုသော မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့ကြောင်း သိရှိရပါတယ်။

**T.Y.Z (Mon Consumer)**

# ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ လှိုင်မြို့နယ် လှိုင်ဈေးကြီးတွင်စားသုံးသူအကာအကွယ်ပေးရေးအသိပညာပေး ကွင်းဆင်းဆောင်ရွက်



ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စားသုံးသူပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် စားသောက်ကုန်၊ လူသုံးကုန်၊ အလှကုန်၊ ဆေးဝါးများ ဝယ်ယူစားသုံးနိုင်ရေး၊ စနစ်တကျရွေးချယ်ဝယ်ယူချက်ပြုတ်စားသုံးတတ်ရန် ရည်ရွယ်၍ စားသုံးသူအကာ အကွယ်ပေးရေးလုပ်ငန်းများကို တစိုက်မတ်မတ်ကြိုးစား ဆောင်ရွက်လျက်ရှိသည့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ အရာထမ်း၊ အမှုထမ်း ဝန်ထမ်းများသည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ)၊ လှိုင်မြို့နယ် ကျန်းမာရေးဦးစီးဌာန၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဈေးများဌာန၊ မြောက်ပိုင်းခရိုင် ဌာနစုမှူးတို့နှင့်ပူးပေါင်း၍ ဒီဇင်ဘာလ ၈ ရက် နံနက် ၁၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် လှိုင်ဈေးကြီးအတွင်း စားသုံးသူအကာအကွယ်ပေးရေး သိကောင်းစရာများ ဟောပြောဆွေးနွေးပွဲကျင်းပခြင်းနှင့် ဈေးအတွင်း စားသောက်ကုန်၊ အလှကုန်နှင့် ဆေးပစ္စည်း အရောင်းဆိုင်များသို့ လှည့်လည်ကြည့်ရှုပညာပေးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

ဟောပြော ဆွေးနွေးပွဲတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဈေးများဌာန၊ မြောက်ပိုင်းခရိုင် ဌာနစုမှူး ဒေါ်နီနီကျော်ကအဖွင့်အမှာစကားပြောကြားခဲ့ပြီး ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဒေါ်မြင့်မြင့်ချိုက တစ်ကမ္ဘာလုံး စားသုံးသူအကာအကွယ်ပေးရေး ကိစ္စများကို တစိုက်မတ်မတ် လုပ်ကိုင်နေပြီဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း စားသုံးသူအကာ အကွယ်ပေးရေး ဥပဒေပြဋ္ဌာန်းပြီးဖြစ်သည့်အပြင် စားသုံးသူအကာအကွယ်ပေးရေး ဗဟိုကော်မတီ၊ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့၊ တိုင်ကြားမှု လက်ခံဆောင်ရွက်ရေးလုပ်ငန်းကော်မတီ၊ ထုတ်ကုန်များလုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီများ ထပ်မံဖွဲ့စည်းပြီး ဖြစ်ကြောင်း၊ စားသုံးသူများ အစားအသောက်များကို စနစ်တကျ ရွေးချယ်စားသုံး၊ ချက်ပြုတ်မှသာ သက်ရှည်ကျန်းမာမည်ဖြစ်ကြောင်း၊ အစားအသောက်၊ ကုန်စည်ဝန်ဆောင်မှုနှင့်ပတ်သက်၍ နစ်နာမှုရှိပါက လက်ကမ်းစာစောင်တွင် ဖော်ပြထားသည့် ဖုန်းနံပါတ်များသို့ ဆက်သွယ်တိုင်ကြား နိုင်ကြောင်း၊ စာဖြင့်တိုင်ကြားလိုပါက မိမိတို့ဌာနတွင် တိုင်ကြားပုံးစံထားရှိမှု အခြေအနေများအားလည်းကောင်း၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ)မှ ဒေါက်တာဆုမွန်ချယ်က ဌာန၏ လုပ်ဆောင်ချက်များကို ပြောကြားပြီး ဆိုးဆေးအကြောင်း ဟောပြောရာတွင် ငရုတ်သီးမှုန့်၊ လက်ဖက်၊ ငါးပိများတွင် ဆိုးဆေးများ အများအပြားပါဝင်ကြောင်း၊အစားအသောက်များကို ကျက်အောင်ချက်ပြုတ်ပြီးမှ စားသင့်ကြောင်း၊ ဟင်းများကိုနွေးရာတွင်လည်း ပွက်ပွက်ဆူအောင်နွေးပြီးမှ စားသောက်ရမည်ဖြစ်ကြောင်း၊ ဟင်းသီးဟင်းရွက်များ၊ သားငါးများကိုလည်း သန့်ရှင်းသောရေများနှင့် ဆေးကြောပြီးမှ ချက်ပြုတ်စားသုံးကြရန် ဟောပြောဆွေးနွေးခဲ့ပါသည်။

ဆက်လက်၍ ရန်ကုန်တိုင်းကျန်းမာရေးဦးစီးဌာန ကိုယ်စား လှိုင်မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ လက်ထောက်ဆရာဝန် ဒေါက်တာဆုမြတ်အေးက ဘေးအန္တရာယ်ရှိသည့် အစားအသောက်များကို စားသောက် မိပါက အများအားဖြင့် ကင်ဆာ ရောဂါဖြစ်နိုင်ကြောင်း၊ ယခုအခါတွင် အစားအသောက်ကြောင့်ဖြစ်သော အသည်း၊ အူလမ်းကြောင်း၊ ကင်ဆာရောဂါများ အဖြစ်များနေပါကြောင်း၊ လတ်ဆတ်သော အသား၊ ငါး၊ အသီး၊ အရွက်များကိုသာ ရွေးချယ်စားသောက်ရန် လိုကြောင်း၊ မိမိတို့၏သားငယ်၊ သမီးငယ်များအား ကျောင်းသွားရာတွင် မုန့်များကို အိမ်မှတစ်ပါတည်းထည့်ပေးလိုက်ခြင်းသာ အကောင်းဆုံးဖြစ်ပါကြောင်း အကြံပြုပြောကြား ပါသည်။

ဟောပြောဆွေးနွေးပွဲသို့ ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးမင်းသိန်းနှင့် အရာထမ်း၊ အမှုထမ်းများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ) မှ ဦးစီးအရာရှိ၊ မြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးများဌာနမှ ဌာနခွဲမှူးနှင့် အရာထမ်း၊ အမှုထမ်းများ (၇) ဦး၊ မြို့နယ် ကျန်းမာရေးဦးစီးဌာနမှ လက်ထောက် ဆရာဝန်နှင့်သူနာပြုများ၊ ဈေးသူ/ဈေးသားများ စုစုပေါင်း ၄၄ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**စိုးစိုးဦး (စားသုံးသူ)ရန်ကုန်**

■

# ကော့သောင်းကုန်သွယ်ရေးစခန်းက ရေထွက်ကုန်ပိုမိုတင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်၊ကော့သောင်းကုန်သွယ်ရေးစခန်းနဲ့ မြိတ်ကုန်သွယ်ရေး စခန်းတို့မှ နိုဝင်ဘာလ ၂၈ ရက်မှ ဒီဇင်ဘာလ ၄ ရက်အတွင်း ကန်ဒေါ်လာ ၂ ဒသမ ၉၀၁ သန်း တန်ဖိုးရှိ ရေထွက်ကုန် ၃၁၈၄ တန်ကျော် တင်ပို့နိုင်တဲ့အတွက် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၃၅၆ တန်ကျော် လျော့နည်း တင်ပို့ခဲ့ပါတယ်။

မြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ သုည ဒသမ ၁၃၈ သန်းတန်ဖိုးရှိ ရေထွက်ကုန်များဖြစ်တဲ့ ငါးမျိုးစုံ တန် ၇၀ ကျော်၊ကဏန်း ၁၄ တန်ကျော်၊ ပုစွန် ၂ တန်ကျော် တင်ပို့နိုင်ခဲ့တဲ့အတွက် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၁၃ တန်ကျော် လျော့နည်းတင်ပို့ခဲ့ပါတယ်။

ကော့သောင်းကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ ၁ ဒသမ ၃၇၇ သန်းတန်ဖိုးရှိ ရေထွက်ကုန်များဖြစ်သော ငါးမျိုးစုံ ၁၄၈၁ တန်ကျော်၊ ကင်းမွန် ၄၉ တန်ကျော်၊ ပုစွန် ၁၆ တန်နီးပါးအခြားရေထွက်ပစ္စည်း ၃၁ တန်ကျော်၊ ပင်လယ်ငါးရှဉ့်ငါးတန်ကျော်၊ ရေဘဝဲတစ်တန်နီးပါးနဲ့ ကဏန်း ၇၁၅ ကီလိုဂရမ် တင်ပို့နိုင်တဲ့အတွက် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၆၇၆ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

မြိတ်ကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ ၁ ဒသမ ၃၈၆ သန်းတန်ဖိုးရှိ ငါးမျိုးစုံ ၁၀၃၀ တန်နီးပါး၊ ငါးမှုန့် ၄၆၅ တန်၊ ရေငံပုစွန် ၁၄ တန်ကျော်၊ ကင်းမွန် ၁ တန်ကျော်နဲ့ သဲကဏန်း ၂၆၀ ကီလိုဂရမ်တင်ပို့နိုင်တဲ့အတွက် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၁၀၁၉ တန်ကျော် လျော့နည်းတင်ပို့ခဲ့ပါတယ်။

**မခင်မြနွယ်**

---

# ဖရဲသီး ကန်ပိုက်တီးမှ တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ ကန်ပိုက်တီး ကုန်သွယ်ရေးစခန်းမှ ဒီဇင်ဘာလပထမပတ်အတွင်း ကန်ဒေါ်လာ ၈၂၀၀ တန်ဖိုးရှိ ဖရဲသီး ၈၂ တန် တင်ပို့နိုင်ခဲ့ပါတယ်။ မူဆယ်(၁၀၅)မိုင်ကုန်သွယ်ရေးဇုန်ကတော့ ကန်ဒေါ်လာ သုည ဒသမ ၇၄၆ သန်းတန်ဖိုးရှိ ဖရဲသီး ၇၄၆၀ တန် တင်ပို့ခဲ့ပါတယ်။ နာနတ်သီး၊ကန်ဒေါ်လာ ၁၆၄၀၇၇ တန်ဖိုးရှိ သခွားမွှား ၈၀၄ တန်ခွဲနဲ့ ကန်ဒေါ်လာ ၄၈၆ တန်ဖိုးရှိ ဆီးသီး ၄ တန်ခွဲ တို့ကိုလည်း မူဆယ်နယ်စပ်ကနေ တရုတ်ပြည်သို့ တင်ပို့မှုရှိခဲ့တာတွေ့ရပါတယ်။ မူဆယ်ကို ဖရဲကား အစီး ၁၀၀ ဝန်းကျင်နဲ့ သခွားမွှေးကား အစီး ၂၀ ခန့် နေ့စဉ် ပုံမှန် တက်တယ်လို့ မူဆယ် သစ်သီးဝလံ ကုန်စည်ဒိုင်မှ သတင်းရရှိပါတယ်။

**မော်မော်အောင်**

---

# လမ်းပန်းဆက်သွယ်မှုကောင်းမွန်လာတဲ့အတွက် ရိဒ်ကုန်သွယ်ရေးစခန်းမှ ကွမ်းသီးပိုမို တင်ပို့

ဟိုင်မွှာလ်ဂျစ်ကားများနဲ့ ကုန်သွယ်မှုပြုနေရတဲ့ ရိဒ်ကုန်သွယ်ရေး စခန်းမှာ နိုဝင်ဘာလတွင်း လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာတဲ့အတွက် ရိဒ်ကုန်သွယ်ရေးစခန်းရဲ့ အဓိက ပို့ကုန်ဖြစ်တဲ့ကွမ်းသီးကိုယခင်လကထက် တန် ၃၀ ကျော် ပိုမိုတင်ပို့နိုင်တယ်လို့ ရိဒ်ကုန်သွယ်ရေးစခန်းမှ သိရပါတယ်။

သွင်းကုန်အနေနဲ့လည်း အဓိက သွင်းကုန်ပစ္စည်းဖြစ်တဲ့ ဓာတ်မြေဩဇာ တင်သွင်းမှုဟာ ယခင်လထက် တန် ၁၀၀ ကျော် ပိုမိုတင်သွင်းနိုင်တဲ့အတွက် ရိဒ်ကုန်သွယ်ရေး စခန်းရဲ့ ကုန်သွယ်မှုပမာဏသည် ယခင်လထက် ပိုမိုဆောင်ရွက်နိုင်ခဲ့ပါတယ်။

ရိဒ်ကုန်သွယ်ရေးစခန်းမှ နိုဝင်ဘာလအတွင်း ကွမ်းသီး၊ မုန့်မျိုးစုံ၊ စီးကရက်၊ ပလတ်စတစ်အိတ်၊ ဆေးရိုး တို့ကို အဓိကတင်ပို့ပြီး ဆံပင်၊ ဓာတ်မြေဩဇာ၊ ပုလဲ၊ နိုင်လွန်ချည်တို့ကို အဓိက တင်သွင်းနိုင်ခဲ့ပါတယ်။ယခုဘဏ္ဍာနှစ်အတွင်း ရိဒ်ကုန်သွယ်ရေးစခန်းမှ တစ်ဖက်အိန္ဒိယနိုင်ငံသို့ ဧပြီလမှ နိုဝင်ဘာလအထိ ကွမ်းသီးကို ၁၂၈၃ တန် တန်ဖိုး ကန်ဒေါ်လာ ၉ ဒသမ ၅၆၉ သန်းဖိုးတင်ပို့နိုင်ခဲ့ပါတယ်။ ယခုဘဏ္ဍာနှစ်အတွင်း ကွမ်းသီးကို ရိဒ်နယ်စပ်မှာ ဇွန်လတွင် အများဆုံး တင်ပို့နိုင်ပြီး ဩဂုတ်လတွင် အနည်းဆုံးတင်ပို့တယ်လို့ ရိဒ်ကုန်သွယ်ရေးစခန်းမှ သိရပါတယ်။

**ခင်မိုးသူ**

---

# အနီးစပ်ဆုံးကာလထက်ရော ယမန်နှစ်ကာလတူထက် ကုန်သွယ်မှု ပိုမိုဆောင်ရွက်နိုင်တဲ့ ကန်ပိုက်တီး ကုန်သွယ်ရေးစခန်း

မြန်မာ-တရုတ်နယ်စပ်ရှိ ကန်ပိုက်တီး ကုန်သွယ်ရေးစခန်းက နိုဝင်ဘာလမှာ ပို့ကုန်ကန်ဒေါ်လာ ၂ ဒသမ ၇၁၂ သန်း၊ သွင်းကုန်ကန်ဒေါ်လာ ၁၉ ဒသမ ၂၂၁ သန်းဆောင်ရွက်နိုင်တဲ့အတွက် ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၂၂ သန်းခန့် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ အနီးစပ်ဆုံးကာလထက် ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၁၄ သန်းကျော်နဲ့ ယမန်နှစ် ကာလတူထက် ကန်ဒေါ်လာ ၁၇ သန်းကျော်ပိုမိုဆောင်ရွက်နိုင်ခဲ့ပါတယ်။ ထိုကဲ့သို့ ပိုမိုဆောင်ရွက် နိုင်ခြင်းမှာ ပို့ကုန်ပိုင်းမှာ တစ်သျှူးငှက်ပျောနဲ့ ပြောင်းအပြင် ဖရဲသီးများ ပိုမိုတင်ပို့နိုင်ခဲ့ခြင်း၊ သွင်းကုန်ပိုင်းမှာလည်း ယာဉ်ယန္တရားများ၊ ဆောက်လုပ်ရေးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ ပိုမိုတင်သွင်းနိုင်ခဲ့တယ်လို့သိရပါတယ်။

**MIRT**

---

# မူဆယ်မှ ရေထွက်ကုန် ပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ နိုဝင်ဘာလ ၂၇ ရက်မှ ဒီဇင်ဘာလ ၄ ရက်နေ့ထိ ကာလအတွင်းမှာ ကန်ဒေါ်လာ ၂ ဒသမ ၄၇၃ သန်းဖိုးရှိ ရေထွက်ကုန် ၁၄၈၆ တန် တင်ပို့ခဲ့ပါတယ်။ တင်ပို့တဲ့ အမယ်တွေကတော့ ကဏန်း တန်၂၅၀ ခန့်၊ ငါးရှဉ့် ၆၄ တန်ကျော်၊ ရေခဲငါး တန် ၂၂၀၊ ငါးမှုန့် ၃၄ တန်၊ ငါးလေးခြောက် ၅၉၈ တန်ခန့်၊ ငါးဆားနယ် ၄၇ တန်၊ ကင်းမွန်ခြောက် ၁၉၈ တန်ခန့်၊ ငါးခြောက် ၁၅ တန်၊ ပုစွန်ခြောက် ၄၁ တန်၊ ရေခဲပုစွန် ၁၂ တန်နဲ့ ခရုအသားခြောက် ၂ တန်ကျော်တို့ဖြစ်ပါတယ်။ ယခင်တစ်ပတ်တင်ပို့မှုထက် ၁၃၆ တန် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

နိုဝင်ဘာလ တစ်လလုံးမှာတော့ မြန်မာ-တရုတ်နယ်စပ်မှ ကန်ဒေါ်လာ ၉ ဒသမ ၃၁၀ သန်းဖိုးရှိ ရေထွက်ကုန် ၅၂၉၄ တန်ခန့်တင်ပို့ခဲ့ပြီး အနီးစပ်ဆုံး အောက်တိုဘာလထက် ၆၁၄ တန် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

ယခုတစ်ပတ် မူဆယ်ကုန်စည်ဒိုင်မှာ ငါးရှဉ့်ဈေးတက်ပြီး ကဏန်းဈေးကျနေကြောင်း သိရှိရပါတယ်။ ငါးရှဉ့်ဈေးမှာ ယခင်တစ်ပတ်က တစ်တန်ကို ၇၁၄၀၀၀၀ ကျပ်ရှိရာမှ ယခုတစ်ပတ်မှာ ၇၄၇၄၀၀၀ ကျပ်သို့ ဈေးမြင့်လာပါတယ်။ ကဏန်းဈေးမှာ ယခင်တစ်ပတ်က တစ်တန်ကို ၇၂၂၅၀၆၈ ကျပ်ရှိရာမှ ယခုတစ်ပတ်မှာ ၅၈၉၁၇၃၄ ကျပ်သို့ ဈေးကျလာပါတယ်။

**ယဉ်ယဉ်အေး**

---

# အကောက်ခွန်မဲ့ဆိုင်ကယ်အပိုပစ္စည်းများကို မူဆယ်လှုပ်ရှားအဖွဲ့မှစစ်ဆေးတွေ့ရှိ

မန္တလေး-မူဆယ်လမ်းကြောင်းတစ်လျှောက်ရှိတာဝန်ထမ်းဆောင်နေတဲ့ လှုပ်ရှားအဖွဲ့က ဒီဇင်ဘာလ ၂ ရက်နေ့က မူဆယ်မှ မန္တလေးသို့ ထွက်ခွာလာတဲ့ ယာဉ်ငယ်များအား စစ်ဆေးစဉ် 2F/xxxxယာဉ်ပေါ်မှ အကောက်ခွန်မဲ့ ဆိုင်ကယ်အပိုပစ္စည်းခန့်မှန်းတန်ဖိုးကျပ် ၁ ဒသမ ၁၈၁ သန်းဖိုး သိမ်းဆည်းရရှိခဲ့ပါတယ်။စစ်ဆေးတွေ့ရှိဆိုင်ကယ်အပိုပစ္စည်းများမှာ ဆိုင်ကယ် ဘက်ထရီ ငါးဖာ၊ ဂွငါးဖာ၊Start Motor တစ်ဖာ၊ ဆိုင်ကယ်ရှေ့မီး တစ်ဖာ၊ အင်ဂျင် ခြောက်ထုပ်၊ ကွိုင်တစ်ဖာ၊ ကျွတ် သုံးအိတ်၊ ကလပ်ပြား တစ်အိတ်၊ ပစ်စတင်တစ်ဖာ၊ဘရိတ်ရှူး တစ်ဖာ၊ ရှေ့နင်းခုံ နှစ်ဖာတို့ဖြစ်ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနဲ့အညီ အမှုတွဲဖွင့်လှစ်ပြီး ဖြစ်တယ်လို့ သိရပါတယ်။

**MIRT**

---

# ၂၀၁၅ ခုနှစ် နိုဝင်ဘာလကုန်ထိ အေးခဲအသား ကျပ် ၇၀၆ သန်းကျော်ဖိုး သိမ်းဆည်းရမိ

စားသုံးသူအကာအကွယ်ပေးရေးနဲ့ တရားမဝင်ကုန်သွယ်မှုတားဆီးရေးတာဝန်ထမ်းဆောင်နေတဲ့ မိုဘိုင်းအဖွဲ့က ၂၀၁၂ ခုနှစ် ဒီဇင်ဘာလမှ ၂၀၁၅ ခုနှစ် နိုဝင်ဘာလအထိ ကာလအတွင်းအေးခဲအသား သိမ်းဆည်းရမိမှု အမှုတွဲ ၁၇၂ ခု၊ တန်ချိန်အားဖြင့် ၁၇၈ တန်ကျော်၊ ခန့်မှန်းတန်ဖိုး ကျပ် ၇၀၆ သန်းကျော်ဖိုး သိမ်းဆည်းရမိခဲ့ပါတယ်။ နိုဝင်ဘာလ တစ်လတည်းမှာတော့ အေးခဲအသားသိမ်းဆည်းရမိမှု အမှုတွဲ တစ်မှု၊ အလေးချိန်အားဖြင့် ၁၆၀ ကီလို၊ ခန့်မှန်းတန်ဖိုး ကျပ် သုည ဒသမ ၂ သန်းဖိုးသာ သိမ်းဆည်းရမိခဲ့တာဖြစ်ပါတယ်။

ယခုအခါ အေးခဲကြက်သားများကို စားသောက်ဆိုင်ကြီးများ၊ ဟိုတယ်များမှာသာမက လက်လီ ကြက်သားဆိုင်၊ အကင်ဆိုင်နဲ့ ရှမ်းထမင်းဆိုင်များမှာပါ အတွေ့များ အသုံးများနေကြပြီဖြစ်ပါတယ်။ယခုနှစ်ပိုင်းမှာ အေးခဲကြက်သားများ ပိုမိုဝင်ရောက်လာတဲ့အတွက် ပြည်တွင်းရှိတစ်ပိုင်တစ်နိုင်ကြက်မွေးမြူရေး လုပ်ငန်းများ ၂၀ ရာခိုင်နှုန်းခန့်ရပ်နားခဲ့ရတယ်လို့ သိရပါတယ်။ မြန်မာ-တရုတ်နယ်စပ် ကုန်သွယ်မှုလမ်းကြောင်းပေါ်တွင် တာဝန်ထမ်းဆောင်နေသော တရားမဝင် ကုန်သွယ်မှုတားဆီးရေးအဖွဲ့များအနေနဲ့ အေးခဲအသားများသိမ်းဆည်းရမိမှုများ ပြားလျက်ရှိပါတယ်။

**MIRT**

---

# ကျောက်စိမ်းလို့ ယူဆရတဲ့ကျောက်တုံးနဲ့ ဖြတ်စများကို စစ်ဆေးတွေ့ရှိ

မူဆယ်စခန်းထုတ်နုတ်အင်အားလှုပ်ရှားအဖွဲ့သည် ဒီဇင်ဘာလ ၁ ရက်နေ့ ညနေ ၅နာရီခွဲအချိန်မှာ သတင်းအရ ယာဉ်ကြီး၊ ယာဉ်ငယ်များကို ရပ်တန့်ရှာဖွေစစ်ဆေးစဉ် Harrier 7D/xxxx ယာဉ်နောက်ခန်း ထိုင်ခုံအောက်၊ ရှေ့ခန်းထိုင်ခုံအောက်တို့ မှာအံဝှက်ပြုလုပ်၍ သိုဝှက်သယ်ဆောင်လာတဲ့ ကျောက်စိမ်းလို့ယူဆရတဲ့ ကျောက်တုံးနဲ့ ကျောက်ဖြတ်စ ၄၀ တုံး၊ ၃၈၀ ကီလိုကို စစ်ဆေးတွေ့ရှိခဲ့ပါတယ်။ စစ်ဆေးတွေ့ရှိ ကျောက်တုံးများနဲ့ တင်ဆောင်လာတဲ့ယာဉ်ရဲ့ ခန့်မှန်းတန်ဖိုးမှာ ကျပ်သန်းပေါင်း၅၄ သန်းခန့်ဖြစ်ပြီး အကောက်ခွန် အမှုတွဲ ဖွင့်လှစ်သိမ်းဆည်းပြီးဖြစ်ပါတယ်။

**MIRT**

---

# ယာဉ်သုံးစီးပေါ်မှ စစ်ဆေးတွေ့ရှိ သစ်ခွဲအစိုအိတ်များကို မူဆယ်သစ်တောဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်

မန္တလေး-မူဆယ် လမ်းကြောင်းပေါ်ရှိ လှုပ်ရှားအဖွဲ့ တာဝန်ထမ်းဆောင်နေသော မူဆယ်စခန်း ထုတ်နှုတ်အင်အားအဖွဲ့က နိုဝင်ဘာလ ၂၇ ရက်နေ့မှာ ကွတ်ခိုင်မှ မူဆယ်သို့ မောင်းနှင်လာသောမစ်ဆူဘီရှီ 5D/xxxx, Nissan AD van FF/xxxx, F/xxxx ယာဉ်သုံးစီးပေါ်မှ သစ်ခွဲပန်း ၁၀ အိတ်၊ စုစုပေါင်း ခန့်မှန်းတန်ဖိုး ကျပ် ၃၆၀၀၀၀ကျော်ခန့်ကို စစ်ဆေးတွေ့ရှိ သိမ်းဆည်းခဲ့ပါသည်။ စစ်ဆေးတွေ့ရှိ သစ်ခွဲအစိုအိတ်များကို လုပ်ထုံးလုပ်နည်းနဲ့အညီ အကောက်ခွန်အမှုတွဲ ဖွင့်လှစ်ပြီး အဖွဲ့စုံဖြင့် မူဆယ်သစ်တောဦးစီးဌာနသို့ လွှဲပြောင်းအပ်နှံပြီး ဖြစ်တယ်လို့ သတင်းရရှိပါတယ်။

**MIRT**

# စားသောက်ကုန်သုံးဆိုးဆေးများ သုံးစွဲနည်းနဲ့ ငရုတ်သီးဆော့(စ်) ပြုလုပ်နည်း သင်တန်း ကျင်းပ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ဦးစီးမှူးရုံးမှ ဦးဆောင်ကာ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနများဖြင့် ပူးပေါင်း၍ ဒီဇင်ဘာလ ၂ ရက် နဲ့ ၃ ရက်များမှာ စဉ့်ကိုင်မြို့နယ်၊ ခန်လူးကျေးရွာ၌ငရုတ် သီးမှုန့်ထုတ်လုပ်သော လုပ်ငန်းရှင်များအား "စားသောက်ကုန်သုံးဆိုးဆေးများ သုံးစွဲပုံနှင့်ငရုတ်သီးဆော့(စ်) ပြုလုပ်နည်းသင်တန်း"ဖွင့်လှစ်ခဲ့တယ်လို့ သိရှိရပါတယ်။



ပထမဦးစွာ စဉ့်ကိုင်မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး ဦးသိုက်ထွန်းက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး ကုန်သွယ်မှု မြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခင်မြင့်မြင့်သန်းက စီးပွားရေးလုပ်ငန်းရှင်များ သိသင့်သိထိုက်သော အခွင့်အရေးနှင့် တာဝန်များကို လည်းကောင်း၊ ငရုတ်သီးမှုန့်ထုတ်လုပ်ရာတွင် စားသုံးသူများအတွက် ဘေးအန္တရာယ်ကင်းရှင်းပြီး ကျန်းမာရေးနှင့်ညီညွတ်သည့် လုံခြုံစိတ်ချရမှုရှိသော စားသောက်ကုန်ပစ္စည်းအဖြစ် နည်းစနစ်မှန်ကန်စွာ ထုတ်လုပ်ပုံများကိုလည်းကောင်း အသိပညာပေး ဆွေးနွေးခဲ့ပါတယ်။ ထို့ပြင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာနဲ့ ငရုတ်သီးဆော့(စ်)ပြုလုပ်တဲ့ နည်းပညာကိုပေါင်းစပ်ပြုလုပ်တဲ့ ယခုသင်တန်းတွင် တက်ရောက်လာသော သင်တန်းသားများက သင်တန်းမှဆွေးနွေးပို့ချချက်များကို လုပ်ငန်းခွင်တွင် လက်တွေ့ အကျိုးရှိရှိ အသုံးချစေလိုကြောင်း စီးပွားရေး လုပ်ငန်းရှင်တိုင်း အရည်အသွေးပြည့်မီ၍ကျန်းမာရေးနဲ့ ညီညွတ်ပြီး လုံခြုံစိတ်ချရတဲ့ ထုတ်ကုန်များ ထုတ်လုပ်ရောင်းချရန် တာဝန်ရှိ၊ တာဝန်သိ၊ တာဝန်ယူ၊ တာဝန်ကျေကြရန်လိုကြောင်း စသည်ဖြင့် ဆွေးနွေးပြောကြားခဲ့ပါတယ်။

ထို့နောက် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူး ဦးအောင်သင်းက စားသောက်ကုန်ပစ္စည်းများ ထုတ်လုပ်ရာတွင် ဆိုးဆေးများနှင့်တာရှည်ခံဓါတုဗေဒပစ္စည်းများကို ပါဝင်သင့်သည့် ပမာဏထက် ပိုမိုမသုံးစွဲရန်နဲ့ သန့်ရှင်းသပ်ရပ်၍ ကျန်းမာရေးနှင့် ညီညွတ်အောင်ထုတ်လုပ်ကြရန် အသိပညာပေးခဲ့ပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ ကျောက်ဆည်မြို့နယ်၊ လက်ထောက်ဆေးရုံအုပ် ဒေါက်တာခိုင်ဇာဝင်းက စားသောက်ကုန်များတွင် အများဆုံးအသုံးပြုနေသည့် ခွင့်မပြုဆိုးဆေးများကြောင့် စားသုံးသူများတွင် ရောဂါဖြစ်ပွား စေနိုင်သည့် အချက်အလက်များကို ရှင်းလင်းဆွေးနွေးခဲ့ပါကြောင်း သိရှိရပါ တယ်။

ဆက်လက်၍ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ငရုတ်သီးမှုန့်လုပ်ငန်းရှင်များအား ငရုတ်သီးဆော့(စ်) ပြုလုပ်နည်းနှင့် ပတ်သက်၍ သရုပ်ပြသင်ကြားခဲ့ပြီး ယင်းသင်တန်းသို့ သင်တန်းသား ၃၆ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိခဲ့ပါတယ်။

**တင်ချစ်ကောင်း**
**စားသုံးသူ(မန္တလေး)**

# MPT မှ နံပါတ်အလှများကို လေလံတင်ရောင်းချ၍ ကျေးလက်ဒေသများသို့ ဆိုလာမီးအိမ်များ လှူဒါန်းသွားမည်

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (MPT) မှ ဖုန်းနံပါတ်အလှများကို လေလံတင်ရောင်းချ၍ မန္တလေးတိုင်းဒေသကြီးရှိ ဖောင်တော်ဦးဘုန်းတော်ကြီးသင် ပညာရေးကျောင်းမှတစ်ဆင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းပေါင်း ၉၉ ကျောင်းသို့ လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ လေလံတင်ရောင်းချပွဲကို ရန်ကုန်မြို့ရှိ PARK ROYAL ဟိုတယ်၌ ဒီဇင်ဘာလ ၁၉ ရက်နေ့ နံနက်ပိုင်းနှင့် ညနေပိုင်းနှစ်ပိုင်းခွဲ၍ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းလေလံပွဲမှ ရရှိသည့်ငွေများ အားလုံးဖြင့် ပင်နာဆိုးနစ်အမျိုးအစား နေရောင်ခြည်စွမ်းအင်သုံးမီးအိမ်များနှင့် အားသွင်းပစ္စည်းများကိုဝယ်ယူကာ လျှပ်စစ်မီးမရရှိသေးသော ကျေးလက်ဒေသများသို့ လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ လေလံတင်ရောင်းချပွဲတွင် ဖုန်းနံပါတ်အလှပေါင်း ၁၂၀ ကျော်ကို လေလံတင်ရောင်းချမည်ဖြစ်ပြီး ဆင်တူဂဏန်းခုနစ်လုံးနှင့် ဆင်တူဂဏန်းခြောက်လုံးပါဝင်သော နံပါတ်များအပြင် ဆင်တူဂဏန်းငါးလုံးပါဝင်သော နံပါတ်အလှအတွဲလိုက်များလည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

MPT မှ လှူဒါန်းသွားမည့်ဆိုလာ စွမ်းအင်သုံးမီးအိမ်များသည် ကောင်းစွာ အားဖြည့်ပြီး အသုံးပြုနိုင်မည်ဖြစ်ပြီး ငါးနာရီကြာ အားသွင်းထားရုံဖြင့် ၂၄နာရီ ကြာ အသုံးပြုနိုင်ကြောင်း သိရသည်။ ယင်းဆိုလာမီးအိမ်များကို ငါးနှစ်ကြာ အသုံးပြုနိုင်မည်ဖြစ်ပြီး ဘက်ထရီကို ပြန်လည်လဲလှယ်နိုင်ကြောင်း သိရသည်။

MPT အနေဖြင့် လေလံပွဲသို့တက်ရောက်လိုသူ တစ်ဦးချင်းနှင့် အသင်းအဖွဲ့များသို့ ဖိတ်ကြားထားပြီး တက်ရောက်လိုပါက vanitynumbers@myanmaremc.com သို့မဟုတ် ဖုန်းနံပါတ် ၀၁-၅၆၃၁၃၀ သို့ ဆက်သွယ်ကာ တက်ရောက်မည့် သူ၏ အမည်၊ လိပ်စာ၊ ဖုန်းနံပါတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ကုမ္ပဏီ နာမည်နှင့်ရာထူးတို့ကို လေလံပွဲသို့ တက်ရောက်ရန် ပေးပို့လျှောက်ထားနိုင် ကြောင်း သိရသည်။

ယင်းလေလံပွဲတွင် MPT အနေဖြင့် ကျပ်သိန်းပေါင်း ၁၅၀၀ ခန့်ရရှိနိုင်မည်ဟု ခန့်မှန်းထားပြီး ရရှိသည့်ငွေများ အားလုံးကို ပင်နာဆိုးနစ်အမျိုးအစား ဆိုလာမီးအိမ်များ ဝယ်ယူလှူဒါန်းသွား မည်ဖြစ်ကြောင်း MPT ၏ MPT-KSGM Joint Operations မှ Deputy Chief Commercial Officer ဖြစ်သူ ဦးသိန်းဟုတ်က ပြောကြားခဲ့သည်။

အဆိုပါ ပင်နာဆိုးနစ် ဆိုလာမီးအိမ်တစ်လုံး၏ တန်ဖိုးမှာ အမေရိကန်ဒေါ် လာ ၁၅၀ ခန့်တန်ကြေးရှိကြောင်း သိရသည်။ **မယ်သီတာ**

# Myanmar Tower Company အား edotco က အပြီးသတ်ဝယ်ယူ၍ အာရှ၏ထိပ်တန်းဆက်သွယ်ရေးကဏ္ဍ အဆောက်အအုံ တည်ဆောက်သူအဖြစ် အခိုင်အမာရပ်တည်

Axiata Group Berhad (Axiata)၏ ကုမ္ပဏီခွဲတစ်ခုဖြစ်သော edotco Group Sdn.bhd (edotco) သည် စင်ကာပူအခြေစိုက် Digicel Asian Holdings Pte.Ltd. (DAH) မှ တစ်ဆင့် Myanmar Tower Company Ltd (MTC)၏ စတော့ ၇၅ရာခိုင်နှုန်းခန့်ကို အပြီးသတ်ဝယ်ယူပြီးစီးခဲ့ကြောင်း Axiata ၏ ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြထားသည်။

ထို့အပြင် Yoma Strategic Holding Ltd. (Yoma Strategic) သည် MTC တွင် ၎င်း၏အကျိုးအမြတ် ၂၅ ရာခိုင်နှုန်းကို ဆက်လက်ရရှိသွားရန် edotco နှင့် အပြီးသတ်သဘောတူညီမှုစာချုပ်ကို လက်မှတ်ရေးထိုးလိုက်ကြောင်းကိုလည်း Axiata ကအတည်ပြုပြောကြားလိုက်သည်။

MTC ၏ လုပ်ငန်းလွှဲပြောင်းမှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၂၂၁ သန်းရှိသည်ဟု ၂၀၁၅ ခုနှစ်အောက်တိုဘာလ ၂၈ရက်နေ့က ကနဦးထုတ်ပြန်ကြေညာထားခဲ့ပါတယ်။

edotco ၏ သဘာဝမြေမျက်နှာပြင် ဧရိယာဗဟိုချက်အတွင်း အမြင့်မားဆုံးဈေးကွက်ရှိသော တာဝါတိုင်လုပ်ငန်းတည်ဆောက်မှု နယ်ပယ်တွင် အရည်အသွေးကောင်းမွန်သော ဝန်ဆောင်မှုထောက်ပံ့ပေးခြင်းဖြင့် နည်းဗျူဟာကျကျ လုပ်ဆောင်ပေးနိုင်ရန်၊ ပိုမို ကြီးမားကျယ်ပြန့်လာသည့် အရှေ့တောင်အာရှဒေသ၏ ဆက်သွယ်ရေးနယ်ပယ်အတွက် ထိပ်တန်းအခြေခံ အဆောက်အအုံတည်ဆောက်သူ တစ်ဦးအဖြစ် ပိုမိုအားကောင်းလာစေရန်၊ Axiata ၏ လက်ရှိလုပ်ငန်း လည်ပတ်မှုများကို ကျော်လွန်၍နောက် ထပ်ပိုမိုချဲ့ထွင် ဆောင်ရွက်သွားရန်တို့ကို edotco မှ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ် သည်။

"ဒီလိုအရေးပါပြီး နည်းဗျူဟာကျတဲ့ဝယ်ယူမှုက edotco ရဲ့ အနေအထားကို ပိုမိုဖွံ့ဖြိုးတိုးတက်လာတဲ့ အရှေ့တောင်အာရှဒေသမှာ ထိပ်တန်းဆက် သွယ်ရေးကဏ္ဍ အဆောက်အအုံတည် ဆောက်သူတစ်ဦးဖြစ်လာစေမှာပါ။ မြန်မာနိုင်ငံရဲ့ ဆက်သွယ်ရေးကဏ္ဍမှာ ကျွန်တော်တို့ edotco အုပ်စုအနေနဲ့ လုပ်ငန်းလည်ပတ်မှုတွေ ဆောင်ရွက်တဲ့ နေရာမှာ မြန်ဆန်ထိရောက်မှုရှိရှိအရင်းအနှီးကုန်ကျစရိတ် သက်သက်သာသာနဲ့ အကောင်းဆုံး လုပ်ဆောင်နိုင်လိမ့်မယ်လို့ ယုံကြည်မှုရှိပါတယ်"ဟု edotco အုပ်စု၏ အမှုဆောင်အရာရှိချုပ် Suresh Sidhu က ပြောကြားသည်။

"ကျွန်တော်တို့ အနေနဲ့ မြန်မာနိုင်ငံမှာ တာဝါတည်ဆောက်မှုလုပ်ငန်းကို စတင်လုပ်ကိုင်တဲ့အခါ Yoma Strategic လို မြန်မာနိုင်ငံမှာ အတွေ့အကြုံရင့်ကျက်ပြီး ခိုင်မာအားကောင်းတဲ့ အဖွဲ့ အစည်းနဲ့ လက်တွဲလုပ်ကိုင်ရတဲ့အတွက် တကယ့်ကိုကျေနပ်အားရမိပါတယ်။ ဒီလို အတူလက်တွဲပူးပေါင်းဆောင်ရွက်မှုကတစ်ဆင့် ဈေးကွက်အတွင်းမှာပိုမိုခိုင်မာတဲ့အနေအထားတွေကိုရောက်ရှိအောင် ဆောင်ရွက်သွားဖို့ မျှော်လင့်ထားပါတယ်"ဟု ၎င်းက ထပ်လောင်းပြောကြားသည်။

"ဒီလွှဲပြောင်းဝယ်ယူမှုကို အပြီးသတ် ဆောင်ရွက်နိုင်ခဲ့ပြီး မြန်မာနိုင်ငံမှာ ကျွန်တော်တို့ရဲ့ ခြေလှမ်းကို ချဲ့ထွင်နိုင်ခဲ့တဲ့အတွက် ဝမ်းမြောက်မိပါတယ်။ လူ သားတွေ အပြန်အလှန်ချိတ်ဆက်မှုနဲ့ နည်းပညာတွေကို အတူတကွပေါင်းစည်းပြီး ပိုမိုဖွံ့ဖြိုးတိုးတက်တဲ့ အာရှဒေသကို ဖန်တီးသွားမယ်ဆိုတဲ့ ရည်မှန်းချက်အတိုင်း ကျွန်တော်တို့ Axiata အနေနဲ့ လုပ်ငန်းဆောင်ရွက်တဲ့နိုင်ငံတိုင်းမှာ စိတ်အားထက်သန်တဲ့ ရေရှည်ရင်းနှီးမြှုပ်နှံဆောင်ရွက်သူ တစ်ဦးအဖြစ် အောင်မြင်စွာရပ်တည်နိုင်ခဲ့ပါတယ်။ အခုဒီ လွှဲပြောင်းဝယ်ယူမှုက တစ်ဆင့် ကျွန်တော်တို့အနေနဲ့ ကျွန်တော်တို့ရဲ့ နိုင်ငံတကာမှာရရှိထားတဲ့ အကောင်းဆုံးစွမ်းရည်နဲ့ အတွေ့အကြုံတွေကို မြန်မာနိုင်ငံကိုယူဆောင်လာပြီး မြန်မာနိုင်ငံရဲ့ အနာဂတ်ဆက်သွယ်ရေးနယ်ပယ်မှာ တစ်ခန်းတစ်ကဏ္ဍက ပါဝင်ဆောင်ရွက်သွားမှာ ဖြစ်သလို နိုင်ငံတည်ဆောက်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေမှာလည်း ပါဝင်ကူညီသွားမှာဖြစ်ပါ တယ်"ဟု Axiata ၏ ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် ဖြစ်သူ Dato'Sri Jamaludin Ibrahim ကပြောကြား သည်။

Axiata သည် သီးသန့်စီမံခန့်ခွဲအုပ်ချုပ်သော တာဝါနှင့် အခြေခံ အဆောက်အအုံ တည်ဆောက်သူ လုပ်ငန်းတစ်ခုအဖြစ် edotco ကို ၂၀၁၂ ခုနှစ် တွင် စတင်တည်ထောင်ခဲ့သည်။စတင်တည်ထောင်သည့်အချိန်မှစ၍ edotco သည် ထိရောက်သော လုပ်ငန်းလည်ပတ်မှုကို ပါကစ္စတန်အပါအဝင် နိုင်ငံပေါင်း ငါးနိုင်ငံတွင် တာဝါ တိုင်ပေါင်း ၁၅,၀၀၀ နှင့် ကီလိုမီတာ ပေါင်း ၁၂,၀၀၀ ရှိသည့် ဖိုင်ဘာဆက်ကြောင်းများကို စီမံခန့်ခွဲလျက်ရှိသည်။

**မယ်သီတာ**

Vol: 15, No.48 Monday December 14 2015

# ဆင်းရဲမှုလျှော့ချရေးနှင့် ကျေးလက်အသေးစားလုပ်ငန်းများ

|မျိုးသူ|



များစွာသော စီးပွားရေးလုပ်ငန်းများသည် အဘယ်ကြောင့် လုပ်ငန်းငယ်များ ဖြစ်နေရပါသလဲ-

- အဓိကအချက်မှာမိမိတို့၏ အရင်းအနှီးဖြစ်ပါသည်။
- ဒုတိယအချက်မှာ နည်းပညာနှင့်ဈေးကွက်ဖြစ်ပါသည်။

ကမ္ဘာပေါ်တွင် လုပ်ငန်းအသီးသီး၏ ၉၈ ရာခိုင်နှုန်းမှာ လုပ်သားတစ်ရာထက်မပိုသော လုပ်ငန်းများ ဖြစ်ကြပါသည်။ တစ်နည်းဆိုလျှင် လုပ်ငန်းအသေးများဖြစ်ပါသည်။ အမေရိကန်တွင် လူဦးရေသန်း ၂၀ ကျော်သည်လုပ်သား မပါဝင်သော လုပ်ငန်းမျိုးကိုလုပ်ကိုင်အသက်မွေးကြသည်ဟု ဆိုပါသည်။ အမေရိကန်တွင် ရောင်းချနေသော ကုန်စည်များ၏ တစ်ဝက်ခန့်သည် Small Businessesများမှဖြစ်ကြောင်း သိရပါသည်။ ပြီးခဲ့သော ၁၀နှစ်ကာလအတွင်းတွင်လုပ်ငန်းငယ်များသည်အလုပ်အကိုင်များ၏ ၆၀ ရာခိုင်နှုန်း မှ ၈၀ ရာခိုင်နှုန်းအထိဖြစ်ပေါ်စေခဲ့သည်ဟုသိရပါသည်။ စီးပွားရေး လုပ်ငန်းငယ်လေးများကို စွန့်ဦးတီထွင်လုပ်ငန်းရှင်များနှင့် အနည်းစုပျံ့နှံ့ရေးအတွက် အားပေးနေသော အင်အားများကို လွှတ်တင်ပေးနိုင်သော တွန်းခုံဖြစ်သည်ဟု တင်စားကြပါသည်။ Small Businessesများကို အမျိုးမျိုး အဓိပ္ပါယ်ဖွင့်တတ်ကြပါသည်။ အခြေခံအားဖြင့် ကိုယ်ပိုင်ဖြစ်ရပါမည်။ ယင်း၏ လုပ်ငန်းသည် လွတ်လပ်စွာ လုပ်ငန်းဆောင်ရွက်နိုင်ရပါသည်။ နောက်ထပ်ပြောရလျှင်ဈေးကွက်တွင် ဝေစုအနည်းစုသာဖြစ်ရပါမည်။

- စက်မှုကုန်ထုတ်လုပ်ငန်းများတွင် လုပ်သား ၅၀၀ အောက် နည်းရမည်ဟု လည်းကောင်း၊
- ရောင်းဝယ်မှုများတွင် လုပ်သား ၁၀၀ အောက် နည်းရမည်ဟုလည်းကောင်း၊
- လက်လီလုပ်ငန်းများတွင် အမေရိကန်ဒေါ်လာ ၆သန်း (မြန်မာငွေနှင့်ဆိုလျှင်သန်းပေါင်း ၆၀၀၀ ကျော်တစ်နှစ်ရောင်းအား (တစ်နေ့လျှင် ၁၆ဒသမ၄သန်းကျော်ခန့်) ထက်မပိုရဟုလည်းကောင်း၊
- စိုက်ပျိုးရေးလုပ်ငန်းများတွင် အမေရိကန်ဒေါ်လာ ၇ဒသမ ၅ သိန်း (မြန်မာငွေနှင့်ဆိုလျှင်သန်းပေါင်း၇၅၀ကျပ်ထက်) မပိုရဟုလည်းကောင်း အဓိပ္ပါယ်ဖွင့်ကြသည်ဟုကြားဖူးပါသည်။

နိုင်ငံတကာစံချိန်နှင့်ဆိုလျှင် တစ်နှစ်ရောင်းအား အမေရိကန်ဒေါ်လာ ၅သိန်းမှ ၂၅ သန်းအထိရှိသောလုပ်ငန်း သို့မဟုတ် လုပ်သား အင်အား ၁၀၀ မှ ၁၅၀၀ ထိကို Small Businesses အရွယ်အဖြစ်ဆိုကြောင်း သိရပါသည်။ အသေးစားလုပ်ငန်းများ အဓိကပါဝင်လုပ်ကိုင်နေမှုအချိုးကိုကြည့်လျှင် ဆောက်လုပ်ရေး လုပ်ငန်းများတွင် ၉၀ ရာခိုင်နှုန်းခန့်၊ စိုက်ပျိုးရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများတွင် ၈၈ရာခိုင်နှုန်းခန့်၊ ကုန်သန်းရောင်းဝယ်မှု လုပ်ငန်းများတွင် ၆၆ ရာခိုင်နှုန်းခန့်၊ ဝန်ဆောင်မှုလုပ်ငန်းများတွင် ၅၆ ရာခိုင်နှုန်းခန့်၊ လက်လီရောင်းဝယ်မှု လုပ်ငန်းများတွင် ၅၁ ရာခိုင်နှုန်းခန့် ပါဝင်နေသည်ဟု ပြောကြပါသည်။

ထိုအထဲတွင် အိမ်တွင်းအခြေခံစီးပွားရေး လုပ်ငန်းငယ်လေးများသည် Small Businessesများ၏ ၅၂ ရာခိုင်နှုန်းကျော်၊ တစ်နည်းအားဖြင့် တစ်ဝက်ကျော်ပါဝင်နေသည်ဟု ဆိုပါသည်။ အဆိုပါလုပ်ငန်းကလေးများတွင်လုပ်ငန်း တစ်ခုလုံးကိုကောင်းစွာထိန်းသိမ်းနိုင်ခြင်း၊ ကိုယ်ပိုင်အချိန်ကို ကောင်းစွာအသုံးချနိုင်ခြင်း၊ စတင်ကာစတွင် ရင်းနှီးမြှုပ်နှံ ရငွေနှင့်လုပ်ငန်းလည်ပတ်ရန် လိုအပ်ငွေနည်းပါးခြင်း၊ တစ်နည်းပြောမည်ဆိုပါက တစ်နိုင်တစ်ပိုင် လုပ်ကိုင်နိုင်ခြင်း၊ သို့သော်လည်း စားသုံးသူများနှင့် ထိတွေ့မှုနည်းပါးခြင်း (ဖောက်သည် ပေးသွင်းရခြင်းကြောင့်လည်းကောင်း၊ တိုက်ရိုက်မရောင်းချရသဖြင့်လည်းကောင်း)နှင့် ပိုင်ရှင်သည် လုပ်ငန်းတွင် နစ်မြုပ်ကာ အထီးကျန် လာတတ်ခြင်း စသည့် မကောင်းသည့်အချက်များလည်းရှိနေကြောင်းသိရပါသည်။

သို့ရာတွင်ကျွန်တော်တို့ မြန်မာနိုင်ငံတွင် အိမ်တွင်းမှု အခြေခံလက်မှုဆိုင်ရာလုပ်ငန်းငယ်လေးများ များစွာကို မြို့တိုင်း ရွာတိုင်းတွင် တွေ့နိုင်ပါသည်။ ယင်းတို့ကိုအားပေး အားမြှောက်လုပ်ပေးနိုင်မည်ဆိုပါက နိုင်ငံ၏ အမျိုးသားစီးပွားရေးကိုလည်း များစွာ အထောက်အကူပြုနိုင်ပါသည်။ မြန်မာနိုင်ငံတွင် လူဦးရေ၏ ၇၀ ရာခိုင်နှုန်း ခန့်သည် ကျေးလက်များတွင် ယခုတိုင်နေထိုင် အလုပ်လုပ်နေသေးသဖြင့် ယင်း အိမ်တွင်းမှုစီးပွားရေးလုပ်ငန်းများ ကြီးပွား တိုးတက်လာရန် များစွာလိုအပ်ပါသည်။ ယင်းလုပ်ငန်းငယ်များ ဖွံ့ဖြိုးတိုးတက်မှုသည် Purchasing Power Parityနှင့် လည်း တိုက်ရိုက်အချိုးကျမည်ဖြစ်သဖြင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အရှိန်တစ်ခုရလာစေနိုင်ပါသည်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးကိုလည်း အထောက်အကူပြုမည်မှာ သေချာသဖြင့် နိုင်ငံ၏ ဆင်းရဲမှုလျှော့ချရေးအစီအစဉ်များ (Poverty Alleviation or Poverty Reduction Plan)ကိုများစွာ အထောက်အကူပြုပြီး လျှင်မြန်စွာဖွံ့ဖြိုးလာမည်ဟု ယုံကြည်ရပါသည်။

သို့သော်လည်း ကျေးလက်ဒေသရော မြို့ပြရှိအိမ်တွင်း စီးပွားရေးလုပ်ငန်းများ အပါအဝင် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ အားလုံးအတွက်ထိထိရောက်ရောက် ဆောင်ရွက်ပေးနိုင်မှုအားနည်းသေးသည်ဟု ပြောနိုင်ပါသည်။ မြန်မာနိုင်ငံတွင် ယခင်ခေတ် များကတည်းက စိန်ပန်းစက်မှုထုတ်ကုန် ပစ္စည်းများသည် ယခုအထိ တိုးတက်လာမှု အလွန်နှေးကွေးဆဲဖြစ်နေသည်မှာ အဘက်ဘက်မှ ချွတ်ယွင်းချက်များအပြင် နိုင်ငံတော်မှ ပံ့ပိုးမှုအားနည်းချက်များကြောင့်လည်း ဖြစ်နိုင်ပါသည်။ အချို့ကိစ္စများတွင် လမ်းလွဲနေသည်များလည်း တွေ့နေရပါသည်။ ဥပမာ- မော်တော်ကားထုတ်လုပ်ငန်းများတွင် အစိုးရကအားပေးသော်လည်း အမှန်အတိုင်းထုတ်လုပ်သည်ထက် ဖြတ်လမ်းမှ မှောင်ခိုသွင်းသော နိုင်ငံခြား ကားကိုဖြတ်ဆက်လုပ်ကာ ရောင်းချသည်က ပိုမိုအကျိုးဖြစ်သဖြင့် အသေးစား၊ အလတ်စားလုပ်ငန်းတစ်ခုဖြစ်သော မော်တော်ကား ဘော်ဒီနှင့် အစိတ်အပိုင်းများထုတ်လုပ်ရေး လုပ်ငန်းများသည် တိုးတက်မလာသည်ကို တွေ့ရပါမည်။ အချို့ကိစ္စများ တွင်စီးပွားရေးဆိုင်ရာ ကျင့်ဝတ် (Business Ethics) များနှင့် လူမှုရေးတာဝန်ယူမှု (Social Responsibility) များကိုအစိုးရဌာနများဘက်မှ မလိုက်နာသကဲ့သို့၊ ကုန်ထုတ်လုပ်သူများ၊ ကုန်သည်ပွဲစားများဘက်မှလည်း လိုက်နာရန်လိုအပ်ချက် အများအပြား ရှိပါသည်။ ယခုအခြေအနေများတွင် ယင်းစီးပွားရေးဆိုင်ရာ ကျင့်ဝတ်နှင့် လူမှုစီးပွားရေးဆိုင်ရာ တာဝန်ယူမှုအပိုင်းများကိုပြုပြင်ရမည့်ကိစ္စတစ်ခု၊ အလေးအနက်ထားလိုက်နာရမည့်ကိစ္စတစ်ခုအဖြစ် မမြင်တွေ့ရသေးပါ။

လာဘ်ပေးလာဘ်ယူမှုများ အပိုင်းတွင်လည်း လျော့နည်းလာမှသာအသေးစား၊ အလတ်စား စက်မှုလက်မှုလုပ်ငန်းငယ်များ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။ တစ်နည်း အားဖြင့် အရှိန်ကောင်းမည်ဖြစ်ပါသည်။ ဥပမာ- စက်မှုလက်မှုဖွံ့ဖြိုးရေးဘဏ်မှ ငွေချေးသည့် ကိစ္စမျိုးတွင် ပွင့်လင်းမြင်သာမှုရှိအောင် ဆောင်ရွက်ပေးနိုင်ခြင်း၊ ယခုကဲ့သို့ငွေချေးငှားသူများပြားပြီး ငွေထုတ်ချေးမည့် ဘဏ်နည်းပါးချိန်များတွင် demand and supply theory အရငွေထုတ်ချေးမည့်သူအား ဝိုင်းဝိုင်းလည်နေမည်သာ ဖြစ်ပါသည်။ ယင်းကို ငွေထုတ်ချေးမည့်ဘဏ်အာဏာပိုင်များဘက်မှ အဂတိလိုက်စားမှု လုံးဝကင်းစင်မှသာ အမှန်လိုအပ်သော မှန်မှန်ကန်ကန်လုပ်ကိုင်မည်ဖြစ်သော လုပ်ငန်းရှင်ထံရောက်ရှိမည်ဖြစ်ပါသည်။ ဥပမာ-ယခင်က ဘဏ်ရာဖြတ်အဖွဲ့များကဲ့သို့ တာဝန်ရှိသူအချို့အား လာဘ်ထိုးကာ တန်ဖိုးအနည်းငယ်သာတန်သော အဆောက်အအုံကို များစွာထိုက်တန်သကဲ့သို့လုပ်ပြီး တန်ဖိုးသင့်တော်သည်ထက်ပိုမိုချေးငှားခဲ့သဖြင့် ဘဏ်ပိုင်တိုက်အများအပြား ပေါ်ထွက်ခဲ့ဖူးပါသည်။

လုပ်ငန်းရှင်များဘက်မှလည်း မိမိတို့ချေးငွေ ပိုမိုရရှိရေးအတွက် မိမိ လုပ်ငန်းအား အသေးစားကို အလတ်စားလုပ်ငန်းအဖြစ်လည်း ကောင်း၊ အလတ်စားလုပ်ငန်းအား အကြီးစားလုပ်ငန်းအဖြစ်လည်းကောင်း မှတ်ပုံတင်ပြီး ချေးငွေပိုမိုရရှိရေးနှင့်အခြားသော အစိုးရမှပေးသည့်အခွင့်အလမ်းများ ပိုမိုရရှိရေးကို ဆောင်ရွက်ခဲ့ကြသည်များ ရှိခဲ့ပါသည်။ ထို့အပြင် အခွန်နှင့်ပတ်သက်လာလျှင် အခွန်ထမ်းလုပ်ငန်းများရော အခွန်ဝန်ထမ်းပါ ပြည်သူက ပြောဆိုခံနေရခြင်းနှင့် အခွန်ထမ်းနှင့် အခွန်ဝန်ထမ်းတို့ အပြန်အလှန် လက်ညှိုးထိုးကာ တာဝန်မည်သူရှိသည်ကို သေချာမဖော်ထုတ်နိုင်ကြသည့်အချက်သည်လည်း အသေးစား၊အလတ်စား လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် အချက်တစ်ချက်ပါမည်ထင်ပါသည်။ အသေးစားလုပ်ငန်းများ၊ အလတ်စားလုပ်ငန်းများ၏ အခွန်ထမ်းရမည့် သတ်မှတ်ချက်များ အသေးစိတ်ရှိနေလျှင်သော်လည်းကောင်း၊ တတ်နိုင်ပါက အခွန်ကောက်ခံသော (သို့မဟုတ်) အစိုးရအတွက် အခကြေးငွေတစ်စုံတစ်ရာ ကောက်ခံပေးရသော ဌာနများသည် အခွန်ထမ်းအသေးစား၊ အလတ်စား လုပ်ငန်းရှင်များအတွက် အလွန် လွယ်ကူချောမွေ့အောင်၊ သိနားလည်အောင်၊ ပွင့်လင်းမြင်သာမှု ရှိအောင် ဆောင်ရွက်ပေးနိုင်ရန် လိုမည်ထင်ပါသည်။ တတ်နိုင်လျှင်အသေးစားလုပ်ငန်းတစ်ခုအတွက် မှတ်ပုံတင်ခြင်း၊ လိုင်စင်လျှောက်ထားခြင်း၊ စည်ပင်၊ စက်မှု၊ ပြည်တွင်းအခွန်နှင့်အခြား ဆက်စပ်ဌာနများ အခွန်ကောက်ခံမည့် ဌာနများသည် တစ်နေရာတည်း၊ တစ်ကြိမ်တည်းနှင့်ပြီးပြတ်အောင် ဆောင်ရွက်ပေးနိုင်မည်ဆိုပါက ပိုမိုသင့်လျော်မည်ထင်ပါသည်။ ယင်းအချက်များကိုလည်း လက်ရှိတွင်ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိထားပါသည်။

မကြာသေးမီ ဩဂုတ်လလယ်ကအင်ဒိုနီးရှားနိုင်ငံ ဂျကာတာသို့ ခဏတာရောက်ခဲ့ပါသည်။ ရောက်စဉ် ခဏတွင်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်အသင်းသို့သွားရောက်တွေ့ဆုံလေ့လာရာတွင် တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်တစ်ခုကို မှတ်သားခဲ့ရသည်မှာ ပုဆိုးခေါ် လုံချည်အကြောင်း ဖြစ်နေပါသည်။ မြန်မာလုံချည်ကိုသူသိကြောင်း၊ များစွာနှစ်သက်ကြောင်း၊ အင်ဒိုနီးရှားရိုးရာအခမ်းအနားများတွင် လုံချည်ကို ခါးတွင် ပတ်စည်းထားရကြောင်း၊ အင်ဒိုလူမျိုးမှန်လျှင် အိမ်တွင်လုံချည်တစ်ထည်တော့ အနည်းဆုံးရှိပါကြောင်း၊ အလားတူပင် မလေးရှားတွင်လည်း လုံချည်ဝတ်ဆင်တတ်ကြောင်း၊ သို့ဖြစ်၍ အင်ဒိုနှင့်မလေးတွင် မြန်မာလုံချည်ကို ဈေးကွက်ရှာသင့်ကြောင်း၊ အိန္ဒိယတွင်လည်း ဈေးကွက်ကြီးရှိကြောင်း မြန်မာ့လုံချည်ထုတ်လုပ်သည့် Hand made စစ်စစ်ဖြစ်ကြောင်း၊ တိုးချဲ့ ရမည့်လုပ်ငန်းဖြစ်ကြောင်း မှတ်သားရပါ သည်။

မြန်မာ့လုံချည်ကိုဤမျှအထိ စိတ်ဝင်စားမှု ရှိလိမ့်မည်ဟု ယခင်က မထင်မှတ်ခဲ့ပါ။ ပြည်တွင်း ဈေးကွက်သာရှိသော လုပ်ငန်းတစ်ခုအဖြစ်ရှုမြင်ခဲ့မိပါသည်။ အမရပူရလုံချည်၊ ဝမ်းတွင်း လုံချည်၊ ဂန့်ဂေါပုဆိုး၊ဆိပ်ခွဲလုံချည်၊ ကချင်ပုဆိုးစသည်တို့သည် မြန်မာ Brand စစ်စစ် အဖြစ် အောင်မြင်နိုင်သည့် လုပ်ငန်းတစ်ခုအဖြစ် ဇောက်ချလုပ်ကိုင်ပေးသင့်ပါသည်။ အရင်းအနှီး တိုးချဲ့နိုင်အောင် စီစဉ်ပေးခြင်း၊ အသင်းအဖွဲ့များ ဖွဲ့စည်းပေးခြင်း၊ ဈေးကွက်ချဲ့ထွင်ပေးခြင်းများကို ဆောင်ရွက်ပေးပါက ဆင်းရဲမှုလျှော့ချရေးတွင် များစွာအကျိုးသက်ရောက်နိုင်ပါ သည်။ မြန်မာတစ်နိုင်ငံလုံးတွင် ရက်ကန်းလုပ်ငန်းစင်ပေါင်းမှာ သိန်းချီရှိပြီး ယခုအခါ လျှပ်စစ်မီးရသော ရွာများ တိုးပွားနေသည်နှင့်အမျှ လက်ရက်ကန်းစင်မှ စက်ရက်ကန်းစင်များပါ တိုးတက်လာနေပြီဖြစ်သဖြင့် လုံချည်ထုတ်လုပ်မှုနှင့် ရက်ကန်းလုပ်ငန်းသည် အလေးအနက်ထားပြီး ဆောင်ရွက်ပေးသင့်သော အသေးစားလုပ်ငန်းတစ်ခုဖြစ်ကြောင်း တင်ပြအပ်ပါသည်။

ဆင်းရဲမှုကို လျှော့ချရေးတွင် ကျေးလက်ဒေသမှအိမ်တွင်း စက်မှုလက်မှု လုပ်ငန်းများ တစ်နည်း အားဖြင့် (Micro, Small and Medium Enterprise-MSME) လုပ်ငန်းများကို အလေးအနက်ထားအားပေးနိုင်မှသာ ဆင်းရဲမှုလျှော့ချရေးသည် မြန်ဆန်ထိရောက်နိုင်ပါကြောင်း တင်ပြအပ်ပါသည်ခင်ဗျား။


Your Reliable Partner
MHTT
MYANMAR HEAVY TRUCK TRADING CO., LTD.
No. 24/26, Lan Thit Road, Nant Thar Kone Quarter, Insein Township, Yangon, Myanmar.
Tel. : 09 511 2295 | 09 4200 70499 | 09 4200 70488 | 09 4200 70477 | 09 4200 70466 | 09 4200 70455
E-mail : tharaphy@mhttmyanmar.com | c.nyeinaung@mhttmyanmar.com
CHANGLIN
Serve You Serve The World
SILENT PILLER
(Sheet Pile Machine)
+ = FOTON LOXA
FOTON
The World's Largest Commercial Vehicle Manufacturer
DAIMLER
The World's NO.1 Commercial Brand
长河机械
CHANGHE MACHINE
REACH
REACH STATION PUMP


THU THU HAN THAR CO.,LTD.
Mitsubishi Canter Double Cab (10ft)
Manual (2005 - 2008)
- 2000 CC
Gasoline 110 သိန်း
- 3000 CC
Diesel 125 သိန်း
Mitsubishi Canter Pick up (10ft)
Manual (2005 - 2010)
- 2000 CC
Gasoline 125 သိန်း
- 3000 CC/ 5000 CC
Diesel 160 - 170 သိန်း
Toyota Dyna Double Cab (10ft)
Manual (2005 - 2008)
- 2000 CC (1.5 Ton)
Gasoline 100-110သိန်း
- 2500 CC (1.5 Ton)
Diesel 120-125 သိန်း
Toyota Dyna Pick up (10ft) (MDY)
Manual (2005, 2006, 2007, 2008)
- 2000 CC (1.5 Ton)
Diesel 135 သိန်း
Mitsubishi Canter Pick up (14-15ft)
Manual (2006 - 2007)
- 5000 CC (3 ton - 3.5 ton)
Diesel 215 - 230 သိန်း
Nissan Vanette/ Mazda Bongo
Manual (2005, 2006, 2007, 2008,2009)
- Gasoline 850kg 95 သိန်း
1000kg 115 သိန်း
- Diesel 850kg 105-110သိန်း
1000kg 115-130သိန်း
Daihatus Hijet (PS, AC)
- Manual (2005 - 2010)
63သိန်း - 68သိန်း
- Auto (2005 - 2010)
73သိန်း - 77သိန်း
Daihatsu Hijet (YGN)
Truck (Box)
Auto (2008)
650 CC
Petrol, PS, AC,
4WD
65 သိန်း
Subaru Sambar (MDY)
Manual (2005-2008)
650CC, Petrol
PA, AC, 4WD
53 - 58 သိန်း
Subaru Sambar (YGN)
(Box)
Auto (2008)
650CC, Petrol
PS, AC
61 သိန်း


လက်ကားဈေးဖြင့်လည်း ဝယ်ယူနိုင်ပါသည်။
Autocom Japan ကားကုမ္ပဏီသို့ ငွေလွှဲလက်ခံသည်
ရန်ကုန်ရုံး – L-3(A)၊ နွယ်သာကီလမ်း၊ ဘုရင့်နောင်ပွဲရုံတန်း၊ (မြဝတီဘဏ်ရှေ့)၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၀၁ ၆၈၆၃၃၈၊ ၆၈၃၅၇၂၊ ၆၈၃၆၄၄၊ ၀၉ ၅၀၁၂၉၃၄၊ ၀၉ ၈၇၅၀၁၂၉၃၄၊ ၀၉ ၇၉၅၀၁၂၉၃၄၊ ၀၉ ၂၅၄၃၇၀၂၀၉
Email : okcashewnut1@hotmail.com
ရန်ကုန်ရုံးခွဲ – အမှတ်(၁၉)၊ မြန်မာ့ဂုဏ်ရည်လမ်းနှင့် (၁၀၉)လမ်းထိပ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉ ၅၀၁၂၉၃၄၊ ၀၉ ၄၂၁၁၂၈၀၁၉
ထားဝယ်ရုံးခွဲ – အမှတ်(၁၅/၁၇)၊ ကမြောကင်းလမ်း၊ ဆန်းချိုရပ်၊ ထားဝယ်မြို့။ ဖုန်း – ၀၉ ၅၀၁၂၉၃၄၊ ၀၉ ၄၂၂၂၀၁၁၈၃


OK သီဟိုစေ့ရောင်းဝယ်ရေး
အမှတ်(၄/၃က)၊ နွယ်သာကီလမ်း၊ ဘုရင့်နောင်ပွဲရုံတန်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၆၈၃၆၄၄၊၀၁ ၆၈၆၃၃၈၊ ၆၈၃၅၇၂၊ ၀၉ ၅၀၁၂၉၃၄၊ ၀၉ ၈၇၅၀၁၂၉၃၄၊ ၀၉ ၂၅၄၃၇၀၂၀၉
Email : okcashewnut1@hotmail.com
okcashewnut1@hotmail.com.mm

## ပြောင်း

### တရုတ်နယ်စပ်မှ ပြောင်းပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ၊ လွယ်ဂျယ်၊ ချင်းရွှေဟော်နဲ့ ကန်ပိုက်တီးကုန်သွယ်ရေးစခန်းလေးခုမှ ဒီဇင်ဘာလ ပထမပတ်အတွင်း ကန်ဒေါ်လာ ၁၁ ဒသမ ၂၂၂ သန်း တန်ဖိုးရှိ ပြောင်းဖူးစေ့ ၄၆၂၉၂ တန်ကျော် တင်ပို့နိုင်ခဲ့ပါတယ်။စခန်း အလိုက် တင်ပို့မှုတွေကတော့ မူဆယ်မှ ၄၁၁၃၆ တန်ကျော်၊လွယ်ဂျယ်မှ တန် ၂၀၀၀၊ ချင်းရွှေဟော်မှ ၃၁၂၆ တန်နဲ့ ကန်ပိုက်တီးမှ တန် ၃၀ ဖြစ်ပါတယ်။

ယခင်သီတင်းပတ်က ထိုစခန်းလေးခုမှ ပြောင်းတန်ချိန် ၄၄၃၈၉ တန်တင်ပို့ခဲ့လို့ ယခုတစ်ပတ်မှာ တရုတ်နယ်စပ်ကနေ ပြောင်းတင်ပို့မှု ၁၉၀၃ တန်ကျော်ပိုမိုလာတာတွေ့ရပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ယခင်တစ်ပတ်ကပြောင်းတစ်တန်ရဲ့ မိမိဘက်ဈေးဟာ ၃၁၂၈၀၂ ကျပ်ရှိရာမှ ယခုတစ်ပတ်တွင် ၃၁၁၅၄၆ ကျပ်သို့ ဈေးအနည်းငယ်ကျဆင်းသွားခဲ့ပါတယ်။ မန္တလေး-မူဆယ် ကုန်စည်သယ်ယူခနှုန်းထားမှာလည်း ယခင်တစ်ပတ်က ပြောင်းတစ်ပိဿာကို (၈၄ ကျပ်-၈၇ ကျပ်) ကျပ်ရှိရာမှ ယခုတစ် ပတ်တွင်(၉၂ကျပ်-၉၆ကျပ်)ကျပ်သို့ ကုန်ပစ္စည်းသယ်ပို့ကားခများမြင့်တက်လျက်ရှိကြောင်း၊ မူဆယ်ကုန်စည်ဒိုင်သို့ တစ်ရက်လျှင်ပြောင်းကားစီးရေ အစီး ၂၅၀ မှ ၂၆၀ ခန့် အဝင်ရှိကြောင်း သိရပါတယ်။

**မော်မော်အောင်**



## သကြား

### မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ သကြားဖြူ တင်ပို့

မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ နိုဝင်ဘာလ ၂၈ ရက်မှ ဒီဇင်ဘာ ၄ ရက်တာ သီတင်းပတ်အတွင်း တစ်ဖက်တရုတ်နိုင်ငံသို့ ကန်ဒေါ်လာ ၉ ဒသမ ၉၃၁ သန်း တန်ဖိုးရှိ သကြားဖြူ ၁၇၅၇၅ တန်ကျော်တင်ပို့နိုင်ခဲ့ပါတယ်။

ယခုသီတင်းပတ်တင်ပို့မှုက ယခင်သီတင်းပတ်ထက် သကြားဖြူ ၁၀၈ တန် လျော့နည်းတင်ပို့ခဲ့ပါတယ်။ တရုတ်နိုင်ငံရဲ့ သကြားထုတ်လုပ်မှု ကျဆင်းခဲ့ပြီး ရာသီဥတုဖောက်ပြန်မှုကြောင့် ကြံထွက်နည်းတဲ့အတွက် တရုတ်နိုင်ငံမှာ သကြားရှားပါးနေပြီး မြန်မာနိုင်ငံမှ သကြားတန်ချိန်များစွာ နေ့စဉ်တင်ပို့နေကြောင်း မူဆယ်ကုန်သည်များထံမှ သိရပါတယ်။ လက်လီသကြားဈေးကတော့ ယခင်သီတင်းပတ်ထက် ယခုသီတင်းပတ်မှာ တစ်ပိဿာလျှင် ၅၀ ကျပ် ဈေးအနည်းငယ်တက်သွားတယ်လို့ ဘုရင့်နောင်ကုန်စည် ဒိုင်မှသိရပါတယ်။

**မြင့်မြင့်မာ**

**၇-၁၂-၂၀၁၅ မှ ၁၁-၁၂-၂၀၁၅ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး**

| Sr.No. | Forms | Copies | Total Value (US$) |
|---|---|---|---|
| 1 | Form A | 210 | 11,541,622.158 |
| 2 | Form D | 18 | 578,040.450 |
| 3 | Form E | 60 | 1,007,289.900 |
| 4 | Korea GSP | 2 | 16,150.000 |
| 5 | Form AK | 52 | 2,935,478.050 |
| 6 | Form AJ | 13 | 552,723.084 |
| 7 | Form AI | 47 | 1,814,051.910 |
| 8 | Form AANZ | 1 | 6,930.650 |
| 9 | Form DFTP | - | - |
| Grand Total | | 403 | 18,452,286.202 |

## ရော်ဘာ

### ပင်လယ်ရေကြောင်းမှ ရော်ဘာပိုမိုတင်ပို့သလို ရော်ဘာဈေးလည်း တက်ရိပ်ပြ

နိုဝင်ဘာ ၂၉ရက်မှ ဒီဇင်ဘာလ ၅ ရက်ထိ မလေးရှားနဲ့ ဂျပန်နိုင်ငံသို့ ရော်ဘာ ၇၄၁ တန်ခန့် တင်ပို့နိုင်ခဲ့ပြီး ပို့ကုန်ဝင်ငွေ ကန်ဒေါ်လာ သုည ဒသမ ၆၈၉ သန်းရရှိခဲ့ပါတယ်။ တင်ပို့တဲ့ ရော်ဘာအမျိုးအစားနဲ့ တန်ချိန်များမှာ မလေးရှားနိုင်ငံကို RSS-3 ၄၄၇ တန်၊MSR-20 တန် ၆၀ နဲ့ ဂျပန်နိုင်ငံကို MSR-20 ၂၃၄ တန် ဖြစ်ပါတယ်။ နိုဝင်ဘာလ တစ်လလုံးမှာ ကန်ဒေါ်လာ ၂ ဒသမ ၄၂၉ သန်းဖိုးရှိ ရော်ဘာ ၂၅၀၇ တန် တင်ပို့နိုင်ခဲ့ပါတယ်။ အနီးစပ်ဆုံး အောက်တိုဘာလထက် ၉၄၄ တန်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဧပြီလမှ နိုဝင်ဘာလအထိ ကန်ဒေါ်လာ ၁၇ ဒသမ ၇၂၀ သန်းဖိုးရှိ ရော်ဘာ ၁၅၅၆၅ တန်ခန့်တင်ပို့ထားပြီးဖြစ်ပါတယ်။ယမန်နှစ်ကာလတူထက် တန် ၃၅၀၀ ပိုမိုတင်ပို့ထားနိုင်ပါတယ်။

ယခုတစ်ပတ်မှာ နိုင်ငံတကာရော်ဘာဈေးအနည်းငယ်တက်လာကြောင်း သိရှိရပါတယ်။ နိုင်ငံတကာ ရော်ဘာဈေးအတက်ရှိသလို မြန်မာ့ရော်ဘာဈေးလည်း တစ်တန်လျှင် ဒေါ်လာ ၅၀ ခန့် ဈေးတက်လာပါတယ်။ မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းက ထုတ်ပြန်ထားတဲ့ ရော်ဘာဈေးကို ဖော်ပြပေးလိုက်ရပါတယ်-

| | | |
|---|---|---|
| RSS 1 | တစ်တန်လျှင် | ဒေါ်လာ ၁၁၀၀-၁၂၀၀ |
| RSS 2 | တစ်တန်လျှင် | ဒေါ်လာ ၁၀၅၀-၁၁၅၀ |
| RSS 3 | တစ်တန်လျှင် | ဒေါ်လာ ၁၀၀၀-၁၁၀၀ |
| RSS 4 | တစ်တန်လျှင် | ဒေါ်လာ ၉၅၀-၁၀၅၀ |
| RSS 5 | တစ်တန်လျှင် | ဒေါ်လာ ၉၀၀-၁၀၀၀ |
| MSR (3)L | တစ်တန်လျှင် | ဒေါ်လာ ၁၂၅၀-၁၃၅၀ |
| MSR 10 | တစ်တန်လျှင် | ဒေါ်လာ ၁၀၀၀-၁၁၀၀ |
| MSR 20 | တစ်တန်လျှင် | ဒေါ်လာ ၉၅၀-၁၀၅၀ |
| MSR 50 | တစ်တန်လျှင် | ဒေါ်လာ ၈၅၀ - ၉၅၀ |
| Crepe Rubber | တစ်တန်လျှင် | ဒေါ်လာ ၈၀၀ - ၉၀၀ |
| Latex 60% DRC | တစ်တန်လျှင် | ဒေါ်လာ ၆၅၀ - ၇၅၀ |

**ယဉ်ယဉ်အေး**

### အနီးစပ်ဆုံးကာလထက်ရော ယမန်နှစ်ကာလတူထက်ပါ ရော်ဘာပိုမိုတင်ပို့

ကုန်သွယ်ရေးစခန်းများမှ နိုဝင်ဘာလ ၂၈ ရက်မှ ဒီဇင်ဘာ ၄ ရက်အထိ ကာလအတွင်းမှာ ရော်ဘာ ၉၄၉ တန်ကျော်ကို တင်ပို့ခဲ့ပြီး ပို့ကုန်တန်ဖိုး ကန်ဒေါ်လာ သုည ဒသမ ၉၁၂ သန်း ရရှိခဲ့ပါတယ်။ စခန်းအလိုက် တင်ပို့မှုတွေကတော့ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ RSS-3 ၇၄၆ တန်ကျော်၊ ချင်းရွှေဟော်စခန်းမှ RSS-3 ၁၅၃ တန်၊ တာချီလိတ်စခန်းမှ ရော်ဘာ Latex 60 % DRC တန် ၅၀ ဖြစ်ပါတယ်။ နိုဝင်ဘာလ တစ်လလုံးမှာတော့ ကန်ဒေါ်လာ ၄ ဒသမ ၂၇၈ သန်းဖိုးရှိ ရော်ဘာ ၄၂၆၉ တန် တင်ပို့ခဲ့ပြီး အနီးစပ်ဆုံး အောက်တိုဘာလထက် ၁၇၂၇ တန် ပိုမိုတင်ပို့ခဲ့ပြီး ယမန်နှစ်ကာလတူထက် ၁၅၅၇ တန်ပိုမိုတင်ပို့ နိုင်ခဲ့ပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ဧပြီလမှ နိုဝင်ဘာလအထိ ကုန်သွယ်ရေးစခန်းများမှ ကန်ဒေါ်လာ ၉ ဒသမ ၇၉၁ သန်းဖိုးရှိ ရော်ဘာ ၃၃၅၄၆ တန်ခန့် တင်ပို့ခဲ့ပြီး ယမန်နှစ် ကာလတူထက် ၁၁၆၆၇ တန်ခန့် ပိုမိုတင်ပို့ထားပြီးဖြစ်ကြောင်း သိရှိရပါတယ်။

**ယဉ်ယဉ်အေး**

### ထိုင်းအစိုးရအဖွဲ့က ရော်ဘာစိုက်တောင်သူများအတွက် ချေးငွေကန်ဒေါ်လာ ၁၃၉ သန်းထုတ်ချေးရန် အတည်ပြု

အရှေ့တောင်အာရှနိုင်ငံများတွင် ရော်ဘာဈေး ကျဆင်းနေတဲ့အတွက် ရော်ဘာစိုက် ထိုင်းတောင်သူများအား ငွေထုတ်ချေးပေးရန် ထိုင်းအစိုးရအဖွဲ့က ဒီဇင်ဘာလ ၈ ရက်နေ့က သဘောတူလိုက်ပြီဖြစ်ပါတယ်။ထုတ်ချေးမယ့် ပမာဏက ကန်ဒေါ်လာ ၁၃၉ သန်းဖြစ်ပြီး ယမန်နှစ်က အစိုးရက ဒေါ်လာ ၂၇၈ သန်း ထုတ်ချေးထားပြီးနောက် ဒုတိယအကြိမ် ထုတ်ချေးခဲ့တာဖြစ်ပါတယ်။ အစိုးရပိုင် စိုက်ပျိုးရေးနဲ့ စိုက်ပျိုးရေးသမဝါယမဘဏ် (Bank of Agriculture &Agricultural Cooperatives-BAAC) က ထုတ်ချေးပေးသွားမှာဖြစ်ပါတယ်။

မိသားစု ၈၂၀၀၀ ကို ၂၇၈၁ ဒေါ်လာ စီထုတ်ချေးပေးထားပြီး မိသားစု ၅၃၀၀၀ ကလည်းချေးငွေရရှိရေးစောင့်ဆိုင်းနေကြတယ်လို့ အစိုးရနဲ့ ပြောရေးဆိုခွင့်ရှိသူ Sansern kaewkamnerd ကပြောကြားပါတယ်။စိုက်ပျိုးရေးဝန်ကြီးဌာနမှ ဒေါ်လာ ၁၃၉ သန်းထပ်မံဖြည့်စွက် ထုတ်ချေးပေးရန် တောင်းဆိုခဲ့ခြင်းဖြစ်ပြီး BAAC သို့ အတိုး ၃ ရာခိုင်နှုန်းတိုးနဲ့ အစိုးရက ပေးဆပ်ရမှာဖြစ်ပါတယ်။

ထိုင်းနိုင်ငံဟာ ကမ္ဘာမှာရော်ဘာအများဆုံး ထုတ်လုပ်တင်ပို့တဲ့နိုင်ငံဖြစ်ပြီး ရော်ဘာဈေးကျဆင်းနေမှုကြောင့် ရော်ဘာစိုက်တောင်သူများရဲ့ လူနေမှုအဆင့်အတန်းမနိမ့်ကျစေရန် အစိုးရက ယခုလို ချေးငွေများ ထုတ်ချေးပေးနေတာ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့လက စိုက်ပျိုးမြေ သုည ဒသမ ၁၇ ဟက်တာလျှင် ၄၁ ဒသမ ၇၄ ဒေါ်လာနှုန်းနဲ့ ရော်ဘာစိုက်တောင်သူများကို ထောက်ပံ့ပေးခဲ့ပါသေးတယ်။

ဒီဇင်ဘာ ဒုတိယပတ်အတွင်းက မှိုင်းတိုက်မထားတဲ့ရော်ဘာ (Unsmoked Rubber Sheet (USS-3) ၁ ကီလိုဂရမ်ကို ၁ ဒသမ ဝ၆ ဒေါ်လာဈေးရှိခဲ့ပါတယ်။ ထိုင်းကျပ်တင်ရော်ဘာ-၃ (TRS) ၁ကီလိုဂရမ်ကို ၁ ဒသမ ၃၀ ကီလိုဂရမ်ရှိပြီး အဲဒီ ဈေးဟာ ၂၀၀၈ ခုနှစ် ဒီဇင်ဘာလ ပေါက်ဈေးထက် နိမ့်ကျခဲ့တယ်လို့ စင်ကာပူကုန်စည်ဒိုင်ဈေးအရ သိရှိရပါတယ်။

**CMK**

### ၂၀၁၅ ခုနှစ်ပထမကိုးလတွင် မလေးရှားရော်ဘာတင်ပို့မှုမှ ရင်းဂစ် ၂၄ ဘီလီယံကျော်ရရှိ

၂၀၁၅ ခုနှစ် ပထမ ၉ လ (ဇန်နဝါရီမှ စက်တင်ဘာလထိ) ကာလအတွင်း မလေးရှားနိုင်ငံမှ ပြည်ပသို့ ရော်ဘာတင်ပို့မှုမှ မလေးရှားရင်းဂစ် ၂၄ ဒသမ ၂၁ ဘီလီယံထိ ရရှိနေပြီး ယမန်နှစ် ကာလတူထက် ၄ ဒသမ ၃ ရာခိုင်နှုန်း ပိုမိုတင်ပို့နိုင်ခဲ့တယ်လို့သိရပါတယ်။ ၎င်းတို့အနက် သဘာဝရော်ဘာတင်ပို့မှုက မလေးရှားရင်းဂစ် ၃ ဒသမ ၁ ဘီလီယံထိ ပါရှိပါတယ်။ ရော်ဘာထုတ်ကုန်တင်ပို့မှု အပိုင်းမှာတော့ မလေးရှားရင်းဂစ် ၁၃ ဒသမ ၁၆ ဘီလီယံဖြစ်ပြီး ရော်ဘာလက်အိတ်တင်ပို့မှုက ၂၂ ရာခိုင်နှုန်းနီးပါး ပိုမိုတင်ပို့ခဲ့ရပါတယ်။ ရော်ဘာဈေးများကတော့ ကျရိပ်သမ်းနေပြီး အောက်တိုဘာလက MSR- 20 တစ်ကီလိုဂရမ်ကို ၅ ဒသမ ၂၇ ရင်းဂစ်ဈေးပေါက်ပြီး ယမန်နှစ်က ၅ ဒသမ ၇၂ ရင်းဂစ်ဈေးရှိခဲ့ပါတယ်။ ယခုကဲ့သို့ ရော်ဘာဈေးများကျဆင်းနေရခြင်းဟာ အဓိက ဝယ်ယူတင်သွင်းတဲ့ နိုင်ငံတွေဖြစ်တဲ့ တရုတ်နဲ့ ဥရောပသမဂ္ဂနိုင်ငံများရဲ့စီးပွားရေးအခြေအနေပေါ်မှာလည်း မူတည်လျက်ရှိပါတယ်။

**CMK**

# သီးနှံများသိုလှောင်ခြင်းမှအကျိုးအမြတ်တွင် ငွေကြေးလဲလှယ်မှုအပြောင်းအလဲနှင့် ငွေကြေးဖောင်းပွမှုကို ထည့်သွင်းစဉ်းစားပါက

|ကျော်မြင့်|

မြန်မာနိုင်ငံသည် ရေမြေသဘာဝအရ အချို့သော သီးနှံကို တစ်နှစ်တစ်ကြိမ်သာစိုက်ပျိုးကြပြီး အချို့သော သီးနှံကို တစ်နှစ်နှစ်ကြိမ် အနည်းငယ်သော သီးနှံအရေအတွက်ကို တစ်နှစ်သုံးကြိမ် စိုက်ပျိုးကြသည်။ ထင်ရှားသောဥပမာအဖြစ် မတ်ပဲ၊ ပဲစင်းငုံ၊ ကုလားပဲကို တစ်နှစ်တစ်ကြိမ်သာ အဓိကစိုက်ပျိုးပြီး၊ စပါးကိုတစ်နှစ်နှစ်ကြိမ်၊ နှမ်း၊ ပဲတီစိမ်းကိုတစ်နှစ်သုံးကြိမ်စိုက်ပျိုးကြသည်။ တစ်နှစ်သုံးကြိမ်စိုက်ပျိုးသော သီးနှံများတွင် တတိယအကြိမ်စိုက်ပျိုးသောဧရိယာများသည် သွင်းရေကို အားထားပြီး၊ စိုက်ပျိုးသောဧရိယာနည်းပါးသည်။

တစ်နှစ်တစ်ကြိမ်သာ စိုက်ပျိုးထွက်ရှိသော သီးနှံများကို နှစ်ချင်းပေါက် သို့မဟုတ် တစ်နှစ်ပတ်လုံးရောင်းဝယ်နိုင်ရန်အတွက် ယင်းသီးနှံထွက်ရှိချိန်တွင် ဝယ်ယူပြီးသိုလှောင်၍ အရောင်းအဝယ်ပြုလုပ်ကြသည်။ ကုန်သည်များသည် တစ်နှစ်တစ်ကြိမ်သာ စိုက်ပျိုးထွက်ရှိသော သီးနှံကိုဝယ်ယူပြီးသိုလှောင်၍ အကျိုးအမြတ်ရအောင်ဆောင်ရွက်ခြင်းသည် အချိန်ကာလတစ်ခုပေါ် အကျိုးအမြတ်ရအောင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် စိုက်ပျိုးရေးထွက်ကုန် ရောင်းဝယ်မှုဘာသာရပ်တွင် (Temporal arbitrage) ဟုပြောဆိုကြသည်။ ဇယား-၁ ကို လေ့လာကြည့်ရှုပါ။ ဥပမာအဖြစ် တစ်နှစ်တစ်ကြိမ်သာ စိုက်ပျိုးထွက်ရှိသောမတ်ပဲ သုည ဒသမ ၁ တန် (၆၁ ဒသမ ၂၅ ပိဿာ)ကို ဖေဖော်ဝါရီလမတ်ပဲအသစ်ထွက်ချိန် တွင်ဝယ်ယူပြီး၊ ဖေဖော်ဝါရီလမှ ဇွန်လထိသိုလှောင်သည်ဆိုပါစို့။ မတ်ပဲဝယ်ယူသည့်တန်ဖိုးအတွက် ဘဏ်မှရရှိနိုင်သည့်အတိုးငွေ (Opportunity cost of interest) ကိုပါဖော်ပြထားပါသည်။ ဖေဖော်ဝါရီလမှ ဇွန်လကုန်ထိ မတ်ပဲသိုလှောင်ခြင်းကြောင့် ဇွန်လကုန်တွင် ကုန်ကျစရိတ်စုစုပေါင်းမှာ ၂၀၉၁၆၅ ကျပ်ဖြစ်သည်။

(၁) ကန်ဒေါ်လာရောင်းဈေးသည် ၁ ဒေါ်လာကို ၁၂၀၀ ကျပ်ဖြစ်ပါက သိုလှောင်ထားသော မတ်ပဲတန်ဖိုးသည် ဇွန်လတွင် ကန်ဒေါ်လာ ၁၇၄ နှင့်ညီမျှသည်။

(၂) အကယ်၍ တစ်ဒေါ်လာကို ၁၃၀၀ ကျပ်ဖြစ်လာပါက သိုလှောင်ထားသောမတ်ပဲတန်ဖိုးသည် ဇွန်လတွင် ကန်ဒေါ်လာ ၁၆၁ နှင့် ညီမျှသည်။

(၃) အကယ်၍ တစ်ဒေါ်လာကို ၁၁၅၀ ကျပ်ဖြစ်သွားပါက သိုလှောင်ထားသောမတ်ပဲတန်ဖိုးသည် ဇွန်လတွင် ကန်ဒေါ်လာ ၁၈၂ နှင့်ညီမျှသည်။

ထို့ကြောင့် တစ်ဒေါ်လာနှင့်ညီမျှသော ကျပ် ငွေ ၁၂၀၀ မှ ၁၃၀၀ ကျပ်ထိ ဖြစ်လာပါက ဇွန်လတွင် ဖြစ်ပေါ်သည့် မတ်ပဲတန်ဖိုးသည် ကန်ဒေါ်လာအားဖြင့် ကျဆင်းသွားပြီး၊ ကျပ်ငွေ ၁၂၀၀မှ၁၁၅၀ ကျပ်ထိဖြစ်လာပါက ဇွန်လတွင် ဖြစ်ပေါ်သည့် မတ်ပဲတန်ဖိုးသည် ကန်ဒေါ်လာအားဖြင့် မြင့်သွားသည်ကိုတွေ့မြင်ရမည်ဖြစ်ပါသည်။ ဇယား-၁ ကို လေ့လာကြည့်ရှုရန်ဖြစ်ပါသည်။

ဇယား-၂ ကို လေ့လာကြည့်ရှုပါ။ သုည ဒသမ ၁တန် သို့မဟုတ် ၆၁ ဒသမ ၂၅ပိဿာအတွက် မတ်ပဲဝယ်ယူတန်ဖိုးနှင့် သိုလှောင်မှုစရိတ်ကုန်ကျ ငွေမှာ ဇွန်လကုန်တွင် ၂၀၉၁၆၅ ကျပ် ဖြစ် သည်။ ထိုအချိန်တွင် မတ်ပဲ၊ဈေးကွက်တွင်ဖြစ်ပေါ်သော ဈေးမှာ ၆၁ ဒသမ ၂၅ ပိဿာအတွက် ၂၁၀၀၀၀ မှ ၂၄၀၀၀၀ကျပ် ထိဖြစ်လာသည်။ ယင်းဈေးသည် (Nominal price) များဖြစ်သည်။ ငွေဖောင်းပွမှု (Inflation)ကို နုတ်ပယ်ပါက ထိုအချိန်တွင်မတ်ပဲဈေးကွက်တွင်ဖြစ်ပေါ်သောဈေးမှာ ၁၉၅၅၃၁မှ ၂၂၄၂၉၉ ကျပ်ဖြစ်လာသည်။ ယင်းဈေးသည် ငွေဖောင်းပွမှုကို နုတ်ပယ်ထားသော (Real price) များဖြစ်သည်။ ငွေဖောင်းပွမှုကို နုတ်ပယ်ထားသော (Real price) မတ်ပဲဈေးသည် ငွေဖောင်းပွမှုပါသော မတ်ပဲဈေး (Nominal price) အောက်ရောက်ရှိသွားသည်ကို တွေ့မြင်ရမည်ဖြစ်ပါသည်။

ဇယား-၁။ မတ်ပဲဝယ်ယူသိုလှောင်ခြင်း၊ ငွေကြေးလဲလှယ်မှုအပြောင်းအလဲ

| | အကြောင်းအရာ | ဖေဖော်ဝါရီ | မတ် | ဧပြီ | မေ | ဇွန် |
|---|---|---|---|---|---|---|
| ၁ | သိုလှောင်ရန်အတွက် မတ်ပဲဝယ်ယူတန်ဖိုး (၀. ၁တန်) သို့မဟုတ် ၆၁. ၂၅ပိဿာအတွက်(ကျပ်) | ၂၀၀၀၀၀ | ၂၀၀၀၀၀ | ၂၀၀၀၀၀ | ၂၀၀၀၀၀ | ၂၀၀၀၀၀ |
| ၂ | လအလိုက်ရရှိမည့် ဘဏ်တိုးငွေ(ကျပ်) | ၁၃၃၃ | ၂၆၆၆ | ၃၉၉၉ | ၅၃၃၂ | ၆၆၆၅ |
| ၃ | သိုလှောင်ရုံအတွက်ကုန်ကျစရိတ်(ကျပ်) | ၅၀၀ | ၁၀၀၀ | ၁၅၀၀ | ၂၀၀၀ | ၂၅၀၀ |
| ၄ | သိုလှောင်မှုအတွက်ကုန်ကျစရိတ်စုစုပေါင်း(ကျပ်) (၁+၂+၃+၄) | ၂၀၁၈၃၃ | ၂၀၃၆၆၆ | ၂၀၅၄၉၉ | ၂၀၇၃၃၂ | ၂၀၉၁၆၅ |
| ၅ | USD ရောင်းဈေး = ၁၂၀၀ ကျပ် | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ | ၁၂၀၀ |
| ၆ | မတ်ပဲတစ်တန်နှင့်ညီမျှသော ကန်ဒေါ်လာ | ၁၆၈ | ၁၇၀ | ၁၇၁ | ၁၇၃ | ၁၇၄ |
| ၇ | သိုလှောင်မှုအတွက်ကုန်ကျစရိတ်စုစုပေါင်း(ကျပ်) | ၂၀၁၈၃၃ | ၂၀၃၆၆၆ | ၂၀၅၄၉၉ | ၂၀၇၃၃၂ | ၂၀၉၁၆၅ |
| ၈ | USD ရောင်းဈေး = ၁၃၀၀ ကျပ် | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ | ၁၃၀၀ |
| ၉ | မတ်ပဲတစ်တန်နှင့်ညီမျှသော ကန်ဒေါ်လာ | ၁၅၅ | ၁၅၇ | ၁၅၈ | ၁၅၉ | ၁၆၁ |
| ၁၀ | သိုလှောင်မှုအတွက်ကုန်ကျစရိတ်စုစုပေါင်း(ကျပ်) | ၂၀၁၈၃၃ | ၂၀၃၆၆၆ | ၂၀၅၄၉၉ | ၂၀၇၃၃၂ | ၂၀၉၁၆၅ |
| ၁၁ | USD ရောင်းဈေး = ၁၁၅၀ ကျပ် | ၁၁၅၀ | ၁၁၅၀ | ၁၁၅၀ | ၁၁၅၀ | ၁၁၅၀ |
| ၁၂ | မတ်ပဲတစ်တန်နှင့်ညီမျှသော ကန်ဒေါ်လာ | ၁၇၆ | ၁၇၇ | ၁၇၉ | ၁၈၀ | ၁၈၂ |
| ငွေကြေးဖောင်းပွမှုပါဝင်သောဈေးကို(Nominal price) ဟုခေါ်သည်။<br>ငွေကြေးဖောင်းပွမှုမပါဝင်သောဈေးကို(Real price) ဟုခေါ်သည်။ | | | | | | |

ဇယား-၂။ မတ်ပဲဝယ်ယူသိုလှောင်ခြင်းနှင့် ငွေကြေးဖောင်းပွမှု

| | | | | | | |
|---|---|---|---|---|---|---|
| ၁ | မတ်ပဲဝယ်စဉ်တန်ဖိုး ၆၁. ၂၅ ပိဿာအတွက် (ကျပ်)+ သိုလှောင်မှုစရိတ် (Nominal price) (ကျပ်) | ၂၀၁၈၃၃ | ၂၀၃၆၆၆ | ၂၀၅၄၉၉ | ၂၀၇၃၃၂ | ၂၀၉၁၆၅ |
| ၂ | Nominal market price (မတ်ပဲဈေးကွက်ပေါက်ဈေး) (၆၁. ၂၅ပိဿာ အတွက် -ကျပ်) | ၂၁၀၀၀၀ | ၂၂၅၀၀၀ | ၂၃၂၀၀၀ | ၂၃၅၀၀၀ | ၂၄၀၀၀၀ |
| ၃ | Inflation rate (ငွေဖေါင်းပွမှုနှုန်း) | ၇. ၄ | ၇. ၅ | ၇. ၅ | ၈. ၂ | ၇ |
| | | ၀. ၀၇၄ | ၀. ၀၇၅ | ၀. ၀၇၅ | ၀. ၀၈၂ | ၀. ၀၇ |
| | **(1+ inflation rate)** | ၁. ၀၇၄ | ၁. ၀၇၅ | ၁. ၀၇၅ | ၁. ၀၈၂ | ၁. ၀၇ |
| ၄ | Real market price (မတ်ပဲဈေးကွက်ပေါက်ဈေး) (ကျပ်) (၂)/(၃) | ၁၉၅၅၃၁ | ၂၀၉၃၀၂ | ၂၁၅၈၁၄ | ၂၁၇၁၉၀ | ၂၂၄၂၉၉ |
| ၅ | Real market price -nominal marlket price (ကျပ်) | | | | | |
| | (၄)-(၂) | -၁၄၄၆၉ | -၁၅၆၉၈ | -၁၆၁၈၆ | -၁၇၈၁၀ | -၁၅၇၀၁ |
| ၆ | အရှုံးဖြစ်ပေါ်မှု Negative margin (ကျပ်) | | | | | |
| | (၄)-(၁) | -၆၃၀၂ | ၅၆၃၆ | ၁၀၃၁၅ | ၉၈၅၈ | ၁၅၁၃၄ |
| ၇ | အမြတ်ဖြစ်ပေါ်မှု Profit margin (ကျပ်) | | | | | |
| | (၂)- (၁) | ၈၁၆၇ | ၂၁၃၃၄ | ၂၆၅၀၁ | ၂၇၆၆၈ | ၃၀၈၃၅ |

REAL PRICE = Nominal prices/ (1+ inflation rate)

မတ်ပဲဈေးကွက်တွင်ဖြစ်ပေါ်သောဈေး (Real price) မှ မတ်ပဲ ၆၁ဒသမ ၂၅ပိဿာအတွက် မတ်ပဲဝယ်ယူတန်ဖိုးနှင့် သိုလှောင်မှုစရိတ်ကုန်ကျမှုကိုနုတ်ပယ်ပါက အရှုံးဖြစ်ပေါ် (Negative margin) သည်ကို တွေ့မြင်ရမည်ဖြစ်ပါသည်။

မတ်ပဲဈေးကွက်တွင်ဖြစ်ပေါ်သောဈေး (Nominal price) မှ မတ်ပဲ ၆၁ဒသမ ၂၅ ပိဿာအတွက်မတ်ပဲဝယ်ယူတန်ဖိုး နှင့် သိုလှောင်မှုစရိတ် ကုန်ကျမှုကိုနုတ်ပယ်ပါက အမြတ်ဖြစ်ပေါ် (Profit margin) သည်ကို တွေ့မြင်ရမည်ဖြစ်ပါသည်။

သီးနှံများသိုလှောင်မှုတွင်ငွေကြေးလဲလှယ်မှုအပြောင်းအလဲ (Exchange rate)နှင့် ငွေကြေးဖောင်းပွမှု (Inflation)များကိုပါ ထည့်သွင်းစဉ်းစားရန်လိုအပ်ပါကြောင်း စိစစ်သုံးသပ်ဖော်ပြအပ်ပါသည်။

## ဝမ်းနည်းကြေကွဲခြင်း

ကောမတ်စ်ဂျာနယ်တွင် လယ်ယာထွက်ကုန်သီးနှံများနှင့် ပတ်သက်သော ဆောင်းပါးများကို အပတ်စဉ်ပါဝင်ရေးသားချီးမြှင့်ခဲ့သော ပင်တိုင်ဆောင်းပါးရှင် ဆရာဦးကျော်မြင့်သည် ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၉ ရက်နေ့ ညနေ ၆ နာရီ ၃၀ မိနစ်တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ကောမတ်စ်ဂျာနယ်မိသားစု



## ၂၀၁၆ အတွက်ကားမူဝါဒကို အချိန်မီထုတ်ပြန်ရန် ကားလောကသားများလိုလားလျက်ရှိ မူဝါဒအပြောင်းအလဲတွင် ကားဈေးကွက် တည်ငြိမ်မှုရှိပြီး ဆုံးရှုံးနစ်နာမှုများမရှိစေရန် အထူးလိုအပ်

၂၀၁၅ ခုနှစ်ကုန်ဆုံးရန် နီးကပ်လာပြီဖြစ်သည်နှင့်အညီ ပြည်တွင်းကားဈေးကွက်တစ်ခုလုံး အနေဖြင့် လာမည့်၂၀၁၆ခုနှစ်အတွက် ကားမူဝါဒ(ဝါ) မော်တော်ယာဉ်တင်သွင်းမှုဆိုင်ရာ မူဝါဒသတ်မှတ်ချက်အသစ်များကို စောင့်မျှော်လျက်ရှိကြသည်။

ပြည်သူလူထုအနေဖြင့် ကားတင်သွင်းမှု မူဝါဒအပြောင်းအလဲတွင် အဆင်ပြေပြေဖြင့် အလိုက်သင့်လိုက်ပါနိုင်ရန် အထူးလိုအပ်ပြီး မူဝါဒအပြောင်းအလဲကြောင့် အတိဒုက္ခရောက်ခြင်း မျိုးမဖြစ်စေရန် အထူးပင်အရေးကြီးလှသည်။ ပြီးခဲ့သည့် ၂၀၁၅ နှစ်စကလည်း မူဝါဒသတ်မှတ်ချက်များထုတ်ပြန်မှု လွန်စွာနောက်ကျခဲ့သဖြင့် ကားရောင်းသူများ၊ ကားဝယ်သူများ၊ တစ်နိုင်တစ်ပိုင် ကားတင်သွင်းရောင်းချသူများစသည့် ပြည်တွင်းကားဈေးကွက်အတွင်းရှိပြည်သူလူထု တစ်ရပ်လုံးများစွာဒုက္ခ ရောက်ခဲ့ကြရသည်။

ထို့ကြောင့် ကားတင်သွင်းမှုဆိုင်ရာ မူဝါဒအပြောင်းအလဲတွင် ပြည်သူများ နစ်နာမှုမရှိစေရန် ၂၀၁၆ခုနှစ်အတွက် ကားမူဝါဒကို အချိန်မီသိရှိနိုင်ရန်အတွက် ကြိုတင်ကြေညာရန် ကားလောကသားများက လိုလားလျက်ရှိကြပါသည်။ သို့မှသာအပြောင်းအလဲအတွက် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နိုင်မည်ဖြစ်ပြီး အခက်အခဲများ၊ အကျပ်အတည်းများကို အချိန်မီဖြေရှင်းနိုင်မည် ဖြစ်သည်။

ကားတင်သွင်းမှုမူဝါဒများ အချိန်မီ ထုတ်ပြန်နိုင်ရေးနှင့် ပတ်သက်၍ Motors.com.mm ၏မန်နေဂျင်းဒါရိုက်တာဖြစ်သူ Ms.RianneRoggema က "မြန်မာ့ကားဈေးကွက် တိုးတက်ဖွံ့ဖြိုးလာဖို့အတွက် မူဝါဒပိုင်းက အရမ်းအရေးကြီးတဲ့ အခန်းကဏ္ဍကပါဝင်နေပါတယ်။ မူဝါဒပိုင်းချမှတ်မှုမှာ တစ်အချက် ပြည်သူအကျိုးစီးပွားကို ဗဟိုပြုတဲ့ မူဝါဒဖြစ်ရမယ်။ နှစ်အချက် မူဝါဒပိုင်းဆိုင်ရာ တည်ငြိမ်မှုရှိရမယ်။ ပြည်သူအကျိုးစီးပွားကို ဗဟိုပြုတဲ့မူဝါဒ ဖြစ်ဖို့အတွက်က ယေဘုယျအားဖြင့် ပြောရင်တော့ အခွန်တွေလျှော့ပေးရမယ်၊ လူတိုင်းကားဝယ်စီးနိုင်တဲ့ အခြေအနေမျိုးကို ဖန်တီးပေးရမယ်ပေါ့။ မူဝါဒပိုင်းဆိုင်ရာ တည်ငြိမ်မှုရှိဖို့ကတော့ အရင်ဆုံးအနေနဲ့ ကားမူဝါဒအပြောင်းအလဲတွေကို ပြည်သူတွေနားလည်သိရှိ သဘောပေါက်အောင် ကြိုတင်ကြေညာပေးဖို့ အရေးကြီးပါတယ်။ ဒါမှလည်း ပြည်သူတွေအနေနဲ့ မူဝါဒအပြောင်းအလဲအပေါ် ကြိုတင်ပြင်ဆင်မှုတွေ ပြုလုပ် နိုင်မှာဖြစ်ပြီး အပြောင်းအလဲနဲ့အတူ အလိုက်သင့်လိုက်ပါ စီးမျောနိုင်မှာပါ" ဟု ပြောကြားသည်။

ဝန်းရံခကားအရောင်းစင်တာ၏ မန်နေဂျင်းဒါရိုက်တာ ကိုမင်းမင်းမောင်ကလည်း "စောစောသိရရင် ကြိုတင်ပြင်ဆင်လို့ ရတာပေါ့။ကညနကလည်း ထုတ်ပြန်တာ နည်းနည်းတော့ နောက်ကျတယ်။ နိုဝင်ဘာလဆန်းပိုင်းလောက်ကတည်းက ကြေညာထားသင့်တာ။ လောလောဆယ်တော့ ၂၀၀၆-၂၀၁၀ မော်ဒယ်တွေကတော့ စလစ်ကပ်ရမယ်။ ၂၀၁၄ - ၂၀၁၆ ကို ဘယ်မောင်းဖြစ်ရမယ်။ ဒါတွေကတော့ သေချာသလောက်ဖြစ်နေပြီလို့ ယူဆလို့ရတယ်။ ကြားထဲက ၂၀၁၁ ကနေ ၂၀၁၃ မော်ဒယ်အထိကို ဘယ်လိုမူဝါဒနဲ့သွားမလဲဆိုတာ ကညနက ထုတ်ပြန်မယ့် အပေါ် အစ်ကိုတို့ စောင့်ကြည့်နေရ တယ်။ ၂၀၁၁ ကနေ ၂၀၁၃ မော်ဒယ်တွေကို ဘယ်မောင်းသွင်းခိုင်းမှာလား၊ ညာမောင်းသွင်းခိုင်းမှာလား၊ စလစ်ကပ်ခိုင်းမှာလား၊ Free Permit နဲ့ သွားမှာလား၊ ဒီသုံးချက်လုံးကိုသေချာသဲသဲကွဲကွဲမသိသေးဘူး"ဟု ပြောကြား သည်။

Distinct Trading Co.,Ltd ၏ မန်နေဂျင်း ဒါရိုက်တာ ဦးထွဋ်ထိပ်ကလည်း "လာမယ့်နှစ်အတွက် ကားတင်သွင်းမှုဆိုင်ရာ မူဝါဒတွေကို စောစောထုတ်ပြန်ပေးသင့်ပါတယ်။ ဒါမှလည်း ကြိုတင်ပြင်ဆင်ချိန်ရမှာလေ။ ကြိုတင်ပြင်ဆင်တယ်ဆိုတာ တချို့တင်သွင်းဖို့ခက်သွားမယ့် ကားမျိုးတွေဆို လိုအပ်ရင် ဒီနှစ်ထဲသွင်းဖို့ စီစဉ်ရမယ်။ နောက်နှစ်သွင်းရင် သက်သာမယ့်ကားမျိုးတွေဆို နောက်နှစ်မှာသွင်းဖို့ စောင့်ဆိုင်းရမယ်လေ။ နောက်တစ်ခုက သတင်းကြိုရထားတဲ့သူက အကွက်ကြိုရွှေ့လို့ရတော့ ဘာမှအခက် အခဲမရှိပေမယ့် သာမန်ပြည်သူတွေ ကတော့ ရုတ်တရက်ပြောင်းလဲလိုက်တဲ့ မူဝါဒဒဏ်ကိုခံရပါတယ်။ ဒီတော့ အားလုံးတစ်ပြေးညီဖြစ်အောင် ကြိုကြိုတင်တင်ကြေညာထားပေးတာက အကောင်းဆုံးပါ"ဟု ပြောကြားသည်။

**မယ်သီတာ**

## အိမ်ခြံမြေကဏ္ဍ

| စဉ် | အိမ်/အခန်း | တည်နေရာ | အကျယ်အဝန်း | ပါဝင်ပုံ | ဈေးနှုန်း | သီးခြားအချက် | ဆက်သွယ်ရန် |
|---|---|---|---|---|---|---|---|
| ၁။ | တိုက်ခန်း | မင်္ဂလာတောင်ညွန့် (၈၉) လမ်း | ၇၅၀ စ/ပေ | (၇) လွှာ | ၃၅၀ သိန်း | ပြင်ဆင်ပြီး | ၀၉/၂၅၀/၃၇၆၃၈၉ |
| ၂။ | တိုက်ခန်း | အင်းစိန်မြို့နယ်၊ တောင်သူကုန်း | ၁၂၅၀ စ/ပေ | RC (၂) ထပ် | ၁၁၅၀ သိန်း | အသင့်နေ | ၀၉/၂၅၀/၃၇၆၃၈၉ |
| ၃။ | တိုက်ခန်း | အလုံမြို့နယ်၊ ဇမ္ဗူဒိပ်ကွန်ဒို | ၂၂၀၀ စ/ပေ | MB (၂) BR (၁) | ၃၇၀၀ သိန်း | အသင့်နေ | ၀၉/၅၁/၁၇၂၆၂ |
| ၄။ | မြေ | ဒဂုံ (မြောက်) မြို့နယ် | ၂၄၀၀ စ/ပေ | မြေသီးသန့် | ၇၅၀ သိန်း | | ၀၉/၅၁/၁၇၂၆၂ |
| ၅။ | လုံးချင်းအိမ် | တောင်ဥက္ကလာပမြို့နယ်၊ မြသီတာအိမ်ရာ | (၇၅×၇၅) ပေ | RC (၂) ထပ် MB (၃) BR (၂) | ၁၃၀၀၀ သိန်း | | ၀၉/၂၅၀/၃၇၆၃၈၉ |
| ၆။ | အိမ်/မြေ | တောင်ဥက္ကလာပမြို့နယ်၊ မယ်ညိုလမ်း (၁၄/၂) ရပ်ကွက် | ၁၅၀၀ စ/ပေ | BN (၁)ထပ် | ၂၃၅၀ သိန်း | မြေပိုပါရှိ | ၀၉/၅၁/၁၇၂၆၂ |
| ၇။ | တိုက်ခန်း | ဗိုလ်တထောင်မြို့နယ်၊ သော်မဆင်ရိပ်သာလမ်း | ၇၅၀၀ စ/ပေ | အခန်းဖွဲ့ (၅) လွှာ | ၆၅၀ သိန်း | | ၀၉/၅၁/၁၇၂၆၂ |
| ၈။ | မြေ | ပုဂံမြို့သစ်၊ အနော်ရထာရပ်ကွက် | ၄၈၀၀ စ/ပေ | မြေသီးသန့် | ၂၅၀၀ သိန်း | ညောင်ဦး-ချောက် ကားလမ်းဘေး | ၀၉/၅၁/၁၇၂၆၂ |
| ၉။ | မြေ | ပြင်ဦးလွင်မြို့ မိုးကြိုးပစ်ရွာ | ၂၄၀၀ စ/ပေ | မြေသီးသန့် | ၂၅၀ သိန်း | ရွာမြေ | ၀၉/၅၁/၁၇၂၆၂ |
| ၁၀။ | မြေ | ပြင်လွင်ဦးမြို့ ညောင်နီရွာ | (၄၀×၆၀)ပေ | မြေသီးသန့် | ၁၈၀ သိန်း | ရွာမြေ | ၀၉/၅၁/၁၇၂၆၂ |

## အွန်လိုင်းရှေးဟောင်းပစ္စည်းကဏ္ဍတွင် နိုင်ငံခြားသားများ ဝင်ရောက် ကြည့်ရှုမှု ပိုမိုမြင့်တက်

မြန်မာနိုင်ငံ၏ အွန်လိုင်းဈေးကွက် တစ်ခုဖြစ်သည့် အခမဲ့ကြော်ငြာဝက်ဘ်ဆိုက်များတွင် ရှေးဟောင်းပစ္စည်းနှင့် အမှတ်တရပစ္စည်း စုဆောင်းရှာဖွေနိုင်သည့် ကဏ္ဍ၌ လက်ရှိ မြန်မာပြည်တွင်းထက် ပြည်ပနိုင်ငံခြားသားများ၏ ဝင်ရောက်ကြည့်ရှုမှုနှုန်းမှာ မြင့်တက်နေကြောင်း www.ads.com.mm ၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

"မြန်မာပြည်ရဲ့ အွန်လိုင်းဈေးကွက်မှာ ရှေးဟောင်းပစ္စည်းတွေက တခြားနိုင်ငံကလူတွေကို တော်တော်ဆွဲဆောင်နိုင်တာတွေ့ရတယ်။ ကျွန်တော်တို့ အခမဲ့ကြော်ငြာ ဝက်ဘ်ဆိုက်မှာ နိုင်ငံ ခြားသားတွေ အများဆုံးစိတ်ဝင်စားမှု ကဏ္ဍတွေက မြန်မာ့အနုပညာပစ္စည်း၊ ရှေးဟောင်းပစ္စည်းနဲ့ မြန်မာပြည်ဖြစ် အမှတ်တရပစ္စည်းကဏ္ဍတွေဖြစ်ပါတယ်။ အခုနောက်ပိုင်းဆိုရင် မြန်မာပြည်တွင်းဖြစ် ရေဆေးပန်းချီ ကားတွေနဲ့လက်ရက်ချည်ထည်တွေကိုပါ နိုင်ငံခြား ခရီးသွားအများစုက သဘော ကျနှစ် ခြိုက်လာကြတာကိုတွေ့မြင်ရမှာပါ။ လက်ရှိကျွန်တော်တို့မှာ လူကြည့် အများဆုံးပစ္စည်းကတော့ ကြေးနဲ့ထုလုပ်ထားတဲ့ စစ်တုရင်ခုံဖြစ်ပါတယ်။ ဒီစစ်တုရင်ခုံကိုဆို မြန်မာနိုင်ငံကလူတွေထက် နိုင်ငံခြားဘက်က လူတွေဝင်ရောက်ကြည့်ရှုနှုန်း ပိုပြီးမြင့်တက်တာကို တွေ့ရှိရမှာဖြစ်ပါတယ်။ ပြီးတော့ ချင်းပြည်ဘက်ကတော ရှေးကျောက်ပုတီးနှင့်ကြေးလက်ကောက်တွေကို သဘောကျနှစ်ခြိုက်ပြီး ကြည့်ရှု ဝယ်ယူလာတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ မြန်မာပြည်တွင်းမှာဆို ဒီကဏ္ဍက Dream Capture က လူငယ်တွေ အကြိုက်ဆုံးပစ္စည်းဖြစ်တာကို တွေ့ရပါတယ်။ တချို့နိုင်ငံခြား သားတွေကျတော့ ကျွန်တော်တို့ရဲ့ တခြားကဏ္ဍတွေဖြစ်တဲ့အိမ်ခြံမြေကဏ္ဍနှင့် ကားကဏ္ဍကို ကြည့်ရှုမှုများတာကို လည်း တွေ့ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ဝက်ဘ်ဆိုက်ရဲ့ ရှေးဟောင်းပစ္စည်း အရောင်း အဝယ် ဝက်ဘ်ဆိုက်ရဲ့ကြည့်ရှုသူ ၆၀ ရာခိုင်နှုန်းက နိုင်ငံခြားသားတွေဖြစ်တယ်။ ကြည့်ရှုသူအများဆုံးနိုင်ငံတွေကတော့ အမေရိကန်၊ စင်ကာပူ၊ ထိုင်းနဲ့ ကိုရီးယားနိုင်ငံတို့ဖြစ်ပါတယ်။ မြန်မာပြည်ရဲ့ခရီးသွားလုပ်ငန်းတွေ ခေတ်စားလာတဲ့ အကျိုးဆက်တွေပါ ပါဝင်လာတော့ ဝန်ဆောင်မှုကလည်း နိုင်ငံခြားသားတွေအတွက် သဘောကျစရာကဏ္ဍတစ်ခုအဖြစ် နာမည်ကြီးလာတာကို တွေ့မြင်ရမှာဖြစ်ပါတယ်"ဟု www.ads.com.mm မှ Mr.Elijah Htang က ပြောကြားခဲ့သည်။

မြန်မာပြည်အတွင်း လက်ရှိအချိန်တွင် E-commerce ဝက်ဘ်ဆိုက်များကို အများအပြား ထူထောင်လာကြသော်လည်း Classified ဝက်ဘ်ဆိုက်အမျိုးအစားသည် ပိုမို လူကြိုက်များလာသော ဈေးကွက်တစ်ခုဖြစ်ကြောင်း တွေ့ရှိရသည်။ မြန်မာပြည်၏လမ်းပန်းဆက်သွယ်ရေးအခြေအနေနှင့် မြို့တွင်းသွားလာရခက်ခဲသောအခြေအနေများကြောင့် E-commerce ဝက်ဘ်ဆိုက်သည် လက်ရှိအချိန်တွင် အောင်မြင်သင့်သည့်အတိုင်းအတာအထိ မအောင်မြင်သေးကြောင်းကို တွေ့ရှိရသည်။

E-commerce တွင် လက်ရှိအချိန်၌ i-Banking စနစ်ကို တွင်တွင်ကျယ်ကျယ် အသုံးမပြုနိုင်သောကြောင့် အောင်မြင်နိုင်သည့်အခြေအနေတွင် မရောက်ရှိနိုင်သေးကြောင်း အွန်လိုင်းကျွမ်းကျင်သူအချို့က သုံးသပ်ထားသည်။

**မယ်သီတာ**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အကွာရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | အေဒီဗင် (၂၀၁၀) | ယာယီ | ၁၁၈ သိန်း | 1.5 ဓာတ်ဆီ |
| ၂။ | ရက်တစ် (၂၀၁၁) | ယာယီ | ၁၃၈ သိန်း | 1.3 ဓာတ်ဆီ |
| ၃။ | နီဆန်း/ဝင်းရဒ် (၂၀၀၉) | ယာယီ | ၁၄၈ သိန်း | 1.5 ဓာတ်ဆီ |
| ၄။ | ဆပ်ဆီ(ဒ်) (၂၀၁၀) | ယာယီ | ၁၃၅ သိန်း | 1.5 ဓာတ်ဆီ |
| ၅။ | အာဗီအာ (၂၀၁၀) | ယာယီ | ၂၈၅ သိန်း | ကီလိုနဲ၊ 1.8 ဓာတ်ဆီ |
| ၆။ | အာလ်ဖတ် (၂၀၀၃) | ယာယီ | ၂၅၅ သိန်း | 1.4 ဓာတ်ဆီ |
| ၇။ | ဝှစ်ရှ် (၂၀၀၃) | ယာယီ | ၁၆၀ သိန်း | 1.8 ဓာတ်ဆီ |
| ၈။ | နီဆန်း (နတ်) (၂၀၀၉) | ယာယီ | ၁၀၂ သိန်း | 1.3 ဓာတ်ဆီ |
| ၉။ | ဟွန်ဒါဖစ် (၂၀၁၁) | ယာယီ | ၁၃၀ သိန်း | 1.3 ဓာတ်ဆီ |

# မြင်းခြံမြို့ကုန်စည်ဒိုင်တွင် ဆီနှင့် ဆီထွက်သီးနှံများ ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ မြင်းခြံမြို့ ကုန်စည်ဒိုင်၌ ဒီဇင်ဘာလ ၉ ရက်နေ့တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ဦးဆောင်ကျင်းပပြုလုပ်သည့် "ဆီနှင့်ဆီထွက်သီးနှံများ ဖွံ့ဖြိုးတိုးတက်ရေး" အလုပ်ရုံဆွေးနွေးပွဲကို မန္တလေးတိုင်းဒေသကြီး၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ တိုင်းဒေသကြီး ဦးစီးမှူး၊ ဒုတိယတိုင်းဒေသကြီးဦးစီးမှူးနဲ့ အရာထမ်း၊ အမှုထမ်းများ၊ မန္တလေးတိုင်းဒေသကြီးမှ ပဲ၊ နှမ်းအသင်းနှင့် ဆီလုပ်ငန်းရှင်အသင်းမှ ပုဂ္ဂိုလ်များ၊ မြင်းခြံကုန်စည်ဒိုင်မှ ပုဂ္ဂိုလ်များ၊ မြင်းခြံခရိုင်အတွင်းရှိ ဖိတ်ကြားထားတဲ့ ဌာနဆိုင်ရာ အသီးသီးမှ ပုဂ္ဂိုလ်များ၊ ဆီလုပ်ငန်းရှင်များ၊ ဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်သူများအသင်းနှင့် အခြားဖိတ်ကြားထားတဲ့ ဧည့်သည်တော်များ တက်ရောက်ခဲ့ကြောင်း သိရပါတယ်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့အသီးသီးနဲ့ စိတ်ပါဝင်စားသူ ၉၀ ဦးခန့်တက်ရောက်ခဲ့ပါတယ်။

"ဆီနှင့်ဆီထွက်သီးနှံများ ဖွံ့ဖြိုးတိုးတက်ရေး" အလုပ်ရုံဆွေးနွေးပွဲကို မြင်းခြံကုန်စည်ဒိုင်တွင် ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်နေ့ ၉နာရီခွဲတွင် စတင်ခဲ့ရာ မန္တလေးတိုင်းဒေသကြီး၊ ကုန်သွယ်မှုမြှင့်တင်ရေး နှင့်စားသုံးသူရေးရာဦးစီးဌာန၊ တိုင်းဒေသကြီး ဦးစီးမှူး ဦးကြည်စိန်က အဖွင့်အမှာစကား ပြောကြားပါတယ်။ ဆက်လက်၍ အမျိုးသားပို့ကုန်မဟာဗျူဟာ (NES-National Export Strategy )မှ Project Manager ဒေါက်တာဒေါ်သစ်သစ်လွင်က အမျိုးသားပို့ကုန် မဟာဗျူဟာ လုပ်ငန်းအကြောင်း ဆွေးနွေးပါတယ်။ ၎င်းနောက် မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်အသင်း အကြံပေး ဦးစိုးဝင်းမောင်က မြန်မာနိုင်ငံ ဆီထွက်သီးနှံကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ခေါင်းစဉ်ဖြင့်ဆွေးနွေးပြီး မြန်မာနိုင်ငံ ဆီလုပ်ငန်းရှင်များအသင်း ဥက္ကဌ ဦးမြင့်ကြူက ဆီအကြောင်းဆွေးနွေးပါတယ်။ မြင်းခြံခရိုင် စိုက်ပျိုးရေးဦးစီးဌာန၊ ခရိုင်ဦးစီးမှူး ဦးမြင့်လင်းက မျိုးစေ့သုတေသနခြံများမှ မျိုးထုတ်လုပ်နေမှုအခြေအနေ၊ အကျိုးဆောင်တောင်သူများနှင့်ပူးပေါင်း၍ ရေမြေရာသီဥတုနှင့် ကိုက်ညီသည့် မျိုးများ ပြန့်ပွားမှု၊ သီးနှံစံကွက်များတွင် စိုက်ပျိုးထုတ်လုပ်မှုအခြေအနေများနှင့် မှန်ကန်သည့်ဓါတ်မြေဩဇာများကို သုံးစွဲရန် ပညာပေးမှုအခြေအနေများကို ဆွေးနွေးပြီး၊ တက်ရောက်လာသူများမှ သိရှိလိုသည်များကို မေးမြန်းရာ သက်ဆိုင်ရာ တာဝန်ရှိသူများမှ ပြန်လည်ဖြေကြားရှင်းလင်းခဲ့ပါတယ်။

**စိုးအောင် - မန္တလေး**

# ဝါးအနုထည်လက်မှုသင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန်တိုင်းဒေသကြီး၊ ကျေးလက်ဒေသအသေးစား ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ဆပ်ကော်မတီကကြီးမှူးကျင်းပသည့် ဝါးအနုထည်လက်မှုသင်တန်းဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာလ ၈ရက်နေ့ နံနက် ၉နာရီခွဲ၌ ကော့မှူးမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနခန်းမတွင် ကျင်းပခဲ့ပါသည်။



ဖွင့်ပွဲ အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး၊ ကျေးလက်ဒေသ အသေးစားကုန်ထုတ်လုပ်ငန်းများဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းဆပ်ကော်မတီ ဥက္ကဋ္ဌ ကိုယ်စား စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူး ဦးမြင့်ချိုက ကျေးလက်ဒေသအသေးစား ကုန်ထုတ် လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ကွင်းဆင်းလေ့လာခြင်း၊ အစုအဖွဲ့ စုဖွဲ့စေခြင်း၊ လိုအပ်ချက်များ မေးမြန်း လေ့လာခြင်း၊ ငွေကြေးအရင်းအနှီးရရှိရေး၊ ကုန်ကြမ်းရရှိရေး၊ ဈေးကွက်ရရှိရေး၊ နည်းပညာရရှိရေးတို့အတွက်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ယနေ့ကာလအထိ အစုအဖွဲ့ပေါင်း ၉၀၊ အဖွဲ့ဝင် ၆၀၉ ဦးအားချေးငွေကျပ် ၁၀၇၃ သိန်း ပံ့ပိုးပေးနိုင်ခဲ့ကြောင်း၊ ကျေးလက်ထုတ်ကုန်များ ဈေးကွက်ရရှိရေးအတွက် ပြည်တွင်း/ ပြည်ပကုန်စည်ပြပွဲများ၌ ပါဝင်ပြသနိုင်ရန် စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ နည်းပညာပေး သင်တန်းအနေဖြင့် ယခု သင်တန်းအပါအဝင် ငါးကြိမ် ဖွင့်လှစ်ဆောင်ရွက်နိုင်ခဲ့ပါကြောင်းဖြင့် ပြောကြားခဲ့ပါသည်။

အဆိုပါ သင်တန်းဖြစ်မြောက်ရေးအတွက်လိုအပ်သည့် ရန်ပုံငွေအား စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ ပံ့ပိုးပေးခဲ့ပြီး သင်တန်းနည်းပြ ဆရာများအား သမဝါယမဝန်ကြီးဌာန၊ အသေးစားစက်မှု လက်မှုလုပ်ငန်း ဦးစီးဌာနမှ ကူညီပံ့ပိုးပေးခဲ့ပါသည်။ သင်တန်းကာလမှာ ဒီဇင်ဘာလ ၈ ရက်နေ့မှ ၁၅ ရက်နေ့အထိ သင်ကြားပို့ချသွားမည်ဖြစ်ပြီး လက်တွေ့သင်ကြားပေးမည့် ဝါးအနုထည်ထုတ်ကုန်ပစ္စည်းများမှာ ဓါတ်ပုံဘောင်၊ တယ်လီဖုန်း တင်စင်၊ တစ်ရှူးဘူး၊ ဘောလ်ပင်/ခဲတံထည့်သည့်ခြင်း၊ မီးအိမ်/မီးအုပ်ဆောင်းတို့ပါဝင်ကြောင်း သိရှိရပါသည်။

**USM**

## Social Business Creation Skill Development TOT Training for Active Citizens သင်တန်းဖွင့်လှစ်မည်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုသင်တန်းကျောင်း (ရန်ကုန်) နဲ့ PS Business School တို့ပူးပေါင်းပြီး Social Business Creation Skill Development TOT Training for Active Citizens ရက်တို သင်တန်းကို ဒီဇင်ဘာလ ၁၄ ရက်မှ စတင်ဖွင့်လှစ်ခဲ့ပြီး ၁၇ ရက်ထိ ရန်ကုန်တိုင်းဒေသကြီးရုံး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှာ ဖွင့်လှစ်သွားမယ်လို့ သတင်းရရှိပါတယ်။

သင်တန်းဖွင့်လှစ်တဲ့ ရည်ရွယ်ချက်ကတော့ မြန်မာနိုင်ငံရှိ အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းရှင်များ၊ ကုမ္ပဏီပိုင်ရှင်များနဲ့ စွန့်ဦးတီထွင်လုပ်ကိုင်လိုသူများအနေနဲ့ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရာမှာ စွမ်းရည်ပြည့်စွာနဲ့ ယှဉ်ပြိုင်ဆောင်ရွက်နိုင်ရန်၊ စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်ရန်လို့သိရပါတယ်။ သင်တန်းတက်ရောက်သူများအနေနဲ့ နိုင်ငံစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါလှတဲ့ အသေးစား၊ အလတ်စားလုပ်ငန်းများအား စွမ်းရည်ပြည့်ဝစွာနဲ့ ဆောင်ရွက်နိုင်ခြင်း၊ ပိုမိုကောင်းမွန်တဲ့ လုပ်ငန်းများအား တီထွင် ကြံဆဆောင်ရွက်နိုင်ရန် အထောက်အပံ့ဖြစ်စေခြင်းနဲ့ လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုကောင်းမွန်စေနိုင်ခြင်းစတဲ့ အကျိုးကျေးဇူးများ ရရှိနိုင်မယ်လို့သိရပါတယ်။

PS Business School ဟာ နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမှာ အရေးပါတဲ့ လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သင်တန်းများကို ၂၀၀၇ ခုနှစ်က စတင်ဖွင့်လှစ်ပို့ချလျက်ရှိတဲ့ သင်တန်းကျောင်းတစ်ကျောင်းဖြစ်ပါတယ်။ စီးပွားရေးဆိုင်ရာ သင်တန်းများအပြင် စီးပွားရေးအစီအစဉ်ရေးဆွဲခြင်း၊ ပြိုင်ပွဲများ၊ လူငယ်နဲ့ လူမှုအကျိုးပြု စီးပွားရေးလုပ်ငန်းအစီအစဉ်များကို ဖွင့်လှစ်ပို့ချခဲ့တယ်လို့ သိရပါတယ်။

ယခုဖွင့်လှစ်မယ့် သင်တန်းကတော့ PS Business School နဲ့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ကုန်သွယ် မှုသင်တန်းကျောင်း (TTI) တို့ပူးပေါင်းဖွင့်လှစ်မယ့် သင်တန်းများအနက် ပထမဦးဆုံး ဖွင့်လှစ်တဲ့ သင်တန်းလည်းဖြစ်ပါတယ်။ သင်တန်းကို အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်း (Small and Medium Enterprises) များမှ သင်တန်းသား ၃၀ ဦးတက်ရောက်တယ်လို့ သတင်းရရှိပါတယ်။ **MIRT**

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Trade Promotion and Information Service(TPIS) များ၏ Contact Points များ

| | |
|---|---|
| (၁) ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။ Fax:01-254023, Ph:01-250270,254019 email: ygnmapt@gmail.com |
| (၂) ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။ Fax : 053-28220, Ph : 053-28032,28020 |
| (၃) ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။ Ph : 052-2221844, 2221108, 2221036 |
| (၄) ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။ Fax : 042-21811, Ph: 042-24520,24522 email: yiyinaingwin@gmail.com |
| (၅) မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။ Fax : 02-36340, Ph: 02-36342,36339 email: mdymapt@gmail.com |
| (၆) ရခိုင်ပြည်နယ် | စစ်တွေမြို့။ Fax:043-23426,Ph:043-23426 |
| (၇) မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။ Fax : 063-23199, Ph : 063-23196,23197 |
| (၈) ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။ Fax:081-2121093,Ph:081-2121627 email:m.myintmaungmaung@gmail.com |
| (၉) ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။ Fax:084-21034,Ph:084-21034 |
| (၁၀) ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။ Fax:082-23493,Ph:082-23039 |
| (၁၁) ကရင်ပြည်နယ် | ဘားအံမြို့။ Fax:058-21666,Ph:058-21041 |
| (၁၂) တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။ Fax:059-41012,Ph:059-41012 |
| (၁၃) ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။ Fax:074-22459,Ph:074-22459 |
| (၁၄) ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါလမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။ Fax:083-21005,Ph:083-21005 |
| (၁၅) မွန်ပြည်နယ် | အမှတ်(၄)ကမ်းနားလမ်း၊ ရွှေတောင်ရပ်၊ ဘုရင့်ရုံရှေ့ မော်လမြိုင်မြို့။ Fax:057-24728, Ph:057-24318 |
| (၁၆) စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြီရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရုပ်ကြား၊ မုံရွာမြို့။ Fax : 071-23630, Ph:071-23630,22924 |

Vol: 15, No.48 Monday December 14 2015

## (၇) နေ့ သားသမီးများအတွက်

## စီးပွားရေး အကြံပေး ဟောကိန်း

### ၁၄-၁၂-၂၀၁၅ မှ ၂၀-၁၂-၂၀၁၅ ရက်နေ့ထိ

### ဒေါ်မြတ်မြတ်အေး
### (မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



တနင်္ဂနွေသားသမီးများအတွက် စီးပွားရေးလုပ်ငန်းများတွင် ကူညီကြသောအကြံဉာဏ်ပေးကြသော မိတ်ဆွေဆရာသမားတို့ကြောင့် အမြတ်အစွန်းများရရှိလာတတ်ပါသည်။ ကွန်ပျူတာ၊ လျှပ်စစ်ပစ္စည်း၊ ပရဆေးများ အကျိုးပေးကောင်းနေတတ်ပါသည်။ ဝန်ထမ်းဖြစ်လျှင် ရာထူးတိုးရန် အဆင့်သင့်ရှိနေတတ်ပါသည်။ အချစ်ရေးကံကောင်းနေတတ်သည်။ ချစ်သူ ကြင်ဖက် တွေ့ရတတ်သည်။ ကျန်းမာရေးစိုးရိမ်စရာမရှိပါ အစားမှန်မှန်၊ အအိပ်မှန်မှန် စားပါက ခဏတစ်ဖြုတ်ရောဂါအသေးလေးသာဖြစ်တတ်ပါသည်။

**ယတြာ။ ။နဝင်းပုတီးစိပ်ပါ။**



**တနင်္လာသားသမီးများအတွက်** မှတ်ဉာဏ်အတွေးအခေါ် တို့သည် အလွန်ကောင်းသည်ဟု ထင်မှတ်ထားနေတတ်သည်။ လက်တွေ့တွင် အတ္တပိုများနေလိမ့်မည်။ စီးပွားရေးတွင် အဓိကရေနံနှင့်ရေနံထွက်ပစ္စည်းများ၊ ဓာတုပစ္စည်းများ အောင်မြင်ဖြစ်ထွန်းနိုင်မည့်ကာလဖြစ်ပါသည်။ အချစ်ရေးတွင် ချစ်သူရှိလျှင် ချစ်နေသောသူအတွက်ပူပန်နေရတတ်ပါသည်။ ကျန်းမာရေးတွင် ကြီးမားသောရောဂါမဖြစ်နိုင်ပါ အထူးစိုးရိမ်စရာမရှိပါ။

**ယတြာ။ ။ဘုန်းကြီးကျောင်းသွား၍ သက်သက်လွတ်ဒံပေါက်ဆွမ်းတစ်ပွဲပို့လိုက်ပါ။**



**အင်္ဂါသားသမီးများအတွက်** အကျိုးတူစီးပွားလုပ်ဖက်များနှင့် ညှိနှိုင်းတိုင်ပင်၍ ရှယ်ယာဝင်များနှင့်စီးပွားရေးလုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်နိုင်ရန် လျာထားသတ်မှတ်ချက်များ ရှိထားတတ်ပါသည်။ ဆန်စပါး၊ ပဲ၊ ပြောင်း၊ ဂျုံ ဆီနှင့်ဆီထွက်သီးနှံများ၊ စား သောက်ကုန်များ အကျိုးဖြစ်ထွန်းပါမည်။ စိတ်တူကိုယ်တူ ချစ်ရမည့်သူနှင့်တွေ့နိုင်ရန် စိတ်ကူးယဉ်နေရတတ်သည်။ ကျန်းမာရေးတွင် အသက်ရှုမဝခြင်း အဆုတ်နှင့်ပတ်သက်သောရောဂါ ဆီးနှင့်ပတ်သက်သောရောဂါတို့ကို သတိပြုသင့်ပါသည်။

**ယတြာ။ ။ဘုရားတွင်ဆီမီးပူဇော်ပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** မိမိအားစိတ်ရင်း စေတနာကောင်းမှုတို့ကိုသိရှိသောသူတို့ ခင်တွယ်ကြလိမ့်မည်။ စီးပွားရေးတွင် အစုစပ်လုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်း၊ ခရီးသွားလုပ်ငန်းများမှ လာဘ်လာဘဝင်ငွေအားကောင်းလိမ့်မည်။ အချစ်ရေးကောင်း သည်။ စိတ်ချမ်းသာပျော်ရွှင်မှုရှိမည်။ ကျန်းမာရေးအနေဖြင့် အစာအိမ်နှင့် ပတ်သက်သောရောဂါ၊ လေထိုး၊ လေအောင့်ရောဂါတို့ဖြစ်တတ်ပါသည်။ လူမှုရေးနှင့် စီးပွားရေး တို့တွင် ကောင်းမွန်စွာပေါင်းသင်းဆက်ဆံတတ်ပါသည်။

**ယတြာ။ ။ဘုရားတွင်ရေချမ်းကပ်လှူပါ။**



**ကြာသပတေးသားသမီးများအတွက်** အလုပ်အကိုင်စီးပွားရေးတို့တွင် ကြိုးစားသလောက် အရာထင်လာတတ်ပါသည်။ ပညာရေးဆိုင်ရာလုပ်ငန်းများ၊ ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းများ အထူးအကျိုးပေးကောင်းနေလိမ့်မည်။ အချစ်ရေးတွင် အဆင့်အတန်း အမြင့်မဟုတ်သော်လည်း ရိုးသားသောချစ်သူနှင့်တွေ့ရတတ်သည်။ ကျန်းမာရေးတွင် အသည်းအဆီဖုံးသော ဝေဒနာခံစားရတတ်ပါသည်။ **ယတြာ။ ။ ဘုရားတွင်နဂါးမောက်သီးလှူပါ။**



**သောကြာသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းတွင် လုပ်ကာစတွင် ယုံကြည်မှုမပြင်းထန်သော်လည်း အောင်မြင်မှုရသောအခါ ပြင်းထန်လာတတ်ပါသည်။ သစ်တောထွက်ပစ္စည်းများနှင့် ပတ်သက်သော ပရိဘောဂလုပ်ငန်းများ အောင်မြင်၍ ဝင်ငွေအားကောင်းနေမည်။ အချစ်ရေးတွင် အရွေးမမှားရန် သတိရှိပါ။ ကျန်းမာရေးအနေဖြင့် အဆုတ်အအေးပတ်ခြင်း၊ ချောင်းဆိုး၊ ရင်ကြပ်ရောဂါဖြစ်တတ်ပါသည်။

**ယတြာ။ ။ စေတီ ပုထိုးဘုရားများသို့သွား၍ သန့်ရှင်းရေးလုပ်ပါ။**



**စနေသားသမီးများအတွက်** စီးပွားရေး အလုပ်အကိုင် တိုးတက်လာတတ်ပါသည်။ လုပ်ငန်းကျွမ်းကျင်သူများလိုအပ်နေလိမ့်မည်။ စည်းစနစ်ကျရန် စီမံနေရတတ်သည်။ မြေတွင်းထွက်ပစ္စည်း၊ စက်မှုလက်မှုလုပ်ငန်းများ အထူးအောင်မြင်မှုရရှိပြီး ဝင်ငွေအားကောင်းပါလိမ့်မည်။ ကျန်းမာရေးအနေဖြင့် ဦးခေါင်းမူးဝေကိုက်ခဲခြင်းရောဂါ၊ ကိုယ်လက်လေးလံထိုင်းမှိုင်း သောရောဂါ ခန္ဓာကိုယ်အထိအခိုက် ဖြစ်တတ်ခြင်းရှိပါသည်။ အချစ်ရေးတွင် ကံကောင်းနေမည်။ ရည်မှန်းသူနှင့် ဆုံရတတ်သည်။ **ယတြာ။ ။သံဃာတော်အားမုန့် သုံးမျိုးထည့်လှူပါ။**

# တူရကီနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့မှ အလှကုန်ပစ္စည်းများကို မြန်မာနိုင်ငံတွင် လာရောက်ပြသရန်စီစဉ်လျက်ရှိ

VEAS Professional Event Organizer Company မှ ဒီဇင်ဘာလ ၁ ရက်တွင် ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့ရှိ ဆိုဖီတယ်ဟိုတယ်၌ Cambodia B2B Business Matching Meeting ကို ကျင်းပပြုလုပ်ခဲ့သည်။



အဆိုပါတွေ့ဆုံပွဲသည် တူရကီနိုင်ငံမှ အလှကုန်ပစ္စည်းဆိုင်ရာ ထုတ်ကုန်များကို မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံသို့ ဖြန့်ချိတင်ပို့နိုင်ရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

၎င်းတွေ့ဆုံပွဲတွင် မြန်မာနိုင်ငံမှ Myanmar Hair Professional Association ၏ ဥက္ကဋ္ဌ ဒေါ်နန်းအိအိဇာနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြပြီး၊ ၂၀၁၆ ခုနှစ် မေလ ၂၀-၂၂ ရက်နေ့တွင် ရန်ကုန်မြို့ Myanmar Event Park (MEP) တွင် VEAS Company က Organizer အဖြစ် စီစဉ်ကျင်းပမည့် နိုင်ငံတကာအလှအပဆိုင်ရာ ကုန်စည်ပြပွဲ (Beauty Connect Myanmar 2016) တွင်လည်း ကမ္ဘောဒီးယားနိုင်ငံမှ အလှကုန်ပစ္စည်းဆိုင်ရာ ထုတ်ကုန်များကို ဝင်ရောက်ပြသဦးမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

**မယ်သီတာ**

# သဘာဝဘေးကို အံတုလို့ စပါးရွှေဝါတောင်လိုပုံမယ့် မြို့ကလေး

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်အတွင်းရှိ ဒေသများသည် ဇူလိုင်၊ ဩဂုတ်လအတွင်း ရေကြီးရေလျှံမှု သဘာဝဘေးအန္တရာယ်ကြောင့် မိုးစပါး ဧက ၆၇၂၉ ဧကနဲ့ ယာသီးနှံ ဧက ၈၇၇၇၊ စုစုပေါင်း ၁၅၅၀၆ ဧက နစ်မြုပ်ပျက်စီးခဲ့ရပြီး ရေဘေးဒဏ်ပြင်းထန်စွာခံခဲ့ရတဲ့ ဒေသများဖြစ်ပါတယ်။ ရေဘေးကြောင့် မိုးစပါး စိုက်ဧက ၆၇၂၉ ဧက ပျက်စီးသည့်အနက် ရေပြန်ပေါ်ပြီး ၄၆၃၆ ဧက ပြန်လည်စိုက်ပျိုးခဲ့ကာ ကျန် ၁၀၈၂၂ ဧကကိုလည်း ဆောင်းသီးနှံများဖြစ်တဲ့ မြေပဲ၊ နေကြာ၊ စား တော်ပဲ၊ ပဲယင်း၊ ပဲပုပ်၊ မြေထောက်ပဲ၊ စွန်တာပြာပဲတို့ကို အစားထိုး စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီလို စိုက်ပျိုးနိုင်ရန်လည်း ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီးအစိုးရ၊ ပုဂ္ဂလိက NGO အဖွဲ့အစည်းများနှင့် ဒေသခံများပူးပေါင်းပံ့ပိုးပေါင်းစပ်ညှိ နှိုင်းကြိုးပမ်း ဝိုင်းဝန်းဆောင်ရွက်ခဲ့ကြပါတယ်။

ယင်းကဲ့သို့ ကြိုးပမ်းခဲ့ကြတဲ့ အသီးအပွင့်၊ ကလေးဒေသရဲ့ အားမာန်ကို ယခုမိုးစပါးပေါ်ချိန်တွင် စတင်ခံစားနေရပြီဖြစ်ပါတယ်။ ကလေးဒေသတွင် ယခုအခါ မိုးစပါးများ စတင်ရိတ်သိမ်းနေပြီး ရေနစ်မြုပ်လယ်ယာများကို ရိတ်သိမ်းနေတဲ့ တောင်သူများနဲ့တွေ့ဆုံပြီး စပါးထွက်ရှိမှုအခြေအနေများကို စုံစမ်းဆွေးနွေးခဲ့ရာမှာ နတ်မြောင်းကျေးရွာ တောင်သူ ဦးဝင်းမောင်က စပါးအထွက်ကောင်းကြောင်း၊ အစားထိုးပေးတဲ့ ရွှေသွယ်ရင်မျိုးကို မိမိတို့ကြဲပက်၍စိုက်ရာ ယခုရိတ်သိမ်းချိန်တွင် တစ်ဧက ၁၀၃ တင်းမှ ၁၀၇ တင်းထိ ထွက်ကြောင်း၊ တောင်သူ ဦးတိုးရွှေကတော့ မိမိအနေဖြင့် ရေမြုပ်လယ်ကို ထောက်ပံ့ပျိုးမရမီ အခြားရွာမှ ဆင်းသုခမျိုးကို စိုက်ပျိုးကြောင်း၊ မိမိလယ် ၁၀ ဧကမှ စပါးတင်း ၈၇၀ တင်းခန့် ထွက်ပါကြောင်း၊ ဦးဝင်းမောင်ကလည်း မိမိလည်း ဆင်းသုခမျိုးကို ပျိုးဝယ်စိုက်ပျိုးခဲ့ရပါကြောင်း တစ်ဧက ၈၆ တင်းလောက်ထွက်ပါကြောင်း ပြောကြားခဲ့ကြပါတယ်။

မိမိကလက်ရှိ စပါးဈေးအခြေအနေအပေါ် တွက်ချေကိုက်မှုရှိရဲ့လားမေးရာ တောင်သူ ဦးဝင်းမောင်က မိမိလယ်သည် ယခင်က ဒေသမျိုးစိုက်ရာ တစ်ဧက ၅၀-၆၀ တင်း ထက်ပိုမထွက်ပါကြောင်း၊ ယခုတိုင်းဒေသကြီးမှပို့တဲ့ ရွှေသွယ်ရင်မျိုးစိုက်ရာ တစ်ဧက ၁၀၀ တင်းအထက် ထွက်ရှိပါကြောင်း၊ ဈေးနှုန်းကလည်း ယခုရွှေသွယ်ရင်စပါးဟာ တင်း ၁၀၀ ကို ၄ ဒသမ ၅ သိန်း အနည်းဆုံးရောင်းရလို့ အဆင်ပြေပါကြောင်း၊ စပါးစိုက်ပြီးရင် နေကြာဆက် စိုက်မှာဖြစ်ကြောင်း အားမာန်အပြည့်နဲ့ပြောကြားခဲ့ပါတယ်။

ဆက်လက်ပြီး ဦးတိုးရွှေက မိမိတို့အနေဖြင့် ရာသီမမီမည်စိုး၍ ဆင်းသုခမျိုးရှာ၍ အမြန်စိုက်ခဲ့ပါကြောင်း၊ ရွှေသွယ်ရင်စိုက်သူက ပိုကိုက်ကြောင်း၊ မိမိတို့စပါးက အထွက်လည်း ရွှေသွယ်ရင်ထက် အနည်းငယ်လျော့ပြီး ဈေးနှုန်းလည်း သုံးသိန်းခွဲနဲ့ သုံးသိန်းရှစ်သောင်း ကြား လောက်သာရ၍ အထွက်လည်းပို၊ ဈေးလည်းပိုရတဲ့ ရွှေသွယ်ရင်က ပိုကိုက်ပါကြောင်း၊ ဒါကြောင့် နောင်နှစ်တွင် ရွှေသွယ်ရင်မျိုး ပြောင်းစိုက်မှာဖြစ်ကြောင်း ပြောကြားခဲ့ပါတယ်။

အဆိုပါတောင်သူတွေရဲ့ ပြောစကားအရ မိမိတို့ဌာနက ယခုဆောင်ရွက်နေတဲ့ အမျိုးသားပို့ကုန် မဟာဗျူဟာ တိုးမြှင့်ဆောင်ရွက်ရေးလုပ်ငန်းစဉ်မှာ ပို့ကုန်တိုးမြှင့်ရေးအတွက် ထွက်ကုန်ပိုမိုထွက်ရှိစေရန် အထွက်ကောင်း မျိုးတွေ ပြောင်းလဲစိုက်ပျိုးဖို့ ပြောကြားခဲ့သလို ယခုအခါ တောင်သူများကလည်း လက်တွေ့နယ်ပယ်မှာ ဈေးကွက်တွက်ချေကိုက်မယ့် မျိုးပြောင်းလဲစိုက်ရန် စိတ်ဝင်စားလာပြီဖြစ်ပါကြောင်းနဲ့ ယခင်လို ဒေသမျိုးပဲ စိုက်မယ် မျိုးအသစ်မစိုက်ရဲဘူးဆိုတဲ့ အသိကိုလက်တွေ့ပြသပေးလိုက်သလိုဖြစ်ခဲ့ပါတယ်။ ဒါကြောင့် ကလေးဒေသဟာ သဘာဝဘေးအန္တရာယ်ခံခဲ့ရပေမယ့် မလျော့သော ဒေသခံများရဲ့ အားမာန်၊ နိုင်ငံတော်၊ တိုင်းဒေသကြီးအစိုးရ၊ သက်ဆိုင်ရာဌာနများ၊ NGO များရဲ့ ပံ့ပိုးမှုနဲ့ စပါးရွှေဝါတောင်လိုပုံပြီး စားနပ်ရိက္ခာ ယခင်နှစ်များလို ဖူလုံမယ်လို့ ထင်မြင်မိပါကြောင်း------။

**သက်နိုင်-ဟုမ္မလင်း**

# မုံရွာနယ် ကျောက္ကာဒေသထွက် ခရမ်းညိုသီးများ အောက်ပိုင်းဒေသထိရောက်ရှိ

မုံရွာမြို့နယ် ကျောက္ကာတောင်/မြောက် ကျေးရွာများထွက် ခရမ်းညိုသီးများ စိုက်ပျိုးသူများပြောလာသလို အထွက်လှိုင်ချိန်ရောက်ရှိလာသဖြင့် ဒေသတွင်းအသုံးအပြင် ရန်ကုန်ဈေးကွက်သို့ပါ တင်ပို့လျက်ရှိကြောင်း သိရပါတယ်။ ကျောက္ကာကျေးရွာတွင် ခရမ်းစိုက်တောင်သူ ၁၁၀ ဦးမှ ဧက ၂၀၀ခန့် စိုက်ပျိုးကြောင်း သိရပါတယ်။ တစ်ဧကထုတ်လုပ်မှုကုန်ကျစရိတ် ၁၂ သိန်းမှ ၁၇ သိန်းကြား ကုန်ကျပြီး တစ်ဧကဝင်ငွေဟာ ရာသီကုန်ထိ သိန်း ၄၀ မှ ၄၅ သိန်းထိ ဝင်ငွေရှိကြောင်းသိရပါတယ်။

အပင် ၁၀၀၀ စိုက်တစ်ဧကကွက် ခရမ်းသီးအထွက်မှာ သုံးရက်လျှင် ပိဿာ ၅၀၀ ခန့်ထွက်ရှိပြီး မိုးနဲ့ရောဂါပိုးအဖျက်များ မကျရောက်ပါက ခူးဆွတ်ချိန် ၅လ ခန့်ရှိကြောင်း သိရပါတယ်။ မြေမှန်၊ မျိုးမှန်၊ မြေဩဇာကျွေးသည့်စနစ် မှန်ကန်ပါက တစ်ဧက ခရမ်းသီးပိဿာ ၇၅၀၀ မှ ၁၀၀၀၀ ခန့်ထိ ထွက်ရှိပြီး လက်ရှိပေါက်ဈေးမှာ ဒိုင်သွင်းဈေး တစ်ပိဿာ ၅၀၀ ကျပ်ရှိကြောင်း သိရပါတယ်။

**အောင်မင်း-တန့်ဆည်**

# မြို့ကြီးများ၏ ၁၄-၁၂-၂၀၁၅ မှ ၁၈-၁၂-၂၀၁၅ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၁၄-၁၂-၂၀၁၅) | အင်္ဂါ(၁၅-၁၂-၂၀၁၅) | ဗုဒ္ဓဟူး(၁၆-၁၂-၂၀၁၅) | ကြာသပတေး(၁၇-၁၂-၂၀၁၅) | သောကြာ(၁၈-၁၂-၂၀၁၅) |
|---|---|---|---|---|---|
| နေပြည်တော် | နေသာ ၃၂°C/၈၉°F | နေသာ ၃၂°C/၈၉°F | နေသာ ၃၁°C/၈၈°F | နေသာ ၃၁°C/၈၈°F | နေသာ ၃၁°C/၈၈°F |
| ရန်ကုန်မြို့ | နေသာ ၃၃°C/၉၂°F | နေသာ ၃၄°C/၉၃°F | နေသာ ၃၄°C/၉၃°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၃°C/၉၁°F |
| မန္တလေးမြို့ | နေသာ ၃၁°C/၈၇°F | နေသာ ၃၀°C/၈၆°F | နေသာ ၂၉°C/၈၅°F | နေသာ ၂၉°C/၈၅°F | နေသာ ၂၉°C/၈၄°F |
| မြစ်ကြီးနား | နေသာ ၂၆°C/၇၉°F | နေသာ ၂၄°C/၇၆°F | နေသာ ၂၅°C/၇၇°F | နေသာ ၂၅°C/၇၇°F | ၆၀% ၂၂°C/၇၂°F |
| လားရှိုး | နေသာ ၂၃°C/၇၃°F | နေသာ ၂၂°C/၇၂°F | နေသာ ၂၃°C/၇၃°F | နေသာ ၂၃°C/၇၃°F | ၅၀% ၂၂°C/၇၂°F |
| ကျိုင်းတုံ | နေသာ ၂၆°C/၇၉°F | နေသာ ၂၆°C/၇၈°F | ၅၀% ၂၅°C/၇၇°F | ၆၀% ၂၄°C/၇၆°F | ၆၀% ၂၃°C/၇၄°F |
| လွိုင်ကော် | နေသာ ၂၈°C/၈၂°F | နေသာ ၂၇°C/၈၀°F | နေသာ ၂၇°C/၈၀°F | နေသာ ၂၇°C/၈၀°F | နေသာ ၂၆°C/၇၉°F |
| တောင်ကြီး | နေသာ ၂၂°C/၇၁°F | နေသာ ၂၁°C/၇၀°F | နေသာ ၂၁°C/၇၀°F | နေသာ ၂၀°C/၆၈°F | နေသာ ၁၉°C/၆၇°F |
| မော်လမြိုင် | တိမ်အသင့်အတင့် ၃၃°C/၉၂°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၄°C/၉၃°F | နေသာ ၃၃°C/၉၂°F |
| ဘားအံ | တိမ်အသင့်အတင့် ၃၄°C/၉၃°F | နေသာ ၃၄°C/၉၄°F | နေသာ ၃၅°C/၉၅°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၃°C/၉၂°F |
| တောင်ငူ | နေသာ ၃၁°C/၈၈°F | နေသာ ၃၁°C/၈၈°F | နေသာ ၃၁°C/၈၈°F | နေသာ ၃၁°C/၈၈°F | နေသာ ၃၁°C/၈၈°F |
| မုံရွာ | နေသာ ၂၉°C/၈၅°F | နေသာ ၂၉°C/၈၄°F | နေသာ ၂၇°C/၈၁°F | နေသာ ၂၈°C/၈၃°F | နေသာ ၂၇°C/၈၁°F |
| ပုသိမ် | တိမ်အသင့်အတင့် ၃၃°C/၉၂°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၂°C/၉၀°F |
| မြိတ် | နေသာ ၃၃°C/၉၂°F | နေသာ ၃၄°C/၉၃°F | နေသာ ၃၄°C/၉၃°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၂°C/၈၉°F |
| စစ်တွေ | နေသာ ၃၀°C/၈၆°F | နေသာ ၃၀°C/၈၆°F | နေသာ ၃၀°C/၈၆°F | နေသာ ၂၉°C/၈၅°F | နေသာ ၂၉°C/၈၄°F |
| မကွေး | နေသာ ၃၃°C/၉၁°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၂°C/၉၀°F |
| ဖလမ်း | နေသာ ၁၉°C/၆၆°F | နေသာ ၁၈°C/၆၄°F | နေသာ ၁၇°C/၆၃°F | နေသာ ၁၇°C/၆၂°F | ၆၀% ၁၆°C/၆၀°F |

# အင်ဒိုနီးရှားနိုင်ငံတွင် အင်အား ရစ်ချ်တာစကေး ၆ ဒသမ ၉အဆင့်ရှိ ငလျင်လှုပ်ခတ်

အင်ဒိုနီးရှားနိုင်ငံတွင် အင်အားရစ်ချ်တာစကေး ၆ ဒသမ ၉ အဆင့်ရှိ ငလျင်တစ်ခုလှုပ်ခတ်ခဲ့ကြောင်း အမေရိကန်နိုင်ငံ ငလျင်တိုင်းတာရေးအဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အင်အားပြင်း ငလျင်လှုပ်ခတ်မှုကြောင့် ဆူနာမီသတိပေးချက်များ ထုတ်ပြန်ခြင်းမပြုခဲ့သလို ပျက်စီးဆုံးရှုံးမှုများလည်း မရှိခဲ့ကြောင်း ဒေသဆိုင်ရာအာဏာပိုင်များက သတင်းထုတ်ပြန်ခဲ့သည်။

အဆိုပါငလျင်လှုပ်ခတ်မှုသည် ဒီဇင်ဘာလ ၉ ရက်နေ့ကဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး အင်ဒိုနီးရှားနိုင်ငံ၊ မာလူကုပြည်နယ်၊ ဆီရမ်မြို့၏ အရှေ့တောင်ဘက် ၁၀၆ ကီလိုမီတာအကွာကို ဗဟိုပြု၍ လှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ငလျင်လှုပ်ခတ်ရာဒေသသည် လူနေနည်းပါးသည့်ဒေသဖြစ်သည့်အပြင် ကျွန်းများတည်ရှိရာဒေသတစ်ခုလည်းဖြစ်သဖြင့် ထိခိုက်မှုမရှိရခြင်းဖြစ်ကြောင်း အင်ဒိုနီးရှားနိုင်ငံ ငလျင်တိုင်းတာရေးအဖွဲ့က ပြောကြားခဲ့သည်။

အဆိုပါဒေသတွင် လွန်ခဲ့သည့် တစ်လခန့်က အင်အားအနည်းငယ် ပြင်းထန်သည့် ငလျင်တစ်ခု လှုပ်ခတ်ခဲ့သေးကြောင်း၊ ယင်းငလျင်လှုပ်ခတ်ခဲ့စဉ်က မြေပြိုမှုများ ဖြစ်ပွားခဲ့သော်လည်း ယခုငလျင်ကြောင့် ထိခိုက်မှုများမရှိခဲ့ကြောင်း အဆိုပါအဖွဲ့က ထပ်မံပြောကြားခဲ့သည်။

အင်ဒိုနီးရှားနိုင်ငံသည် မီးတောင်များဝန်းရံနေသည့် ကျွန်းစုများဖြင့် ဖွဲ့စည်းထားသည့် နိုင်ငံတစ်နိုင်ငံဖြစ်သဖြင့် မီးတောင်များ လှုပ်ရှားမှုကြောင့် ငလျင်များ မကြာခဏလှုပ်ခတ်လေ့ရှိသည့် နိုင်ငံလည်းဖြစ်ကြောင်း အမေရိကန်ငလျင်တိုင်းတာရေးအဖွဲ့က ထုတ်ဖော်ပြောကြားခဲ့သည်။

၂၀၀၄ခုနှစ်က ဖြစ်ပွားခဲ့သည့် ဆူနာမီဖြစ်ပေါ်စေခဲ့သည့်ငလျင်ကြောင့် အင်ဒိုနီးရှားနိုင်ငံတွင် လူပေါင်း ၂၃၀၀၀၀ ကျော် သေဆုံးခဲ့ရပြီး နိုင်ငံပေါင်းများစွာတွင်လည်း ဆူနာမီလှိုင်းဒဏ်ကို ခံစားခဲ့ရသည်။

**မယ်သီတာ**



# ပေကျင်းတွင် မီးခိုးငွေ့များဖြင့် ဖုံးအုပ်နေ၍ လေထုညစ်ညမ်းမှု အနီရောင်အဆင့်သို့ သတ်မှတ်

တရုတ်နိုင်ငံ၏ မြို့တော်ဖြစ်သည့် ပေကျင်းတွင် မီးခိုးငွေ့များဖြင့် ဖုံးလွှမ်းနေမှုများ တစ်နေ့တခြား ပိုမိုဆိုးရွားလျက်ရှိသဖြင့် လေထုညစ်ညမ်းမှုအား အနီရောင်အဆင့်သို့ သတ်မှတ်ထားကြောင်း ဆင်ဟွာသတင်းဌာနက ထုတ် ပြန်ကြေညာခဲ့သည်။

ပြီးခဲ့သည့် ဒီဇင်ဘာလ ၈ ရက်က ပေကျင်းမြို့၏ လမ်းမများပေါ်တွင် ယာဉ်အသွားအလာများကို ရပ်တန့်စေခဲ့ကာ စက်ရုံများကိုလည်း ပိတ်ထားခဲ့ကြောင်း၊ လေထုညစ်ညမ်းမှုမှာ တစ်နေ့ခြား ပိုမိုဆိုးရွားလျက်ရှိသဖြင့် ပေကျင်းမြို့တော်နေတွင်နေထိုင်သူများမှာ နှာခေါင်းစည်းများဖြင့် ဖုံးအုပ်ကာ သွားလာနေကြရသည်။

ပေကျင်းမြို့တော် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ကာကွယ်ရေးဗျူရို၏ လူမှုကွန်ရက်တွင် ပေကျင်းမြို့တော်၏ လေထုညစ်ညမ်းမှုအဆင့်သည် အမြင့်ဆုံးအဆင့်ကို ရောက်ရှိနေပြီဖြစ်ကြောင်း၊ မြို့တော်နေပြည်သူများကိုလည်း လေထုညစ်ညမ်းမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်များကို အထူးဂရုပြုကြရန် လိုအပ်ကြောင်း ဖော်ပြထားသည်။

လေထုထဲတွင်ပါဝင်သည့် အမှုန်များ၏ပမာဏမှာ တစ်ကုဗမီတာလျှင် မိုက်ခရိုဂရမ်ပေါင်း ၆၀၀ ကျော်အထိရှိနေပြီး အဆိုပါအမှုန်များသည် လေထုထဲတွင်တည်ရှိနေပြီး မီးခိုးအမှုန်များအဖြစ် ရှိနေကြောင်း ပေကျင်းမြို့တော် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနက ထုတ်ဖော်ပြောကြားခဲ့သည်။

အဆိုပါလေထုညစ်ညမ်းမှုကို ကာကွယ်ရန်အတွက် ပေကျင်းမြို့တော် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဌာနက ရဟတ်ယာဉ်များဖြင့် လေထုအတွင်းသို့ ရေများပက်ဖျန်းပေးခြင်းကို ဆောင်ရွက်ပေးခဲ့ရာ ရေဂါလန် တန်ပေါင်းများစွာကို အသုံးပြုခဲ့ကြောင်း သိရသည်။

မီးခိုးမြူများ၏ဖုံးလွှမ်းမှုသည် အဝေးပြေးလမ်းမများပေါ်တွင် အနည်းငယ်များသာ ကွာဝေးသည့်နေရာကိုသာ မြင်ရတော့သဖြင့် ယာဉ်တိုက်မှုများ ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

အဆိုပါ လေထုညစ်ညမ်းမှုများကြောင့် ပေကျင်းမြို့ရှိ လူဦးရေ ၂၁ ဒသမ ၅သန်းကျော်မှာ လေထုညစ်ညမ်းမှုဒဏ်ကို ခံစားနေရကြောင်း၊ လေထုညစ်ညမ်းမှုအဆင့်မှာ ၂ ဒသမ ၅အထိ ရောက်ရှိနေကြောင်း သိရသည်။

ယင်းလေထုညစ်ညမ်းမှုကို ဖြေရှင်းနိုင်ရန်အတွက် တရုတ်နိုင်ငံအား အာရှဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၃၀၀ကို ချေးယူခဲ့ကြောင်း သိရသည်။ **မယ်သီတာ**

Domestic Sport News
Vol: 15, No.48 Monday December 14 2015




## MNL ကလပ်များ ယှဉ်ပြိုင်မည့် ၂၀၁၆ အာရှ ချန်ပီယံလိဂ်နှင့် AFC Cup အုပ်စုများတရားဝင်ထုတ်ပြန်

၂၀၁၆ အာရှချန်ပီယံလိဂ်(ACL) AFC Champions League 2016 အုပ်စုမဲခွဲပွဲအရ ထွက်ပေါ်လာသည့်အုပ်စုများနှင့် အသင်းများစာရင်းကို ဒီဇင်ဘာ ၁၀ ရက်တွင် အာရှဘောလုံးအဖွဲ့ချုပ်က တရားဝင်ထုတ်ပြန်လိုက်ပြီဖြစ်သည်။

မြန်မာနေရှင်နယ်လိဂ်ချန်ပီယံ ရန်ကုန်ယူနိုက်တက်အသင်းအနေဖြင့် ခြေစစ်ပွဲအဆင့်မှ စတင်ကစားရမည်ဖြစ်ရာ ခြေစစ်ပွဲပထမအဆင့်တွင် လိဂ်ရပ်တည်မှုအရ အလိုအလျောက်တစ်ဆင့် တက်ကစားခွင့် Bye ရခဲ့ပြီး ဒုတိယအဆင့်မှစတင်ကာ ခြေစစ်ပွဲကစားရမည်ဖြစ်သည်။

ဒုတိယအဆင့်တွင် ရန်ကုန်ယူနိုက်တက်အသင်းသည် ထိုင်းလိဂ် တတိယနေရာရအသင်းနှင့် ထိပ်တိုက်ရင်ဆိုင်ရမည်ဖြစ်ပြီး အနိုင်ရရှိခဲ့ပါက နောက်တစ်ဆင့် ရှုံးထွက် Play-Off အဖြစ် လာမည့်၂၀၁၆ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်တွင် ဂျပန်ဂျေလိဂ် အဆင့်(၄)အသင်းနှင့် ဆက်လက်ရင်ဆိုင်ကစားရမည်ဖြစ်သည်။

ယင်းအဆင့်တွင် ဂျေလိဂ်ကလပ်အား အနိုင်ကစားခဲ့ပါက ACL အုပ်စုပွဲစဉ်များ တက်ရောက်ကစားခွင့် ရရှိမည်ဖြစ်ပြီး ယင်းအဆင့်ရှုံးနိမ့်ခဲ့ပါမူ AFC Cup 2016 သို့ ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

အကယ်၍ ရန်ကုန်ယူနိုက်တက်အသင်းအနေဖြင့် ACLသို့ တက်ရောက်ယှဉ်ပြိုင်ခွင့်ရပါက AFC Cup 2016 တစ်နေရာအတွက် မြန်မာနေရှင်နယ်လိဂ်ဒုတိယနေရာရထားတဲ့ ရတနာပုံအက်ဖ်စီအသင်းက ဝင်ရောက်ကစားခွင့်ရရှိမည်ဖြစ်သည်။2016 AFC Cup ပြိုင်ပွဲအတွက် အုပ်စုမဲခွဲရာတွင် ဗိုလ်ချုပ်အောင်ဆန်း ဒိုင်းရှုံးထွက်ဖလား ချန်ပီယံ ဧရာဝတီယူနိုက်တက်အသင်းသည် အုပ်စု (H) တွင် ကျရောက်ခဲ့ပြီး လာအိုတိုယိုတာ (လာအို)၊ ဘန်ဂါလူရူ(အိန္ဒိယ)၊ မလေးရှားမှ ဂျိုဟောဒါရူ (သို့မဟုတ်) ပါဟန်းအသင်းတို့နှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

## နည်းပြဟောင်း ဆီဗာဂျီနှင့် တိုက်စစ်မှူး ဘမ်ဘာတို့ ဟံသာဝတီအသင်းနှင့် ပြန်လည်ပူးပေါင်း

ဟံသာဝတီယူနိုက်တက်အသင်းသည် ပြီးခဲ့သည့် ၂၀၁၅ ဘောလုံးရာသီက အသင်းကိုတာဝန်ယူခဲ့သော နည်းပြဟောင်း ဆီဗာဂျီနှင့် တိုက်စစ်မှူးဟောင်း ဘမ်ဘာတို့ကို လာမည့်ဘောလုံးရာသီသစ်အတွက် ပြန်လည်ခေါ်ယူနိုင်ခဲ့ပြီဖြစ်ကြောင်းသိရသည်။ စင်ကာပူလူမျိုးနည်းပြ ဆီဗာဂျီ သည် ၂၀၀၉ မှ ၂၀၁၁ ထိ ဟံသာဝတီအသင်းကို နည်းပြအဖြစ် ဆောင်ရွက်ခဲ့ဖူးသလို ပြီးခဲ့သည့် ဘောလုံးရာသီ ဒုတိယအကျော့၌ နည်းစနစ်ဒါရိုက်တာအဖြစ် ပြန်လည်ဆောင်ရွက်ခဲ့ဖူးသည့် နည်းပြတစ်ဦးဖြစ်သည်။

"လာမယ့်ရာသီအတွက် အသင်းကို ဆီဗာဂျီ ပြန်လည်ကိုင်တွယ်ဖို့ စီစဉ်ထားပါတယ်။ သူကလည်း သဘောတူထားပါတယ်။ လောလောဆယ် မိသားစုကိစ္စအချို့ကြောင့် အသင်းကိုတော့ မရောက်နိုင်သေးပါဘူး။ လာမယ့်တစ်ပတ်လောက်အတွင်းရောက်မှာပါ။ နိုင်ငံခြားသားကတော့ တိုက်စစ်မှူးဘမ်ဘာကို ပြန်ခေါ်ထားပါတယ်။ နောက်တစ်ယောက်ကတော့ အလယ်တန်းက ကိုနေးကို ခြေစွမ်းစမ်းသပ် နေပါတယ်။ ခေါ်ဖြစ်ရင် သတင်းထုတ်ပြန်ပေးပါမယ်။ အခြားလူထပ်ခေါ်ဖို့ကိုတော့ နည်းပြကြီးရောက်လာမှ အသင်းပိုင်ရှင်နဲ့ ညှိနှိုင်းပြီး ခေါ် မခေါ် ဆုံးဖြတ်သွားမှာပါ"ဟု ဦးထွန်းထွန်းလင်းက ဟံသာဝတီအသင်း၏ ရာသီသစ်အတွက် ပြင်ဆင်မှုနှင့်ပတ်သက်၍ ပြောကြားခဲ့သည်။

ဟံသာဝတီယူနိုက်တက်အသင်းသည် လာမည့် ဘောလုံးရာသီသစ်အတွက် ပြည်တွင်းကစားသမားသစ်များအဖြစ် ရခိုင်ယူနိုက်တက်အသင်းမှ သူရကိုကို၊ သီဟအောင်၊ မင်းကိုသူတို့ကိုလည်း ခြေစွမ်းစမ်းသပ်မှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။



## တရုတ်ဘောလုံးအဖွဲ့ချုပ် ဖိတ်ခေါ်ဖူဆယ်ပြိုင်ပွဲ ပွဲဦးထွက်တွင် မြန်မာအသင်းနှင့် အီရန်အသင်းတို့ ထိပ်တိုက်တွေ့ဆုံ

တရုတ်ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် 2015 CFA Futsal International Tournament ပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင်ဖူဆယ်အသင်းသည် အဖွင့်ပွဲစဉ်၌ အီရန်လက်ရွေးစင်ဖူဆယ်အသင်းနှင့် တွေ့ဆုံရမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲကို တရုတ်နိုင်ငံ ချန်ရှုးမြို့တွင် ဒီဇင်ဘာ ၁၈ ရက်မှ ၂၀ ရက်ထိ ကျင်းပသွားမည်ဖြစ်ပြီး မြန်မာ အပါအဝင် အိမ်ရှင် တရုတ်၊ မက္ကဆီကိုနှင့် အီရန် စသည့် အသင်းလေးသင်း ပါဝင်ယှဉ်ပြိုင်ကြမည် ဖြစ်သည်။

မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းသည် ဒီဇင်ဘာ ၁၆ ရက်တွင် ပြိုင်ပွဲကျင်းပမည့် ချန်ရှုးမြို့သို့ ထွက်ခွာမည်ဖြစ်ကာ ဒီဇင်ဘာ ၁၇ ရက် ညနေတွင် ပြိုင်ပွဲကျင်းပမည့် ချန်ရှုးအားကစားကွင်း၌ Official Training ပြုလုပ်မည်ဖြစ်သည်။

ပြိုင်ပွဲကို တစ်နေ့လျှင် ပွဲစဉ် နှစ်ပွဲနှုန်းဖြင့် သုံးရက်ဆက်တိုက် ကျင်းပမည်ဖြစ်သည်။ မြန်မာအသင်းသည် အဖွင့်ပွဲစဉ်တွင် အီရန်အသင်း၊ ဒုတိယမြောက် ပွဲစဉ်တွင် အိမ်ရှင် တရုတ်အသင်း၊ နောက်ဆုံးပွဲစဉ်တွင် မက္ကဆီကို အသင်းတို့နှင့် ရင်ဆိုင်ရမည်ဖြစ်သည်။

ပြိုင်ပွဲကို အုပ်စုပတ်လည် ပုံစံဖြင့် ကျင်းပမည်ဖြစ်ပြီး ပွဲစဉ်သုံးပွဲစီ ကစားပြီးချိန်တွင် ရမှတ်အများဆုံးအသင်းက ဗိုလ်စွဲမည်ဖြစ်သည်။

## GFA နောက်ခံလူဟောင်း ဒွန်ဂိုအား ရခိုင်ယူနိုက်တက်အသင်း စာချုပ်ချုပ်ဆိုခေါ်ယူ ပြည်တွင်းကစားသမားများနှင့် နောက်ခံလူ ဘားနတ်အာချောကိုလည်း သက်တမ်းတိုးစာချုပ်များချုပ်ဆို

၂၀၁၆ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသော ရခိုင်ယူနိုက်တက်အသင်းသည် ယခုရာသီပထမဆုံးနိုင်ငံခြားသားခေါ်ယူမှုအဖြစ် ကင်မရွန်းလူမျိုး ကစားသမားဖြစ်သူ ဒွန်ဂိုဖိလစ်အား စာချုပ်ချုပ်ဆိုခေါ်ယူလိုက်ပြီဖြစ်သည်။

နောက်ခံအတွင်းလူနှင့် ကွင်းလယ်ခံစစ်နှစ်နေရာစလုံးတွင်ကစားနိုင်သည့် ကင်မရွန်းကစားသမား ဒွန်ဂိုသည် မြန်မာနေရှင်နယ်လိဂ်အတွေ့အကြုံရှိသူဖြစ်ပြီး GFAအသင်း၏ ကစားသမားဟောင်းဖြစ်ကာလိဂ်-၁တွင် ကစားရမည့် အခွင့်အရေးကို လက်လွှတ်မခံဘဲ ရခိုင်ယူနိုက်တက်၏ ကမ်းလှမ်းမှုကို မငြင်းဆန်နိုင်ခဲ့ကြောင်းကိုလည်း အသင်း၏ဝက်ဘ်ဆိုက်သို့ ပြောကြားသွားခဲ့သည်။

"ကျွန်တော် ရခိုင်အသင်းနဲ့ စာချုပ်ချုပ်ဆိုနိုင်ခဲ့တဲ့အတွက် အရမ်းဝမ်းသာပါတယ်။ GFA အသင်းနဲ့အတူ သုံးရာသီဖြတ်သန်းပြီးခဲ့တဲ့နောက်မှာ နောက်တစ်ဆင့်ကိုတက်လှမ်းနိုင်ခဲ့ပြီလို့ ထင်ပါတယ်။ ရခိုင်အသင်းအတွက် လာမယ့်ရာသီမှာ အကောင်းဆုံးကြိုးစားသွားမှာပါ"ဟု ရခိုင်ယူနိုက်တက်နှင့် စာချုပ်ချုပ်ဆိုအပြီးတွင် ပြောကြားခဲ့သည်။

ရခိုင်ယူနိုက်တက်အသင်းသည် ကင်မရွန်းကစားသမား ဒွန်ဂိုကို ခေါ်ယူနိုင်ခဲ့ပြီးနောက် လက်ကျန်နိုင်ငံခြားသား နှစ်နေရာအတွက် ဩစတြေးလျ တိုက်စစ်မှူးတစ်ဦးနှင့် ဩစတြေးလျ ကွင်းလယ် တိုက်စစ်သမားတစ်ဦးကို ခြေစွမ်းစမ်းသပ်လျက်ရှိကာ မကြာမီရက်ပိုင်းအတွင်း ကင်မရွန်းတိုက်စစ်မှူး တစ်ဦးနှင့် ဩစတြေးလျတိုက်စစ်ကစားသမား တစ်ဦး ခြေစွမ်းစမ်းသပ်မှုခံယူရန် ထပ်မံရောက်ရှိလာမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင်အသင်း၏ ပြည်တွင်းကစားသမား ငါးဦးကိုလည်း သက်တမ်းတိုးစာချုပ်များ အသီးသီး ချုပ်ဆိုပြီးစီးခဲ့ပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကစားသမားများမှာ ကျော်နိုင်မြင့် (နောက်တန်း)၊ ညဏ်လင်းထက် (နောက်တန်း)၊ သူရကိုကို(၂) (အလယ်တန်း)၊ ထွန်းထွန်းဦး(အလယ်တန်း)၊ စိုးမိုးကျော်(ဂိုး)တို့ဖြစ်ကြပြီး တစ်ရာသီ ထပ်မံသက်တမ်းတိုးခဲ့ခြင်းဖြစ်သည်။

ထို့ပြင်အသင်းကြီးများမှ ပြည်တွင်းကစားသမားအချို့အား အငှားဖြင့်ခေါ်ယူနိုင်ရန်ညှိနှိုင်းလျက်ရှိပြီး အားဖြည့်သွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ရခိုင်ယူနိုက်တက်အသင်းသည် အသင်း၏ နိုင်ငံခြားသား နောက်ခံလူတစ်ဦးဖြစ်သော ဂါနာနောက်ခံလူ ဘားနတ်အာချောအား လာမည့်၂၀၁၆ မြန်မာနေရှင်နယ်လိဂ်ရာသီအတွက် သက်တမ်းတိုးစာချုပ် ချုပ်ဆိုပြီးစီးခဲ့ပြီဖြစ်ကြောင်း သိရသည်။

ဗဟိုနောက်ခံလူတစ်ဦးဖြစ်သူ ဘားနတ်အာချောသည် ပြီးခဲ့သည့်ရာသီက ရခိုင်ယူနိုက်တက်သို့ ရောက်ရှိလာခဲ့ပြီး အသင်းအတွက်လိဂ် ၁၇ ပွဲနှင့် ရှုံးထွက်နှစ်ပွဲကို ပွဲထွက်ကစားပေးခဲ့ပြီး အသင်းကို တန်းမဆင်းရစေရန် ကြိုးစားပေးနိုင်ခဲ့သူဖြစ်သည်။

ရခိုင်ယူနိုက်တက်သည် ဘားနတ်အား လာမည့်ရာသီပထမအကျော့ အပြီးအထိ စာချုပ်သက်တမ်းတိုးမြှင့်ခဲ့ခြင်းဖြစ်ကာ ခြေစွမ်းပြသနိုင်ပါက သက်တမ်းထပ်မံတိုးမြှင့်ရန်လည်း စီစဉ်ထားကြောင်း သိရသည်။

# ယူအီးအက်ဖ်အေဥက္ကဋ္ဌ မီချယ်ပလာတီနီ အယူခံလွှာ ကျရှုံး ဖီဖာအမှုဆောင် ၁၆ ဦးကို အမေရိကန်စုံစမ်းစစ်ဆေးရေးက ထပ်မံဖမ်းဆီး



ရက်ပေါင်း ၉၀ အတွင်း ဘောလုံးကိစ္စများတွင် ပါဝင်ပတ်သက်ခြင်းမပြုရန် ဖီဖာ၏ပြစ်ဒဏ်ကို ခံစားနေရသည့် ယူအီးအက်ဖ်အေဥက္ကဋ္ဌ မီချယ်ပလာတီနီသည် ဖီဖာစည်းကမ်းထိန်းသိမ်းရေးကော်မတီသို့အယူခံလွှာ တင်သွင်းခဲ့ရာ အယူခံလွှာ ကျရှုံးခဲ့ကြောင်း သတင်းများက ဖော်ပြထားသည်။

ပလာတီနီက ယူရို ၂၀၁၆အုပ်စုပွဲများအတွက် မဲခွဲခြင်းမပြုမီ ရက်ပေါင်း ၉၀ ပြစ်ဒဏ်မှ ကင်းလွတ်ခွင့်ပြုရန် အယူခံလွှာတင်သွင်းခဲ့ခြင်းဖြစ်သည်။

ပလာတီနီ၏ အယူခံလွှာကို အားကစားခုံသမာဓိတရားရုံးက ငြင်းဆိုခဲ့ခြင်းဖြစ်သည်။ ပလာတီနီသည် ၎င်း၏ အယူခံလွှာတွင် ယူရို ၂၀၁၆ အုပ်စုပွဲတွင် တက်ရောက်ခွင့်ရရှိရေးအတွက် ကင်းလွတ်ခွင့်ပြုရန် တောင်းခံခဲ့ခြင်းဖြစ်သည်။

ယူရို ၂၀၁၆ အုပ်စု မဲခွဲပွဲအခမ်းအနားသည်ပလာတီနီ၏ နှလုံးသည်းပွတ်သဖွယ်ဖြစ်ပြီး အဆိုပါဘောလုံးပြိုင်ပွဲသည် ပြင်သစ်နိုင်ငံတွင် ကျင်းပမည်ဖြစ်ရာ ၎င်း၏သမိုင်းမှတ်တမ်းတွင် အမည်းစက်သဖွယ် ကျန်ရစ်ခဲ့မည် စိုးသဖြင့် ယခုကဲ့သို့ အယူခံလွှာတင်သွင်းရခြင်းဖြစ်ကြောင်း သိရသည်။

ပလာတီနီသည် ဖီဖာဥက္ကဋ္ဌ ဘလတ္တာနှင့်အတူ အမေရိကန်ဒေါ်လာ ၁ ဒသမ ၃သန်း လာဘ်ယူမှုတွင်ပါဝင်ပတ်သက်နေသည်ဟုဆိုကာ ဖီဖာစည်းကမ်းထိန်းသိမ်းရေးအဖွဲ့က ရက်ပေါင်း ၉၀ အတွင်း ဘောလုံးနှင့်ပတ်သက်ခြင်းမပြုရန် အမိန့်ချမှတ်ခဲ့ခြင်းဖြစ်သည်။

ယခုအခါတွင် အမေရိကန်စုံစမ်းရေးဌာနမှ တာဝန်ရှိသူများသည် ဖီဖာမှတာဝန်ရှိသူ ၁၆ ဦးကို ငွေကြေးအလွဲသုံးစားပြုမှု၊ စွပ်စွဲချက်များဖြင့် ထပ်မံဖမ်းဆီးလိုက်ကြောင်း သိရသည်။ ဘရာဇီးအဖွဲ့ချုပ်ဥက္ကဋ္ဌဟောင်း အပါအဝင် လက်ရှိ တာဝန်ထမ်းဆောင်နေသူများနှင့် ယခင်တာဝန်ထမ်းဆောင်နေသူများ ပါဝင်ခဲ့ကြသည်။

ဖမ်းဆီးခံရသူများမှာ တောင်အမေရိကနိုင်ငံများနှင့် ကွန်ကာကက်ဖ်ဇုန်နိုင်ငံများမှဖြစ်ကြပြီး ဖီဖာမှ တာဝန်ရှိသူများက အမေရိကန်စုံစမ်းရေးမှူးများနှင့်အပြည့်အဝ ပူးပေါင်းသွားမည်ဖြစ်ကြောင်း ပြောဆိုခဲ့သည်။

ယခုတစ်ကြိမ်တွင် ဖမ်းဆီးခံရသူ ၁၆ ဦးမှာ ဟာဝစ်(ကွန်ကာကက်ဖ်ဇုန်ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ)၊ အယ်ဗာရာဒို (ပနားမားအဖွဲ့ချုပ် အမှုဆောင်ဟောင်း)၊ ကာလီဂျက် (ဟွန်ဒူးရပ်စ်အဖွဲ့ချုပ်ဥက္ကဋ္ဌဟောင်း)၊ ဂျီမီနက်စ် (ဂွာတီမာလာအဖွဲ့ချုပ်ဥက္ကဋ္ဌ)၊ ဆယ်ဂူရို (ဂွာတီမာလာအဖွဲ့ချုပ် အမှုဆောင်)၊ ထရူဂျီလို (ဂွာတီမာလာအဖွဲ့ချုပ် အတွင်းရေးမှူး)၊ ဗက်စ်ကွက်(အဲလ်ဆာဗေဒိုဥက္ကဋ္ဌဟောင်း)၊ နာပေါက်(တောင်အမေရိကအဖွဲ့ချုပ်ဥက္ကဋ္ဌ)၊ ဘာဂါ(ပီရူးအဖွဲ့ချုပ်ဥက္ကဋ္ဌဟောင်း၊ ချာဗက်ဇ်(ဘိုလီဗီးယားအဖွဲ့ချုပ်ဥက္ကဋ္ဌ)၊ ချီရီဘိုဂါ (အီကွေဒေါအဖွဲ့ချုပ်ဥက္ကဋ္ဌ)၊ နီရို (ဘရာဇီးအဖွဲ့ချုပ်ဥက္ကဋ္ဌ)၊ ဒီလူကာ (တောင်အမေရိကအဖွဲ့ချုပ် အတွင်းရေးမှူး)၊ မိုင်ဇနာ (တောင်အမေရိကအဖွဲ့ချုပ် အတွင်းရေးမှူးဟောင်း)၊ အိုဇူနာ(ဘိုလီဗီးယားအဖွဲ့ချုပ် စာရင်းစစ်ကော်မတီဥက္ကဋ္ဌ)နှင့် တိုင်ဘီရာ (ဘရာဇီးအဖွဲ့ချုပ်ဥက္ကဋ္ဌဟောင်း) တို့ဖြစ်ကြသည်။




# ပြိုင်ဘက်ကို တံတောင်ဖြင့် တွက်မှုအတွက် ရှဝိန်းစတိုင်ဂါကို အက်ဖ်အေက သုံးပွဲပယ်ပြစ်ဒဏ်ချမှတ်

ပြိုင်ဘက်ကစားသမားကို ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်ကြောင်းစွဲချက်အတွက် မန်ချက်စတာယူနိုက်တက် ကွင်းလယ်လူ ဘက်စတီယန် ရှဝိန်းစတိုင်ဂါကို အက်ဖ်အေက သုံးပွဲပယ်ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း သိရသည်။

ဝက်စ်ဟမ်းယူနိုက်တက်နှင့် ဂိုးမရှိသရေကျခဲ့သောပွဲစဉ်တွင် ပြိုင်ဘက်ခံစစ်သမား ဝင်စတန်ရိဒ်ကို တံတောင်ဖြင့် တိုက်ခဲ့သည့်အတွက် FA စည်းကမ်းထိန်းသိမ်းရေးကော်မတီက ယခုကဲ့သို့ ပြစ်ဒဏ်ချမှတ်ခဲ့ခြင်းဖြစ်သည်။

ဂျာမန်လက်ရွေးစင် အသင်းခေါင်းဆောင်က FA ၏စွဲချက်ကို အယူခံမဝင်ဘဲ လက်ခံခဲ့သည့်နောက် ပြစ်ဒဏ်သည် ချက်ချင်းသက်ရောက်မှုရှိလာမည်ဖြစ်သည်။ ပြီးခဲ့သည့် ဒီဇင်ဘာ ၆ ရက်က အိုးလ်ထရက်ဖို့ဒ်တွင် ကစားသည့်ပွဲစဉ်၌ အဆိုပါဖြစ်ရပ်ကို ပွဲကြီးကြပ်သည့် ဒိုင်လူကြီးများ မတွေ့မြင်ခဲ့သော်လည်း FA က ဗီဒီယိုမှတ်တမ်းများကို ပြန်လည်ကြည့်ရှုကာ ယခုကဲ့သို့ပြစ်ဒဏ်ချမှတ်လိုက်ခြင်းဖြစ်သည်။

ရှဝိန်းစတိုင်ဂါသည် ဘုန်းမောက်သ်၊ နော့ဝှစ်ချ်စီးတီး၊ စတုတ်ခ်စီးတီးတို့နှင့် ပွဲစဉ်များကိုလွဲချော်တော့မည်ဖြစ်သည်။ ထိုပွဲအပြီးတွင် ရိဒ်က "တကယ်ဆို အနီကတ်ဖြစ်သင့်ပါတယ်။ ရှဝိန်းစတိုင်ဂါက သူဘာလုပ်ခဲ့တယ်ဆိုတာကို သူ့ဘာသာသိပါတယ်။ သူကကျွန်တော့်မျက်နှာကို တံတောင်နဲ့တွတ်ခဲ့တာပါ။ ဒိုင်က မမြင်လိုက်ဘူး။ ဒီတော့ ဘာအရေးယူမှုမှမရှိဘဲ ရှေ့ဆက်ကစားဖြစ်ခဲ့ပါတယ်"ဟု သတင်းထောက်များအား ပြောကြားခဲ့သည်။

ဝက်စ်ဟမ်း မန်နေဂျာ ဆလာဗန်ဘီလစ်ကလည်း "ဒါ အနီကတ်ဖြစ်ရမယ့်ကိစ္စပါ။ ဒါပေမယ့်ဒိုင်က မမြင်လိုက်ပါဘူး။ ဒါကိုကျွန်တော် နားလည်လက်ခံပါတယ်။ တစ်ခါတလေ ဒိုင်တွေက အရေးပါတဲ့ကိစ္စတွေကို မမြင်တတ်ကြပါဘူး။ တကယ်လို့ သူမြင်ခဲ့မယ်ဆိုရင် တိုက်ရိုက်အနီကတ်ပြမှာပါပဲ။ ကျွန်တော်တို့ စိတ်ပျက်မိပေမယ့် ဒါဟာ ဖြစ်တတ်တယ်ဆိုတာကို လက်ခံပါတယ်။ ဒိုင်က ရှဝိန်းစတိုင်ဂါလုပ်တာကို မမြင်လိုက်ဘူးလေ"ဟု မှတ်ချက်ပြုသွားခဲ့သည်။

# ဘင်ဇီးမားအား လက်ရွေးစင်အသင်းအဖြစ်မှ ခေတ္တထုတ်ပယ်




ပြင်သစ်ဘောလုံးအဖွဲ့ချုပ်သည် လိုင်ယွန်အသင်းမှ ကစားသမားအား ခြိမ်းခြောက်ငွေညှစ်ရန် ကြိုးစားမှုတွင် ပါဝင်ပတ်သက်နေသည်ဟု ဗာဆိုင်းရဲတပ်ဖွဲ့က စုံစမ်းဖော်ထုတ်ခဲ့ပြီးနောက် ပြင်သစ်လက် ရွေးစင်ကစားသမား ဘင်ဇီမာအား လက်ရွေးစင်အသင်းမှ ခေတ္တထုတ်ပယ်ခဲ့ကြောင်း သိရသည်။

ဘင်ဇီးမားအနေဖြင့် အဆိုပါအမှုနှင့် လုံးဝပတ်သက်မှုမရှိဟု ဆိုမှသာလျှင် လက်ရွေးစင်အသင်းတွင် ပြန်လည်ဝင်ရောက်နိုင်ရန်စဉ်းစားပေးမည်ဖြစ်ကြောင်း ပြင်သစ်ဘောလုံးအဖွဲ့ချုပ်က ထုတ်ပြန်ကြေညာခဲ့သည်။

ပြင်သစ်ရဲတပ်ဖွဲ့၏စုံစမ်းစစ်ဆေးမှုအရ ဘင်ဇီးမားသည် ၎င်း၏အသင်းဖော်လိုင်ယွန်အသင်း၏ ပြင်သစ်ကွင်းလယ်ကစားသမား မက်သယူးဗယ်လ်ဗျူနာအား လိင်မှုဆိုင်ရာ တိတ်ခွေအတွက် ငွေညှစ်ရန်ကြိုးစားမှုတွင် ပါဝင်ပတ်သက်ခဲ့သည်ဟု ပြောကြားခဲ့သည်။

ထို့ကြောင့် ပြင်သစ်ဘောလုံးအဖွဲ့ချုပ်က ၎င်းအား ပြင်သစ်လက်ရွေးစင်အသင်းမှ ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

သို့သော် တရားရုံး၏ဆုံးဖြတ်ချက်ကို စောင့်ကြည့်ရဦးမည်ဖြစ်ကြောင်း၊ တရားရုံး၏ဆုံးဖြတ်ချက်အရ ၎င်းတို့၏ အမိန့်ကို ပြန်လည်ပြင်ဆင်မည်ဖြစ်ကြောင်း ပြင်သစ်ဘောလုံးအဖွဲ့ချုပ်က ထပ်မံပြောကြားခဲ့သည်။

အဆိုပါ ဆုံးဖြတ်ချက်ကြောင့် ဘင်ဇီးမားသည် ၎င်း၏မိခင်နိုင်ငံဖြစ်သည့် ပြင်သစ်နိုင်ငံတွင် ကျင်းပမည့် ယူရို ၂၀၁၆ပြိုင်ပွဲကြီးနှင့် လွဲချော်တော့မည်ဖြစ်သည်။

ယူရို ၂၀၁၆ ပြိုင်ပွဲကြီးကို ၂၀၁၆ ခုနှစ် ဇွန်လတွင် စတင်ကျင်းပမည်ဖြစ်ပြီး နောက်ဆုံး ၁၆ သင်းဆင့်ပြိုင်ပွဲအတွက်မဲခွဲပွဲကို မကြာမီပြုလုပ်တော့မည်ဖြစ်သည်။

# ဆွစ်တင်းနစ်ချန်ပီယံ ရော်ဂျာဖက်ဒဲရာက နည်းပြစတီဖင်ကို ထုတ်ပယ်၍ ခရိုအေးရှားနည်းပြဖြင့် အစားထိုး




ဆွစ်ဇာလန်နိုင်ငံသား တင်းနစ်ချန်ပီယံ ရော်ဂျာဖက်ဒဲရာသည် ၎င်းနှင့် ၂၀၁၄ ခုနှစ်ကတည်းကလက်တွဲခဲ့သည့် နည်းပြ စတီဖင်အက်ဒ်ဘာ့ဂ်ကို ထုတ်ပယ်၍ နည်းပြသစ်ဖြင့် အစားထိုးလိုက်ကြောင်း သိရသည်။

တင်းနစ် ရာသီကုန်ခါနီးတွင် ရော်ဂျာ ဖက်ဒဲရာသည် ၎င်း၏ ပုံမှန်လက်စွမ်းကိုမရရှိခဲ့သဖြင့် နည်းပြစတီဖင်အက်ဒ် ဘာ့ဂ်ကို ထုတ်ပယ်ရခြင်းဖြစ်သည်ဟုဆိုသည်။

ဖက်ဒဲရာသည် စတီဖင်ကို ထုတ်ပယ်ခဲ့ပြီးနောက် ခရိုအေးရှားတင်းနစ် ချန်ပီယံ အိုင်ဗန်လျူဂျူဘီစစ်ကို ခန့်အပ်ခဲ့ခြင်းဖြစ်သည်။

ဖက်ဒဲရာသည် အိုင်ဗန်လျူဂျူဘီစစ်ကို တင်းနစ်တစ်ရာသီသာ ငှားရမ်းခဲ့ခြင်းဖြစ်ပြီး ငှားရမ်းခဲ့သည့် ရာသီတွင် ၎င်းမျှော်လင့်ထားသည့် ဝင်ဘယ်ဒန်ချန်ပီယံ ဆုဖလားကို ရရှိခဲ့ပါက ဆက်လက် ငှားရမ်းသွားမည်ဖြစ်ကြောင်း ဖက်ဒဲရာက ပြောကြားခဲ့သည်။ဂျူဘီစစ်သည် ၂၀၀၅ ခုနှစ်က ကျင်းပခဲ့သည့် ဒေးဗစ်ဖလားတင်းနစ် ပြိုင်ပွဲ၏ နောက်ဆုံး ဗိုလ်လုပွဲစဉ်တွင် ခရိုအေးရှားအသင်းကို အနိုင်ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့သူဖြစ်သည်။ သူသည် ကမ္ဘာ့အဆင့်သုံးအဖြစ် ၂၀၀၆ ခုနှစ် မေ ၁ ရက်တွင် သတ်မှတ်ခြင်းခံခဲ့ရသည်။ ဖက်ဒဲရာသည် လာမည့် ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲနှင့် ယူအက်စ်အိုးပင်းတင်းနစ်ပြိုင်ပွဲများတွင် အနိုင်ရရှိပြီး ကမ္ဘာ့အဆင့်တစ်သို့ ပြန်လည်ရရှိရန်ရည်မှန်းထားကြောင်း သိရသည်။

သင့်ကျန်းမာရေး

# ကျောင်းကျန်းမာရေး

ဒေါက်တာလွင်သန့်

ကျောင်းကျန်းမာရေးမှာ ကျောင်းတွင်းအာဟာရဖွံ့ဖြိုးရေးနဲ့ အစားအစာများ အန္တရာယ်ကင်းဝေးရေးလုပ်ငန်း၊ သန်ချဆေးတိုက်ကျွေးခြင်းလုပ်ငန်း၊ အိုင်အိုဒင်းဆား စားသုံးမှု ရှိ မရှိစစ်ဆေးခြင်း၊ ဗီတာမင်အေတိုက်ကျွေးခြင်း (သံဓာတ်ဆေးပြားတိုက်ကျွေးခြင်း) အာဟာရပညာပေးခြင်း၊ သွားနှင့်ခံတွင်း ကျန်းမာရေးတို့ပါဝင်တယ်။

**ကျောင်းကျန်းမာရေးအာဟာရဖွံ့ဖြိုးရေးနှင့် အစားအစာများ အန္တရာယ်ကင်းရေး -** ကျောင်းတွင်းအာဟာရကို စနစ်တကျ အကောင်အထည်ဖော်ခြင်းက ကျောင်းသားလူငယ်များမှာ အစားအသောက်ဓလေ့ကောင်းများဖြစ်ထွန်းစေရုံမက ကျန်းမာရေးမှာ အာမခံချက်ရှိပြီးများများအထောက်အကူဖြစ်စေဖို့ဖြစ်တယ်။

ကျောင်းသားကျောင်းသူများဟာ ကျောင်းသင်ခန်းစာများ သင်ယူလေ့လာရာမှာ သန့်ရှင်းတဲ့ပတ်ဝန်းကျင်၊ ကျန်းမာတဲ့ကိုယ်ကာယနဲ့ ကြံ့ခိုင်တဲ့စိတ်ဓာတ်ရှိမှ တင်းပြည့်ကျပ်ပြည့် အကျိုးကျေးဇူးရှိအောင် သင်ယူနိုင်မှာဖြစ်တယ်။

ကျောင်းများရဲ့ စားသောက်ဆိုင်တွေမှာ သန့်ရှင်းလတ်ဆတ်ပြီး အာဟာရဓာတ်ပြည့်ဝအောင် ရောင်းချခြင်းနဲ့ ကျောင်းသားများကလည်း အာဟာရဓာတ်ပြည့်ဝအောင် ဝယ်ယူစားသောက်မှု မပြုနိုင်ခြင်းရှိနေတာတွေ့ရတယ်။ အာဟာရဓာတ်လိုအပ်ချက်ဟာ လူတစ်ဦးရဲ့အသက်၊ ကျား၊ မလှုပ်ရှားမှု၊ ကျန်းမာရေးအခြေအနေနဲ့ ရာသီဥတုအလိုက်ကွဲပြားပေမယ့် လှုပ်ရှားပြေးလွှားဆော့ကစားတတ်တဲ့ ကျောင်းသားအရွယ်များအတွက် သာမန်ထက်ပိုမိုလိုအပ်တယ်။ ကျောင်းသားများဟာ ကြီးထွားဆဲအရွယ်ဖြစ်တဲ့ အားလျော်စွာ အသစ်အသစ်တည်ဆောက်နေတဲ့ သွေးသားသစ်များအတွက် အသားဓာတ်လိုအပ်ပါတယ်။

**အဓိကရည်မှန်းချက်-** ကျောင်းသားလူငယ်များရဲ့ ကြီးထွားဖွံ့ဖြိုးမှုအတွက် မူကြိုနှင့်မူလတန်းကျောင်းမှာ နေ့လယ်ထမင်းဗူးကျွေးခြင်း၊ ကျောင်းနှင့်ဒေသအခြေအနေအရဆောင်ရွက်ဖို့ မျှတလုံလောက်တဲ့ အစာအာဟာရများစားသုံးတတ်လာစေရေးအတွက် အာဟာရပညာပေးရန် ကျောင်းဈေးသည်နဲ့ ကျောင်းဈေးဆိုင်များ စနစ်တကျစစ်ဆေးပြီး အန္တရာယ်ကင်းတဲ့ အစားအသောက်များ ရောင်းချရေးအတွက် ကြီးကြပ်ဆောင်ရွက်ရန်တို့ကို ရည်မှန်းချက်အဖြစ် ထားရှိပါတယ်။

**ရည်ရွယ်သည့်အကျိုးကျေးဇူး -** (၁)အစာစားခါနီးလက်ဆေးတဲ့ အလေ့ကျင့်ရဖို့၊ (၂)အစားအသောက်ကို စားသုံးရာမှာ စနစ်တကျသန့်ရှင်းစွာစားသောက်တတ်တဲ့ အလေ့အကျင့်ရရှိဖို့၊ (၃) အစားအသောက်များရဲ့ အာဟာရဓာတ် တန်ဖိုးများသိနားလည်ဖို့၊ (၄)လုံလောက်မျှတတဲ့ အာဟာရဓာတ်ပါတဲ့ အစား အစာများစားသုံးတတ်စေဖို့၊ (၅)ကိုယ်ကာယဖွံ့ဖြိုးကြီးထွားမှုအင်အားစသည်တို့အထောက်ကူပြုစေဖို့၊ (၆)အာဟာရဓာတ်ချို့တဲ့မှုများကြောင့် ဖြစ်ပေါ်ခံစားနေရတဲ့ရောဂါနှုန်းများကျဆင်းဖို့၊ (၇)သန့်ရှင်းလတ်ဆတ်မှုရှိတဲ့ အန္တရာယ်ကင်းတဲ့အစားအစာများ စားသောက်တဲ့အကျင့်ရဖို့၊ (၈)ကျောင်းတွင်းအာဟာရ ကျွေးမွေးခြင်းလုပ်ငန်းမှာ ကျောင်းသားလူငယ်များကိုယ်တိုင်ပါဝင်ဆောင်ရွက်ခြင်းအားဖြင့် ဘက်စုံပညာရေးဖွံ့ဖြိုးတိုးတက်မှု၊ စာရိတ္တပညာ မြင့်တင်မှုနှင့် အချင်းချင်းရိုင်းပင်းကူညီမှုကို ကျောင်းသားအရွယ်တိုင်း အခြေခံကစပြီး ရှင်သန်စေဖို့၊ (၉)ကျောင်းသားလူငယ်များမှတစ်ဆင့် သက်ဆိုင်ရာမိဘများနဲ့ ပြည်သူလူထုအတွင်းသို့ အာဟာရပညာပြန့်ပွားစေဖို့၊ (၁၀)အနာဂတ်နိုင်ငံတော်ကြီးမှာ ကျန်းမာတဲ့နိုင်ငံသားများရရှိဖို့ဖြစ်ပါတယ်။

**ဖြည့်ဆည်းရမယ့်အာဟာရ -** ကျောင်းသူ၊ ကျောင်းသားများရဲ့ တစ်နေ့တာလိုအပ်တဲ့အာဟာရရဲ့ သုံးပုံတစ်ပုံကို ကျောင်းကကျွေးဖို့ရည်ရွယ်တယ်။ ကျင့်သုံးတဲ့စနစ်မှာ ဒေသထွက်ပစ္စည်းများအခြေခံဖို့ ကိုယ့်အားကိုယ်ကိုးစနစ်ကျင့်သုံးဖို့ လူထုလူတန်းစားအားလုံးပါဝင်ကူညီဖို့လိုအပ်ပါတယ်။

**အာဟာရဖွံ့ဖြိုးရေးနည်းလမ်းများ။** ကျောင်းကျန်းမာရေးကော်မတီက အဓိကတာဝန်ယူမယ်။ ဒေသထွက်ပစ္စည်းများကို အခြေခံပြီး ပြုလုပ်တဲ့ သွားရေစာများ ဥပမာ ဘိန်းမုန့်၊ ပဲကြော်၊ မုန့်စိမ်းပေါင်း၊ ဘယာကြော်၊ ငှက်ပျောကြော်၊ တို့ဟူးကြော်၊ ခေါပုတ်ကြော်၊ ငါးမုန့်ကြော်၊ ကန်စွန်းဥ၊ ကောက်ညှင်းပေါင်းစတဲ့ အစားအစာများကို တန်ဖိုးထားစားတတ်ဖို့၊ ကုန်ကျစရိတ်များကို ကလေးများရဲ့နေ့စဉ်မုန့်ဖိုးငွေမှကောက်ခံခြင်း၊ မိဘများရဲ့ဆန္ဒနဲ့ လစဉ်စုဆောင်းထားတဲ့စနစ်နဲ့ (သို့) စေတနာရှင်များလှူဒါန်းတဲ့ သီးခြားရန်ပုံငွေများမှလည်းကောင်း ကုန်ကျသုံးစွဲမှာဖြစ်ပါတယ်။

# အစားအစာများ မသန့်ရှင်းမှုကြောင့် ကမ္ဘာပေါ်တွင် နှစ်စဉ်လူလေးသိန်းကျော် သေဆုံးလျက်ရှိ

အစားအစာများမသန့်ရှင်းမှုကြောင့် နှစ်စဉ်လူသန်း ၆၀၀ ကျော် ကျန်းမာရေးထိခိုက်နေကြရပြီး လူ ၄၂၀,၀၀၀ ခန့်သေဆုံးနေရကြောင့် အဆိုပါအရေအတွက်အနက် ကလေးသူငယ်က သုံးပုံတစ်ပုံခန့်ပါရှိနေကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဒီဇင်ဘာလ ပထမပတ်အတွင်းမှာ ထုတ်ပြန်ကြေညာလိုက်ပါတယ်။

မသန့်ရှင်းတဲ့ အစားအသောက်များမှာ ပါဝင်တဲ့ရောဂါပိုးများကြောင့် လူ ၁၀ ဦးမှာ တစ်ဦးနာမကျန်းဖြစ်ရတယ်လို့ WHO ထုတ်ပြန်ထားပါတယ်။ ဒါ့အပြင်ဘက်တီးရီးယား၊ ဗိုင်းရပ်စ်ကပ်ပါးပိုးများ၊ အဆိပ်အတောက်များနဲ့ ဓာတုပစ္စည်းများပါဝင်တဲ့ အစားအသောက်များကြောင့် လူတွေ ကျန်းမာရေးချို့ယွင်း နေရတာဖြစ်ပါတယ်။ မသန့်ရှင်းတဲ့ အစားအစာများက မမြင်ရတဲ့ ရန်သူ၊ မမြင်ရတဲ့ တစ္ဆေသရဲသဖွယ် လူတွေကိုခြောက်လှန့်နေတယ်လို့ WHO စားနပ်ရိက္ခာဘေးကင်းလုံခြုံရေးဌာနမှူး Kazuki Muyagishima က ပြောပါတယ်။

၂၀၁၀ ခုနှစ်ကစပြီး အေဂျင်စီ ၃၀ ကျော်နဲ့ သုတေသနပြုလုပ်ခဲ့ရာမှာ အစားအစာများ မသန့်ရှင်းမှုကြောင့် လူသန်းပေါင်းများစွာဟာ နာမကျန်းဖြစ်ကြရပြီး ကင်ဆာလိုပြင်းထန်တဲ့ရောဂါဝေဒနာများကို ခံစားနေကြရတယ်လို့ WHO ကို အစီရင်ခံစာ တင်ပြခဲ့ပါတယ်။

၅ နှစ်အောက်ကလေးငယ်များမှာ ရောဂါဝေဒနာခံစားရပါက ရောဂါဖြစ်ပွားသူရဲ့ ၉ ရာခိုင်နှုန်းကသာ ကျန်းမာရေးပြန်လည်ကောင်းမွန်နိုင်ခဲ့ပါတယ်။ နာမကျန်းဖြစ်သူ အားလုံးရဲ့ ၄၀ ရာခိုင်နှုန်းက စိတ်ချလုံခြုံမှုမရှိတဲ့ အစားအစာမသန့်တဲ့ရေများကို သောက်သုံးရခြင်းကြောင့် နာမကျန်းဖြစ်ပြီး နာမကျန်းဖြစ်သူအားလုံးရဲ့ ၃၀ ရာခိုင်နှုန်းကတော့ အသက်ဆုံးရှုံးခဲ့ကြရပါတယ်။

အစားအစာများကြောင့် ဖြစ်ပွားတဲ့ ရောဂါများမှာ အထက်လှန်အောက်လျှောကဲ့သို့ အန်ခြင်း၊ ဝမ်းသွားခြင်းစတဲ့လက္ခဏာများဖြစ်ပြီး အစာအဆိပ်သင့်တယ်လို့ ပြောဆိုလေ့ရှိကြပါတယ်။ ဒါပေမယ့် လုံခြုံစိတ်ချရမှုမရှိတဲ့ အစားအစာများကို ရေရှည်စားသုံးမိပါက ကင်ဆာကဲ့သို့သောရောဂါဝေဒနာတွေ ဖြစ်ပွားလာနိုင်ပါတယ်။ ဒါ့အပြင် ကျောက်ကပ်နဲ့ အသည်းပျက်စီးခြင်း၊ ဦးနှောက်နဲ့ အာရုံကြောရောဂါများ ဖြစ်ပွားစေနိုင်တယ်လို့ အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။

မကြာခဏဝမ်းလျှောဝမ်းပျက်ရခြင်းမှာ သေချာစွာကျက်အောင်ချက်ပြုတ်မထားတဲ့ အသားများ၊ အသားစိမ်းများ၊ ကြက်ဥများ၊ ဆာမိုနဲလားပါဝင်တဲ့ နို့နဲ့ နို့ထွက်ပစ္စည်းများကို စားသုံးခြင်းကြောင့်ဖြစ်ပွား စေနိုင်ပါတယ်။ အီးကိုလိုင်ပိုး၊ ဘက်တီးရီးယား သို့မဟုတ် သန်ကောင်များဟာ အစာကြောင့်ဖြစ်တဲ့ ရောဂါများကို ဖြစ်ပွားစေတဲ့ အဓိကတရားခံများပဲ ဖြစ်ကြပါတယ်။

အစားအစာများ ဘေးကင်းလုံခြုံမှု မရှိတဲ့အတွက် ရောဂါဘယများထူပြောရခြင်းဟာ စာတတ်မြောက်မှု အဆင့်နိမ့်ကျခြင်း၊ ပညာရေးညံ့ဖျင်းခြင်းတို့ကြောင့်ဖြစ်ကြရပြီး အာဖရိကနဲ့ အရှေ့တောင်အာရှ နိုင်ငံများမှာ အများဆုံးဖြစ်ပွားလျက်ရှိကာ နှစ်စဉ်လူပေါင်း ၁၁၂၀၀၀ ဟာသေဆုံးလျက်ရှိနေပါတယ်။ အစားအစာများ ဘေးကင်းလုံခြုံစိတ်ချရတဲ့ ဥပဒေများခိုင်မာတဲ့အတွက် ဥရောပတိုက်မှာရှိတဲ့ နိုင်ငံများမှာ အစားအစာ မသန့်ရှင်းမှုကြောင့် လူ ၅၀၀၀ ခန့်သာ သေဆုံးနေကြရသလို အမေရိကတိုက် နိုင်ငံများမှာတော့ လူပေါင်း ၉၀၀၀ ခန့်သာ သေဆုံးနေကြရတယ်လို့ဆိုပါတယ်။

**မယ်စားသုံး**

# WHO ၏ ကင်ဆာလေ့လာတွေ့ရှိချက်အား ပေါ်တူဂီ အသားထုတ်လုပ်ရေးအသင်းက ကန့်ကွက်

ပေါ်တူဂီ အသားထုတ်လုပ်ရေးအသင်းသည် ပြီးခဲ့သည့်လအတွင်းက WHO မှထုတ်ပြန်ခဲ့သည့်အနီရောင်ရှိသည့်အသားနှင့် ကင်ဆာဝေဒနာတို့ဆက်စပ်မှုရှိနေသည်ဆိုသည့် လေ့လာတွေ့ရှိချက်အား ကန့်ကွက်ခဲ့ကြောင်း လစ္စဘွန်းသတင်းဌာနက ထုတ်ဖော်ရေးသားခဲ့သည်။



“အသင်းအနေနဲ့ WHO ရဲ့အခုလိုထုတ်ပြန်ချက်ကို အသေးစိတ်ထုတ်ပြန်ပေးဖို့ အကြောင်းကြားထားပြီးပါပြီ။ WHO ရဲ့ထုတ်ပြန်ချက်ဟာ နိုင်ငံရပ်ခြားက စားသုံးသူတွေအပေါ်မှာ နားလည်မှုတွေ လွဲမှားစေပါတယ်”ဟု ပေါ်တူဂီ အသားထုတ်လုပ်ရေးအသင်း၏ ထုတ်ပြန်ကြေညာချက်တွင် ဖော်ပြထားသည်။

ထို့ပြင် WHO ၏ ထုတ်ပြန်ကြေညာချက်သည် အကြောင်းအရာတစ်ချက်တည်းကိုသာ ထောက်ပြထားခြင်းဖြစ်ပြီး အသားစားသုံးခြင်းဖြင့် ကင်ဆာရောဂါဖြစ်ပွားမှုနှုန်း မြင့်တက်သည်ဆိုသည်မှာ ဖြစ်နိုင်ဖွယ်ရာမရှိကြောင်းဖြင့် အဆိုပါအသင်းက ထုတ်ဖော်ပြောကြားခဲ့သည်။

“အနီရောင်ရှိတဲ့ အသားစားသုံးတာနဲ့ ကင်ဆာရောဂါ ဖြစ်ပွားတယ်ဆိုတာ တကယ့်ကို ရှုပ်ထွေးလှတဲ့အချက်တွေ အများကြီး ပေါင်းစပ်ထားတာပါ။ ဥပမာပြောရမယ်ဆိုရင် အသက်အရွယ်၊ မျိုးရိုးဗီဇ၊ အစားအသောက်၊ နေထိုင်မှုပတ်ဝန်းကျင်နဲ့ နေထိုင်မှုပုံစံ စတဲ့အချက်တွေ အများကြီးပါဝင်ပါတယ်။ ကင်ဆာရောဂါ ဖြစ်ပွားရတာဟာ အစားအသောက် တစ်ခုတည်းနဲ့ ဆုံးဖြတ်လို့မရပါဘူး”ဟု အသင်း၏အစီရင်ခံစာတွင် ဖော်ပြထားသည်။

WHO ၏ အဆိုပါအစီရင်ခံစာသည် ပေါ်တူဂီနိုင်ငံ၏အသားထုတ်လုပ်ရေးကို များစွာထိခိုက်စေခဲ့ကြောင်း၊ အောက်တိုဘာလအတွင်းက ထုတ်ပြန်ခဲ့သည့် WHO ၏အစီရင်ခံစာကြောင့် ပေါ်တူဂီနိုင်ငံတွင် အသားရောင်းချရမှုသည် လစဉ် ၅ ရာခိုင်နှုန်းမျှ ကျဆင်းသွားခဲ့ကြောင်း၊ ပေါ်တူဂီအသားထုတ်လုပ်ရေးအသင်းက WHO ၏ အစီရင်ခံစာအပေါ် ဝေဖန်ပြောကြားခဲ့သည်။

**မယ်သီတာ**

# pifumyEkdif-pifumyIrdKUjynfwGif;aps; tajctaersm; Ekdif;,SOfcsuf

၁၀/၁၂/၂၀၁၅

| စဉ် | အမည် | ကုန်အမှတ်တံဆိပ် | စင်ကာပူဈေးနှုန်း | | မြန်မာဈေးနှုန်း | |
|---|---|---|---|---|---|---|
| | | | ရေတွက်ပုံ | S$ | ရေတွက်ပုံ | ကျပ် |
| ၁ | ဟုန်မာလီ ၁၀၀%ဆန် | Royal Umbrella-ထိုင်း | ၁ ကီလိုဂရမ် | ၂.၈၈ | ၁ ပြည် | ၅၄၁၃ |
| ၂ | ဟုန်မာလီ ၁၀၀%ဆန် | FairPrice Gold-ထိုင်း | ၁ ကီလိုဂရမ် | | ၁ ပြည် | ၃၉၉၂ |
| ၃ | ဟုန်မာလီ ရောနှောဆန် | FairPrice Golden Royal | ၁ ကီလိုဂရမ် | ၁.၅၂ | ၁ ပြည် | ၂၈၅၉ |
| ၄ | ဟုန်မာလီဆန် | FairPrice Jasmine-ဗီယက်နမ် | ၁ ကီလိုဂရမ် | ၁.၂၅ | ၁ ပြည် | ၂၃၅၁ |
| ၅ | ဧည့်မထဆန် လုံးရှည် | AAA-ဗီယက်နမ် | ၁ ကီလိုဂရမ် | ၁.၀၆ | ၁ ပြည် | ၁၉၉၂ |
| ၆ | ဘာစမာတီဆန် | India Gate-Classic အိန္ဒိယ | ၁ ကီလိုဂရမ် | ၄.၉၆ | ၁ ပြည် | ၉၃၂၂ |
| ၇ | မုံညင်းဆီ | FairPrice Canola | ၂ လီတာ | ၆.၁၂ | ၁ ပိဿာ | ၅၆၃၆ |
| ၈ | နေကြာဆီ | FairPrice | ၂ လီတာ | ၆.၆၆ | ၁ ပိဿာ | ၆၁၃၄ |
| ၉ | ဖွဲနုဆီ | FairPrice | ၂ လီတာ | ၆.၉၇ | ၁ ပိဿာ | ၆၄၁၉ |
| ၁၀ | မြေပဲဆီ | FairPrice | ၂ လီတာ | ၈.၅၅ | ၁ ပိဿာ | ၇၈၇၄ |
| ၁၁ | ဆား | FairPrice | ၁ ကီလိုဂရမ် | ၀.၈၀ | ၁ ပိဿာ | ၁၂၀၂ |
| ၁၂ | ဆား | Pagoda Sea Salt | ၁ ကီလိုဂရမ် | ၂.၉၅ | ၁ ပိဿာ | ၄၄၃၂ |
| ၁၃ | သကြား | FairPrice Fine | ၁ ကီလိုဂရမ် | ၁.၃၉ | ၁ ပိဿာ | ၂၀၈၈ |
| ၁၄ | သကြား | Billington's Demerara | ၁ ကီလိုဂရမ် | ၅.၈၀ | ၁ ပိဿာ | ၈၇၁၄ |
| ၁၅ | အေးခဲ ကြက်သား | Sadia-ဘရာဇီး | ၁ ကီလိုဂရမ် | ၄.၆၅ | ၁ ပိဿာ | ၆၉၈၆ |
| ၁၆ | ကြက်သား | မလေးရှား | ၁ ကီလိုဂရမ် | ၇.၄၀ | ၁ ပိဿာ | ၁၁၁၁၈ |
| ၁၇ | အေးခဲဝက်သား | Porkee | ၁ ကီလိုဂရမ် | ၁၀.၂၀ | ၁ ပိဿာ | ၁၅၃၂၄ |
| ၁၈ | ဝက်သား | အနိမ့်ဈေး | ၁ ကီလိုဂရမ် | ၁၂.၃၀ | ၁ ပိဿာ | ၁၈၄၇၉ |
| ၁၉ | ဝက်သား | အမြင့်ဈေး | ၁ ကီလိုဂရမ် | ၂၄.၉၀ | ၁ ပိဿာ | ၃၇၄၁၀ |
| ၂၀ | အေးခဲအမဲသား | AMIR's Cube | ၁ ကီလိုဂရမ် | ၁၃.၈၀ | ၁ ပိဿာ | ၂၀၇၃၃ |
| ၂၁ | အမဲသား | အနိမ့်ဈေး-ဩစတေးလျ | ၁ ကီလိုဂရမ် | ၁၄.၉၀ | ၁ ပိဿာ | ၂၂၃၈၆ |
| ၂၂ | အမဲသား | အမြင့်ဈေး-ဩစတေးလျ | ၁ ကီလိုဂရမ် | ၄၅.၉၀ | ၁ ပိဿာ | ၆၈၉၆၀ |
| ၂၃ | အေးခဲဆိတ်သား | AMIR's Cube | ၁ ကီလိုဂရမ် | ၁၃.၉၀ | ၁ ပိဿာ | ၂၀၈၈၃ |
| ၂၄ | ဆိတ်သား | Singourment | ၁ ကီလိုဂရမ် | ၁၇.၃၀ | ၁ ပိဿာ | ၂၅၉၉၁ |
| ၂၅ | တီလားပီးယားငါး | အနက် | ၁ ကီလိုဂရမ် | ၆.၉၀ | ၁ ပိဿာ | ၁၀၃၆၇ |
| ၂၆ | ငါးမုတ် | ရွှေရောင် | ၁ ကီလိုဂရမ် | ၁၁.၉၀ | ၁ ပိဿာ | ၁၇၈၇၉ |
| ၂၇ | ပုစွန် | Black Tiger XXL | ၁ ကီလိုဂရမ် | ၂၃.၉၀ | ၁ ပိဿာ | ၃၅၉၀၇ |
| ၂၈ | ပုစွန် | Grey Prawn XL | ၁ ကီလိုဂရမ် | ၂၂.၅၀ | ၁ ပိဿာ | ၃၃၈၀၄ |
| ၂၉ | အာလူး | Brastagi- အင်ဒိုနီးရှား | ၁ ကီလိုဂရမ် | ၂.၄၅ | ၁ ပိဿာ | ၃၆၈၁ |
| ၃၀ | ကြက်သွန်ဖြူ | Chef-တရုတ် | ၁ ကီလိုဂရမ် | ၃.၂၀ | ၁ ပိဿာ | ၄၈၀၈ |
| ၃၁ | ကြက်သွန်နီ | Chef-တရုတ် | ၇၀၀ ဂရမ် | ၁.၄၀ | ၁ ပိဿာ | ၃၀၀၅ |
| ၃၂ | ငရုတ်သီး အမှုန့် | Pasar-မလေးရှား | ၁၀၀ ဂရမ် | ၀.၇၂ | ၁ ပိဿာ | ၁၀၈၁၇ |
| ၃၃ | ဂျင်း | Pasar | ၁ ကီလိုဂရမ် | ၆.၉၅ | ၁ ပိဿာ | ၁၀၄၄၂ |
| ၃၄ | ခရမ်းချဉ်သီး | မလေးရှား | ၁ ကီလိုဂရမ် | ၂.၂၀ | ၁ ပိဿာ | ၃၃၀၅ |
| ၃၅ | ခရမ်းသီး | မလေးရှား | ၁ ကီလိုဂရမ် | ၄.၂၀ | ၁ ပိဿာ | ၆၃၁၀ |
| ၃၆ | ဂေါ်ဖီထုပ်အကြီး | တရုတ် | ၁ ကီလိုဂရမ် | ၁.၂၀ | ၁ ပိဿာ | ၁၈၀၃ |
| ၃၇ | ဂေါ်ဖီထုပ် | Bejing-တရုတ် | ၁ ကီလိုဂရမ် | ၁.၆၀ | ၁ ပိဿာ | ၂၄၀၄ |
| ၃၈ | ပန်းမုန်လာ | တရုတ် | ၁ ကီလိုဂရမ် | ၂.၈၀ | ၁ ပိဿာ | ၄၂၀၇ |
| ၃၉ | ကညွတ် | ဩစတေးလျ | ၁ ကီလိုဂရမ် | ၁၆.၉၀ | ၁ ပိဿာ | ၂၅၃၉၁ |
| ၄၀ | ဘိုစားပဲ | Pasar-မလေးရှား | ၂၅၀ ဂရမ် | ၁.၀၃ | ၁ ပိဿာ | ၆၁၈၈ |
| ၄၁ | မုန်လာဥနီ | ဩစတေးလျ | ၅၀၀ ဂရမ် | ၀.၉၅ | ၁ ပိဿာ | ၂၈၅၅ |
| ၄၂ | ပဲလွန်းဖြူ | Pasar | ၁ ကီလိုဂရမ် | ၃.၄၀ | ၁ ပိဿာ | ၅၁၀၈ |
| ၄၃ | ပဲတီစိမ်း | Max's | ၁ ကီလိုဂရမ် | ၄.၅၀ | ၁ ပိဿာ | ၆၇၆၁ |
| ၄၄ | ကြက်ဥ | အနိမ့်ဈေး | ၁ လုံး | ၀.၁၈ | ၁ လုံး | ၁၆၁ |
| ၄၅ | ကြက်ဥ | အမြင့်ဈေး | ၁ လုံး | ၀.၃၇ | ၁ လုံး | ၃၃၆ |
| ၄၆ | ပန်းသီး | Fuji-တရုတ် | ၅ လုံး | ၄.၂၅ | ၁ လုံး | ၇၈၃ |
| ၄၇ | ပန်းသီး | Royal Gala-ပြင်သစ် | ၁ လုံး | ၀.၄၀ | ၁ လုံး | ၃၆၈ |
| ၄၈ | လိမ္မော်သီး | Lukan-တရုတ် | ၁ လုံး | ၀.၄၅ | ၁ လုံး | ၄၁၄ |
| ၄၉ | ဖရဲသီး | မလေးရှား | ၅ ကီလိုဂရမ် | ၃.၅၀ | ၁ လုံး | ၃၂၂၃ |
| ၅၀ | ငှက်ပျောသီး | Aloha-ဖိလစ်ပိုင် | ၁ ကီလိုဂရမ် | ၂.၀၀ | ၁ လုံး | ၂၃၀ |
| ၅၁ | နာနတ်သီး | မလေးရှား | ၁ လုံး | ၁.၉၅ | ၁ လုံး | ၁၇၉၆ |
| ၅၂ | နဂါးမောက်သီး | ဗီယက်နမ် | ၁ လုံး | ၀.၅၅ | ၁ လုံး | ၅၀၇ |
| ၅၃ | အုန်းသီးအနု | ထိုင်း | ၁ လုံး | ၁.၆၀ | ၁ လုံး | ၁၄၇၄ |
| ၅၄ | စတော်ဘယ်ရီ | နယူးဇီလန် | ၂၅၀ ဂရမ် | ၄.၄၉ | ၁ ပိဿာ | ၂၆၉၈၃ |
| ၅၅ | စပျစ်သီး | အနီ-အမေရိကန် | ၁ ကီလိုဂရမ် | ၅.၃၀ | ၁ ပိဿာ | ၇၉၆၃ |
| ၅၆ | သစ်တော်သီး | တောင်အာဖရိက | ၅ လုံး | ၂.၆၅ | ၁ လုံး | ၄၈၈ |
| ၅၇ | ထောပတ်သီး | အမေရိကန် | ၁ လုံး | ၁.၃၅ | ၁ လုံး | ၁၂၄၃ |
| ၅၈ | ကော်ဖီမစ် | ၂၀ ဂရမ်အထုပ် ၂၅ ပါ Nescafe 3 in 1 Rich | ၁ ပါကင် | ၆.၁၅ | ၁ ပါကင် | ၅၆၆၄ |
| ၅၉ | ကော်ဖီမစ် | ၂၀ ဂရမ်အထုပ် ၄၀ ပါ Gold Roast 3 in 1 | ၁ ပါကင် | ၅.၂၅ | ၁ ပါကင် | ၄၈၃၅ |
| ၆၀ | ကော်ဖီမှုန့် | Nescafe Delluxe ၂၀၀ ဂရမ် | ၁ ဘူး | ၆.၈၀ | ၁ ဘူး | ၆၂၆၃ |
| ၆၁ | ကော်ဖီမှုန့် | Nescafe Gold ၂၀၀ ဂရမ် | ၁ ဘူး | ၁၂.၇၅ | ၁ ဘူး | ၁၁၇၄၂ |
| ၆၂ | နွားနို့ | Dutch lady | ၁ လီတာ | ၂.၅၀ | ၁ လီတာ | ၂၃၀၂ |
| ၆၃ | နွားနို့ | Marigold | ၁ လီတာ | ၂.၃၀ | ၁ လီတာ | ၂၁၁၈ |
| ၆၄ | နို့ဆီ | Marigold Lady ၃၈၇ ဂရမ် | ၁ ဘူး | ၁.၆၀ | ၁ ဘူး | ၁၄၇၄ |
| ၆၅ | အချိုရည် | Coca Colar | ၁.၅ လီတာ | ၂.၂၀ | ၁.၅ လီတာ | ၂၀၂၆ |
| ၆၆ | အချိုရည် | Pepsi Colar | ၁.၅ လီတာ | ၁.၉၀ | ၁.၅ လီတာ | ၁၇၅၀ |
| ၆၇ | ဆပ်ပြာခဲ | Dove ၁၀၀ ဂရမ် ၃ ခဲ | ၁ ပါကင် | ၃.၈၅ | ၁ ပါကင် | ၃၅၄၆ |
| ၆၈ | ဆပ်ပြာခဲ | LUX ၈၅ ဂရမ် ၆ ခဲ | ၁ ပါကင် | ၂.၄၅ | ၁ ပါကင် | ၂၂၅၆ |
| ၆၉ | သွားတိုက်ဆေး | Colgate Fresh Cool ၂၅၀ ဂရမ် | ၁ ဘူး | ၄.၁၀ | ၁ ဘူး | ၃၇၇၆ |
| ၇၀ | သွားတိုက်ဆေး | Sensodyne ၁၀၀ ဂရမ် | ၁ ဘူး | ၆.၃၀ | ၁ ဘူး | ၅၈၀၂ |
| ၇၁ | ဓါတ်ဆီ 98 | Shell V-power 98 UL | ၁ လီတာ | ၂.၇၀ | ၁ လီတာ | ၂၄၈၇ |
| ၇၂ | ဓါတ်ဆီ 98 | Shell 98 UL | ၁ လီတာ | ၂.၃၄ | ၁ လီတာ | ၂၁၅၅ |
| ၇၃ | ဓါတ်ဆီ 98 | SPC LEVO 98 | ၁ လီတာ | ၂.၂၉ | ၁ လီတာ | ၂၁၀၉ |
| ၇၄ | ဓါတ်ဆီ 95 | Shell 95 UL | ၁ လီတာ | ၂.၀၂ | ၁ လီတာ | ၁၈၆၀ |
| ၇၅ | ဓါတ်ဆီ 95 | SPC 95 | ၁ လီတာ | ၂.၀၀ | ၁ လီတာ | ၁၈၄၂ |
| ၇၆ | ဓါတ်ဆီ 92 | SPC LEVO 92 | ၁ လီတာ | ၁.၉၆ | ၁ လီတာ | ၁၈၀၅ |
| ၇၇ | ဒီဇယ် | Shell | ၁ လီတာ | ၁.၂၄ | ၁ လီတာ | ၁၁၄၂ |
| ၇၈ | ဒီဇယ် | SPC | ၁ လီတာ | ၁.၂၁ | ၁ လီတာ | ၁၁၁၄ |

Organizations News
Vol: 15, No.48 Monday December 14 2015

# အာဆီယံဒေသမှာ ကိုယ်ကျိုးစီးပွားကာကွယ်မှု ပြန်လည်ပေါ်ထွန်းလာ

"Moving Across Borders : The Philippines and the ASEAN Economic Community" ဆိုတဲ့ခေါင်းစဉ်နဲ့ ၂၀၁၆ ခုနှစ် ရင်းနှီးမြှုပ်နှံမှုလမ်းညွှန်ဆွေးနွေးပွဲကို စတင်ကျင်းပခဲ့ပါတယ်။ ယခုအခါ အာရှဒေသမှာ အာဆီယံစီးပွားရေးအသိုက်အဝန်းတစ်ခု ပေါ်ထွန်းလာခဲ့ပြီဖြစ်ပေမယ့် တချို့သော နိုင်ငံတွေက မိမိအကျိုးစီးပွားကို ရှေ့ရှုဆောင်ရွက်လာတာကို တွေ့ရကြောင်း၊ အာရှပစိဖိတ် တက္ကသိုလ်မှာ ကျင်းပတဲ့ အခမ်းအနားမှာ အဆိုပါတက္ကသိုလ်ကို အုတ်မြစ်ချခဲ့သူ စီးပွားရေးပညာရှင် ဘာနီဗီလေးဂတ်က ပြောကြောင်း၊ မနီလာဘူလက်တင်သတင်းမှာ ဒီဇင်ဘာ ၇ ရက်က ဖော်ပြပါတယ်။

“အမျိုးသားရေးဝါဒက အာဆီယံဒေသရှိ တချို့နိုင်ငံတွေမှာ ပြန်လည်ပေါ်ထွန်းလာပါတယ်”ဟု အင်ဒိုနီးရှားနဲ့ မလေး ရှားနိုင်ငံတွေမှာ ပြန်လည်ကျင့်သုံးလာတဲ့ ကိုယ်ကျိုးစီးပွား ကာကွယ်ရေးမူဝါဒများကို ရည်ညွှန်းပြီး ဗီလေးဂတ်က ပြောပါတယ်။

အင်ဒိုနီးရှားနိုင်ငံက ပြည်တွင်းအီကွိတီရှယ်ယာဥပဒေများကို ပြန်လည်အကောင်အထည်ဖော်လျက်ရှိပြီး မလေးရှားနိုင်ငံကလည်း အလားတူလုပ်ရှားမှုများကို ဆောင်ရွက်လျက်ရှိကြောင်း ဗီလေးဂတ်က ပြောပါတယ်။

အဆိုပါ ကိုယ်ကျိုးစီးပွားကာကွယ်မှုအား အာဆီယံအိမ်နီးချင်းနိုင်ငံများအပေါ် ဖိလစ်ပိုင်နိုင်ငံရဲ့ ဩဇာသက်ရောက်မှုအဖြစ် ဗီလေးဂတ်က သုံးသပ်ဖော်ပြပါတယ်။ ဖိလစ်ပိုင် ဖွဲ့စည်းပုံအခြေခံဥပဒေက အများပြည်သူအသုံးအဆောင်များ၊ ပြည်သူ့မီဒီယာနဲ့ သတ္တုတူးဖော်ရေးလုပ်ငန်းများတွင် နိုင်ငံခြားစီးပွားရေးလုပ်ငန်းများ အပြည့်အဝပိုင်ဆိုင်မှုကို ပိတ်ပင်ထားပါတယ်။

ဒါပေမယ့် ၂၀၂၀ ပြည့်နှစ်မှာ အာဆီယံဈေးကွက်ကြီးက လူဦးရေသန်း ၆၂၀ အထိ ကြီးထွားလာမယ်လို့ သိမြင်ထားကြတဲ့အတွက် အဆိုပါအခက်အခဲများ ရှိနေပေမယ့် ဖိလစ်ပိုင်နိုင်ငံရဲ့ ပုဂ္ဂလိကကဏ္ဍက ဖိလစ်ပိုင်နိုင်ငံရဲ့ နယ်နိမိတ်ကိုဖြတ်ကျော်ပြီးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိတာကတော့ ကောင်းမွန်တဲ့အချက်ဖြစ်ကြောင်း သူကပြောပါတယ်။

အာဆီယံဒေသက ကျင့်သုံးလုပ်ဆောင်မယ့် အချက်တွေက ဥရောပစီးပွားရေး အသိုက်အဝန်းနဲ့ မတူဘဲ အာဆီယံဒေသက ဘုံဈေးကွက်နဲ့ ကုန်ထုတ်လုပ်မှု အခြေစိုက်စခန်းကိုသာ ဆောင်ရွက်မှာဖြစ်ပြီး ဘုံအာဆီယံငွေကြေးကို ကျင့်သုံးမှာမဟုတ်တဲ့အတွက် အောင်မြင်မှုရမယ့် အခွင့်အလမ်းပိုများကြောင်း သူကပြောပါတယ်။



# ငွေကြေးအတက်အကျနည်းလာတဲ့အတွက် အာဆီယံကော်ပိုရေးရှင်းများရဲ့ စီးပွားရေးယုံကြည်မှုမြင့်တက်

သုတေသနစစ်တမ်းကောက်ယူရေးလုပ်ငန်း (EY) က နောက်ဆုံးထုတ်ပြန်တဲ့ ကမ္ဘာ့စီးပွားရေးအပေါ် ယုံကြည်မှု ဘာရိုမီတာ တိုင်းတာချက် (Global Confidence Barometer) အရ စီးပွားရေးဖွံ့ဖြိုးမှု ကျဆင်းမယ့် အန္တရာယ်များရှိနေတဲ့တိုင်အောင် အရှေ့တောင်အာရှရှိ ကော်ပိုရေးရှင်းများရဲ့ စီးပွားရေးအပေါ် ယုံကြည်မှုက မြင့်တက်နေဆဲဖြစ်ကြောင်း စင်ကာပူဘိဇနက်ရီဗျူးသတင်းမှာ ဖော်ပြထားပါတယ်။ ငွေကြေးတန်ဖိုးအတက်အကျမတည်ငြိမ်မှုမှာ ပြီးဆုံးသွားပြီဖြစ် ကြောင်းနဲ့ လာမယ့် ၁၂ လအတွင်းမှာ ပိုမိုတည်ငြိမ်လာတော့မှာဖြစ်ကြောင်း စစ်တမ်းကောက်ယူရာမှာ ပါဝင်တဲ့ ကော်ပိုရေးရှင်းတွေက ယုံကြည်ထားကြပါတယ်။

ဒေသတွင်း စီးပွားရေးက တိုးတက်လျက်ရှိနေတယ်လို့ ယုံကြည်တဲ့ ကော်ပိုရေးရှင်းအရေအတွက် ၆၇ ရာခိုင်နှုန်းရှိပြီး ထူးထူးခြားခြား တိုးတက်မှုရှိလာပြီလို့ လက်ခံယုံကြည်တဲ့ ကော်ပိုရေးရှင်းအရေအတွက်က ၃၅ ရာခိုင်နှုန်းရှိပါတယ်။

စစ်တမ်းပါဝင်သူများအနက် စင်ကာပူကော်ပိုရေးရှင်းများရဲ့ ၆၇ ရာခိုင်နှုန်းက စီးပွားရေးဖွံ့ဖြိုးမှု အလားအလာကောင်းတယ်လို့ ယုံကြည်ကြပြီး ဗီယက်နမ်နဲ့ ဖိလစ်ပိုင်ရှိ စီးပွားရေးလုပ်ငန်း ၉၀ ရာခိုင်နှုန်းက မိမိတို့သက်ဆိုင်ရာနိုင်ငံများရဲ့ စီးပွားရေး တိုးတက်မှုရှိနေတယ်လို့ ယုံကြည်ထားကြပါတယ်။ ဈေးနှုန်းမတည်ငြိမ်မှုနဲ့ အတိုးနှုန်းတွေပြောင်းလဲမယ့် အလားအလာတွေရှိနေပေမယ့် ဖွံ့ဖြိုးရေးလုပ်ငန်းကို ဦးစားပေးအဖြစ် ဆောင်ရွက်မယ့် အရေအတွက်က ၄၃ ရာခိုင်နှုန်းရှိပြီး ယခင်ခြောက်လကရှိခဲ့တဲ့ ၂၇ ရာခိုင်နှုန်းထက်ပိုမိုလာခဲ့ပါတယ်။ ဒါပေမဲ့ ပထဝီနိုင်ငံရေးတင်းမာမှု ကြီးထွားလာတာနဲ့ ယူရိုဇုန်မှာ စီးပွားရေး နာလန်ထူမှုမတည်မငြိမ်ဖြစ်တာကို စီးပွားရေးလုပ်ငန်းတွေက စိုးရိမ်မကင်းဖြစ်နေပါတယ်။

“ဒေသတွင်း ငွေကြေးတွေရဲ့ တန်ဖိုးကျဆင်းမှုကိုကြည့်ရင် မလေးရှားရင်းဂစ်က ၃၃ ရာခိုင်နှုန်းကျဆင်းပြီး ဗီယက်နမ်ဒေါင်က ၅ ရာခိုင်နှုန်းကျဆင်းတာကို တွေ့ရပါတယ်။ မတည်ငြိမ်မှုတွေရှိနေပေမယ့် တခြားထွန်းသစ်စနိုင်ငံတွေနဲ့ နှိုင်းယှဉ်ရင် အာဆီယံဈေးကွက်တွေက ပိုမိုအခြေခိုင်နေပါတယ်”လို့ EY မှ အာဆီယံတာဝန်ခံ ဟာရှာဘာစနာယာကေးက ပြောပါတယ်။

# အေအီးစီထူထောင်ပြီးနောက်ပိုင်း မလေးရှားနိုင်ငံရဲ့ ပို့ကုန်ဖွံ့ဖြိုးလာနိုင်



အာဆီယံစီးပွားရေး အသိုက်အဝန်း(အေအီးစီ)ထူထောင်ပြီးနောက်ပိုင်းမှာ မလေးရှားပို့ကုန်လုပ်ငန်းရှင်တို့ အကျိုးစီးပွားဖြစ်ထွန်းမယ့် အလားအလာရှိကြောင်းနဲ့ ပိုမိုထိရောက်ပြီး စည်ဆက်မပြတ်ရှိနေမယ့် ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေး အစီအမံများကြောင့် မလေးရှားလုပ်ငန်းများအနေဖြင့် အခွန်အကောက် မဟုတ်သော အစီအမံများ (Non-tariff Measures-NTM) လျှော့ချပေးရာမှ ထွက်ပေါ်လာမယ့် အခွင့်အလမ်းများကို အရအမိဖမ်းယူနိုင်ဖို့လိုကြောင်း Malaysian Reserve သတင်းမှာ ဖော်ပြထားပါတယ်။

အေအီးစီက အဟောင်းအသစ်၊ အကြီး အငယ်ခွဲခြားမှုမရှိဘဲ ပြည်တွင်းစီးပွားရေး လုပ်ငန်းများအတွက် ဈေးကွက်တိုးချဲ့နိုင်မယ့် ပတ်ဝန်းကျင်တစ်ခုကို ထူထောင်ပေးမှာဖြစ်ကြောင်း မဟာဗျူဟာနဲ့ အပြည်ပြည်ဆိုင်ရာလေ့လာရေး သိပ္ပံ (Institute of Strategic and International Studies-ISIS) ရဲ့ ဒုတိယအမှုဆောင်အရာရှိချုပ် ဒါတွတ် စတီဗင်စီအမ်ဝေါင်းက ပြောပါတယ်။

“လာမယ့် ၁၀ နှစ်အတွက် အေအီးစီရဲ့ ရည်မှန်းချက်တွေကို အာဆီယံက အကောင်အထည်ဖော်တဲ့အခါ စီးပွားရေးလုပ်ငန်းတွေနဲ့ တစ်သီးပုဂ္ဂလပုဂ္ဂိုလ်တွေ ပိုမိုပါဝင်လာမှာဖြစ်ပြီး ဒေသတွင်း စီးပွားရေးပေါင်းစည်းမှုမှ အကျိုးအမြတ်တွေ ဖြစ်ထွန်းလာနိုင်မှာဖြစ်ပါတယ်”လို့ ကွာလာလမ်ပူမြို့မှာ ဒီဇင်ဘာ ၄ ရက်က ကျင်းပတဲ့ အာဆီယံနဲ့ အရှေ့အာရှရဲ့ (၄) ကြိမ်မြောက် စီးပွားရေးသုတေသန သိပ္ပံ (ERIA)ရဲ့ Asean Community Post 2015 Vission အစည်းအဝေးအပြီး အလွတ် သဘောဆွေးနွေးပွဲမှာ ဝေါင်းကပြောပါတယ်။

အသိုက်အဝန်းအတွင်း စီးပွားရေးလုပ်ငန်းတွေ လွယ်ကူချောမွေ့အောင် ဆောင်ရွက်တဲ့အခါ အကောက်ခွန်မဟုတ်တဲ့ အစီအမံတွေ (NTM) ကို ပယ်ဖျက်ဖို့ ဆောင်ရွက်ရာမှာ အဖွဲ့ဝင်အားလုံးက ဆောင်ရွက်ကြမယ်ဆိုရင် ရည်မှန်းချက်တွေ အကောင်အထည် ပေါ်လာမှာဖြစ်ကြောင်း ဝေါင်းက ပြောပါတယ်။

အေအီးစီကို အကောင်အထည်ဖော်ပြီးနောက်ပိုင်း ၂၀၁၉ ခုနှစ်အထိ အာဆီယံရဲ့ တစ်နှစ်ပျမ်းမျှ စုစုပေါင်းပြည်တွင်းထုတ်လုပ်မှု တိုးတက်နှုန်းက ၅ ဒသမ ၆ ရာခိုင်နှုန်းရှိလိမ့်မယ်လို့ ဝန်ကြီးချုပ် ဒါတွတ်ဆရီမွတ်နာဂျစ်ရာဇတ်ကပြောကြောင်း သတင်းမှာဖော်ပြပါတယ်။ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုကိုလည်း တစ်ခုတည်းသောဈေးကွက်က ဆွဲဆောင်မှုပေးနိုင်လိမ့်မယ်လို့လည်း ပြောပါတယ်။

# အာဆီယံနိုင်ငံတွေက ရင်းနှီးမြှုပ်နှံသူတွေကို ဆွဲဆောင်နိုင်မယ့် နည်းလမ်းများရှာဖွေဖို့လိုအပ်

အာဆီယံရဲ့ စီးပွားရေးအရွယ်အစားနဲ့ အခြေခံအဆောက်အအုံမှာ ရင်းနှီးမြှုပ်နှံဖို့လိုအပ်ချက်တွေက ကမ္ဘာ့ရင်းနှီးမြှုပ်နှံသူတွေကို ဆွဲဆောင်လျက်ရှိရုံသာမက အာရှဒေသပုဂ္ဂလိကကဏ္ဍရဲ့ ငွေကြေးစုဆောင်းမှုပမာဏကို မြင့်တက်စေခဲ့ကြောင်း မလေးရှားနိုင်ငံငွေကြေးဈေးကွက်မြင့်တင်ရေးကောင်စီ အမှုဆောင်ချုပ်ကပြောပါတယ်။

“အာဆီယံဒေသရဲ့ စုစုပေါင်းပြည်တွင်းထုတ်ကုန်(ဂျီဒီပီ)က အမေရိကန်ဒေါ်လာ ၂ ဒသမ ၆ ထရီလီယံရှိပါတယ်။ ဒါကြောင့် အာဆီယံဒေသကို နိုင်ငံတစ်နိုင်ငံအနေနဲ့ကြည့်ရင် ကမ္ဘာပေါ်မှာ သတ္တမမြောက် ဈေးကွက်တစ်ခုအဖြစ် တွေ့ရမှာဖြစ်ပါတယ်။ ဒါကြောင့် ဒီဒေသကို ကမ္ဘာ့ရင်းနှီးမြှုပ်နှံသူတွေက ဂရုမထားဘဲ နေလို့မရအောင် ဖြစ်နေပါတယ်။

နိုင်ငံ တစ်နိုင်ငံချင်းအလိုက် သီးခြား ဦးစားပေးမှုတွေရှိနေတဲ့အတွက် စီးပွားရေးဖွံ့ဖြိုးမှု အဆင့်ချင်းလည်း ခြားနား မှုရှိပါတယ်။ တချို့နိုင်ငံတွေက အဆင့်တစ်ခုကို ဖြတ်ကျော်နေချိန်မှာ တချို့က ဖြတ်ကျော်နေရဆဲဖြစ်ပါတယ်။ နိုင်ငံတစ်နိုင်ငံအဖြစ် အာဆီယံဒေသကိုကြည့်ရင် အခြေခံအဆောက်အအုံ ဆောက်လုပ်ရေးလုပ်ငန်းတွေမှာ စိန်ခေါ်မှုတစ်ခုက အခြေခံအဆောက်အအုံ တည်ဆောက်ရေးအတွက် ရန်ပုံငွေရရှိရေးဖြစ်ပါတယ်”လို့ အမှုဆောင်အရာရှိချုပ် အဇာဇာဘီဒီက နေးရှင်းသတင်းစာနဲ့ တွေ့ဆုံမေးမြန်းခန်းမှာ ပြောပါတယ်။

ဘဏ္ဍာရေးလိုအပ်ချက်တွေကို ဖြည့်ဆည်းပေးဖို့အတွက် အာဆီယံနိုင်ငံတစ်နိုင်ငံက မိမိရဲ့ လူဦးရေအခြေအနေကို သိဖို့လိုပါတယ်။ မတည်ငွေရင်းဈေးကွက် ခိုင်ခိုင်မာမာရှိဖို့ အခြေခံအဆောက်အအုံ စီမံကိန်းတွေကို ထောက်ပံ့ရေးနဲ့ပတ်သက်တဲ့ စည်းမျဉ်းဥပဒေတွေကို လျှော့ချဖို့နဲ့ ဝင်ငွေမပေါ်သေးတဲ့ အစိုးရရဲ့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး စီမံကိန်းတွေအတွက် ပြဋ္ဌာန်းထားတဲ့ ကန့်သတ်ချက်တွေကို လျှော့ချပေးဖို့လိုကြောင်း ဇာဘီဒီက ပြောပါတယ်။

ဉာဏ်တင်-စုစည်းတင်ပြသည်

# ထိုင်းဆောက်လုပ်ရေးလုပ်ငန်းများက အစိုးရထုတ်ပြန်မည့် အစီအမံများကို စောင့်ဆိုင်း

ဝင်ငွေ နည်းသူများအတွက် တန်ဖိုးသင့်အိမ်ရာများ ဆောက်လုပ်ရေး အစိုးရရဲ့ စီမံကိန်းအရ ဘတ်ခြောက်သိန်းအောက် တန်ဖိုးရှိ အိမ်ရာများဆောက်လုပ်ရန် အစီအစဉ်ရှိရာ အဆိုပါအစီအစဉ်အရဖြစ်ပေါ်လာနိုင်ဖွယ်ရှိတဲ့ ဆုံးရှုံးမှုများအတွက် အစိုးရက မည်သည့်အစီအမံများကို ဆောင်ရွက်ပေးမည်ကို အိမ်ရာဆောက်လုပ်ရေးလုပ်ငန်းများက စောင့်ကြည့်လေ့လာလျက်ရှိကြောင်း နေးရှင်းသတင်းမှာ ဖော်ပြပါတယ်။

ဆုံးရှုံးမှု တစ်စုံတစ်ရာ ပေါ်ပေါက်ခဲ့ပါက ဆုံးရှုံးနစ်နာမှု သက်သာစေရန်အတွက် အစိုးရက လုပ်ငန်းခွန်ပြန်အမ်းငွေ (Tax Rebate) ကို ထုတ်ပေးမည်ဆိုပါက အစိုးရရဲ့ အစီအစဉ်ကို အထောက်အကူပြုနိုင်ဖို့အတွက် တန်ဖိုးသင့်အိမ်ရာ တစ်သောင်းကို ဆောက်လုပ်ရန် အိမ်ရာဆောက်လုပ်ရေးကုမ္ပဏီတစ်ခုဖြစ်တဲ့ Pruksa Real Estate ကုမ္ပဏီက အသင့်ရှိပါတယ်။

"အရင်သီတင်းပတ်က ဝန်ကြီးချုပ်ပရာယွတ်ချန်အိုးချားနဲ့ ကျွန်တော်တို့တွေ့ဆုံခဲ့ပါတယ်။ ဝန်ကြီးချုပ်နဲ့ မတွေ့ဆုံခင်ကတည်းက သုံးပတ်လောက်အချိန်ယူပြီး ဒီကိစ္စကို ကျွန်တော်တို့လေ့လာထားပါတယ်"လို့ ကုမ္ပဏီဥက္ကဋ္ဌနဲ့ အမှုဆောင်အရာရှိချုပ် သွန်မာဝီဂျစ်ပွန်ပန်းက နေးရှင်းသတင်းကို ဒီဇင်ဘာ ၄ ရက်က ပြောပါတယ်။

ဒီအစီအစဉ်မှာ ပါဝင်ဖို့ စိတ်ဝင်စားတဲ့ အိမ်ရာဆောက်လုပ်ရေး လုပ်ငန်းအားလုံးက Pruksa ကုမ္ပဏီက တင်ပြထားတဲ့ အဆိုပြုချက်ကို အသုံးပြုသွားနိုင်မှာဖြစ်ကြောင်း သူက ပြောပါတယ်။ စီမံကိန်းအရ ရွေးချယ်စရာနှစ်မျိုးရှိမှာဖြစ်ပြီး တစ်မျိုးက ဘဏ္ဍာရေးဌာနပိုင်မြေမှာ ဆောက်လုပ်ဖို့ဖြစ်ပါတယ်။ နောက်တစ်မျိုးက ဆောက်လုပ်ရေးကုမ္ပဏီပိုင်မြေမှာ ဆောက်လုပ်ဖို့ဖြစ်ပါတယ်။

ပထမအမျိုးအစားကို ရွေးရင် တစ်ခန်းကို ဘတ်ခြောက်သိန်းအောက်ရှိတဲ့ ကွန်ဒိုတွေနဲ့ တစ်ခန်းကို ဘတ်ကိုးသိန်းအောက်ရှိ လုံးချင်းသုံးထပ်အိမ်တွေ ဆောက်လုပ်နိုင်မှာဖြစ်ပါတယ်။ ဒုတိယနည်းလမ်းကို သုံးမယ်ဆိုရင်တော့ တစ်ခန်းကို ဘတ် ၁ ဒသမ ၂ သန်း သို့မဟုတ် ၁ ဒသမ ၅ သန်းရှိတဲ့ ကွန်ဒိုကို ဆောက်နိုင်ပါတယ်။ သုံးထပ်တိုက်အိမ်ဆောက်ပါက တစ်ခန်းကို ဘတ် ၁ ဒသမ ၅ သန်းနဲ့ နှစ်သန်းကြား ရောင်းချရမှာဖြစ်ပါတယ်။

# ဗီယက်နမ်စီးပွားရေးလုပ်ငန်းများ အောင်မြင်ရေးအတွက် ဝန်ထမ်းများက အရေးပါ




ပစိဖိတ်ဖြတ် ပူးပေါင်းဆောင်ရွက်မှု (Trans-Pacific Partnership-TPP) ကို အကောင်အထည်ဖော်ခြင်းဖြင့် ရရှိလာမယ့် အခွင့်အလမ်းတွေကို ရယူနိုင်ဖို့နဲ့ ယှဉ်ပြိုင်မှုစွမ်းရည် ပိုမိုတိုးတက်လာဖို့အတွက် ဗီယက်နမ်စီးပွားရေးလုပ်ငန်းများက မိမိတို့ရဲ့ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို အလေးပေး ဆောင်ရွက်သင့်ကြောင်း ဒီဇင်ဘာ ၈ ရက်က ဟိုချီမင်းစီးတီးမှာ ကျင်းပတဲ့ "၂၀၁၅ ခုနှစ် ဗီယက်နမ်လူသားအရင်းအမြစ်ဆု" ဖိုရမ်မှာ ဆွေးနွေးချက်တွေကို ကိုးကားပြီး ဗီယက်နမ်နယူးစ်သတင်းမှာ ဖော်ပြပါတယ်။

ဗီယက်နမ်နိုင်ငံရဲ့ အခြေခံအဆောက်အအုံမှာ အားနည်းချက်တွေရှိနေတဲ့အပြင် နိုင်ငံရဲ့ လူသားအရင်းအမြစ် ဖွံ့ဖြိုးရေးလုပ်ငန်းတွေမှာလည်း အဟန့်အတားတွေကို ရင်ဆိုင်တွေ့ကြုံနေရကြောင်းနဲ့ ကုန်ထုတ်လုပ်မှုလည်း ကျဆင်းနေကြောင်း စက်မှုနဲ့ ကုန်သွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံစုံ ကုန်သွယ်မှုမူဝါဒဌာနခွဲရဲ့ ညွှန်ကြားရေးမှူးချုပ် လောင်မောင်ထိုင်းက ပြောပါတယ်။ အလုပ်သမားတွေရဲ့ ကုန်ထုတ်လုပ်နိုင်မှုစွမ်းအားနဲ့ လူသားအရင်းအမြစ်အရည်အသွေးတိုးတက် ကောင်းမွန်အောင် ဆောင်ရွက်ဖို့လိုအပ်နေကြောင်း သူကပြောပါတယ်။

သင့်တော်တဲ့ စီးပွားရေး စီမံကိန်းတွေချမှတ်ဖို့အတွက် ပြည်တွင်းစီးပွားရေးလုပ်ငန်းတွေက သူတို့ရဲ့ စွမ်းဆောင်ရည်ကို သဘောပေါက်နားလည်ထားဖို့လိုကြောင်းနဲ့ ဒီလိုချမှတ်တဲ့အခါမှာ လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးမဟာဗျူဟာတွေကလည်း ခွဲခြားမရတဲ့ အစိတ်အပိုင်း တစ်ရပ်ဖြစ်ကြောင်း Global Integration Business အတိုင်ပင်ခံအဖွဲ့ဥက္ကဋ္ဌ ဖန်ဖူငေါ့ကပြောပါတယ်။

"နိုင်ငံစုံကုမ္ပဏီများအနက် ၉၀ ရာခိုင်နှုန်းက သူတို့ရဲ့ လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးအတွက် အသက်မွေးမှုလုပ်ငန်းဖွံ့ဖြိုးရေး စီမံကိန်းများကို ချမှတ်ဆောင်ရွက်နေပါတယ်။ ဒါပေမယ့် ပြည်တွင်းကုမ္ပဏီတွေက ဒီလိုလုပ်တာနည်းပါတယ်"လို့ သူက ပြောပါတယ်။

ညဏ်တင်-စုစည်းတင်ပြသည်

# ဖိလစ်ပိုင် MSMEs များ တိုးတက်ရေးအတွက် အင်တာနက်ဆောင်ရွက်မှုကို ပိုမိုတိုးတက်အောင်ပြင်ဆင်ဖို့တိုက်တွန်း

အီးကောမတ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးရဲ့ မိုက်ကရို၊ အသေးစားနဲ့ အလတ်စား စီးပွားရေးလုပ်ငန်းများ (Micro, Small and Medium Enterprises-MSMEs) ကို အထောက်အကူပေးနိုင်ရေးအတွက် ပြည်တွင်းအင်တာနက် ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်ရေးကို အစိုးရက ဦးစားပေး ဆောင်ရွက်ဖို့လိုကြောင်း ဖိလစ်ပိုင်အထက်လွှတ်တော် ကိုယ်စားလှယ် ဆိုနီအင်ဂါရာရဲ့ ပြောကြားချက်ကို မလေးရှားတိုင်းမ်သတင်းမှာ ဖော်ပြပါတယ်။

"အီးကောမတ် လုပ်ငန်းက ကျွန်တော်တို့တစ်တွေ အပြည့်အဝ ထုတ်ဖော်သုံးစွဲနိုင်ခြင်းမရှိသေးတဲ့ ကဏ္ဍတစ်ခုဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံက လူမှုမီဒီယာကို အသုံးများတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပါတယ်။ ဝက်ဘ်ဆိုက်ကို အသုံးပြုတဲ့ အချိန်ပမာဏလည်း များပါတယ်။ ဖိလစ်ပိုင်နိုင်ငံသားတွေက အွန်လိုင်းဈေးဝယ်တဲ့အလုပ် ကို ခုံမင်သူတွေလည်းဖြစ်ပါတယ်"လို့ သူကပြောပါတယ်။

ဒေါင်းလော့လုပ်တဲ့ အမြန်နှုန်းကိုကြည့်ရင် အာရှဒေသမှာ အာဖဂန်နစ္စတန်နိုင်ငံပြီးရင် ဖိလစ်ပိုင်နိုင်ငံက ဒုတိယအနှေးဆုံးနိုင်ငံဖြစ်တာကို ၂၀၁၅ ခုနှစ်အတွင်းပြုလုပ်ခဲ့တဲ့ Ookla သုတေသနအေဂျင်စီရဲ့ ရလဒ်ကို ကိုးကားပြီး သူက ပြောပါတယ်။ ဒါကြောင့် ဖိလစ်ပိုင်ရဲ့ အင်တာနက်ချိတ်ဆက်မှုတွေက ညံ့ဖျင်းနေသေးကြောင်း သူကပြောပါတယ်။

ဖိလစ်ပိုင်နိုင်ငံရဲ့ ဘရော့ဘင်မြန်နှုန်းက တစ်စက္ကန့်ကို ၃ ဒသမ ၆၄ မီဂါဘစ် (mbps) ရှိတဲ့အတွက် ကမ္ဘာပေါ်မှာ အင်တာနက်သုံးစွဲတဲ့နိုင်ငံ ၂၀၂ နိုင်ငံအနက်အဆင့် ၁၇၆ မှာရှိနေပါတယ်။ ကမ္ဘာ့အင်တာနက်ဝန်ဆောင်မှုစရိတ်က တစ်စက္ကန့် တစ်မီဂါဘစ် (mbps) ကို အမေရိကန်ဒေါ်လာ ၅ ဒသမ ၂၁ ရှိနေချိန်မှာ ဖိလစ်ပိုင်နိုင်ငံရဲ့ အင်တာနက် ဝန်ဆောင်မှုစရိတ်က တစ်စက္ကန့် တစ်မီဂါဘစ်ကို အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၉ ရှိတဲ့အတွက် ဖိလစ်ပိုင် အင်တာနက်ဝန်ဆောင်မှုစရိတ်က ကြီးမားနေသေးတာကို တွေ့ရပါတယ်။ လုပ်ငန်းစွမ်းဆောင်ရည်မြင့်တက်ဖို့နဲ့ ကမ္ဘာ့ အီးကောမတ်လုပ်ငန်းမှာ MSME တွေ ပါဝင်နိုင်ဖို့အတွက် အီးကောမတ်ကို အဓိကမဟာဗျူဟာအဖြစ် အာရှပစိဖိတ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု(အေပက်) အဖွဲ့မှ စီးပွားရေးခေါင်းဆောင်တွေက သတ်မှတ်ထားပါတယ်။

# စင်ကာပူက အင်ဒိုနီးရှား ဆေးဝါးလုပ်ငန်းမှာ အမေရိကန်ဒေါ်လာ ၁၅ သန်း ရင်းနှီးမြှုပ်နှံမည်

အင်ဒိုနီးရှားနိုင်ငံရဲ့ ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းမှာ စင်ကာပူနိုင်ငံက အမေရိကန်ဒေါ်လာ ၁၅ သန်း ရင်းနှီးမြှုပ်နှံမှာဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံမှုပေါင်းစပ်ညှိနှိုင်းရေး ဘုတ်အဖွဲ့အကြီးအကဲ ဖရန်ကီဆီဘာရာနီရဲ့ ပြောကြားချက်ကို ကိုးကားပြီး အန်တာရာနယူးစ်သတင်းမှာ ဖော်ပြပါတယ်။

အဆိုပြုထားတဲ့ ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီက အိန္ဒိယနိုင်ငံမှာ ဒေတာစင်တာတစ်ခုရှိပြီး ကမ္ဘာအနှံ့မှာ ကုမ္ပဏီဝန်ထမ်း ၁၂၀၀၀ ရှိကြောင်း ဖရန်ကီက ပြောပါတယ်။ ကုမ္ပဏီမှာ သုတေသီဝန်ထမ်း ၆၀၀ ခန့်ထားပြီး ထုတ်ကုန်တွေကို ဥရောပ ၁၈ နိုင်ငံနဲ့ တခြားနိုင်ငံ ၃၀ ကျော်ကို ဖြန့်ချိပါတယ်။ အဆိုပါကုမ္ပဏီက ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းမှာ နာနိုနည်းပညာကို အသုံးပြုတဲ့ ပထမဆုံးကုမ္ပဏီဖြစ်ပါတယ်။ ကုမ္ပဏီအမည်ကို သတင်းမှာ ဖော်ပြထားခြင်းမရှိပါဘူး။

"ကုမ္ပဏီထုတ်ကုန်က သက်ရှိကလပ်စည်းတွေကို ကင်ဆာရောဂါမှ အကာအကွယ်ပေးပြီး ကင်ဆာကို ဖျက်ဆီးပေးနိုင်ပါတယ်"လို့ ဖရန်ကီကပြောပါတယ်။

အမည်ဖော်ပြထားခြင်း မရှိတဲ့ အဆိုပါ ကုမ္ပဏီက အင်ဒိုနီးရှားမှာ ရင်းနှီးမြှုပ်နှံဖို့ စိတ်ဝင်စားရတဲ့ အကြောင်းရင်းမှာ အင်ဒိုနီးရှားဈေးကွက်က ဈေးကွက်ကြီးဖြစ်တဲ့အပြင် အာဆီယံဈေးကွက်နဲ့လည်း ဆက်နွယ်နေလို့ဖြစ်ကြောင်း ဖရန်ကီက ပြောပါတယ်။ နည်းပညာလွှဲပြောင်းမှုကို မြှင့်တင်နိုင်ဖို့အတွက် အင်ဒိုနီးရှား ဆေးဝါးလုပ်ငန်းမှာ အရင်းအနှီးတွေ လိုအပ်နေကြောင်း ဖရန်ကီက ပြောပါတယ်။

ယခုဆွေးနွေးပွဲမှာ ပေါင်းစပ်ညှိနှိုင်းရေးဘုတ်အဖွဲ့က တယ်လီကွန်ဆက်သွယ်ရေး၊ ဆေးဝါး၊ အိမ်ခြံမြေနဲ့ ရေကြောင်းသွားလာရေး ကဏ္ဍမှ စင်ကာပူကုမ္ပဏီတွေနဲ့လည်း တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။ အစည်းအဝေးမှာ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေးအတွက် အေဂျင်စီက UOB ဘဏ်နဲ့လည်း နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ပါတယ်။

စင်ကာပူနိုင်ငံက အင်ဒိုနီးရှားအတွက် ကြီးမားတဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အရင်းအမြစ်တစ်ခုဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ် တတိယသုံးလပတ်အထိ စင်ကာပူရဲ့ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုက အမေရိကန်ဒေါ်လာ ဘီလီယံ ၃၀ အထိရှိပြီး ကဏ္ဍအသီးသီးရှိစီမံကိန်း ၆၈၆၈ ခုကို အကောင်အထည်ဖော်လျက်ရှိပါတယ်။

# ရက်သတ္တပတ်အတွင်း စီးပွားရေး သတင်းတိုများ

**ကွာလာလမ်ပူ**

မလေးရှားနိုင်ငံရဲ့ စက်မှုလုပ်ငန်းကုန်ထုတ်လုပ်မှု အညွှန်းကိန်းကို ဈေးကွက်မှာ ပါဝင်နေသူတွေက ၄ ဒသမ ၈ ရာခိုင်နှုန်း တိုးတက်မယ်လို့ ခန့်မှန်းထားပေမယ့် သဘာဝဓာတ်ငွေ့နဲ့ ရေနံစိမ်း ထုတ်လုပ်မှုတွေ ကျဆင်းတဲ့အတွက် အောက်တိုဘာ အညွှန်းကိန်းက လက်တွေ့မှာ ၄ ဒသမ ၂ ရာခိုင်နှုန်းသာ တိုးတက်မှုရှိခဲ့ကြောင်း နီလေး အေရှန်နီဗျူးဂျာနယ်မှာ ဖော်ပြထားပါတယ်။

**ဆိုးလ်(တောင်ကိုရီးယား)**

ဒီဇင်ဘာ ၁၀ ရက်နေ့တွင် သတင်းထောက်များနဲ့ တွေ့ဆုံရာမှာ တောင်ကိုရီးယားဘဏ္ဍာရေးဝန်ကြီး ချိုင်ကျွန်းဟုန်ရဲ့ ပြောကြားချက်အရ အမေရိကန်အတိုးနှုန်းမြှင့်တင်ရာမှ ဖြစ်ပေါ်လာမယ့် ဘဏ္ဍာရေးမတည်ငြိမ်မှုနဲ့ တခြားမရေရာမှုများကြောင့် ၂၀၁၆ ခုနှစ်မှာ တောင်ကိုရီးယားနိုင်ငံအတွက် ပြင်းထန်တဲ့ စိန်ခေါ်မှုများနဲ့ ရင်ဆိုင်တွေ့နိုင်ကြောင်း ယွန်ဟပ်သတင်းမှာ ဖော်ပြထားပါတယ်။

**ဂျကာတာ**

အင်ဒိုနီးရှားနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ပေါင်းစပ်ညှိနှိုင်းရေးဘုတ်အဖွဲ့ (BKPM) အကြီးအကဲ ဖရန်ကီဆီဘာရာနီ၏ ပြောကြားချက်အရ အင်ဒိုနီးရှားနိုင်ငံမှာ ၂၀၁၄ ခုနှစ် အောက်တိုဘာမှ ၂၀၁၅ ခုနှစ် ဒီဇင်ဘာအထိ ဂျပန်နိုင်ငံရဲ့ ရင်းနှီးမြှုပ်နှံမှုမှာအမေရိကန်ဒေါ်လာ ၁၁ ဒသမ ၄ ဘီလီယံထိရှိခဲ့ပြီး၊ ၂၀၁၆ ခုနှစ်မှာလည်း ဂျပန်နိုင်ငံက အင်ဒိုနီးရှားနိုင်ငံရဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အရင်းအမြစ်ဖြစ်လာနိုင်ကြောင်း အင်တာရာနယူးစ်သတင်းမှာ ဖော်ပြပါတယ်။

**မနီလာ**

၂၀၁၅ ခုနှစ် အောက်တိုဘာ လုပ်သားစစ်တမ်းအရ ဖိလစ်ပိုင်နိုင်ငံရဲ့ အလုပ်အကိုင် ရရှိမှုက ၂၀၁၄ ခုနှစ်က ၉၄ ရာခိုင်နှုန်းရှိခဲ့ရာမှ ယခုနှစ်အောက်တိုဘာတွင် ၉၄ ဒသမ ၄ ရာခိုင်နှုန်းထိ ရောက်ခဲ့ကြောင်းနဲ့ အလုပ်လက်မဲ့နှုန်းမှာ ၂၀၁၄ ခုနှစ်က ခြောက်ရာခိုင်နှုန်းအထိရှိခဲ့ရာမှ ယခုနှစ်မှာ ၅ ဒသမ ၆ ရာခိုင်နှုန်းသာရှိခဲ့ကြောင်း ဖိလစ်ပိုင် စာရင်းအင်း အာဏာပိုင်အဖွဲ့ (PSA)ရဲ့ ပြောကြားချက်ကို ကိုးကားပြီး ဖိလစ်ပင်းစတားသတင်းမှာ ဖော်ပြပါတယ်။

## EAST ASIA

# ဘရစ်စတုန်းက ကားလမ်းအခြေအနေကို ပြနိုင်တဲ့ တာယာအာရုံခံကိရိယာတီထွင်မည်

လမ်းအခြေအနေနဲ့ပတ်သက်တဲ့ သတင်းအချက်အလက်တွေကို တာယာကတစ်ဆင့် ယာဉ်မောင်းကို တိုက်ရိုက်ပေးဖို့နိုင်မယ့် နည်းပညာကို ဂျပန်နိုင်ငံရဲ့ နိုင်ငံစုံကော်ပိုရေးရှင်းတစ်ခုဖြစ်တဲ့ ဘရစ်စတုန်း ကော်ပိုရေးရှင်းက အကောင်အထည်ဖော်ဖို့ ပြင်ဆင်နေကြောင်း အဆာဟိသတင်းမှာ ဖော်ပြထားပါတယ်။

ဒါကြောင့် လမ်းပေါ်မှာ နှင်းထူထပ်စွာကျနေတယ်။ စိုစွတ်နေတယ်စတဲ့ အချက်တွေ အပါအဝင်လမ်းရဲ့အခြေအနေတွေကို ယာဉ်မောင်းက တိုက်ရိုက်သိနိုင်မှာဖြစ်ပါတယ်။ မော်တော်ကားတာယာ အတွင်းပိုင်းမှာ တပ်ဆင်ထားတဲ့ အာရုံခံကိရိယာ (Sensor) ကို အသုံးပြုတဲ့ နည်းပညာသစ်ကို စီးပွားဖြစ်ထုတ်လုပ်တော့မယ့် အစီအစဉ်တွေကို ဘရစ်စတုန်းကုမ္ပဏီက နိုဝင်ဘာ ၂၅ ရက်မှာ ထုတ်ပြန်ခဲ့ပါတယ်။

လမ်းအခြေအနေအပြောင်းအလဲတွေကို ချက်ချင်းသိနိုင်အောင် ဆောင်ရွက်ပေးခြင်းအားဖြင့် ယာဉ်ကိုမောင်းနှင်ရာမှာ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ယခုနည်းပညာက အထောက်အကူပေးသွားမှာဖြစ်ပါတယ်။ အာရုံခံကိရိယာကို တာယာအတွင်းမှာ တပ်ဆင်ထားတဲ့အတွက် တာယာအတွင်းမှာ ဖြစ်ပေါ်လာတဲ့ တုန်ခါမှုတွေကို ထောက်လှမ်းပြီး ယာဉ်မောင်းကို အသိပေးသွားမှာဖြစ်ပါတယ်။ ဖြစ်ပေါ်နေတဲ့ တုန်ခါမှု သတင်းအချက်အလက်တွေကို ရေဒီယိုကတစ်ဆင့် ယာဉ်ထဲမှာတပ်ဆင်ထားတဲ့ စက်ကိုပေးပို့ပြီး စက်ကနေ သတင်းအချက်အလက်ကို စိစစ်ဖော်ထုတ်ပေးသွားမှာဖြစ်ပါတယ်။

ဖော်ထုတ်ပေးမယ့် သတင်းအချက်အလက်တွေထဲမှာ မျက်နှာပြင်အစိုအခြောက်၊ လမ်းပေါ်ရှိ နှင်းထဲမှာ ရှိနေတဲ့ နှင်းအရည်အခဲစတဲ့ အခြေအနေတွေကို ဖော်ပြသွားမှာဖြစ်ပါတယ်။

ရရှိလာတဲ့ သတင်းအချက်အလက်တွေကို ယာဉ်အတွင်းမှာရှိတဲ့ ဖန်သားပြင်ပေါ်မှာဖော်ပြပေးသွားမှာဖြစ်ပြီး အန္တရာယ်များတဲ့ အခြေအနေတွေကို ယာဉ်မောင်းက သိရှိနိုင်အောင် အထောက်အကူပြုသွားမှာ ဖြစ်ပါတယ်။

## SOUTH ASIA

# ၂၀၁၆ ခုနှစ်မှာ အိန္ဒိယရဲ့ဆော့ဖ်ဝဲဈေးကွက်အမေရိကန်ဒေါ်လာ ငါးဘီလီယံကျော်တိုးတက်မည်



ဒီဇင်ဘာ ၉ ရက်နေ့က ဂတ်တနာသုတေသနလုပ်ငန်းက ထုတ်ပြန်တဲ့ အစီရင်ခံစာအရ အိန္ဒိယနိုင်ငံရဲ့ ဆော့ဖ်ဝဲဈေးကွက်က ၂၀၁၆ ခုနှစ်မှာ ၁၂ ဒသမ ၈ ရာခိုင်နှုန်း တိုးတက်ပြီး အမေရိကန်ဒေါ်လာ ၅ ဒသမ ၃ ဘီလီယံအထိ ရောက်ရှိခဲ့ကြောင်း သည်ဟိန္ဒူသတင်းမှာ ဖော်ပြပါတယ်။

“ဆော့ဖ်ဝဲဈေးကွက်က စွမ်းအားကြီးကြီးမားမားနဲ့ အမြဲတမ်းပြောင်းလဲနေပါတယ်။ ဆော့ဖ်ဝဲဈေးကွက်ဖွံ့ဖြိုးမှုနဲ့ ဖွဲ့စည်းတည်ဆောက်မှုတွေကို တိုးတက်အောင် ဆောင်ရွက်ရာမှာ များစွာသောအကြောင်းအရာတွေအပြင် ချုပ်ကိုင်မှုမရှိတဲ့ ဝယ်ယူမှု၊ သုံးစွဲသူအကြိုက်ဆောင်ရွက်မှု၊ လွတ်လပ်စွာရွေ့လျားမှု၊ ထွန်းသစ်စဈေးကွက်တွေရဲ့ ဩဇာသက်ရောက်မှုနဲ့ စားသုံးမှု ပုံစံသစ်စတဲ့ အင်အားစုတွေကလည်း ဖွဲ့စည်းပုံဖော်ပေးပါတယ်”လို့ ဂတ်တနာ သုတေသနလုပ်ငန်း ညွှန်ကြားရေးမှူး ဘာသစ်ဆူးက ပြောပါတယ်။

“၂၀၁၅ ခုနှစ်မှာ အိန္ဒိယစီးပွားရေး ပြန်လည်နာလန်ထူလာတဲ့ လက္ခဏာတွေ ပြသလာပါတယ်။ ဒီလိုဖြစ်လာဖို့အတွက်လည်း စီးပွားရေးလုပ်ငန်းဆောင်ရွက်ရာမှာ လွယ်ကူချောမွေ့အောင် အစိုးရရဲ့ ကြိုးပမ်းချက်ကြောင့်လည်း ပါဝင်ပါတယ်။ ထိရောက်တဲ့အုပ်ချုပ်မှုအတွက် သတင်းအချက်အလက်နည်းပညာ (အိုင်တီ)နဲ့ပတ်သက်ပြီး အိန္ဒိယအစိုးရက အလေးအနက်ထား ဆောင်ရွက်လာတာကိုလည်း တွေ့ရပါတယ်။ ဒစ်ဂျစ်တယ်အိန္ဒိယ၊ My Gov Citizen Portal လုပ်ငန်းစတင်ထူထောင်စ လုပ်ငန်းတွေ ကိုယ်ပိုင်လုပ်ငန်းထူထောင်ရာမှာ ပညာရှင်အသုံးပြုရေးနဲ့ ခေတ်မီမြို့တော် စီမံကိန်းစတဲ့ လုပ်ငန်း တွေက အစိုးရရဲ့ကြိုးပမ်းဆောင်ရွက်မှု အတွက် နမူနာကောင်းတွေဖြစ်ပါတယ်” လို့ မစ္စတာဆူးက ပြောပါတယ်။

ဒစ်ဂျစ်တယ်နည်းပညာတွေ၊ ဝန်ဆောင်မှုတွေနဲ့ ဖွံ့ဖြိုးမှုအခွင့်အလမ်းသစ်တွေ ဖန်တီးမယ့် စည်းမျဉ်းတွေကို ဘယ်လိုအသုံးပြုရမယ်ဆိုတာကို သိဖို့ ကော်ပိုရေးရှင်းက လေ့လာလိုက်စားလာပါတယ်။ ဒစ်ဂျစ်တယ်ပြုပြင်ပြောင်းလဲရေးလုပ်ဖို့ အဖွဲ့အစည်းသစ်တွေနဲ့ ခေါင်းဆောင်မှုအခန်းကဏ္ဍကို ခေါ်ဆောင်ဖို့ စီးပွားရေးလုပ်ငန်းတွေက အသင့်အနေအထားမှာ ရှိနေပါတယ်။

## USA

# အမေရိကန်လေကြောင်းလိုင်းက ဈေးနှုန်းသက်သာတဲ့ ပရီမီယံထိုင်ခုံနေရာသစ်စတင်ထည့်သွင်း

အပြည်ပြည်ဆိုင်ရာ ခရီးစဉ်များမှာ ဈေးနှုန်းသက်သာတဲ့ ပရီမီယံထိုင်ခုံနေရာများ (Premium Economy Seats) ကို စတင်ထည့်သွင်းတော့မှာဖြစ်ကြောင်း အမေရိကန်လေကြောင်းလိုင်း(American Airlines) ရဲ့ ဒီဇင်ဘာ ၉ ရက်က ထုတ်ပြန်ကြေညာချက်ကို ကိုးကားပြီး စီအင်န်အင်န်သတင်းမှာ ဖော်ပြပါတယ်။

ခုံတန်းအသစ်မှာရှိတဲ့ ထိုင်ခုံတွေက ပိုမိုကျယ်ဝန်းပြီး ခြေတင်ခုံများပါ ထည့်ပေးထားမှာဖြစ်ပါတယ်။ ခုံတန်းနေရာကို Business Class အတန်းနဲ့ ပိုမိုဈေးသက်သာတဲ့ ခုံတန်းနေရာများ အကြားမှာ ရှိတဲ့နေရာမှာ ထားပေးမှာဖြစ်ပါတယ်။ ခုံများကို သားရေနဲ့ ပြုလုပ်ထားပြီး ခရီးသည်များအတွက် ပိုမိုကြီးမားတဲ့ ဖျော်ဖြေရေးတီဗွီများ တပ်ဆင်ပေးထားမှာ ဖြစ်ပါတယ်။

ဈေးနှုန်းသက်သာတဲ့ ပရီမီယံထိုင်ခုံများနဲ့ ခရီးသွားမယ့် ခရီးသည်တွေကို လေဆိပ်စစ်ဆေးမှုနဲ့ လေဆိပ်လက်မှတ်လဲတဲ့အခါ ဦးစားပေးဆောင်ရွက်ပေးမှာဖြစ်ပြီး လက်ဆွဲတန်ဆာအိတ်နှစ်အိတ်ကို အခမဲ့သယ်ယူခွင့်ပေးမှာဖြစ်ပါတယ်။

ထိုင်ခုံနေရာများကို ၂၀၁၆ ခုနှစ်နှောင်းပိုင်းမှစတင်ရောင်းချမှာဖြစ်ကြောင်း အမေရိကန်လေကြောင်းလိုင်းက ပြောပါတယ်။

လေယာဉ်လက်မှတ်ခက ပုံမှန် Economy-class လက်မှတ်များထက် ဈေးနှုန်းမြင့်မှာဖြစ်ပေမယ့် Business-class လက်မှတ်များနဲ့ နှိုင်းယှဉ်ရင် ဈေးနှုန်း အများကြီးသက်သာမှာဖြစ်ပါတယ်။

ကမ္ဘာတစ်ဝန်းရှိ အဆင့်မြင့်လေကြောင်းလိုင်းများမှာ Premium Economy အတန်းကို ထည့်သွင်းထားကြောင်း၊ အဆိုပါ လေယာဉ်များရဲ့ စီစဉ်ဆောင်ရွက်မှုကို လေ့လာပြီး ဖောက်သည်များရဲ့ အဆိုပြုချက်နဲ့အညီ ယခုကဲ့သို့ ဆောင်ရွက်ခြင်းဖြစ်ကြောင်း လေကြောင်းလိုင်းရဲ့ ဈေးကွက်ရှာဖွေရေးအရာရှိ အင်ဒရူးနိုဆဲလာက ပြောပါတယ်။

## OPEC

# အိုပက်အဖွဲ့သို့ အင်ဒိုနီးရှားနိုင်ငံ ပြန်လည်ဝင်ရောက်ခွင့်ရ

ရေနံတင်ပို့တဲ့ နိုင်ငံများအဖွဲ့ (Organization of Petroleum Exporting Countries-OPEC) သို့ အင်ဒိုနီးရှားနိုင်ငံ ပြန်လည်ဝင်ရောက်ခွင့်ရရှိကြောင်း အစီရင်ခံစာကို အင်ဒိုနီးရှားစွမ်းအင်နဲ့ သတ္တုသယံဇာတရေးရာဝန်ကြီး ဆူဒီမန်ဆက်က သမ္မတဂျိုကိုဝီဒိုဒို(ဂျိုကိုဝီ)အား ဒီဇင်ဘာ ၇ ရက်နေ့က တင်ပြခဲ့ကြောင်း အင်တာရာနယူးစ်သတင်းမှာ ဖော်ပြပါတယ်။

“ဒီကနေ့ သမ္မတနဲ့ တွေ့ဆုံပြီး အိုပက်အဖွဲ့အစည်းအဝေး ရလဒ်တွေကို တင်ပြခဲ့ပါတယ်” လို့ သမ္မတနန်းတော်ဝင်းအတွင်းမှာ ဝန်ကြီးက ပြောပါတယ်။

အိုပက် အစည်းအဝေးမှ ထွက်ပေါ်လာတဲ့ ရလဒ်များအနက် အိုပက်အဖွဲ့ရဲ့အဖွဲ့ဝင်အဖြစ် အင်ဒိုနီးရှားနိုင်ငံကို ပြန်လည်လက်ခံတဲ့အချက်တစ်ချက်လည်း ပါဝင်ကြောင်း သူကပြောပါတယ်။ အစည်းအဝေးမှာ ပေါ်ထွက်ခဲ့တဲ့ အခြားရလဒ်တစ်ခုက အင်ဒိုနီးရှားနိုင်ငံမှ ဝီဒယာဝန်ပရာဝီရာမာဂျာအား အိုပက်အဖွဲ့ရဲ့ အုပ်ချုပ်ရေးမှူးအဖြစ် ခန့်အပ်ခဲ့တာ ဖြစ်ပါတယ်။

အနာဂတ်ကာလမှာ ဩစတြီးယားနိုင်ငံ၊ ဗီယင်နာမြို့မှာရှိတဲ့ အိုပက်အတွင်းရေးမှူးချုပ်ရုံးအတွက် အလုပ်လုပ်ကြမယ့် အမျိုးသားကိုယ်စားလှယ်တွေရဲ့ အမည်စာရင်းကို အင်ဒိုနီးရှားနိုင်ငံက ပေးပို့သွားမှာဖြစ်ကြောင်း သူကပြောပါတယ်။ အင်ဒိုနီးရှားနိုင်ငံက အိုပက်အဖွဲ့အတွင်းသို့ ပြန်လည်ဝင်ရောက်ခွင့်ရပြီဖြစ်တဲ့အတွက် အထူးသဖြင့် ရေနံနဲ့ သဘာဝဓာတ်ငွေ့အပါအဝင် ကမ္ဘာ့စွမ်းအင်ဖြန့်ဖြူးရေးကိစ္စတွေကို အဆုံးအဖြတ်ပေးရာမှာ ပါဝင်ဆောင်ရွက်ခွင့်ရတော့မှာဖြစ်ပါတယ်။

ဒီလိုပြန်လည်ဝင်ရောက်ခွင့်ရတဲ့အတွက် အင်ဒိုနီးရှားနိုင်ငံက အပြုသဘောရလဒ်တွေရရှိပြီး ရေနံထုတ်လုပ်တဲ့ နိုင်ငံတွေမှတစ်ဆင့် ရေနံကို တိုက်ရိုက် ဝယ်ယူခွင့်ရတော့မှာဖြစ်ပါတယ်။

ညဏ်တင်-စုစည်းတင်ပြသည်



# မြန်မာ့ကုန်သွယ်ဖက်နိုင်ငံများရဲ့ ငွေကြေး ရက်သတ္တပတ်

ကာလရှည်ကြာစွာ စောင့်စားခဲ့ရ တဲ့ အတိုးနှုန်းမြှင့်တင်မှုကို ကြေညာ တော့မယ်လို့ ယူဆရတဲ့ အမေရိကန် ဗဟိုဘဏ်ရဲ့ အဓိက အစည်းအဝေး နီးကပ်လာပြီဖြစ်တဲ့အတွက် အဓိက ငွေကြေးတွေနဲ့ ဖလှယ်ရာမှာ ဒေါ်လာ ငွေကြေးတန်ဖိုးက ဒီဇင်ဘာ ၁၁ ရက် နေ့မှာ မြင့်တက်လာတာကို တွေ့ရပါ တယ်။

ကမ္ဘာ့နံပါတ်တစ် နေရာမှာရှိတဲ့ အမေရိကန်စီးပွားရေး နာလန်ထူခိုင်မာ လာပြီဖြစ်တဲ့အတွက် လာမယ့် သီတင်း ပတ်မှာ သုညရာခိုင်နှုန်းအထိ ချထား တဲ့ အတိုးနှုန်းကို မြှင့်တင်ကြောင်း ဗဟို ဘဏ်က ကြေညာတော့မှာ သေချာ သလောက်ဖြစ်နေပါတယ်။

ရေနံဈေးနှုန်းများ ကျဆင်းမှုနဲ့ ကမ္ဘာ့စီးပွားရေးအတွက် စိုးရိမ်ပူပန်မှု များကြောင့် ရင်းနှီးမြှုပ်နှံသူများက ယန်းငွေဘက်ကို ဦးလှည့်လာခြင်းနဲ့ ယူရိုဇုန်ရဲ့ စီးပွားရေးလှုံ့ဆော်တွန်း အားပေးမှု အစီအမံများကြောင့် ယူရို တန်ဖိုး မြင့်တက်လာခြင်းစတဲ့ အကြောင်းတရားများကြောင့် ဒေါ်လာ ငွေကြေးကို အလျှိုလျှိုထုတ်ရောင်းလာ ကြတဲ့အတွက် ဒေါ်လာငွေကြေးတန်ဖိုး ကျဆင်းလျက်ရှိနေပါတယ်။ အတိုးနှုန်း မြှင့်တင်လိုက်ခြင်းအားဖြင့် အထိနာ ထားတဲ့ ဒေါ်လာငွေကြေးအတွက် အပေါင်းလက္ခဏာများ ရှိလာနိုင်ပါ တယ်။ ဂျပန်နိုင်ငံ ဗဟိုဘဏ်မူဝါဒ အစည်းအဝေးကို လာမယ့်ရက်သတ္တ ပတ်မှာ ကျင်းပဖို့ရှိနေပေမယ့် တတိယ သုံးလပတ်ဂျီဒီပီတိုးတက်နှုန်း ကောင်း မွန်နေတဲ့အတွက် စီးပွားရေးလှုံ့ဆော် တွန်းအားပေးအစီအစဉ် ထပ်မံဆောင် ရွက်မယ့် အလားအလာ နည်းနေပါ တယ်။

## တရုတ်ယွမ်

တရုတ်ယွမ်ငွေကြေးက လေးရက် အတွင်း သုညဒသမ ၇ ရာခိုင်နှုန်း ကျ ဆင်းခဲ့တဲ့အတွက် ဩဂုတ်လက ယွမ် ငွေကြေးတန်ဖိုးချပြီးနောက်ပိုင်း အနိမ့် ဆုံးအနေအထားကို ရောက်ရှိခဲ့ပါတယ်။ သီတင်း ပတ်အစက တစ်ဒေါ်လာကို ၆ ဒသမ ၃၉၅ ယွမ်နဲ့ ဒီဇင်ဘာ ၁၀ ရက်က ၆ ဒသမ ၄၂၀ ယွမ်နှုန်းရှိခဲ့တဲ့ ငွေလဲ နှုန်းက ၁၁ ရက်နေ့မှာ တစ်ဒေါ်လာကို ၆ ဒသမ ၄၃၉ ယွမ်နှုန်းထိ ရောက်ရှိကာ ဒေါ်လာ တန်ဖိုးမြင့်တက်ပြီး ယွမ်တန်ဖိုး ကျဆင်း ခဲ့ပါတယ်။ ငွေကြေးစီးထွက်မှုနဲ့ စီးပွားရေး ဆက်လက်နှေးကွေးကျဆင်းမှု ကြောင့် တရုတ်နိုင်ငံက အလူးအလဲကြိုး ပမ်းနေရပါတယ်။

## အိန္ဒိယရူပီး

သီတင်းတစ်ပတ်အတွင်း ကျင်းပ မယ့် အမေရိကန်ဗဟိုဘဏ်အစည်း အဝေးမှာ အမေရိကန်စီးပွားရေးမူဝါဒ တင်းကျပ်တော့မှာ ဖြစ်တဲ့အတွက် ပင်လယ်ရပ်ခြားဒေသမှာ အမေရိကန် ဒေါ်လာတန်ဖိုး မြင့်တက်လာတဲ့ အတွက် ဒီဇင်ဘာ ၁၁ ရက် မနက်ပိုင်း ဈေးကွက်မှာ ဒေါ်လာနဲ့ ဖလှယ်တဲ့အခါ ရူပီးတန်ဖိုးက သုညဒသမ ၀၉ ရူပီးနှုန်း ကျဆင်းပြီး တစ်ဒေါ်လာကို ၆၆ ဒသမ ၈၀ ရူပီးနှုန်း ရှိခဲ့ပါတယ်။ သွင်းကုန် လုပ်ငန်းရှင်များနဲ့ ဘဏ်များက အမေရိ ကန် ဒေါ်လာဝယ်လိုအား ထပ်မံမြင့် တက်လာခြင်းနဲ့ ပြည်တွင်းစတော့ဈေး တွေရဲ့ နံနက်ပိုင်းဈေးကွက်မှာ အိန္ဒိယ ရှယ်ယာများ တန်ဖိုးကျဆင်းမှုတွေက လည်း ရူပီးတန်ဖိုးကို ကျဆင်းစေခဲ့ ကြောင်း ဝယ်ရောင်းသမားတွေက ပြော ပါတယ်။

## ဂျပန်ယန်း

အမေရိကန် ပြည်ထောင်စုရဲ့ ဂျပန်စတော့ရှယ်ယာတန်ဖိုးများ ပြန် လည်မြင့်တက်လာတဲ့အတွက် ဒီဇင် ဘာ ၁၁ ရက်နေ့ နံနက်က အမေရိကန် ဒေါ်လာငွေကြေးနဲ့ ယန်းငွေဖလှယ်နှုန်း က တစ်ဒေါ်လာကို ၁၂၂ ယန်းဝန်း ကျင်အထိ ဒေါ်လာတန်ဖိုး မြင့်တက် လာခဲ့ပါတယ်။

အမေရိကန်ဒေါ်လာနဲ့ ယန်းငွေ ဖလှယ်နှုန်းက ဒီဇင်ဘာ ၁၀ ရက်ညနေ ၅ နာရီက နယူးယောက်ဈေးကွက်မှာ တစ်ဒေါ်လာကို ၁၂၁ ဒသမ ၅၀ ယန်းနဲ့ တိုကျိုဈေးကွက်မှာ ၁၂၁ ဒသမ ၇၅ ယန်းနှုန်းရှိရာမှ နောက်တစ်နေ့ မွန်းတည့်ချိန်မှာ တစ်ဒေါ်လာကို ၁၂၂ ဒသမ ၀၈ ယန်းနှုန်းရှိခဲ့ပါတယ်။

ယူရိုငွေကြေးနဲ့ ဖလှယ်နှုန်းမှာ ဒီဇင်ဘာ ၁၀ ရက်ညနေက နယူး ယောက်မှာ တစ်ယူရိုကို ၁ ဒသမ ၀၉၃၇ ဒေါ်လာနဲ့ ၁၃၂ ဒသမ ၉၅ ယန်း ဖြင့်လည်းကောင်း၊ တိုကျို ဈေးကွက် မှာ ၁ ဒသမ ၀၉၉၆ ဒေါ်လာနဲ့ ၁၃၃ ဒသမ ၈၈ ယန်းနှုန်းဖြင့် လည်းကောင်း ရှိခဲ့ရာမှ နောက်တစ်နေ့ နံနက်မှာ တစ် ယူရိုကို ၁ ဒသမ ၀၉၃၀ ဒေါ်လာနဲ့ ၁၃၃ ဒသမ ၄၄ ယန်းသို့ ရောက်ရှိပြီး ယူရိုတန်ဖိုး ကျဆင်းခဲ့ပါတယ်။

## မလေးရှားရင်းဂစ်

ဈေးကွက်မှာ ဒေါ်လာတန်ဖိုး ပြန် လည် ခေါင်းထောင်လာတဲ့အတွက် ဒီဇင်ဘာ ၁၁ ရက်က ဒေါ်လာနဲ့ဖလှယ် ရာမှာ ရင်းဂစ်တန်ဖိုးကျဆင်းခဲ့ကြောင်း ဝယ်ရောင်းသမားတစ်ဦးက ပြောပါ တယ်။

ဒီဇင်ဘာ ၁၀ ရက်နေ့ ဈေးပိတ် ချိန်က ဒေါ်လာ၊ ရင်းဂစ်ဖလှယ်နှုန်းမှာ တစ်ဒေါ်လာကို ၄ ဒသမ ၂၅၆၀ ရင်းဂစ်နှုန်းရှိရာမှ နောက်တစ်နေ့ နံနက် ၉ နာရီခွဲမှာ တစ်ဒေါ်လာကို ၄ ဒသမ ၂၆၁၀ ရင်းဂစ်နှုန်းနဲ့ ဈေးဖွင့်ခဲ့ ပါတယ်။

တခြားအဓိက ငွေကြေးတွေနဲ့ ဖလှယ်ရာမှာ ရင်းဂစ်တန်ဖိုးက အတက်အကျအမျိုးမျိုး ရှိနေပါတယ်။

## တောင်ကိုရီးယားဝမ်

ဒီဇင်ဘာ ၁၅၊ ၁၆ ရက်မှာ ကျင်းပ မယ့် အမေရိကန်ဗဟိုဘဏ် မူဝါဒ အစည်းအဝေးက ထွက်ပေါ်လာမယ့် အတိုးနှုန်းရလဒ်ကို ရင်းနှီးမြှုပ်နှံသူတွေ က စောင့်ကြည့်အကဲခတ်နေတဲ့အတွက် ဒီဇင်ဘာ ၁၁ ရက်က တောင်ကိုရီးယား စတော့ရှယ်ယာဈေးတွေ သုည ဒသမ ၃ ရာခိုင်နှုန်း ကျဆင်းခဲ့ပါတယ်။ ဝမ်ငွေ ကြေးရဲ့ ဖလှယ်နှုန်းက ဒီဇင်ဘာ ၁၁ ရက် နံနက် ၁၁ နာရီမိနစ် ၂၀ မှာ တစ်ဒေါ်လာ ကို ၁၁၇၉ ဒသမ ၆ ယွမ် နှုန်းရှိခဲ့ရာ ယခင်နေ့ဈေးပိတ်ချိန်ကထက် ၁ ဒသမ ၇ ဝမ်နှုန်း မြင့်တက်ခဲ့ပါတယ်။

## ထိုင်းဘတ်

ထိုင်းဘတ်ငွေတန်ဖိုးက ဒီဇင်ဘာ ၁၀ ရက်နေ့မှာ တစ်ဒေါ်လာကို ၃၅ ဒသမ ၉၈ ဘတ်နှုန်းရှိခဲ့ရာမှာ နောက် တစ်နေ့မှာ သုည ဒသမ ၂၂ ရာခိုင်နှုန်း ကျဆင်းပြီး တစ်ဒေါ်လာကို ၃၆ ဒသမ ၀၆ ဘတ်နှုန်းရှိခဲ့ပါတယ်။ အမေရိကန် ပြည်ထောင်စုဗဟိုဘဏ်က ဆုံးဖြတ်မယ့် ရလဒ်ကြောင့် ဘတ်ငွေတန်ဖိုးပြန်လည် မြင့်တက်လာမယ့် အလားအလာရှိတယ် လို့ တချို့လေ့လာဆန်းစစ်သူတွေက ယုံကြည်ထားပါတယ်။

ဘဏ်တင်-စုစည်းတင်ပြသည်

# စတော့အိပ်ချိန်းများရှိ ငွေပေးငွေယူ လုပ်ငန်းများ ထိန်းချုပ်မှုကို ဂရိနိုင်ငံလျှော့ချ

ဇွန်လနှောင်းပိုင်းမှာ ချမှတ်ခဲ့တဲ့ စတော့ဈေးကွက်ငွေပေးငွေယူ ထိန်းချုပ်မှုများ ကို ဘဏ္ဍာရေးဝန်ကြီးဌာနရဲ့ ဆုံးဖြတ်ချက်အရ ဂရိနိုင်ငံက ဒီဇင်ဘာ ၈ ရက်နေ့က လျှော့ချပေးခဲ့ကြောင်း ရှင်ဟွာသတင်းမှာဖော်ပြပါတယ်။ ဆုံးဖြတ်ချက်ကို အစိုးရ ဂေဇက်(ပြန်တမ်း)တွင် ဒီဇင်ဘာ ၈ရက်နေ့က ထုတ်ပြန်ခဲ့ရာ ဂရိရင်းနှီးမြှုပ်နှံသူတို့ က "ငွေဟောင်း" လို့ခေါ်တဲ့ ငွေကြေးကို အသုံးပြုပြီး စတော့ရှယ်ယာများကို ဝယ် ယူနိုင်တော့မှာဖြစ်ပါတယ်။ စောစောပိုင်းကမူ ဂရိဘဏ်လုပ်ငန်းစနစ် ပြိုကွဲမည့် အန္တရာယ်ကို ကာကွယ်တဲ့အနေနဲ့ ပြည်တွင်းငွေစာရင်းများမှာ အဆိုပါငွေကြေးသုံး စွဲခွင့်ကို ပိတ်ပင်ခဲ့ပါတယ်။

ဇွန်လနှောင်းပိုင်းအချိန်ထိ ဂရိနိုင်ငံနဲ့ အပြည်ပြည်ဆိုင်ရာ မြီရှင်တို့ ကယ် တင်မှုချေးငွေအတွက် သဘောတူညီမှုမရနိုင်တာကြောင့် ဂရိနိုင်ငံက ကြွေးမြီပေး ဆပ်မှုမရှိနိုင်ဘဲ ယူရိုဇုန်အတွင်း နုတ်ထွက်ရမယ့်အခြေအနေကို ရောက်ရှိခဲ့ပါ တယ်။ ဇွန်လ ၂၉ ရက်နေ့မှာ ဂရိနိုင်ငံအစိုးရက ဂရိနိုင်ငံသားအားလုံးကို ငွေကြေး ထိန်းချုပ်မှုများ ပြုလုပ်ခဲ့ပါတယ်။ လွန်ခဲ့တဲ့ငါးလအတွင်း ဂရိနိုင်ငံသားများ အနေ ဖြင့် "ငွေကြေးသစ် "ဖြင့်သာ ရှယ်ယာများကို ဝယ်ယူခွင့်ရခဲ့ပါတယ်။

ဂရိနိုင်ငံရဲ့ စီးပွားရေးတည်ငြိမ်မှုရရှိလာပါက ၂၀၁၆ ခုနှစ်မှာ အစိုးရက ထိန်း ချုပ်မှုအားလုံးကို လျှော့ချပေးမှာဖြစ်ကြောင်း စီးပွားရေးဝန်ကြီး ဂျော့စတာသာကီက ပြောပါတယ်။

# အမေရိကန်ပြည်ထောင်စုဗဟိုဘဏ်က အတိုးနှုန်း မြှင့်တင်လာမှာကို ဈေးကွက်တွေက စိတ်မသက်မသာဖြစ်

ဒီဇင်ဘာနှောင်းပိုင်းမှာ အမေရိကန်ပြည်ထောင်စုဗဟို ဘဏ်က ဆယ်နှစ်ကျော်ကာလအတွင်း ပထမဆုံးအကြိမ် အဖြစ် အတိုးနှုန်းများကို မြှင့်တင်ပေးတော့မှာဖြစ်တဲ့ အတွက် ဒီကိစ္စနဲ့ပတ်သက်ပြီး ဘဏ္ဍာရေးဈေးကွက်တွေမှာ တအုံနွေးနွေးဖြင့် စိတ်မသက်မသာဖြစ်နေရကြောင်း အပြည် ပြည်ဆိုင်ရာ ငွေစာရင်း ရှင်းလင်းရေးဘဏ် (Bank for International Settlement) ရဲ့ အစီရင်ခံစာကို ကိုးကားပြီး ရိုက်တာ သတင်းမှာ ဖော်ပြပါတယ်။

"ဘဏ္ဍာရေးဈေးကွက်တွေမှာ ငြိမ်သက်မှုက လွှမ်းမိုး နေပါတယ်။ ဒါပေမယ့် ဒီငြိမ်သက်မှုက စိတ်မသက်မသာဖြစ်ရ တဲ့ ငြိမ်သက်မှုဖြစ်နေပါတယ်"လို့ BIS ရဲ့ ငွေကြေးနဲ့ စီးပွား ရေးဌာနခွဲရဲ့ အကြီးအကဲ လောဒီယိုဆိုရီယိုက ပြောပါတယ်။

နေ့စဉ်နဲ့အမျှ ခန့်မှန်းလို့မရလောက်အောင်ဖြစ်နေတဲ့ ကမ္ဘာ့နေရာအနှံ့အပြားမှာ ဖြစ်ပေါ်နေတဲ့ အတိုးနှုန်းအခြေ အနေတွေကြောင့် နိုင်ငံကြီးတွေမှာရှိတဲ့ ဗဟိုဘဏ်တွေရဲ့ တုံ့ပြန်မှုတွေအတွက် ဈေးကွက်က စိုးရိမ်သောကဖြစ်နေတယ် ဆိုတာက မဆန်းပါဘူးလို့ ဘိုရီယိုကပြောပါတယ်။

နိုင်ငံအများအပြားမှာရှိနေတဲ့ အီကွီတီရှယ်ယာ ဈေးကွက်တွေမှာ မယုံသင်္ကာဖြစ်တဲ့ လက္ခဏာတွေကို ရှင်း လင်းစွာ တွေ့မြင်နေရပြီး ယူရိုဇုန်မှာရှိတဲ့ဘဏ်တွေရဲ့ ကြွေး ဆုံးအဆင့်က အပြင်းအထန် ထိန်းချုပ်ဆောင်ရွက်ရမယ့် အခြေအနေ ရှိနေပါတယ်။ အစီရင်ခံစာမှာ မကြာသေးမီက ဖြစ်ပေါ်ခဲ့တဲ့ ရင်းနှီးမြှုပ်နှံမှု၊ ထုတ်ချေးငွေစီးဆင်းမှုနဲ့ ကြွေးမြီ အာမခံ အလားအလာစတာတွေကို သုံးသပ်ဖော်ပြထားပါ တယ်။

Vol: 15, No.48 Mo 14 2015

# တစ်လအတွင်းစံချိန်တင်သွားတဲ့ အဒဲလ်ရဲ့ 25



ဂရမ်မီဆုပေါင်းများစွာကို ရင်ဝယ်သိမ်းပိုက်ထားတဲ့ ဗြိတိသျှအဆိုတော်မလေး အဒဲလ်ရဲ့နောက်ဆုံးထွက်ရှိထားတဲ့ 25 ဆိုတဲ့ တေးသီချင်းအယ်လ်ဘမ်ဟာ စံချိန်တင်လောက်အောင်ရောင်းချနေရကြောင်း contactmuiscမှာဖော်ပြထားပါတယ်။ နိုဝင်ဘာ ၁၅ ရက်က စတင်ဖြန့်ချိခဲ့တဲ့ အဒဲလ်ရဲ့ 25 ဆိုတဲ့ တေးအယ်လ်ဘမ်ဟာ တစ်လအတွင်း ဒီဇင်ဘာ ၁၅ ရက်အထိ အချပ်ရေပေါင်း ၅၁၀၀၀၀ ရောင်းချခဲ့ရသလို အွန်လိုင်းကနေ ရောင်းချရမှုကလည်း ၅ သန်းကျော်ရှိသွားခဲ့တယ်လို့ ဆိုပါ တယ်။

ဘေလ်ဘုတ်ရဲ့စစ်တမ်းအရ ဒီအရေအတွက်ဟာ တကယ့်ကို စံချိန်တင်လောက်တဲ့ အရေအတွက်ဖြစ်တယ်လို့ ဆိုပါတယ်။ အဲဒီလို စံချိန်တင်ရောင်းချရတဲ့အတွက် အဒဲလ်ဟာ ဘီဘီစီရဲ့ဂီတထူးချွန်ဆုကိုရရှိဖို့ ထိပ်ဆုံးကို ရောက်ရှိသွားပြီး ဒီဆုကိုရရှိဖို့ အထိုက်တန်ဆုံးသောသူတစ်ဦးအဖြစ်ရပ်တည်လျက်ရှိနေပါတယ်။ "ဒါဟာ သိပ်ကို အံ့ဩဖို့ကောင်းတဲ့အရာပါပဲ။ ကျွန်မ ဒီလောက်အထိ ဖြစ်လာလိမ့်မယ်လို့ထင်မထားခဲ့ပါဘူး။ ညနေတိုင်းညနေတိုင်းဟာ ကျွန်မအတွက် မျှော်လင့်စရာတွေ ပြည့်နှက်နေခဲ့ပါပြီ"လို့ အဒဲလ်က သူ့ရဲ့ 25 ဆိုတဲ့တေးအယ်လ်ဘမ်နဲ့ပတ်သက်ပြီး ရင်ဖွင့်ပြောကြားခဲ့ပါတယ်။ အဒဲလ်ဟာဘီဘီစီကပေးအပ်တဲ့ ဂီတထူးချွန်ဆု ငါးဆုအနက် နှစ်ဆုကို သိမ်းပိုက်ရရှိခဲ့ပါတယ်။ နှစ်တစ်နှစ်ရဲ့ အထူးချွန်ဆုံးသောဗြိတိသျှအနုပညာရှင်ဆုနဲ့ဘီဘီစီရဲ့အကောင်းဆုံးသရုပ်ဆောင်ဆုကိုပါ ရရှိခဲ့တာဖြစ်ပါတယ်။

# Thor 3 ဇာတ်ကားမှာ ပါဝင်သရုပ်ဆောင်မယ့် မင်းသမီးချော ကိတ်ဘလန်ချက်



၂၀၁၇ခုနှစ်မှာ ရုံတင်ပြသမယ့် Thor 3 ရုပ်ရှင်ဇာတ်ကားအတွက် ဟောလိဝုဒ်ရဲ့ မင်းသမီးချော ကိတ်ဘလန်ချက် ပါဝင်သရုပ်ဆောင်မှာ ဖြစ်တယ်လို့ contactmusic မှာ ဖော်ပြထားပါတယ်။

ဩစီ မင်းသမီးချောလေး ကိတ်ဘလန်ချက်ဟာ ပြီးခဲ့တဲ့ စင်ဒရဲလား ဇာတ်ကားနဲ့ အောင်မြင်မှုရရှိခဲ့ပြီးတဲ့နောက် အခုလို Thor 3 ဇာတ်ကားကို ရိုက်ကူးပေးဖို့ ကမ်းလှမ်းခံခဲ့ရတာဖြစ်ပါတယ်။

အဲဒီဇာတ်ကားကို ရိုက်ကူးပေးဖို့ မာဘယ်လ်ယူနီဗာ့စ်ရုပ်ရှင်ထုတ်လုပ်ရေးက ကမ်းလှမ်းခဲ့တာဖြစ်ပါတယ်။

ဒါပေမယ့် ကိတ်ဘလန်ချက်ကို ဘယ်နေရာကနေ ပါဝင်သရုပ်ဆောင်ခိုင်းမယ်ဆိုတာကိုတော့ အသေးစိတ်ထုတ်ပြန်ပေးခဲ့ခြင်း မရှိခဲ့ပါဘူး။

အဲဒီဇာတ်ကားကို ၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၃ ရက်နေ့မှာ ကမ္ဘာတစ်ဝန်းကိုဖြန့်ချိပြသမှာဖြစ်တယ်လို့ မာဘယ်လ်ယူနီဗာ့စ်က ထုတ်ပြန်ကြေညာခဲ့ပါတယ်။

မင်းသမီးချောကိတ်ဘလန်ချက်ဟာ မကြာသေးခင်ရက်များအတွင်းက ရွေးကမ္ဘာလုံးဆုမှာ အကောင်းဆုံးမင်းသမီးအဖြစ် အမည်စာရင်းတင်သွင်းခြင်းခံခဲ့ရတဲ့ ဆန်ခါတင်စာရင်းမှာပါဝင်နေခဲ့ပါတယ်။ ကိတ်ဟာ ပြီးခဲ့တဲ့နှစ်က အော်စကာဆုပေးပွဲမှာ ဒါရိုက်တာ ဝူဒီအယ်လန်ရိုက်ကူးတဲ့ Blue Jasmine ရုပ်ရှင်ကားကြီးနဲ့လည်း အကောင်းဆုံးအမျိုးသမီးဇာတ်ဆောင်ဆုကို ရရှိခဲ့ပါသေးတယ်။

# မင်းသားကြီးအာနိုးရဲ့သမီးချော ကက်သရင်း Lifestyle ဝက်ဘ်ဆိုက်ကို စတင်ထူထောင်



မင်းသားကြီးအာနိုးရဲ့သမီးချော ကက်သရင်းဟာ Lifestyle ဝက်ဘ်ဆိုက်ကို စတင်လိုက်ပြီလို့ ဆိုပါတယ်။ အသက် ၂၅ နှစ်အရွယ်ရှိပြီဖြစ်တဲ့ မင်းသားကြီးအာနိုးရဲ့သမီးချောလေး ကက်ရင်းဟာ တီဗွီအစီအစဉ်တွေမှာ ပါဝင်လုပ်ဆောင်လျက်ရှိနေရာကနေ အခုလို ဝက်ဘ်ဆိုက်တစ်ခုကိုထူထောင်ပြီး Lifestlye အမည်နဲ့စတင်ခဲ့တာ ဖြစ်ပါတယ်။ ဖခင်ဖြစ်သူ မင်းသားကြီးအာနိုးရဲ့ပံ့ပိုးမှုနဲ့ လုပ်ဆောင်ခဲ့တာဖြစ်ပေမယ့် ဝက်ဘ်ဆိုက်ပေါ်က အကြောင်းအရာတွေအားလုံးကတော့ သမီးဖြစ်သူရဲ့ လက်ရာပါပဲလို့ မင်းသားကြီးအာနိုးက ဆိုပါတယ်။

အဲဒီဝက်ဘ်ဆိုက်ကို ပြုလုပ်ရတဲ့ ရည်ရွယ်ချက်ကတော့ ဝက်ဘ်ဆိုက်တွေဟာ တစ်ချိန်မှာ လူတွေရဲ့ဘဝတွေဖြစ်လာလိမ့်မယ်၊ လူတွေဟာ ဘဝကိုအေးချမ်းစွာလျှောက်လှမ်းနိုင်ဖို့အတွက် ဒီဝက်ဘ်ဆိုက်တွေကိုကြည့်ရင်းနဲ့ သူတို့ရဲ့လူနေမှုပုံစံတွေကို ဖန်တီးသွားကြလိမ့်မယ်လို့ မင်းသားကြီးအာနိုးက ရေးသားဖော်ပြပါတယ်။

"ကျွန်မတို့ နေရာလေးတစ်နေရာကို ဖန်တီးချင်ပါတယ်။ လူတိုင်းအတွက် အဆင်ပြေမယ့်နေရာလေးတစ်နေရာပေါ့။ အဲဒီနေရာကနေ လူတွေကို အကြံဉာဏ်ကောင်းတွေပေးနိုင်မယ်။ သူတို့ရဲ့ဘဝသက်တမ်းတစ်လျှောက်လုံးမှာ ဘယ်လိုနေထိုင်ရမယ်၊ ဘယ်လိုပြောဆို ကျင့်ကြံရမယ်ဆိုတာကိုပြောချင်တာပါ။ အစတုန်းကတော့ ဒီဟာကို ဘယ်လိုစပြီးလုပ်ရမယ်ဆိုတာကို မသိခဲ့ပါဘူး"လို့ ကက်သရင်းက ဖွင့်ဟခဲ့ပါတယ်။

# တရုတ်နိုင်ငံ ပေကျင်းကို သွားရောက်ဖျော်ဖြေခဲ့တဲ့ မြောက်ကိုရီးယားရဲ့ မိုရန်ဘောင်အဖွဲ့

မြောက်ကိုရီးယားရဲ့ ပေါ့ပ်တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ မိုရန်ဘောင်တေးဂီတအဖွဲ့ဟာ တရုတ်နိုင်ငံ ပေကျင်းမြို့ကို သွားရောက်ပြီး ဂီတဖျော်ဖြေပွဲ ကျင်းပခဲ့ပါတယ်။

အဲဒီလို သွားရောက်ခဲ့တာဟာ တရုတ်နိုင်ငံနဲ့မြောက်ကိုရီးယားနိုင်ငံတို့ရဲ့ နှစ်နိုင်ငံချစ်ကြည်ရေးအရလို့ ဆိုပေမယ့် ကုလသမဂ္ဂလုံခြုံရေးကောင်စီကတော့ အဲဒီလို နှစ်နှစ်ငံတွေ့ဆုံမှုကို စောင့်ကြည့်နေတယ်လို့ ဆိုပါတယ်။

မြောက်ကိုရီးယားနိုင်ငံရဲ့ မိုရန်ဘောင်တေးဂီတအဖွဲ့ဟာ မြောက်ကိုရီးယားနိုင်ငံရဲ့ခေါင်းဆောင် ကင်ဂျုံအွန် ဖွဲ့စည်းထားတဲ့ အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့လည်းဖြစ်ပါတယ်။



ကင်ဂျုံအွန်ဟာ အဲဒီမိုရန်ဘောင် တေးဂီတအဖွဲ့ကို ၂၀၁၂ခုနှစ်မှာ စတင်ဖွဲ့စည်းခဲ့ပြီး မြောက်ကိုရီးယားခေါင်းဆောင်တွေကို ချီးမြှောက်ဂုဏ်ပြုတဲ့ အခမ်းအနားတိုင်းမှာ ဖျော်ဖြေပေးရတဲ့အဖွဲ့တစ်ဖွဲ့လည်း ဖြစ်ပါတယ်။

အခုလို နိုင်ငံရပ်ခြားကိုထွက်ပြီး ဖျော်ဖြေတဲ့အတွက် နိုင်ငံတကာအသိုင်းအဝိုင်းက တရုတ်နိုင်ငံနဲ့ မြောက်ကိုရီးယားနိုင်ငံတို့ရဲ့ ဆက်ဆံရေးကို စောင့်ကြည့်နေကြပြီလို့ ဆိုပါတယ်။

မိုရာဘောင်အဖွဲ့ကို အမျိုးသမီးငယ် လေးဦးနဲ့ဖွဲ့စည်းထားပြီး အဲဒီအဖွဲ့မှာ ကင်ဟောဆန်၊ ကောင်ပြုံးဟွေ၊ ရီဆိုလန်းနဲ့ ရီဟွန်ဟွေတို့ ပါဝင်ကြပါတယ်။

အဲဒီအမျိုးသမီးငယ်လေးတွေ အားလုံးဟာ ကင်ဂျုံအွန်စိတ်ကြိုက် ရွေးချယ်ထားတဲ့ မိန်းကလေးတွေသာဖြစ်တယ်လို့ ဆိုပါတယ်။


SUZUKI
Authorized Dealer
MYO MOTOR
Car Sale Center
MMS
SUZUKI
New Suzuki Carry Truck
New Suzuki Carry Truck
MMS
ဂျပန်နိုင်ငံမှ MODEL မြင့်မြင့်ကားသန့်သန့်များကို ကြိုတင်၍ အမည်ပေါက်ဝယ်ယူနိုင်ရန် ဆောင်ရွက်ပေးနေပါသည်။
Brand new များကိုလည်းဝယ်ယူရရှိနိုင်ပါသည်။
Showroomတွင်လည်း ဂျပန်ကားမျိုးစုံကို မျက်မြင်ဝယ်ယူရရှိနိုင်ပါသည်
Suzuki Swift သော့အပိုများနှင့် အပိုပစ္စည်းများ အလွယ်တကူဈေးနှုန်းချိုသာစွာ ဖြင့်ရရှိနိုင်ပါသည်
ဆက်သွယ်ရန်- ၀၁-၄၀၀၁၂၃၊၀၁-၄၀၀၃၉၉၊၀၁-၅၅၆၆၈၅
Email:myomotor@gmail.com
MMS

